ဂ မ္ဘီ ရ ဆန်း ကြယ် ... ကောင်းမြင်တာပေ

www.burmeseclassic.com

# တြိဿင်

ကစ္ဆပနဒီ ပုဏ္ဏမိ



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com




ဦးအောင်မြင့်၊ အောင်မြင်တာပေ၊

အောင်မြင်ပုံနှိပ်တိုက်၊ ၂၀၁၅ ခုနှစ်
(နိုဝင်ဘာလ)၊ အုပ်ရေ (၅၀၀)၊


၈၉၅.၈၃

ကြံသိမ်

ကဗ္ဗယနဒီ ပုရှာဝီ / ကြံသိမ်၊ - ရန်ကုန်၊
အောင်မြင်တာပေ၊ ၂၀၁၅၊
၂၅၀ - စာ၊ ၁၂.၅ x ၁၈.၃ စင်တီ၊
(၁) ကြံသိမ်


www.burmeseclassic.com

www.burmeseclassic.com

# ဇဝယနှုလက်ဆောင်

➢ အခက်အခဲဆိုတာ....
တစ်ရက်တည်းနဲ့ ဖြေရှင်းရတာမျိုး မဟုတ်ပါဘူး။
တစ်ဦးနဲ့တစ်ဦး
တစ်သက်မခွဲဖို့ ဆုံးဖြတ်ထားရင်....
ဘယ်အခက်အခဲမဆို...
လက်တွဲဖြေရှင်းရင် ရနိုင်ပါတယ်....။

➢ တံလျှပ်ကို ရေထင်မိတော့
သဲပြင်မှာ အသက်ထွက်ရတယ်၊
ဂုဏ်ပကာသနကို နုံမင်တော့
ယဇ်ပလ္လင်ထက်မှာ ဘဝပျက်ရတယ်၊

➢ နေကြာဆိုတာ နေလာရာဘက်ကို လှည့်မှ
ပန်းအလှကပြည့်စုံတယ်၊
ကုမုဒြာဆိုတာ လရောင်ဖြာမှ
ပန်းအင်္ဂါနဲ့ ပြည့်စုံတယ်၊
ချစ်ခြင်းမေတ္တာဆိုတာ
သစ္စာနဲ့ဖက်မှ ဘဝတစ်သက်တာခိုင်မာမယ်၊

ဇဝယနှုလက်ဆောင်

➢ အသိဉာဏ်ဟာ
အသည်းနှလုံးတစ်နေရာမှာရှိတယ်၊
အဲဒီနေရာကို အချစ်ဝင်လာရင်တော့
အသိဉာဏ်က တဖြည်းဖြည်းနဲ့ နေရာဖယ်ပေးရင်းက
အပြင်ကိုရောက်သွားစေပါတယ်၊

➢ ဖယောင်းတိုင်မီးကို လေကငြိမ်းသတ်နိုင်တယ်၊
မီးတောက်များလာတော့ ပင့်ပေးတတ်တယ်၊
ပတ်ဝန်းကျင်ဆိုတာ ဖိနှိပ်လို့ရရင် ဖိနှိပ်မယ်၊
ဖိနှိပ်မရတော့ရင် မြှောက်ပင့်ပေးတတ်ပါတယ်၊

➢ သဘာဝတရားက လူတွေအတွက်
လိုအပ်မှုမရှိအောင် ဖြည့်ဆည်းပေးထားတယ်၊
အချစ်လည်းအပါအဝင်ပေါ့၊
ဒါပေမယ့် တချို့သာအချစ်နဲ့တွေ့ပြီး၊
တချို့မတွေ့ကြရပါဘူး၊

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

# ဓေယျနုယေဂါ်ဒေါင်

- မိုးရေနဲ့ထိတော့ သစ်ပင်တွေလန်းဆန်းကြတယ်၊
နင်းရေနဲ့ထိတော့ ပန်းတွေပွင့်လန်းလာကြတယ်၊
အချစ်ဆိုတာ အကောင်အထည်မရှိပေမယ့်
ဘယ်အရာမဆို....
ဖြည့်ဆည်းပေးနိုင်ပါတယ်။

- ချစ်ခြင်းမေတ္တာကြောင့်
အနိုင်းမဲ့ခွင့်လွှတ်ပေးနိုင်တယ်။
အဆုံးအဆမရှိတဲ့ ယုံကြည်မှုလည်း ဖြစ်စေပါတယ်၊
ဒါကြောင့် ချစ်ခြင်းမေတ္တာဆိုတာ...
အနိုင်းမဲ့တို့ထက် အနိုင်းမဲ့ပါပဲ။

- ရယူနိုင်သော သေးငယ်သည့် အခွင့်အရေးကို
ဥပေက္ခာပြုပြီး၊
နောက်တစ်ကြိမ် ကြီးမားသော အခွင့်အရေးကို
ရယူရန် စောင့်နေသူလောက်
မိုက်မဲ့သောသူ ရှိမည်မဟုတ်ပေ။

# ဓေယျနုယေဂါ်ဒေါင်

- အလုပ်ကိုပြီးအောင်လုပ်ချင်လျှင်
မည်ကဲ့သို့ စတင်ရမည်ကို
သိဖို့အရေးကြီးပေမည်။
ဘယ်အရာမဆို....အစမရှိပဲနှင့် အဆုံးမရှိနိုင်ပေ။

- ဆုံးဖြတ်ချက်တစ်ခုတွင်
အကောင်းချည်း မရနိုင်သလို...
အဆိုးတွေချည်းလည်း ဖြစ်မလာနိုင်ပေ၊
အကောင်းအဆိုးဒဏ်ကိုခံနိုင်မှ
မည်သည့်ဆုံးဖြတ်ချက်မဆို ချပါ....။

- စိတ်ရှည်သည်းခံခြင်းကို လေ့ကျင့်ယူပါ၊
မည်သည့်ရလာဒ်မဆို
လက်ခံပေးနိုင်အောင် စိတ်ကိုဖွင့်ထားပါ၊
လုပ်နိုင်မယ့်နည်းလမ်းကို အချိန်မရွေးလုပ်နိုင်ပြီဆိုရင်
တစ်နေ့ကျရင် အောင်မြင်မှုရမှာ သေချာပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

## ဤဝတ္ထုတွင်ပါဝင်သောအခန်းများ


အခန်း (၁) ကစ္ဆပနဒီ နိဒါန်း

အခန်း (၂) နှလုံးသားအတွက် အဖြေရှာသောပုစ္ဆာ

အခန်း (၃) ကျောင်းပျက်ထဲမှလက်တံရှည်သရဲ

အခန်း (၄) ခေါင်းတလားထဲမှ မင်္ဂလာစုံတွဲ

အခန်း (၅) ရေစီးကြောင်းမှ ခေါင်းတလား

အခန်း (၆) ပင်လယ်ပြင်မှကြောက်စရာခေါင်းတလားများ

အခန်း (၇) အသက်ဖြင့်ရင်းရသော အပေးအယူ

အခန်း (၈) မစ္ဆရိယစိတ်၏ တန်ပြန်မှုများ

အခန်း (၉) မော်ဝင်ရုပ်ထုများအကြောင်း

အခန်း (၁၀) ဘဝမလှသောအညတြများ

အခန်း (၁၁) ပဏ္ဏမိနှင့်တွေ့ရခြင်း

အခန်း (၁၂) နီမောင်နှင့် ဝက်နွှကျော့ကွင်း

အခန်း (၁၃) အသက်ပေး၍ အသက်ယူရခြင်း

အခန်း (၁၄) ဓာတ်ပုံထဲမှ သရဲမျက်နှာ

အခန်း (၁၅) ဆန်းကြယ်သောချစ်ခြင်းမေတ္တာ

အခန်း (၁၆) မော်ဝင်မိစ္ဆာ၏မေတ္တာ

အခန်း (၁၇) ကစ္ဆပနဒီ့ ပုဏ္ဏမိ




# အခန်း (၁)

# ကစ္ဆပနဒီ နိဒါန်း

မြန်မာနိုင်ငံ၊ အနောက်ဘက် ကမ်းရိုးတန်းဘက်တွင် မြို့ရွာအချို့ရှိသည်ဆိုသော်လည်း မြို့ကြီးပြကြီး အတော်ပင်နည်း ...းလှပေသည်။

အဘယ်ကြောင့်ဆိုသော် ပင်လယ်ကမ်းခြေနှင့်နီးသော နေရာများတွင် မြို့ကြီးပြကြီးများ တည်ဆောက်ကာ မနေလို သောကြောင့်လည်း ဖြစ်ပေသည်။

ရေငန်နှင့်ထိစပ်သောနေရာ၊ ရာသီဥတု ပြင်းထန်းကြမ်း

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



တမ်းသောနေရာတို့တွင် ခေတ်မီမြို့ကြီးများတည်ဆောက်ပြီး မနေလိုခြင်းမှာလည်း အကြောင်းရှိပေသည်။

မြန်မာနိုင်ငံ၏ အနောက်ဘက်ကမ်းခြေတစ်လျှောက်တွင် နေထိုင်ကြသူတို့မှ ရာသီဥတုသာယာသော နွေရာသီနှင့် ဆောင်းရာသီမှာ နေရတာကောင်းသော်လည်း မိုးရာသီရောက်လာလျှင်တော့ မကောင်းလှပေ။

မိုးဦးကျရာသီရောက်လာသည်နှင့် လေပြင်းများ၊ မုန်တိုင်းကြီးများ ဝင်ရောက်နှိပ်စက်သောဒဏ်ကို ခံကြရသည်။ မုန်တိုင်းနှင့်အတူပါလာသော လှိုင်းလုံးများ ရိုက်ခတ်မှုဒဏ်ကို အများဆုံးခံကြရသည်။

ထို့ကြောင့် အနောက်ဘက်ကမ်းခြေတစ်လျှောက်မှာ မြို့ကြီးများမတွေ့ရခြင်း ဖြစ်ပေသည်။

မြန်မာပြည်မြေပုံကိုကြည့်ပါက အနောက်ဘက်ကမ်းခြေတစ်လျှောက်တွင် ရွာငယ်များလောက်သာ တွေ့ရပြီး၊ မြို့ကြီးတစ်မြို့ဆို၍ ထူးထူးခြားခြား စစ်တွေမြို့တစ်မြို့သာ တွေ့ရမည်ဖြစ်ပေသည်။

စစ်တွေမြို့သည် မြန်မာနိုင်ငံအနောက်ဘက် ကမ်းရိုးတန်းတစ်လျှောက်တွင် တစ်နေရာတည်းသာရှိသော မြို့ကြီးတစ်မြို့လည်း ဖြစ်ပေသည်။

စစ်တွေမြို့တည်ထားသောနေရာမှာ ရှေးအခါက ကျွန်းတစ်ကျွန်းပင်ဖြစ်၏။

ကျွန်းတည်သမိုင်း၌ 'သမုဒ္ဒဂီရိ' ကျွန်းဟုခေါ်ကြသည်။





အဓိပ္ပာယ်ကတော့ ပင်လယ်သမုဒ္ဒရာအနီး ကျောက်ဆောင်ကျောက်တန်းဖြစ်ထွန်းပေါ်ပေါက်ရာ ဟူ၍ဖြစ်သည်။

သမုဒ္ဒဂီရိကျွန်းနှင့် သုံးမိုင်ခန့်သာဝေးသောနေရာတွင် ဖရုံကာတောင်တန်းရှိသည်။

၎င်းတောင်တန်းသည် သေးသွယ်ရှည်လျားသော အနေအထားရှိပြီး သမုဒ္ဒဂီရိကျွန်းနှင့် ကျောက်တန်းလွှာချင်း ဆက်စပ်နေလေသည်။

ဖရုံကာတောင်တန်းသည် အနောက်မြောက်ဘက်မှ အရှေ့တောင်ဘက်သို့ အလျားလိုက် အနေအထားမျိုးဖြင့် တည်ရှိနေလေသည်။

ထိုနေရာတစ်ဝိုက်မှာလည်း ပိန္နဲချောင်းကျွန်း၊ အင်ကြားချိုင်ကျွန်းနှင့် မြေငုံကျွန်းတို့ရှိကြသည်။

မြေငုံကျွန်းသည် အနောက်ဖရုံကာကျွန်းဖြစ်သည်။ ပိန္နဲချောင်းကျွန်းကို အလယ်ဖရုံကာကျွန်းဟုခေါ်ကြပြီး၊ အင်ကြားချိုင်ကျွန်းကိုတော့ အရှေ့ဖရုံကာကျွန်းဟု ခေါ်ကြသည်။

ထိုသုံးကျွန်းကို ဖရုံကာသုံးကျွန်းဟုပင် ခေါ်ဝေါ်ကြသည်။

ဖရုံကာဟူသော ဝေါဟာရသည် အိန္ဒိယကမ်းခြေရှိ ရှေးဟောင်း 'ဘာရုကစ္ဆ' ဟူသော . . အရပ်တစ်ခုအမည်နှင့် အဓိပ္ပာယ်ချင်း ဆင်တူလေသည်။

ဘာရုကစ္ဆမှ ဖရုံကာဟူသောအမည် ဖြစ်ပေါ်လာခြင်းလည်း ဖြစ်နိုင်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



အိန္ဒိယကမ်းခြေတစ်နေရာ၌ရှိသော ဘရုကစ္ဆနှင့် မြန်မာနိုင်ငံအရှေ့ဘက်ကမ်းခြေတစ်နေရာ၌ရှိသော သုဝဏ္ဏဘူမိမြို့တို့မှာ ရှေးအခါကပင် ရေကြောင်းခရီးဖြင့် ကူးသန်းသွားလာမှုများ ရှိခဲ့ကြပေသည်။

စစ်တွေကျွန်းသည် ကုလားတန်မြစ်ဝ၊ လေးမြို့မြစ်ဝနှင့် မယုမြစ်တို့၏ ဆုံစည်းရာအရပ်တွင် တည်ရှိသဖြင့် ရှေးခေတ်ကာလကပင် စစ်ရေးအရ များစွာအချက်အချာကျခဲ့ပေသည်။

ထိုကျွန်း၏အမည်တွင် "စစ်" ဆိုသည့်စကားရပ်သည် ပင်ကိုယ်၌က စစ်ရေးအရ၊ အရေးပါမှုမှာ ထင်ရှားလှပေသည်။

မူလ "စစ်တဲ"ဆိုသည့် ဝေါဟာရမှ "စစ်တေး"၊ ထိုမှ "စစ်တွေ" ဟုပြောင်းလဲလာခြင်းဖြစ်သည်။

"စစ်တဲ"ဟူသောအဓိပ္ပါယ်မှာ စစ်နှင့်ဆိုင်ရာ အင်အားစုများ စစ်တဲချရာ အရပ်ဖြစ်သည်။

မူလစစ်တဲအရပ်မှာ ယခုမြို့တွင်းရှိ နာရီစင်တည်ရှိရာ ကွင်းပြင်အရပ်ဖြစ်သည်ဟု ယူဆကြသည်။

စစ်တဲအရပ်၏ မြောက်ဘက်အနီးတွင် ရှေးရခိုင်ကာကွယ်ရေးတွင် သွေးသောက်တပ်ဖွဲ့တစ်မျိုးဖြစ်ကြသော လူပျို(ကာလသား)၊ ကလေ(လွှေ)တပ်များ စခန်းချခဲ့ကြသည်။

၄င်းတို့စခန်းချရာ ချောင်းကို "ကာလချောင်း" ဟုခေါ်ရာမှ ယခု ကုလားချောင်းဟု ခေါ်လာသည်။

ကုလားချောင်း၏ အဝတွင် မိစန္ဒိနတ်ကွန်းရှိသည်။ မိစံနတ်ဟုလည်း ခေါ်သဖြင့် ယခု "မိဇံရပ်" ဟုခေါ်တွင်သည်။





ကုလားချောင်းကို မြို့လည်ချောင်းဟု မှည့်ခေါ်ထားရှိသည်။

(၁၇၈၅)ခုတွင် မြောက်ဦးခေတ်ပျက်သုဉ်းသွားသောအခါ ကလေ(လွှေ)တပ်လည်း ပျောက်ကွယ်သွားလေသည်။

မိဇံအရပ်၌ တံငါရွာတစ်ရွာ ပေါ်လာလေသည်။ ရခိုင်လိုပိုက်ဆိပ်ဟု ခေါ်လေသည်။

ထို့ကြောင့် အင်္ဂလိပ်တို့ စစ်တွေကို(၁၈၂၆)ခုတွင် စတင်တည်ထောင်ကြသောအခါ စစ်တွေအရပ်သည် တံငါရွာငယ်တစ်ရွာသာဖြစ်သည်ဟု မှတ်တမ်းတင်ခဲ့ကြခြင်းဖြစ်သည်။

စစ်တွေအရပ်သည် ကုလားတန်မြစ်ဝ ကမ်းခြေဖြစ်သည်။ ယင်း၏ အနောက်ဘက်တွင် ကုန်းတန်းတစ်ခုရှိသည်။ ယခု ကုန်းတန်းဟုခေါ်သည်။

ယင်း၏မြောက်ဘက် အနီးချောင်းကမ်းတွင် ရွာကြီးဟူ၍ ရွာတစ်ရွာရှိခဲ့သည်။

စစ်တွေတည်စတွင် ဒေးဝန်းကြီးနေခဲ့သဖြင့် ဒေးဝန်းရွာ၊ ဒိုးဝန်းရွာ ဟုခေါ်တွင်လာသည်။

ကုန်းတန်း၏အနောက်မြောက် (၂)မိုင်ခန့်တွင် အာကျပ်တော်ကုန်းဟူ၍ တောင်ကုန်းတန်းငယ်တစ်ခုရှိသည်။

အာကျပ်တော်(အာကျိတ်တော်)ကုန်း၏ မူလစကားမှာ အံကျိပ်တော်ဓာတ်စေတီတည်ရှိခဲ့သည်ကို အစွဲပြုလာသည်ဟုဆိုသည်။

အံကျိပ်မှ အာကျပ်ဟူ၍ တွင်လာပြီး ရှေးမှတ်တမ်းအချို့



www.burmeseclassic.com

www.burmeseclassic.com



တွင် အကျပ်ဟုတွေ့ရသည်။

အင်္ဂလိပ်တို့က စစ်တွေကို တည်ထောင်သည့်အခါ အကျပ်ကုန်းရှိ အကျပ်ရွာကို အစွဲပြု၍ (AKYAB) ဟုခေါ်ခဲ့ကြသည်။

ကုန်းတွင်းပိုင်းကျသည့် အကျပ်ရွာသည် နောင်တွင် လူနေနည်းပါးသွားပြီး မြို့ထဲသို့ အခြေချလာခဲ့ကြသည်။

၎င်းတို့နေရာသစ်ကို ယခုတိုင် အကျပ်တန်ဟု ခေါ်နေသေးသည်။

အကျပ်ရွာ၊ အကျပ်ကုန်း၊ အကျပ်စေတီ၊ အကျပ်စားဟူ၍ ရှိခဲ့သော်လည်း ကျွန်း၏အမည်မှာမူ စစ်တွေကျွန်းဟု ခေါ်တွင်လူသိများခဲ့သည်။

ရှေးဟောင်းမှတ်တမ်းတို့တွင် စစ်တွေကျွန်းကို သမုဒ္ဒဂီရိဟုလည်း ခေါ်သည်။

စစ်တွေကျွန်း၏ အနောက်မြောက်ဘက်ပိုင်းတွင် အောင်တိုင်ရှိသည်။ ရေတပ်စခန်းတစ်ခုဖြစ်ခဲ့သည်။

ယင်းအနီးတွင် ကြို့တဲရှိသည်။ ရှေးခေတ်သင်္ဘောဆိပ်နှင့် စစ်စခန်းတစ်ခုဖြစ်သည်။

စစ်တွေကျွန်း၏ မြောက်ဘက်အပိုင်းတွင် ဝါဘို၊ စပါးထား၊ မင်းကန်၊ ကျီးထိုးအရပ်များ ရှိကြသည်။

ရှေးရခိုင်စီးပွားရေးတွင် နိုင်ငံရပ်ခြားသို့ တင်ပို့မည့်ဝါဂွမ်းများထားရာအရပ်နှင့် စပါးအထွက်များရာ အရပ်များအသီးသီးဖြစ်ကြပြီး ပင်လယ်ကူးသင်္ဘောများအတွက် လိုအပ်



သည့် သောက်သုံးရေကို မင်းကန်အရပ်မှ ဖြည့်တင်းပေးခဲ့ရသည်။ ထို့ကြောင့် မင်းကန်အရပ်ဟု တွင်သည်။

စစ်တွေကျွန်းသည် ရှေးရခိုင်မြောက်ဦးခေတ်တွင် စီးပွားရေးအရ အရေးပါခဲ့သည်။

မြောက်ဦးခေတ်တွင် စစ်တွေကျွန်း၏ အရေးပါမှုမှာ စီးပွားရေးထက် ပို၍ထူးကဲသည်ဟုဆိုနိုင်သည်။

မြောက်ဦးခေတ်တွင် အနောက်ရန်သည် စစ်တွေအနီးရှိ မယုမြစ်ဝမှ ဝင်ရောက်မြဲဖြစ်သည်။

ကျူးကျော်လာသူကို မယုမြစ်ဝမှ ဆီးကာ၍မရနိုင်လျှင် မြို့တော်၏ လုံခြုံရေးမှာ မလွယ်ကူလှချေ။

ထို့ကြောင့် "တံခါးကိုးတန်၊ မယုမလွန်စီရ" ဟူ၍ ဆိုရိုးစကားရှိခဲ့သည်။ ရခိုင်ကိုဝင်သည့် ရေကြောင်းဝင်လမ်း ကိုးပေါက်ရှိသည်။ မယုသည် အဓိကဟုဆိုလိုသည်။

ထို့ကြောင့် မယုကို ကာကွယ်ရန် အောင်တိုင်နှင့် ပန်ခင်းမော် (မုံစဲကျွန်း)တို့၌ ရေတပ်တစ်ခုစီကို ထားခဲ့ကြသည်။

ရဲအောင်တိုင်၊ ရဲပန်ဇင်းဟု တွင်သည်။

အောင်တိုင်ချောင်းသည် လေကွယ်အရပ်ဖြစ်ပြီး စစ်သင်္ဘောင်လှေများ ခိုနားလေ့ရှိရာ၊ လေ့ကျင့်ရာအရပ်ကောင်း ဖြစ်သည်။

မယုမြစ်၏ အရှေ့ဘက်မြစ်ဝတွင်တည်ရှိသည်။ ကျူးကျော်လာသော ရန်သူရေတပ်ကို ပထမဆုံး လက်စွမ်းပြရမည့်စခန်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



စစ်တွေမြို့သည် ကုလားတန်မြစ်ဝ အနောက်ဘက်ကမ်းတွင်၊ မြောက်လတ္တီတွဒ် (၂၀)ဒီဂရီ (၈)မိနစ်နှင့် အရှေ့လောင်ဂျီတွဒ် (၉၂)ဒီဂရီ (၅၄)မိနစ် ဆုံရာတွင် တည်ရှိလေသည်။

ပင်လယ်ပြင်မှ အမြင့် (၁၅)ပေရှိသော ကျွန်းပေါ်တွင်ရှိသည်။ အကျယ်အဝန်းမှာ ဧရိယာ(၆)မိုင် ရှိလေသည်။

စစ်တွေမြို့သည် ရခိုင်ပင်လယ်ကမ်းမြောင်ဒေသရှိ မြို့ကြီးတစ်မြို့ဖြစ်သည်။

ကမ်းမြောင်ဆိုလျှင် မြောက်ဘက်တွင် မောင်းတောမြို့နယ်မှ တောင်ဘက်အစွန်းဂွမြို့နယ်အထိ မိုင်ပေါင်း(၃၆၀)ရှည်လျားပေသည်။

အချက်အချာကျသော ဌာနတို့၌ အင်္ဂလိပ်တို့သည် မြို့ကြီးများကို စတင်တည်ထောင်ခဲ့သည်။

စခန်းချရပ်နားစရာကောင်း. . ရာသီဥတုလည်း မျှတသည်။ အပူဆုံးအချိန်(၈၆˚)၊ အအေးဆုံးအချိန်(၇၄˚) ဖာရင်ဟိုက် ရှိသည်။ တစ်နှစ်ပတ်လုံး ပျမ်းမျှအပူချိန် (၇၀˚) ဖာရင်ဟိုက်ခန့်သာ ရှိသည်။

အပူဆုံးအချိန်များတွင်လည်း ပင်လယ်လေကြောင့်အပူသက်သာသည်။

တစ်နှစ်လျှင် မိုးရေချိန်လက်မ (၂၀၀)ကျော်သည်။ မိုးကောင်းသောနှစ်ဆိုပါက လက်မ(၂၅၀)ခန့် ရွာသွန်းလေသည်။

ဗြိတိသျှ ကိုလိုနီနယ်ချဲ့သမားတို့သည် မြောက်ဦးမြို့တော်မှရွှေ့ပြောင်း၍ စစ်တွေမြို့နေရာကို ရွေးချယ်ကာ ကော





(၁၁၈၇)ခု၊ မာယနက္ခတ်ပေါ်ထွန်းသည့် တပို့တွဲလဆန်း (၅)
…ကန်နေ့၊ နေထွက်တပိုရ်ချိန်မှာ မြို့ကိုစတင်တည်ခဲ့လေသည်။

ဒေးဝန်းကြီး အောင်ကျော်ရှိတို့လည်း ပါရှိလေသည်။
…င်းမှာ ပိကျိန်းစားဖြစ်လျက်ရှိနေသည်။

စစ်တွေမြို့တွင် ရေမိုးဖူလုံမှုအတွက် ဒေးဝန်းကြီး တူး
…ပ်ပေးခဲ့သော ကန်များနှင့် ၄င်းချထားခဲ့ရာရပ်ကွက် (ရွာ)ကို
…ဒေးဝန်ရွာ(ဒိုးဝန်းရွာ)၊ ဒိုးဝန်းကန်ဟူ၍ ယခုထိ ခေါ်တွင်ရှိနေ
…သည်။

ကုန်းမြင့်ပိုင်းကျ၍ စစ်ကဲသတိုးဝေလည်း ဒေးဝန်းရွာ
…တွင် နေခဲ့သည်။

စစ်တွေမြို့တည်ထောင်စ (၁၈၂၆)ခုနှစ်ကပင် စစ်တွေ
ဆိပ်ကမ်းကို ဖွင့်လှစ်၍ ကုန်သွယ်ကူးသန်းရောင်းဝယ်မှု ပြုခဲ့
…၊ အဓိကဗဟိုအချက်အချာတစ်ခု ဖြစ်လာခဲ့ရလေသည်။

မြန်မာနိုင်ငံ၏ ရှေးအကျဆုံး ဆိပ်ကမ်းကောင်းတစ်ခု
…ည်း ဖြစ်ခဲ့သည်။

(၁၈၃၀)ခုနှစ်တွင် သင်္ဘောအစင်း (၁၄၀)ထိ ဝင်ထွက်
…းလာခဲ့သည်။

ဗြိတိန်နှင့် အခြားနိုင်ငံများမှ ကုန်ပစ္စည်းများတင်သွင်းခဲ့
…သည်။

ရခိုင်ထွက်ပစ္စည်းများဖြစ်သော ဆန်စပါးအပြင်၊ သစ်၊
…းစေ၊ သားရေ၊ ဦးချို၊ ဆင်စွယ်၊ ဆေးတံသောက်ဆေး၊ ဆား
…င်တွဲ၊ ပွဲ့လျက်၊ ချိတ်၊ ကညင်ဆီ၊ ငွေဒင်္ဂါးတို့ဖြစ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁၈၅၅)မှ (၁၈၆၉)ထိ (၁၅)နှစ်အတွင်း နိုင်ငံခြားသို့ ရောင်းချရသောတန်ဖိုးမှာ တစ်နှစ်လျှင် ပျမ်းမျှရူပီ (၅၄)သိန်းခန့် ရှိသည်ဟု ဆို၏။

(၁၈၉၅)မှ (၁၉၁၅)ခုနှစ်အတွင်း တစ်နှစ်လျှင် ရူပီသိန်း (၁၅၀)ဖိုးရှိခဲ့သည်။

ထို့ပြင် အခြားပစ္စည်းများ တန်ဖိုး(၃)သိန်းကျော် တင်ပို့ခဲ့ရသေး၏။

ဆားချက်လုပ်ငန်းမှာ (၁၈၄၆-၄၇)ခုနှစ်တွင် တန်ဖိုး (၁၃၁၃၀)ကို သင်္ဘောဦးရေ (၁၁၀)ဖြင့် တင်ပို့ခဲ့ရသည်။

ရေနံများကိုလည်း စစ်တွေကမ်းလွန်မှ တူးဖော်ရရှိခဲ့ရာ (၁၉၁၇) တွင် (၁၀၈၉၄)ဂါလံ၊ တန်ဖိုး (၃၁၄၅/-) ရှိသည်။

ထိုသို့ ကုန်သွယ်ရောင်းဝယ်ကူးသန်းမှု ရှိလာခဲ့ရသဖြင့် သင်္ဘောဝင်ထွက်လွယ်ရန် (၁၈၄၄)ခုနှစ်တွင် ဆဲဗစ်ကျွန်း (လေးရှင့်တောင်၊ စစ်တွေအင်းဝ) မီးပြတိုက်ကိုလည်းကောင်း၊ (၁၈၇၆) ခုနှစ်တွင် စစ်တွေအနောက်မြောက်ဘက်ရှိ အိုင်စတာ ရေမြုပ်ကျောက်ဆောင်၊ (သင်းပန်းကျွန်း) မီးပြကိုလည်းကောင်း၊ အလျားပေ (၆၀၈)၊ အနံ (၂၃)ပေ ရှိသော စစ်တွေ (ဖောင်တော်ကြီး) တံတားကြီးတစ်ခုကိုလည်းကောင်း ဆောက်လုပ်ပေးခဲ့ရသည်။ မြူနီစပါယ်ဈေးနှင့်ကပ်၍ တံတားတစ်ခုကိုလည်း ဆောက်လုပ်ခဲ့သည်ဆို၏။

ထိုတံတားကြီးမှာ (၁၈၈၅)ခုနှစ် မတိုင်မီကပင်ဆို၏။

တံတားကြီးတောင်ဘက် ဆိပ်ကမ်းတစ်လျှောက်ကို





လည်း ကျောက်တန်းကာဆီးထားသည်။ မင်းကြီးကျောက်တန်း ဟု ခေါ်တွင်နေကြသည်။

ထိုကျောက်တန်း၌လည်း တံတားတစ်ခုရှိသေးရာ မြစ်တွင်းသွား သင်္ဘောများ ဆိုက်ကပ်ရာဖြစ်သည်။

ဆတ်ရိုးကျချောင်းတွင်ကား ဆန်စပါးရာသီချိန်တွင် စပါးလှေ၊ သမ္ဗန်များ ပြည့်ကြပ်နေတတ်သည်။

မြစ်တွင်းခရီးသည်တင်ရေယာဉ်များ ထွက်ခွာရာတံတား ရှိလေသည်။

(၁၉၁၇)ခုနှစ်ထက် နောက်မကျခင်ကပင် တည်ဆောက်ခဲ့သည်ဟု ယူဆကြသည်။

ဂေါ်ဒူဘာဂျီ၌လည်း တံတားထားရှိခဲ့ဖူးလေသည်။

ကုလားချောင်း၊ သမ္ပာန်ချောင်း၊ ခဝါချောင်းတို့ကား မြို့၏ရေနုတ်မြောင်းပင် ဖြစ်ကြ၏။ တူးဖော်ပေးနိုင်မှသာ ရေမှန်မှန်စီးဆင်း၍ မြို့သန့်ရှင်းမှုကို ဖြစ်စေနိုင်သည်။

မယူတောင်တန်းသည် ရေတစ်ဝက် ကုန်းတစ်ဝက် အနေအထားဖြင့် ပင်လယ်ကွေ့ထဲသို့ထွက်နေသော ကျွန်းတန်းအကွေးများအသွင် ရှိပေသည်။

ဖောလ်ပွိုင့် မယူကျွန်းနှင့် မျဉ်းပြိုင်ကောက်အနီးတွင် ပင်လယ်အောက်သို့ ငုတ်ဆင်းသွားကာ ကမ်းခြေနှင့်နီးသော နေရာအရောက်တွင် ကျောက်ဆောင်ကျောက်တန်းများအသွင်ဖြင့် ပြန်ပေါ်လာပြန်လေသည်။

စစ်တွေ၏ ဗုဒ္ဓမော်ကျောက်တန်းသည်။ မီးယူတောင်



www.burmeseclassic.com

www.burmeseclassic.com



တန်း၏ အလွှာခုံးတစ်ခုပင်ဖြစ်ပေသည်။

ရခိုင်ပင်လယ်ကမ်းရိုးတန်းများသည် ရှေးနှစ်ပေါင်းများစွာကတည်းက ဖြစ်တည်ပေါ်ထွန်းခဲ့သော အထောက်အထားများရှိပေ၏။

မှတ်တမ်းများအရ ရခိုင်ကမ်းရိုးတန်းကို အာရ်ဂျရေ့ခရိုင်စေ ဟူသော ရွှေမြေ၊ ငွေမြေဒေသများဖြစ်ကြောင်း တင်စားရေးသားကြသည်။

စံပြ၊ စဒ၊ ဗေရဗန္ဒ၊ တေမလ စသောမြို့ဟောင်းများမှာ ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့သောမြို့များဖြစ်ကြသည်။

ထိုမြို့ဟောင်းများသည် ခရစ်အေဒီ (၅၀)မတိုင်ခင်ကပင် တည်ရှိခဲ့ကြသည်။

သို့ကြောင့် စစ်တွေမြို့နှင့် ဝန်းကျင်ဒေသအတော်များများမှာ ရှေးနှစ်ပေါင်းများစွာကတည်းကပင် တည်ရှိခဲ့သောနေရာများဖြစ်ခဲ့ကြသည်။

သို့သော် ယခုအချိန်ကာလတွေ့မြင်ရသော အခြေအနေကဲ့သို့ မြို့ကြီးများတော့မဟုတ်ခဲ့ကြပေ။

ယခုစစ်တွေမြို့ဖြစ်ပေါ်နေသော ကျွန်းမြေမှာ ယခင်က ရွာငယ်ကလေးမျှသာရှိသော နေရာဖြစ်သည်။

ဗြိတိသျှ ကိုလိုနီနယ်ချဲ့သမားတို့သည် မြောက်ဦး ပျက်သောအခါ စစ်တွေမြို့ဖြစ်ပေါ်လာမည့် ကုန်းမြေသို့ ရွှေ့ပြောင်းလာခဲ့သည်။





ကောဇာသက္ကရာဇ် (၁၁၈၇-ခု)(၁၈၂၅)၊ တပို့တွဲလဆန်းတွင် မြို့တည်မည့်နေရာကို ရွေးချယ်ခဲ့ကြခြင်းဖြစ်၏။ အင်္ဂလိပ်တို့ မြို့တည်ထောင်ရန် ထိုနေရာသို့ ရောက်လာကြသောအချိန်တွင် ထိုနေရာတစ်ဝိုက်တွင် ရွာငယ်ကလေးများ ရှိနေကြပေပြီ။

ထိုခေတ်မတိုင်ခင် (၁၇၈၅) ခုနှစ်တွင် မြောက်ဦး ခေတ်ပျက်သုန်းသွားသောအခါက မိဖုံဆိုသောအရပ်တွင် တံငါသည်များ စုဝေးနေထိုင်သော ရွာငယ်ကလေးများ ပေါ်လာကြသည်။

ပိုက်ထောင်ပြီး ငါးပုစွန် ရှာဖွေသူများ စုဝေးနေထိုင်ကြသော နေရာဖြစ်သောကြောင့် 'ပိုက်ဆိပ်' ဟုပင်ခေါ်ခဲ့ကြသည်။

ဗြိတိသျှတို့က ထိုနေရာကို အခြေတည်ပြီး (၁၈၂၆)ခုနှစ်ရောက်တော့မှ စစ်တွေမြို့ကို စတင်တည်ထောင်ကြခြင်း ဖြစ်ပေသည်။

သို့သော်လည်း . ဗြိတိသျှတို့က စစ်တွေမြို့ကိုတည်ထောင်ခဲ့ကြရာ နှစ်အတော်ကြာသည်အထိတော့ မြို့အင်္ဂါရပ်နှင့်ညီညွတ်သော မြို့ကြီးတစ်မြို့အဖြစ်တော့ မရောက်ခဲ့ကြပေ။

တံငါသည်များ၊ ပင်လယ်ထွက်၍ ဝမ်းစာရှာဖွေသူများ၊ လက်လုပ်လက်စားအရပ်သားများသာ အနေများကြလေသည်။

ထိုအရပ်တွင် နေထိုင်ကြသူများမှာ ရခိုင်လူမျိုးနှင့် ကုလားလူမျိုးတို့ အများဆုံးရှိကြလေသည်။

(၁၉၀၀)ပြည့်နှစ်လောက်ရောက်တော့ စစ်တွေမြို့မှာ အတော်အသင့် စည်းကားတိုးတက်လာပြီး အိန္ဒိယမှာကုလား

www.burmeseclassic.com

www.burmeseclassic.com



သော ပင်လယ်သွားသင်္ဘောများ ဝင်ထွက်ဆိုက်ကပ်ရာ ဆိပ်ကမ်းမြို့တစ်မြို့ဖြစ်လာလေသည်။

သို့သော် စစ်တွေမြို့နှင့် အနီးတစ်ဝိုက်မှာတော့ သာမန်လက်လုပ်လက်စားများနေသော ရွာကြီးရွာငယ်အတော်များများလည်းပေါ်ပေါက်လာကြသည်။

အထက်ပါ ဖော်ပြသောအကြောင်းအရာများမှာ သမိုင်းမှတ်တမ်းများမှ ထုတ်နုတ်ဖော်ပြထားသည့် စစ်တွေမြို့၏ ပုံရိပ်အချို့ဖြစ်သလို ကစ္ဆပနဒီမြစ်၏ နိဒါန်းတစ်ခုလည်း ဖြစ်ပေတော့သည်။



## အခန်း (၂)

# နှလုံးသားအတွက် အဖြေခက်သောပုစ္ဆာ

စစ်တွေမြို့သည် ဗြိတိသျှခေတ်တွင် လူဦးရေအများဆုံး မြို့ကြီးများထဲတွင် တစ်မြို့ပါဝင်လေသည်။ အောက်ဘက်မြန်မာနိုင်ငံမြို့ကြီးများတွင် တတိယ လူဦးရေအများဆုံးဖြစ်ပြီး၊ မြန်မာတစ်ပြည်လုံးမှာတော့ လူဦးရေအများဆုံးတွင် စတုတ္ထချိတ်လေသည်။

စစ်တွေမြို့တွင် လူဦးရေများပြားရသော အကြောင်းရင်းမှာ အခြားအရပ်ဒေသမှ ပြောင်းရွှေ့ကာ လာရောက်နေထိုင်



www.burmeseclassic.com

www.burmeseclassic.com



သူများသောကြောင့်ဖြစ်သည်။

ဘင်္ဂလားနယ်ဘက်မှ ဝင်ရောက်လာသူများနှင့် အိန္ဒိယ ပြည်ဘက်မှ ခိုးဝင်လာသော လူဦးရေ အရေအတွက်များပြား သောကြောင့် စစ်တွေမြို့တွင် တစ်နေ့တခြား လူဦးရေ တိုးပွား လာရခြင်းဖြစ်ပေသည်။

စစ်တွေမြို့တွင် အခြားမှ ဝင်ရောက်နေထိုင်သူများပြား လှသောကြောင့်. . ရပ်ကွက်များလည်း တိုးပွားလာကြသည်။ (၁၂၇၄)ခုနှစ်တွင် ပုံနှိပ်ခဲ့ရသော ရွှေပြား(ဆားကုန်ပုတ်) ဆရာ တော်ဦးခေမာလင်္ကာရ ဈာပနတွင် (၁၂)ရပ်သားများ ပါဝင် ကူညီခဲ့ကြသည်လည်းကောင်း၊

ဦးရာဇ်တောင်ဘုရား ထီးတင်ပွဲတွင် (၁၂)ရပ်သားတို့ ပါဝင်ကူညီခဲ့ကြောင်း သမိုင်းမှတ်တမ်းများရှိသည်။

(၁၂)ရပ်၊ (၁၂)ရွာဆိုသည်မှာ. . .

(၁) ရှုပရွာ၊ (၂) အိုးတန်းရွာ၊ (၃) မိဇ္ဇရွာ၊

(၄) မြစ်နားတန်း၊ (၅) ပချီကရာချိပ်(မောလိပ်)၊

(၆) ကျောင်းတက်လမ်း၊ (၇) ဘောက်သီးရဲ၊

(၈) ငါဒ်လိပ်ချိတ်၊ (၉) တရားသီးစု (၁၀) ရွှေပြား၊

(၁၁) ဒေးဝန်းရွာမြောက်၊ ဒေးဝန်းရွာတောင်၊

(၁၂) လမ်းမတော် . . . စသည်တို့ဖြစ်ကြသည်။

ထိုအရပ်အမည်တို့တွင် ပချီကရာချိတ် ဟူသော အမိ ပွါယ်မှာ လူအများစုပြုံခြင်း၊ သိပ်သည်းခြင်း၊ အဝင်အထွက် မစဲ ခြင်းဟူ၍ အဓိပ္ပာယ်ရပေသည်။





ကုလားလူမျိုးများ အဝင်အထွက်များပြားခြင်းကို ပြော ခြင်းဖြစ်သည်။ ပါဒလိပ်ချိတ် ဟူသောအဓိပ္ပာယ်မှာ ခရစ်ယာန် သာသနာပြု ဘုန်းကြီးနယ်မြေဟု အဓိပ္ပာယ်ရှိပေသည်။

နောက်ပိုင်းကာလမှာတော့ စစ်တွေမြို့၏ အဓိကကျ သော ဆတ်ရိုးကျချောင်း၏ ဝဲယာတစ်ဘက်တစ်ချက်တို့တွင် ကျေးရွာများ ပေါ်ပေါက်လာကြလေသည်။

စစ်တွေမြို့၏ အဓိကကျသော လုပ်ငန်းများထဲတွင် ငါးပုစွန်လုပ်ငန်းနှင့် ဆန်စပါးလုပ်ငန်းတို့လည်း ပါဝင်လေသည်။

ထိုလုပ်ငန်းနှစ်မျိုးမှာ ဗြိတိသျှတို့ အုပ်စိုးနေစဉ်ကတည်း က ရှိခဲ့သော လုပ်ငန်းများဖြစ်ကြပေသည်။

ထိုခေတ်အခါက ဆန်းစပါးကြိတ်ခွဲမှုကို ဘူးလော့ဒ် ဘုရားသား၊ စတီးဘရားသား၊ အီလင်မင်အာရကံ ဆန်စက်နှင့် ရောင်းဝယ်ရေးကုမ္ပဏီ၊ အင်္ဂလိုဘားမား စသော ကုမ္ပဏီတို့က ဆန်းစက်များတည်ကာ ကြိတ်ခွဲရောင်းချခဲ့ကြသည်။

ဗြိတိသျှအရင်းရှင် အာရကန်ဖရိုတီလာကုမ္ပဏီ၊ ရှောင် ဒရီကုမ္ပဏီ၊ အာရကန်ကယ်ရီယာ စင်တီကိတ်တို့က သင်္ဘော များ၊ ရေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခဲ့ကြသည်။

သို့ကြောင့် ဆန်စပါးအရောင်းအဝယ်၊ ကုန်သည်လုပ် ငန်းလုပ်သူတို့ စီးပွားရေးအခြေအနေကောင်းမွန်သော အချိန် ကာလလည်းဖြစ်ပေသည်။

စစ်တွေသည် ဆတ်ရိုးကျချောင်းမှ ဈေးကြီးအစ်ဝိုက် အထိ တောင်မြောက်ဝဲယာ၌ လူနေထိုင်မှုများပြားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကုလားတန်မြစ်ကမ်းပါးနှင့် မောလိပ်၊ အိုးတန်း၊ ဝိဇ၊ ရူပ စသောရွာများမှာ လူနေထိုင်မှုများပြားလေသည်။ ရွာများဟု ပြောသော်လည်း ချောင်းဝဲယာတစ်ဖက် တစ်ချက်တွင် မြို့နှင့် တဆက်တည်းရှိနေသောကြောင့် များစွာစည်ကားလှသည်။

(၁၂)ရပ်ဆိုသော ဝေါဟာရမှာ ရပ်ကွက်(၁၂)ခုကို ပြောဆိုခြင်းဖြစ်ပြီး ထိုရွာများကို ပြောဆိုခြင်းပင်ဖြစ်ပေသည်။

သို့ကြောင့် ရှေ့၌ရေးသားသော အမည်နာမများ၊ ရွာအမည်များကို ပြောင်းလဲရေးသားမည်ဖြစ်ပေသည်။

မြနှင်းဖြူတို့နေသောရွာမှာ ညေဝတီရွာဖြစ်သည်။ ညေဝတီရွာမှာ ဆတ်ရိုးကျချောင်းအတွင်း၌ ဖြစ်သည်။ မြနှင်းဖြူ၏ မိဘများမှာ ဦးကျော်ဖြူနှင့် ဒေါ်မယ်သူတို့ဖြစ်ပြီး ဈေးဆိုင်လုပ်ငန်းဖြင့် စီးပွားရေးကောင်းမွန်ကြလေသည်။

၎င်းတို့ဆိုင်မှာ ကုန်မျိုးစုံရောင်းချသော ဆိုင်တစ်ဆိုင်ဖြစ်ပြီး ဆိုင်ကြီးတစ်ဆိုင်ဖြစ်သည်။ ထိုဆိုင်လုပ်ငန်းကိုတော့ မြနှင်းဖြူနှင့် အစ်ကိုဖြစ်သူ စောလှဖြူတို့က လုပ်ကိုင်ကြလေသည်။

မြနှင်းဖြူက (၂၃)နှစ်ခန့်အရွယ်ရှိပြီး အစ်ကိုဖြစ်သူ စောလှဖြူက (၂၅)နှစ်ကျော်အရွယ်ပင်ရှိရာ မောင်နှမနှစ်ယောက်တို့မှာ မတိမ်းမယိမ်းပင်ရှိကြသည်။

မောင်နှမနှစ်ယောက်စလုံး ယခုအထိ အိမ်ထောင်မပြုကြသေးပဲ မိဘတို့နှင့်သာ နေထိုင်ကြလေသည်။

မြနှင်းဖြူက ရခိုင်သွေးပါသူဖြစ်သောကြောင့် ရုပ်ရည်ချောသည်။ ကိုယ်လုံးကိုယ်ထည်က လှပတင့်တယ်သူဖြစ်သည်။





ထို့ကြောင့် ချစ်ခင်နှစ်သက်သူများပေသည်။

မြနှင်းဖြူ၏ မေတ္တာကိုရရှိရန်သော်လည်းကောင်း၊ သူမကို ပိုင်ဆိုင်ခွင့်ရရန် နည်းအမျိုးမျိုးဖြင့် ချဉ်းကပ်နေသူများ၊ ကြိုးစားနေသူ အများအပြားရှိကြလေသည်။

ထိုအထဲတွင် အောင်သာကျော်နှင့် ကျော်ဇံခိုင်တို့ နှစ်ယောက်မှာ ထိပ်ဆုံးမှ ပါဝင်ကြလေသည်။

အောင်သာကျော်က အသက်(၂၉)နှစ်အရွယ်ခန့်ရှိပြီး စစ်တွေမြို့ပေါ်တွင် နေထိုင်သူဖြစ်သည်။

မိဘများမှာ စီးပွားရေးချောင်လည် ကြသူများဖြစ်ပြီး ဆန်စပါး အရောင်းအဝယ်လုပ်ကိုင်ကြလေသည်။

အောင်သာကျော်က ခေတ်ပညာအသင့်အတင့်တတ်ပြီး ပြောဆိုဆက်ဆံမှုကောင်းသည်။ အရက်သေစာသောက်စားခြင်းနှင့် လောင်းကစားမှု ကင်းသူဖြစ်ပြီး စီးပွားရေးအလုပ်ကိုသာ ကြိုးစားလုပ်ကိုင်နေသူ ဖြစ်သည်။

ဆန်စပါးအရောင်းအဝယ် ပြုလုပ်ရင်းနှင့် မညေဝတီရွာသို့ ရောက်ပါက မြနှင်းဖြူတို့အိမ်သို့ ဝင်ရောက်လည်ပတ်လေသည်။ ဦးကျော်ဖြူနှင့် ဒေါ်မယ်သူတို့ကတော့ သမီးဖြစ်သူ မြနှင်းဖြူထံသို့ လာရောက်ပိုးပန်းနေကြသူများထဲတွင် အောင်သာကျော်ကိုတော့ နှစ်သက်သဘောကျကြလေသည်။

ပညာတတ်ပြီး ရည်ရည်မွန်မွန်ရှိသည်ကတစ်ကြောင်း၊ မိဘများကလည်း စီးပွားရေးအခြေအနေကောင်းသူများ ဖြစ်ကြသဖြင့် အကယ်၍ သမီးဖြစ်သူမြနှင်းဖြူကသာ ရွေးချယ်မည်ဆို

www.burmeseclassic.com

www.burmeseclassic.com



ပါက သဘောတူကြည်ဖြူကြမည်ဟု စိတ်ကူးရှိထားကြသည်။

မြနှင်းဖြူတွင် အစ်ကိုတစ်ယောက်ရှိသည်။

မြနှင်းဖြူနှင့် နှစ်နှစ်ခန့်ကြီးသော်လည်း လူပျိုဘဝနှင့်သာ အေးအေးဆေးဆေးနေတတ်သူဖြစ်သည်။

အစ်ကိုဖြစ်သူ စောလှဖြူကလည်း ညီမဖြစ်သူ၏ ကိုယ်ရေးကိုယ်တာနှင့်ပတ်သက်သော ကိစ္စများကို ဝင်ရောက်စွက်ဖက်ခြင်းမပြုပေ. . . ။

စောလှဖြူက အိမ်အလုပ်များ မရှိတော့သည့်အချိန်မျိုးတွင် တံငါမော်ရွာသို့ သွားရောက်လည်ပတ်နေလေ့ရှိသည်။ တံငါမော်ရွာမှာ သူနှင့်ခင်မင်သော နီမောင်တို့ သုံးယောက်ရှိသည်။

နီမောင်တို့ သုံးယောက်ဆိုသည်မှာ အခြားတော့မဟုတ်ပေ။ နီမောင်၊ စောထီးနှင့် ငမဲအောင်တို့ သုံးယောက်ဖြစ်ကြလေသည်။

နီမောင်တို့ သုံးယောက်က ငါးဖမ်းသောအလုပ်လုပ်ကာ အသက်မွေးဝမ်းကျောင်း ပြုကြလေသည်။

စောလှဖြူနှင့် နီမောင်တို့ သုံးယောက်မှာ ငယ်ရွယ်စဉ်ကတည်းက ခင်မင်ကြသူများဖြစ်သည်။

သို့ကြောင့် စောလှဖြူက ညီမဖြစ်သူနှင့်ပတ်သက်သည့် ကိစ္စများကို စိတ်မဝင်စားဘဲ အချိန်အားလျှင် တံငါမော်ရွာသို့ သွားရောက်နေလေ့ရှိသည်။

မြနှင်းဖြူကိုပိုးပန်းနေသူများထဲတွင် ရှေ့ဆုံးမှ ရောက်



နေသူနှစ်ယောက်ရှိပေရာ အောင်သာကျော်အပြင် အခြားတစ်ယောက်လည်းရှိပေသေးသည်။

ကျော်ဇံခိုင်ဆိုသူဖြစ်သည်။

ကျော်ဇံခိုင်က (၂၈)နှစ်အရွယ်ခန့်ရှိပြီး ရခိုင်လူမျိုးဖြစ်လေသည်။

၄င်းတို့က ကုန်းတန်းရွာမှာ နေကြပြီး မြနှင်းဖြူတို့နေသောရွာနှင့် ဆက်စပ်နေလေသည်။

ကျော်ဇံခိုင်၏ မိဘများမှာ ဦးသာဇံနှင့် ဒေါ်ငွေမုံတို့ဖြစ်ကြပြီး ငါးရှဲဒိုင်လုပ်ငန်း လုပ်ကြလေသည်။

၄င်းတို့နေသောအိမ်မှာ ဆတ်ရိုးကျချောင်းကမ်းနံဘေးမှာပင်ရှိသောကြောင့် ထိုလုပ်ငန်းလုပ်ရသည်မှာ များစွာအဆင်ပြေလှလေသည်။

ကမ်းပေါ်တွင် တိုက်ခံနှစ်ထပ်အိမ်တစ်လုံး ဆောက်ထားပြီး ချောင်းစပ်မှာတော့ ရေစင်ကျယ်ကြီး ထိုးထားသည်။

သစ်သား၊ ဝါးများဖြင့် ဆောက်ထားသော ရေစင်မှာ အတော်ပင်ကျယ်ဝန်းပြီး ငါးပုစွန်လုပ်ငန်းများကို ထိုစင်ပေါ်မှာပင် လုပ်လေသည်။

ရေစင်နံဘေးမှာ စက်လှေနှင့် ငါးဖမ်းလှေများ ဆိုက်ကပ်ရန် တံတားနှင့် အတက်အဆင်းပြုလုပ်ရန် ရေဆင်းတံတားများ ပြုလုပ်ထားသည်။

ငါးဖမ်းလှေများမှ လာရောက်ရောင်းချသော ပုစွန်နှင့် ငါးများကို ဝယ်ယူပြီး ရေစင်ပေါ်သို့တင်ကာ ရွေးချယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစင်ပေါ်မှာပင် အလုပ်လုပ်နေကြသူ ယောကျာ်း၊ မိန်းမ အချို့ရှိကြသည်။

ငါးရွေးသူ၊ ငါးပိခုတ်သူ၊ ငါးခြောက်ခွဲသူ၊ ပုစွန်ခြောက် ပြုတ်သူ၊ ဆားနယ်သူ၊ နေလှမ်းသူ၊ ကျပ်တိုက်သူ၊ ပုစွန်ခြောက် ရိုက်သူ၊ ငံပြာရေချက်သူ၊ ငါးပိကောင်ပြုလုပ်သူ၊ ငါးပုတ်ပြား ခြောက်ပြုလုပ်သူ စသော ငါးပုစွန်နှင့်သက်ဆိုင်သော အလုပ် များကို သူ့တာဝန်နှင့်သူ၊ သူ့နေရာနှင့်သူ ပြုလုပ်ကြလေသည်။

ထိုနေရာတစ်ဝိုက်မှာတော့ ငါးပိ၊ ငါးခြောက်၊ ငံပြာရည် နံ့များ လှိုင်နေသည်။ အချင်းချင်း စကားပြောသံတို့ဖြင့် ဆူညံနေသည်။

ကျော်ဇံခိုင်တို့နေသောအိမ်မှာ တိုက်ခံနှစ်ထပ်အိမ် ကျယ်ကြီးဖြစ်သည်။

အပေါ်ထပ်၌ မိသားစုများနေပြီး အောက်ထပ်တစ်ထပ် လုံးမှာတော့ ငါးခြောက်အိတ်၊ ပုစွန်ခြောက်အိတ်များကို သို လှောင်ထားသည်။

ထိုပစ္စည်းများ အတော်များများစုဆောင်းမိသောအခါ ကိုယ်ပိုင်ကတ္တူစက်လှေဖြင့် ရန်ကုန်အထိ သွားရောက်ရောင်းချ လေသည်။

စစ်တွေမှ ရန်ကုန်ရောက်သည်အထိ ရေလမ်းခရီး မိုင် (၅၄၀)ခန့် ကွာဝေးလေသည်။

စစ်တွေမှ ကျောက်ဖြူရောက်အောင်သွားမည်ဆိုပါက (၁၂၄)မိုင်သာ ဝေးသော်လည်း၊ စစ်တွေမှ သံတွဲအထိ သွားမည်





ဆိုပါက (၂၇၂)မိုင်အထိ ကွာဝေးလသည်။

ကျော်ဇံခိုင်က ထိုအရောင်းအဝယ်လုပ်ငန်းများကို အ လုပ်သမားများနှင့်အတူတူ ကိုယ်တိုင်ဦးစီးပြီး လုပ်ကိုင်နေသူ ဖြစ်ပေသည်။

စုဆောင်းထားသော ပစ္စည်းများကို သံတွဲ၊ ကျောက်ဖြူ မြို့များသာမကဘဲ ရန်ကုန်မြို့အထိပါ ရောက်အောင်သွားကာ ရောင်းချလေ့ရှိသည်။

ထို့ပြင် စစ်တွေဈေးကြီးဘက်သို့လည်း လက်လီရောင်း ချသော သားငါးဈေးသည်တို့ကိုလည်း ဖောက်သည်ပေးလေ သည်။

ဤသို့ဖြင့် ကျော်ဇံခိုင်တို့မိသားစုမှာ စီးပွားရေး ကောင်း မွန်သဖြင့် စစ်တွေမြို့တွင် ချမ်းသာသူများစာရင်း ဝင်နေကြလေ သည်။

ကျော်ဇံခိုင်က စီးပွားရေးကောင်းသည့်အပြင် ခရီးဝေး များသွားလာနေရသူဖြစ်သောကြောင့် အသောက်အစား၊ အ ပျော်အပါးနှင့် လောင်းကစားမကင်းပေ။

ထို့ပြင် ကွမ်းကြိုက်သူဖြစ်သဖြင့် မည်သည့်နေရာသွား သွား ကွမ်းတစ်ယာကိုတော့ ပါးစပ်ထဲမှာ ငုံထားလေ့ရှိသည်။

ထို့ပြင် နေပူမရှောင်မိုးရွာမရှောင် သွားလာနေရသူဖြစ် သောကြောင့် အသားညိုသည်။

ကွမ်းစားထားသောကြောင့် ပါးစပ်က နီရဲနေပြီးရာ အသားမည်းမည်းနှင့်ဆိုတော့ ကြမ်းတမ်းသောရုပ်အသွင်မျိုး ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေသည်။

သူကလည်း မြနှင်းဖြူကို နှစ်သက်သဘောကျနေပေရာ နည်းအမျိုးမျိုးဖြင့်ကြိုးစားပြီး ပိုးပန်းနေသူဖြစ်ပေသည်။ မြနှင်းဖြူကတော့ ကျော်ဇံခိုင်၏ သွင်ပြင်လက္ခဏာကိုကြည့်ပြီး မနှစ်သက်ပေ။ ထို့အတူ မိဘများကလည်း ကျော်ဇံခိုင်၏ သွင်ပြင်လက္ခဏာကိုကြည့်ပြီး သဘောမကျကြပေ. . . ။

သို့သော် တစ်ရပ်တည်း၊ တစ်နယ်သားချင်းဖြစ်သောကြောင့် တင်းတင်းမာမာဆက်ဆံကြခြင်းမျိုးတော့ မရှိကြပေ။

အောင်သာကျော်လာလည်းလျှင်သော်လည်းကောင်း၊ ကျော်ဇံခိုင်လာလည်လျှင်သော်လည်းကောင်း အိမ်ရှင်တို့ဝတ္တရားနှင့်အညီတော့ ဧည့်ခံပြောဆိုလေသည်။

တစ်နေ့တော့ အောင်သာကျော်က မြနှင်းဖြူနှင့် နှစ်ယောက်ချင်းတွေ့သောအခါ သူ့သဘောထားကို ဖွင့်ပြောလေသည်။

"ဒီလောက်ဆိုရင်ဖြင့် ကျွန်တော်သဘောထားကို မြနှင်းဖြူလည်း သိတန်သလောက်သိပြီးဖြစ်မှာပါ။ ပွင့်ပွင့်လင်းလင်းပြောရရင်တော့ ကျွန်တော် မြနှင်းဖြူအပေါ်မှာ မေတ္တာရှိနေတာကြာပါပြီ၊ ဒါကြောင့် ကျွန်တော်ရဲ့မေတ္တာကို စဉ်းစားပေးစေချင်ပါတယ်"

ဟုပြောလေသည်။

"ကျွန်မသဘောကိုပြောရရင်တော့ ဒီအကြောင်းတွေကို ဘာမှ မစဉ်းစားချင်သေးပါဘူး၊ တကယ်လို့ ဖြစ်နိုင်မယ်ဆိုရင်





တော့ ဒီလိုလွတ်လွတ်လပ်လပ်ဘဝမျိုးနဲ့ပဲ တစ်သက်လုံးနေသွားချင်ပါတယ်"

"ဒါ. . . ဒါပေမယ့်"

"တကယ်လို ကျွန်မအနေနဲ့ ဒီကိစ္စတွေကို စဉ်းစားမယ်ဆိုရင်တော့ ကိုအောင်သာကျော်ပြောခဲ့တဲ့ စကားတွေကို အလေးအနက်ထားပြီး စဉ်းစားပေးပါ့မယ်"

ဟု လိမ္မာပါးနပ်စွာနှင့် ပြန်ပြောလိုက်သောအခါ အောင်သာကျော်လည်း ရှေ့မဆက်သာတော့ပေ။

"ဘာပဲဖြစ်ဖြစ်ပေါ့၊ မြနှင်းဖြူဆီက ဒီစကားလောက်ကြားရတာနဲ့တင် ကျွန်တော့်အဖို့တော့ ကျေနပ်လောက်စရာပါပဲ"

ဟုပြောကာ ပြန်သွားလေသည်။

နောက်ပိုင်းရက်တွေမှာ ကျော်ဇံခိုင်နှင့်တွေ့သောအခါမှာလည်း သူ့သဘောထားများကို ပြောပြလေသည်။

"ကျွန်တော့်အနေနဲ့ မြနှင်းဖြူပေါ်မှာ ဘယ်လောက်နှစ်သက်မှုရှိတယ်ဆိုတာကို ဒီလောက်ဆိုရင် မြနှင်းဖြူလည်း သိပါလိမ့်မယ်"

မြနှင်းဖြူကတော့ ဘာမှပြန်မပြောသေးပဲ သူပြောသမျှကိုသာ အိနြေ္ဒရစွာဖြင့် နားထောင်နေသည်။

"မြနှင်းဖြူကိုစိတ်ဝင်စားနေတဲ့ သူတွေထဲမှာ အောင်သာကျော်လည်းပါတာကို 'ကျွန်တော်သိပါတယ်၊ အောင်သာကျော်နဲ့ ကျွန်တော်က မိတ်ဆွေရင်းချာတွေလိုပဲ ခင်မင်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စီးပွားရေးချင်းမတူကြပေမယ့် တစ်ယောက်နဲ့တစ်ယောက် ကူညီ မှုမျိုးတွေလည်း ရှိပါတယ်၊ စီးပွားရေးကဏ္ဍမှာ အတူတူလုပ် ပေမယ့် ဒီကိစ္စမှာတော့ အောင်သာကျော်နဲ့ ကျွန်တော်နဲ့က ပြိုင်ဘက်တွေလိုပဲ သဘောထားပြီး ကြိုးစားနေကြတာပါပဲ၊ သူ့ မေတ္တာကို လက်ခံစဉ်းစားပေးသလို ကျွန်တော့်ရဲ့မေတ္တာကို လည်း လက်ခံစဉ်းစားပေးစေချင်ပါတယ်"

"ကျွန်မအနေနဲ့ကတော့ သူပြောလာတော့လည်း သူ့ စကားကို နားထောင်ပေးရတယ်၊ အခုကိုကျော်ဇံခိုင်က ပြော လာတော့လည်း ဒီလိုပဲ နားထောင်ပေးရတာပါပဲ၊ အခုအချိန်မှာ တော့ ဘယ်သူ့စကားကိုမှ စဉ်းစားတာမျိုး မရှိသေးပါဘူး"

မြနှင်းဖြူက သူ့အပေါ်မှာ တစ်မျိုးထင်နေမည်စိုးသဖြင့် ထိုကဲ့သို့ ပြောလိုက်ခြင်းဖြစ်သည်။

"ဒီလိုဖြင့် ကျွန်တော်မေတ္တာကို အလေးထားပြီး စဉ်းစား ပေးစေချင်ပါတယ်၊ မြနှင်းဖြူကသာ ကျွန်တော့မေတ္တာကို စဉ်း စားပေးရင် ကျွန်တော်ဘက်က ဘာမဆိုဖြည့်ဆည်းပေးပါ့မယ်"

"အခုတော့ ဘာမှမစဉ်းစားချင်သေးပါဘူး၊ တကယ်လို့ ဒီအကြောင်းတွေကို စဉ်းစားတော့မယ်ဆိုရင်တော့ ရှင်ပြောတဲ့ စကားတွေကို ထည့်သွင်းစဉ်းစားပေးပါ့မယ်"

ဟု အချိုသတ်ပြီးပြောလိုက်ရာ ကျော်ဇံခိုင်လည်း ပြန် သွားလေတော့သည်။

ထိုအခါမှ မိခင်ဖြစ်သူ ဒေါ်မယ်သူကပြောသည်။

"ငါ့သမီးလည်း အချိန်တန်အရွယ်ရောက်ပြီဆိုတော့



အကြောင်းတွေကို စဉ်းစားဆုံးဖြတ်ပြီး ရွေးချယ်ရတော့မှာပဲ၊ အမေတို့က မိဘတွေဆိုပေမယ့် နံဘေးကကြည့်နေရတဲ့ အဆင့် ပဲရှိပါတယ်၊ တကယ်တမ်း ရွေးချယ်ဆုံးဖြတ်ရမှာကတော့ ကာယကံရှင်ကိုယ်တိုင်ပဲ၊ အရွေးမမှားဖို့တော့ အရေးကြီးတယ်"

"သမီး အဲဒီအကြောင်းတွေကိုဘာမှ မစဉ်းစားချင်သေး ပါဘူး အမေရယ်. . ."

"ဒီလိုလည်းဘယ်ဟုတ်ပါ့မလဲ၊ သမီးအနေနဲ့ အချိန် အ ရွယ်ရှိတုန်း ဒီအကြောင်းတွေကို စဉ်းစားရမှာပဲ၊ အချိန် အရွယ် လွန်သွားတော့မှ စဉ်းစားချင်လည်း မဖြစ်ပြန်ဘူး၊ အမေ့သဘော ပြောရရင်တော့ မောင်ကျော်ဇံခိုင်ထက်စာရင် မောင်အောင်သာ ကျော်ကတော့ ပိုပြီးသင့်တော်မယ်ထင်တယ်၊ မိဘမျိုးရိုးနဲ့ အခြေ အနေကောင်းတာရော ကာယကံရှင်ကိုယ်တိုင်ကလည်း အ သောက်စားကင်းတယ်၊ နောက်ပြီး မိဘချင်းကလည်း သိနေကြ တော့ သမီးအနေနဲ့ အိမ်ထောင်ဖက်ရွေးချယ်မယ်ဆိုရင် သူ့ကို စဉ်းစားပေးသင့်တယ်လို့ထင်တယ်"

ဟုပြောလေသည်။

မြနှင်းဖြူကတော့ ထွေထွေထူးထူး ပြန်မပြောတော့ပေ။ ယခုအချိန်မှာတော့ သူ့အတွေးထဲမှာပင် ထိုအကြောင်းများ မရှိ သေးသည်က အမှန်ပင်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၃)

# ကျောင်းပျက်ထဲမှ ဃက်တံရှည်သရဲ

စစ်တွေမြို့တွင် ထင်ရှားသော နေရာအတော်များများ ရှိရာ ထိုနေရာများထဲတွင် 'ဗုဒ္ဓေါမော်' လည်းတစ်နေရာပါဝင်လေသည်။

ထိုနေရာမှာ ဘာသာရေးအရရော ဂုဏ်ရှိရဆန်သော နေရာတစ်ခုအနေဖြင့်ပါ အသိအမှတ်ပြုထားကြလေသည်။

ဗုဒ္ဓေါမော် ရှိသောနေရာမှာ စစ်တွေမြို့တောင်ဘက် အစွန်ဆုံးပို့င်အနီးတွင်ရှိရာ ကျောက်ဆောင်ကုန်းမြင့် တစ်ခုပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပေသည်။ ထိုနေရာတစ်ဝိုက်တွင် ဂူပေါက်များ၊ လိုဏ်ခေါင်း
များလည်းရှိသည်။

ထိုနေရာနှင့်ပတ်သက်၍ ရာဇဝင်လည်းရှိခဲ့ဖူးသည်
ရခိုင်းလေးမြို့ခေတ်တွင် ပဏ္ဍာမြို့အနီး၌သော ငှက်ဦးခေါင်း
သဏ္ဍာန်ရှိသော ကျောက်လိုဏ်ခေါင်းအတွင်းတွင် ရဟန္တာတ
ပါး သီတင်းသုံးနေထိုင်ခဲ့ဖူးသည်။

သစ္စာပဏ္ဏဝရဟန္တာ အရှင်သူမြတ်ပင်ဖြစ်၏။

ထိုရဟန္တာသည် ပဏ္ဍာမြို့ကိုတည်ထောင်စဉ်က ပါဝင်
သော ရဟန္တာရှစ်ရာအနက် တစ်ပါးအပါအဝင်လည်းဖြစ်ပေ
သည်။

ထိုနေရာကို ဗုဒ္ဓေါမော်ဟုခေါ်သော အကြောင်းရင်းမှာ
ဤသို့ဖြစ်သည်။

ဗုဒ္ဓေါသည် ဘုရားရှင်ကို ရွတ်ဆိုခြင်းဖြစ်ပြီး 'မော်' မှာ
ချွန်းအငူစွန်း ဖြစ်ပေသည်။ အဓိပ္ပာယ်ကတော့ ဘုရားရှိသော
အငူဟူ၍ ဖြစ်ပေသည်။

သစ္စာပဏ္ဏဝမထေရ်သီတင်းသုံးနေစဉ်က ပင်လယ်ခရီး
သွားတို့သည် ထိုအငူစွန်း၌ လှိုင်းလေဘေးအန္တရာယ်နှင့် ကြုံ
တွေ့ရသောအခါ 'ဗုဒ္ဓေါ-ဗုဒ္ဓေါ' ဟု ကြွေးကြော်တမ်းတကြရာမှ
ထိုအငူစွန်းနေရာမှာ 'ဗုဒ္ဓေါမော်'ဟု အမည်တွင်ခဲ့ခြင်း ဖြစ်ပေ
သည်။

ထိုနေရာသို့ ရဟန္တာအရှင်သူမြတ် ကြွရောက်သီတင်း
မသုံးခင်အချိန်ကတော့ ဘေးအန္တရာယ်တို့နှင့် ကြုံတွေ့ခဲ့လျှင်





ပင်လယ်စောင့်နတ်တို့ကို ပူဇော်ပသပြီး အကူအညီတောင်းခဲ့ကြ
သည်ဟု အဆိုရှိပေသည်။ ထိုအကြောင်းနှင့်ပတ်သက်၍. . .

"ဗုဒ္ဓေါအရှင်၊ သီတာပြင်မှာ၊ ကျွန်းနတ်ရှင်လေး"

ဟူ၍ ရေးသားခဲ့သည်ကို တွေ့ရပေသည်။

ရခိုင်လူမျိုးတို့ အသံဟစ်အော်ခြင်းကိုပင် "ဗုဒ္ဓေါကြော်
သည်"ဟု ပြောဆိုကြသည်။

ဘုရားကို အော်ဟစ်အကူအညီတောင်းနေသည် ဟူ
သောအဓိပ္ပာယ်ဖြစ်သည်။

ဗုဒ္ဓရဟန္တာမရှိတော့သည့် နောက်ပိုင်းမှာလည်း ပင်
လယ်ခရီးသွားတို့က ပင်လယ်စောင့်နတ်အား ပူဇော်ပသသော
ဓလေ့ကို အစဉ်အလာမပျက်ပြုလုပ်ကြသည်။

နောက်ပိုင်းကာလရောက်တော့ နတ်ကတော်များက
ထိုနေရာသို့လာပြီး နတ်ကန္တားများထိုးကာ ပင်လယ်နတ်အား
ပူဇော်ပသပွဲများ ကျင်းပခဲ့ကြပေသည်။

မဟာဗေဒင်တို့ကတော့ ထိုနေရာကို 'ဘူတာမို့ကင်း'
ဟု ခေါ်ကြသည်။

ထိုသို့ခေါ်ရခြင်းမှာ ရှေးအခါက ထိုနေရာတွင် 'ဘူတာ
အာလီဟတ်'ဟူသော မဟာဗေဒင်တစ်ဦး နေထိုင်ခဲ့သောကြောင့်
ဖြစ်ပေသည်။ နောက်ပိုင်းကာလများမှာတော့ ထိုပုဂ္ဂိုလ်အား အ
ကြောင်းပြုကာ ဝတ်ကျောင်းဗလီတစ်ခု တည်ဆောက်ခဲ့ကြ
သည်။ (၁၉၄၅-ခု နောက်ပိုင်းမှ ဆောက်ခဲ့ခြင်းဖြစ်၏။)

ဧညဝတီနတ်စဉ်တွင် ဗုဒ္ဓေါမော်နှင့် ပတ်သက်သော



www.burmeseclassic.com

www.burmeseclassic.com



နတ်စဉ်တစ်ခုပါလေသည်။

(မြစ်ဝပင်လယ်၊ အပြောကျယ်က၊ အံ့ဘွယ်မဆုံး၊ ယ
အူအူကာ၊ လီဟူးဟူးနှင့်၊ ငှက်စင်ရော်ကော၊ ပျံကာဝဲလို့ သော
သောင်းညံ့. . .၊

အင်းပေါက်ခေါ်ကော၊ ပင်လယ်ဝမှာ၊ သင်္ဘောလိုလ
သွက်ဝင်မစဲ၊ ကုန်သည်ပျော်ပါး၊ ဗုဒ္ဓေါမော်လေ. . .၊ ပြီ
နတ်ရှိ (ပိဒေါ)၊ ကျားမသောက်၊ လောကန်၊ မှည့်ခေါ်တွင်လ
ကျောက်တန်းရပ်မှာ မိစံဝင်းရှိ၊ အမြင့်ကျွန်း. . ပြွန်ခေါင်၊ က
အောင်မလွတ်၊ ရသေ့တောင်မှာ. . . သျှင်မြတ်နတ်ရှိ. . )

ဟူ၍ရေးသားထားသည်ကိုတွေ့ရသည်။

ဗြိတိသျှလက်ထက်ကတော့ ထိုနေရာသို့ လူသွား
လာနည်းပါးသော နေရာဖြစ်ပြီး အကြောင်းကိစ္စမရှိပဲ မသွားလ
ကြပေ။ အဘယ်ကြောင့်ဆိုသော်. . .

ထိုနေရာတစ်ဝိုက်တွင် သရဲကြမ်းသော နေရာတစ်ခု
ခဲ့သောကြောင့်ဖြစ်သည်။

ရှေးအခါက ဗုဒ္ဓေါမော်နေရာနှင့် မနီးမဝေးတွင် ကျော
ပျက်ကြီးတစ်လုံး ရှိခဲ့ဖူးသည်။

ထိုကျောင်းပျက်ကြီးမှာ ဘုန်းကြီးကျောင်းတစ်ကျော
ဖြစ်ခဲ့ပြီး လူသူနေထိုင်မှုမရှိသည်မှာ နှစ်အတော်ကြာခဲ့ပြီဖြ
သောကြောင့် ပျက်စီးနေချေပြီ။

ဗုဒ္ဓေါမော်နှင့် ပတ်သက်၍ ထပ်မံဖော်ပြပါဦးမည်။

ဆာဘွဲ့ရကာနယ် (ဗိုလ်မှူးကြီး)စလေဒင် (Sir Edwa





Sladen) ၏အဆိုအရ စစ်တွေမြို့စွန်မြို့ဖျားတစ်ဖက်မှာ အင်္ဂလိပ်
နာမည်ဖြင့် "ပွိုင့်" (The Point)ဟုခေါ်ဆိုသည့် နေရာရှိပေသည်။

ရခိုင်လူမျိုးများက ထိုနေရာကို "ဗုဒ္ဓေါမော်" ဟုခေါ်ဆို
ကြသည်။

ဤသို့ခေါ်ခြင်းမှာ ထိုနေရာတွင် လာနေသည့် မူဆလင်
သူတော်စင်ဗုဒ္ဓအော်လိယ (Buddha Aouliah) ကိုအစွဲပြုပြီး
ခေါ်ခြင်းဖြစ်သည်။

သို့ဖြစ်၍ ရခိုင်ဒေသမှ ဘာသာမရွေးလူတို့သည် ထို
အရပ်ကို မွန်မြတ်သည်ဟုစွဲလမ်းယုံကြည်ကြသည်။

ကျောက်တုံးကြီးကို ထွင်းပြီး သဘာဝဂူကဲ့သို့ ဖန်တီး
လိုက်ပြီးသော် ဗုဒ္ဓဆာဟစ်ကဝင်ပြီး သီတင်းသုံးသည်ဟု ဆာ
အက်ဒဝပ (Sir Edward) ကဆိုသည်။

စစ်တွေမြို့တွင် "ပွိုင့်" (The Point) ဟုခေါ်သကဲ့သို့
"ထောင်ချောက်ထိပ်" (Scandal Point) ဟုလည်း ခေါ်သည့်
နေရာသည် ကုန်းပိုင်းက မြေစွန်းကျဉ်းကျဉ်းကလေးဖြစ်ပြီး ပင်
လယ်ထဲသို့ စွန်းထွက်နေသည့် နေရာဖြစ်သည်။

ထိုမြေစွန်းကို ရခိုင်က "ဗုဒ္ဓေါမော်"ဟုခေါ်သည်။ "မော်"
၏အဓိပ္ပါယ်မှာအစွန်း ဗုဒ္ဓဆိုသည်မှာ ဗုဒ္ဓေါရ် (Budder) တို့
ဆိုလိုပေသည်။ အမှန်မှာ ဗဒ္ဒါမကမ်ကို ပီသအောင် မခေါ်၍ဖြစ်
သည်။

ထိုနေရာ၌ရှိသော ကျောင်းပျက်ကြီးမှာ. . အမိုးအကာ
များမရှိတော့သည်ကတစ်ကြောင်း၊ နှစ်ပရိစ္ဆေဒကြာမြင့်စွာ လေ



www.burmeseclassic.com

www.burmeseclassic.com

ဒဏ်မိုးဒဏ် ခံခဲ့ရသည်က တစ်ကြောင်းကြောင့် ကျောင်းမည်းကြီးဘဝ ရောက်နေရလေသည်။

ထိုကျောင်းပျက်ကြီးမှာ တစ္ဆေသရဲကြမ်းသည်ဟူသော သတင်းကြောင့် အသွားအလာနည်းကြခြင်းဖြစ်ပေသည်။

သို့သော်လည်း လူငယ်လူရွယ်များကတော့ သရဲတစ္ဆေ ခြောက်လှန့်ခြင်းကိစ္စကို ယုံကြည်မှုမရှိဘဲ ထိုနေရာသို့လာကြသည်။

တချို့လည်း ငှက်ပစ်ရန်အတွက်သော်လည်းကောင်း၊ တချို့လည်း အပေါင်းအဖော်များစုကာ ထိုနေရာသို့ ပျော်ပွဲစားလာလေ့ရှိကြသည်။

တစ်နေ့သ၌ ထိုနေရာသို့ လူရွယ်နှစ်ယောက် ငှက်ပစ်ရန် ရောက်လာကြသည်။

တစ်ယောက်က လေသေနတ်တစ်လက်ပါပြီး ကျန်တစ်ယောက်က သားရေခွတစ်လက် ပါလာကြသည်။

အချိန်က ညနေပိုင်းအချိန် ရောက်နေချေပြီ။ သူတို့ရောက်သွားတော့ ကျောင်းပျက်ကြီးနှင့် အနီးတစ်ဝိုက် အိပ်တန်းတက်ရန် ရောက်လာကြသော ငှက်များကို လှမ်းမြင်ရလေသည်။

တကယ်တော့ သူတို့နှစ်ယောက်သည် ညနေပိုင်းအိပ်တန်းတက်ရန်ပျံလာသော ငှက်များကို ပစ်ခတ်ရန် စိတ်ကူးဖြင့် ထိုနေရာသို့ ရောက်လာကြခြင်းဖြစ်၏။

"ကျောင်းပျက်ကြီးဆီကို ဒီအချိန်မှ သွားလို့ဖြစ်ပါ့မလား" ဟုတစ်ယောက်ကမေးသည်။





"ဘာဖြစ်လို့လဲ"

"ကျောင်းပျက်ကြီးမှာ သရဲခြောက်တယ်လို့ ပြောသံကြားတယ်"

"သရဲက တကယ်မရှိပါဘူးကွာ. . ၊ လူတွေကကြောက်အောင်ပြောနေကြတာပါ"

လေသေနတ်ကိုင်ထားသော လူရွယ်ကပြောသည်။ လေသေနတ်ကိုင်ထားသည့် လူရွယ်မှာ စစ်တွေမြို့မှာ အရာရှိတစ်ဦး၏သားဖြစ်ပြီး ဘာသာခြားဖြစ်သည်။

နှစ်ယောက်သား စကားတပြောပြောနှင့် လျှောက်လာရာ ဗုဒ္ဓါမော် အနီးတစ်ဝိုက်မှာရှိသည့် ကျောင်းပျက်ကြီးရှိရာသို့ ရောက်လာကြသည်။

သူတို့ရောက်သွားတော့ ကျောင်းပျက်ကြီးတစ်ဝိုက်မှာ အိပ်တန်းပြန်လာကြသော ငှက်အတော်များများကို လှမ်းမြင်ရလေသည်။

"ငှက်တွေ အများကြီးပဲ"

"ဒီတစ်ခါတော့ စိတ်ကြိုက်ပစ်ရတော့မယ်"

ဟုပြောဆိုပြီးပါလာသော လက်နက်များကို အသင့်ပြင်သွားကြလေသည်။

ထိုနေရာသို့ရောက်သောအခါ ကျောင်းပျက်ထဲမှ အဘိုးကြီးတစ်ယောက် ထွက်လာလေသည်။ စောင်အဟောင်းတစ်ထည်ကို ခေါင်းမြီးခြုံထားလေသည်။

"ဒီအချိန်မှာ ဘာလာလုပ်ကြမလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးကြီးကမေးလေသည်။

"ငှက်ပြစ်မလို့ပါ"

"ဒီအချိန်ဆိုရင် လင်းဆွဲကြီးတွေ ရှိသေးတယ်၊ အပြင်မထွက်ကြသေးဘူး၊ ကျောင်းထဲမှာရှိတယ်"

"အဘဒီနေရာမှာ တစ်ယောက်တည်း၊ ဘာလာလုပ်နေတာလဲ"

ဟု လူရွယ်တစ်ယောက် မေးလိုက်သည်။

"ငါလည်း ငှက်သားစားချင်လို့ လာစောင့်နေတာပေါ့ကွာ. . ဟီး. . ဟီး . . ."

အဘိုးကြီးက ခေါင်းမြီးခြုံထဲမှ သွားဖြဲပြရင်းပြောလိုက်လေသည်။ ငှက်ပစ်ရန်လာသော လူရွယ်နှစ်ယောက်ကတော့ အဘိုးကြီးကို ဂရုမစိုက်ပဲ ငှက်များရှိရာသို့သာ အာရုံရောက်နေကြလေသည်။

ညနေစောင်းအချိန်ဖြစ်သောကြောင့် အိပ်တန်းတက်ရန် ရောက်လာသော ငှက်များအသံက ဆူညံနေသလို တစ်နေ့လုံးအိပ်နေပြီး ညအချိန်ရောက်တော့မှ အပြင်ထွက်ပြီး အစာရှာကြတော့မည့် လင်းဆွဲများအော်သံကလည်း ဆူညံနေကြလေသည်။

လူရွယ်နှစ်ယောက်လည်း ထွေထွေထူးထူးစဉ်းစားမနေကြတော့ပဲ ကျောင်းပျက်ကြီးအတွင်းသို့ ဝင်လာကြသည်။ သူတို့နှစ်ယောက်မှာ ကျောင်းပျက်ကြီးအတွင်းသို့ တစ်ကြိမ်တစ်ခါမှ မဝင်ဖူးကြသေးပေ။





အတွင်းရောက်သောအခါ ခေါင်မိုးမှာရှိသော တန်းများ၊ အမိုးများတွင်ချိတ်ဆွဲနေကြသော လင်းဆွဲကြီးများကို တွေ့ကြလေကြလေသည်။

လင်းဆွဲများက လူမကြောက်ကြပေ။

ကျောင်းအတွင်းသို့ လူများဝင်လာသော်လည်း ဒီအတိုင်းပင် ရှိနေကြလေသည်။ သူတို့ကျောင်းထဲဝင်လာတော့ အဘိုးကြီးကလည်း နောက်မှလိုက်လာသည်။

အပြင်ဘက်မှာ အလင်းရောင်ရှိနေသေးသော်လည်း ကျောင်းပျက်ကြီးအတွင်းမှာတော့ အမှောင်ရိပ်များ သမ်းနေလေပြီ။

"ကိုင်း. . ခေါင်မိုးမှာရော ထုပ်တန်းတွေမှာပါ လင်းဆွဲတွေကပ်နေတာ မြင်တယ်မဟုတ်လား၊ ပစ်ကြပေတော့. ."

ဟုပြောသဖြင့် လူရွယ်နှစ်ယောက်က ၎င်းတို့မှာပါလာသော လေသေနတ်၊ သားရေခွံများဖြင့် ပစ်ခတ်ကြလေတော့သည်။ လင်းဆွဲများမှာ အကောင်ရေမြောက်များစွာ ရှိကြသဖြင့် သူတို့ပစ်သော ကျည်ဆံနှင့်လောက်စာလုံးများက ထိမှန်ကြသော်လည်း တစ်ကောင်မှကျမလာပေ။

အဘယ်ကြောင့်ဆိုသော်. . .

လင်းဆွဲနှင့်လင်းနို့များမှာ အတောင်ပံထိပ်၌ရှိသောချိတ်ဖြင့် ချိတ်ဆွဲနေခြင်းဖြစ်ရာ အကယ်၍ ကျည်ဆံထိ၍ သေသွားသော်လည်း ပြုတ်ကျလာမည် မဟုတ်ကြပေ။

အောက်မှပစ်ခတ်ခြင်းကြောင့် လင်းဆွဲနှင့်လင်းနို့များ

www.burmeseclassic.com

www.burmeseclassic.com



မှာ တဝေါဝေါနှင့် ထပျံနေကြသည်။

အချို့လည်းမပျံဘဲ အပေါ်မှာ ချိတ်လက်သားအတိုင်း ပင် ရှိနေကြသည်။

ကျည်ဆံနှင့် လောက်စာလုံးထိမှန်သော်လည်း အောက်သို့ မကျလာသောကြောင့် ဒေါသဖြစ်ကာ အချက်ပေါင်းများစွာ ထပ်မံပစ်ခတ်ကြပြန်လေသည်။

ပစ်တော့လည်း ထိပြန်သည်။

သို့သော်လည်း တစ်ကောင်တလေမှ မကျလာပေ။

"ဘယ်လိုဖြစ်လို့မကျတာလဲ"

"ဘယ်ကျမလဲကွ၊ လင်းဆွဲလင်းနို့ဆိုတာ အတောင်ပံမှာ ပါတဲ့ချိတ်နဲ့ ချိတ်ဆွဲနေတာ ပစ်လို့ထိလည်း မကျဘူး၊ သေသွားရင်တောင် အောက်ကိုမကျဘူး"

နောက်မှာရှိနေသော အဘိုးကြီးကပြောသည်။

"ဒါဖြင့် ဘယ်လိုလုပ်ရမှာလဲ အပေါ်တက်ယူရမှာလား"

"အပေါ်တက်ရင် ပြိုကျမှာပေါ့"

အဘိုးကြီးစကားကြောင့် လူရွယ်နှစ်ယော်ကမှာ စိတ်ညစ်သွားကြလေသည်။

"ပစ်လို့ထိပြန်တော့လည်း အောက်မကျ၊ အပေါ်တက်ယူလို့လည်း မရဆိုတော့ ဘယ်လိုလုပ်ရမလဲ"

"အောက်ကယူမှရမှာပါ"

"တုတ်နဲ့ထိုးချရမှာလား"

"မဟုတ်ဘူး၊ လက်နဲ့လှမ်းဖြုတ်ယူရမှာ"



ထိုစကားကြောင့် လူရွယ်နှစ်ယောက်က စိတ်တိုသွားကြလေသည်။

"အရေးထဲ ခင်ဗျားက ရယ်စရာလာပြောနေသေးတယ်၊ အဲဒီလိုဆိုရင် ခင်ဗျားယူပေးမလား"

"ယူပေးမယ်၊ လင်းဆွဲရရင် ငါ့ကိုလည်းပေးမလား"

"ခင်ဗျားယူပေးလို့ရရင် ရတာတစ်ဝက်ပေးမယ်"

ဟုတစ်ယောက်က လွယ်လွယ်ပင်ပြောလိုက်လေသည်။

"ကောင်းပြီ. . ကတိတည်ပါစေ. . ."

ဟုပြောပြောဆိုဆိုနှင့် အဘိုးကြီးက လင်းဆွဲများရှိနေသော နေရာအောက်သို့ လျှောက်သွားပြီး ကျည်ဆံနှင့်လောက်စလုံးထိမှန်ထားသော လင်းဆွဲများကို လှမ်းဖြုတ်ယူကာ အောက်သို့ချပေးလေသည်။

ပထမတော့ နှစ်ယောက်စလုံး ဇဝေဇဝါဖြစ်သွားကြလေသည်။

တုတ်ဖြင့်ထိုးချနေသလားဟု ထင်မိသော်လည်း အသေအချာကြည့်တော့ မဟုတ်ပေ။

သူ့လက်ဖြင့်လှမ်းယူနေခြင်းဖြစ်သည်။

"ဟော့ကောင် သူ့လက်နဲ့လှမ်းယူနေတာကွ"

"ဒီတော့. . ဘာဖြစ်သလဲ"

"မင်း မမြင်ဘူးလား၊ သူ့လက်က (၁၂)တောင် ထိုးဝါးလောက် ရှည်ထွက်နေတာလေ၊ သာမန်လူက အဲသည်လောက် ရှည်ပါ့မလား"

www.burmeseclassic.com

www.burmeseclassic.com



"အေး. . . ဟုတ်ပါရဲ့"

သည်တော့မှ ကျွန်တစ်ယောက်က သတိပြုမိသွားလေသည်။

"ဒါဖြင့် ငါတို့ကို သရဲခြောက်နေပြီထင်တယ်၊ ဘယ်လိုလုပ်မလဲ"

"ထွက်ပြေးရင် ပိုဆိုးလိမ့်မယ်၊ ဒီတော့ သူဘာလုပ်မလဲဆိုတော မသိချင်ယောင်ဆောင်ပြီး ကြည့်နေ"

အဘိုးကြီးက ခေါင်းမိုးမှာကပ်နေသော လင်းဆွဲများကို တစ်ကောင်ပြီးတစ်ကောင် ဖြုတ်ယူနေသည်။

သေပြီးသားအကောင်များကို ကြမ်းပေါ်သို့ ဒီအတိုင်းပစ်ချထားကာ မသေမရှင်ဖြစ်နေသော လင်းဆွဲများကိုတော့ တိုင်ဖြင့်ရိုက်သတ်လေသည်။

တဖုန်းဖုန်းမြည်သံများနှင့်အတူ လင်းဆွဲအော်သံများကလည်း ဆူညံနေတော့သည်။

အတန်ကြာတော့မှ အဘိုးကြီးက သေနေသော လင်းဆွဲ(၁၀)ကောင်ခန့်ကို ဆွဲပြီး သူတို့ရှိရာပြန်လျှောက်လာလေသည်။ အနားရောက်တော့ လင်းဆွဲများကို ချပေးသည်။

"ရော့. . ဒီမှာ. ."

လူရွယ်နှစ်ယောက်က လင်းဆွဲများကို ကြည့်ကာ အံ့သြနေကြလေသည်။

"ငါ့ကို တစ်ဝက်ပေးမယ်လို့ ကတိပေးထားတဲ့အတိုင်းပေးပါ"



ဟုတောင်းသဖြင့် လင်းဆွဲ (၁၀)ကောင်မှ (၅)ကောင်ကို ပေးလိုက်ရသည်။

အဘိုးကြီးက သူ့အတွက်ဝေစုရသောအခါ လင်းဆွဲ ိုယ်ပေါ်မှာ အရေပြားတို့ကို လက်သည်းချွန်ဖြင့် ဆုတ်ခွာပစ် နေလေသည်။

သွေးသံရဲရဲနှင့် အရေပြားမရှိတော့သည့် လင်းဆွဲကို းသောက်ရန် အဘိုးကြီးက ဦးခေါင်းပေါ်မှာ ခြုံထားသောအ တ်ဟောင်းကြီးအား ဖယ်ချလိုက်လေသည်။

"အောင်မလေးဗျ"

လူရွယ်နှစ်ယောက်စလုံး ပြိုင်တူအော်လိုက်ကြသည်။ ဝတ်စဖယ်ချလိုက်တော့မှ အဘိုးကြီးမျက်နှာမှာ လူမျက်နှာ ဟုတ်ပေ။

ရုပ်ပျက်ဆင်းပျက်ဖြစ်နေသည့် သရဲမျက်နှာကို တွေ့ကြ သောကြောင့်ဖြစ်သည်။

အမှန်တော့ သူတို့ရှေ့မှာရောက်နေသည့် အဖိုးကြီးမှာ တစ်ယောက်မဟုတ်ပဲ လက်တံရှည်သရဲပင်ဖြစ်သည်။ သရဲက သူတို့နှစ်ယောက်ကိုကြည့်ပြီး သွားဖြဲကာရယ်ပြလေသည်။

"ဟီး. . ဟီး. . ဟီး. ."

ဒီတော့မှ နှစ်ယောက်မှာ ရှေ့မှာရှိနေသော လင်းဆွဲအ သကောင်များကိုပင် မယူနိုင်တော့ပဲ ကျောင်းပျက်ကြီးအတွင်း ထွက်ပြေးကြရပေတော့သည်။

အပြင်ဘက်ရောက်တော့မှ တစ်ယောက်မှာ နောက်မှ



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ယောက်က လှမ်းဆွဲလိုက်သောကြောင့် များစွာထိတ် လန့်ကြောက်ရွံ့သွားကာ ကျန်တစ်ယောက်ကို အကူအညီတောင် ရလေသည်။

"လုပ်ပါဦးကွ. . ငါ့ကိုကူပါဦး၊ ဒီမှာ နောက်ကနေ သ ဆွဲထားလို့"

သို့ကြောင့် ကျန်တစ်ယောက်က ပြန်လှည့်လာပြီး ကြည့ သောအခါ သရဲဆွဲထားခြင်းမဟုတ်ပဲ အင်္ကျီကိုသစ်ကိုင်းခြောက် တစ်ခုဖြင့် ချိတ်မိနေသည်ကို တွေ့ရသဖြင့် ဖြုတ်ပေးလိုက်ပြီး ထွက်ပြေးကြရလေသည်။

ကျောင်းပျက်ကြီးတစ်ဝိုက်မှာတော့ အိပ်တန်းပြန်လာ သော ငှက်များအော်သံ၊ လင်းဆွဲကြီးများအော်သံများကြော ဆူညံနေလေသည်။

ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ နေဝင်သွားပြီဖြစ်သဖြ အမှောင်ရိပ်များ ဖုံးလွှမ်းစပြုနေချေပြီ။





## အခန်း (၄)

# ခေါင်းတလားထဲမှ မင်္ဂလာစုံတွဲ

စစ်တွေမြို့တောင်ဘက်အစွန်နေရာတွင် ပွိုင့်တစ်ခု ရှိ လသည်။ ပင်လယ်ပြင်ရှုခင်းများကို လှမ်းမြင်နိုင်သည့် နေရာ ည်းဖြစ်သည်။ ထိုနေရာသည် ဗုဒ္ဓါမော်နှင့်လည်း နီးလေ ည်။

တကူးတက မဟုတ်သော်လည်း ရှုခင်းသာ မြင်ကွင်း ကောင်းသော ပွိုင့်နေရာသို့ လာရောက်အပန်းဖြေကြသူအချို့ တော့ ရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ယခုလည်း ညနေပိုင်းနေဝင်ရီတရောအချိန်တွင် ထိုနေ ရာသို့ လူရွယ်နှစ်ယောက်ရောက်လာပြီး အေးအေးဆေးဆေ စကားပြောနေကြလေသည်။

တစ်ယောက်က အောင်သာကျော်ဖြစ်ပြီး၊ ကျန်တစ် ယောက်မှာ ကျော်ဇံခိုင်ပင်ဖြစ်သည်။

၎င်းတို့နှစ်ဦးမှာ တစ်မြို့တည်းသားချင်းဖြစ်သလို သ ကျွမ်းခင်မင်ကြသူချင်းလည်းဖြစ်သည်။

နှစ်ယောက်စလုံးမှာ အသက်အရွယ်ချင်းက မကွာသ စီးပွားရေးအခြေအနေချင်းကလည်း တန်းတူရှိကြသည်။

သို့သော် အောင်သာကျော်နှင့် ကျော်ဇံခိုင်တို့မှာ စရိုက် ချင်းကတော့ မတူကြပေ။ တစ်ယောက်က ဆန်စပါးအရောင်းအ ဝယ်လုပ်ငန်း လုပ်ပြီး ကျန်တစ်ယောက်က ငါးပုစွန်နှင့်ပတ်သ သည့် အလုပ်တို့ကို လုပ်ကိုင်ကာ စီးပွားရှာလေသည်။

သို့ကြောင့် စရိုက်ချင်းမတူကြခြင်းဖြစ်၏။ ကျော်ဇံခိုင်က အသောက်အစားမကင်းပဲ ကွမ်းနှင့်ဆေးလိပ်ကို အမြဲတ သောက်စားနေတတ်သော်လည်း အောင်သာကျော်ကတော ဘာမှမသောက်မစားပေ။

သူတို့နှစ်ယောက်မှာ စရိုက်ချင်းမတူသော်လည်း မြနှ ဖြူဆိုသော မိန်းကလေးတစ်ယောက်ကို နှစ်သက်သဘော သည်နေရာမှာတော့ တူနေကြသည်။

သို့ကြောင့် ထိုအကြောင်းကို ဆွေးနွေးရန် ကျော်ဇံခို ကပင် အောင်သာကျော်အား ထိုနေရာသို့ ခေါ်လာခြင်းဖြစ်



သည်။

"ဘာပြောစရာရှိလို့ ဒီနေရာကိုခေါ်လာတာလဲ ကို ကျော်ဇံခိုင်"

"တခြားတော့မဟုတ်ပါဘူး၊ မြနှင်းဖြူကိစ္စနဲ့ပတ်သက် ပြီး ခင်ဗျားနဲ့ကျွန်တော်နဲ့ ပြောစရာလေးတွေ ရှိလို့ပါ"

"ဘာများပါလိမ့်"

"မြနှင်းဖြူက လွတ်လပ်သူတစ်ယောက်ဆိုတော့ ခင် ဗျားပဲဖြစ်ဖြစ်၊ ကျွန်တော်ပဲဖြစ်ဖြစ်၊ တခြားဘယ်သူပဲဖြစ်ဖြစ်၊ သူ့မေတ္တာကိုရဖို့ ကြိုးစားနိုင်ခွင့်ရှိကြပါတယ်"

အောင်သာကျော်က ခေါင်းညိတ်ပြသည်။

"ပွင့်ပွင့်လင်းလင်းပြောရရင်တော့ သူ့မေတ္တာကိုရဖို့ ခင် ဗျားရောကျွန်တော်ပါ ကိုယ့်နည်းကိုယ့်ဟန်နဲ့ ကြိုးစားနေကြ တယ်၊ အခုထိတော့ မရသေးဘူးပေါ့ဗျာ"

"ဒီတော့. . ."

"ကျွန်တော်ပြောချင်တာက သူ့မေတ္တာကို ဘယ်သူပဲရရ တစ်ယောက်က ကျေကျေနပ်နပ်နဲ့ ခွင့်လွှတ်ပေးဖို့ပါပဲ"

"ကျွန်တော်သဘောပေါက်ပါတယ် ကိုကျော်ဇံခိုင်၊ တ ကယ်တော့ ကျွန်တော်ကဒီလောက် သဘောထားမသေးသိမ်ပါ ဘူး၊ မိန်းကလေးတစ်ယောက်အတွက်ကြောင့်တော့ ကျွန်တော် တို့ချင်း အခင်အမင်မပျက်စေရပါဘူး"

"ဒီစကားကြားရတာဝမ်းသာပါတယ်ဗျာ၊ ကျွန်တော်က ဒီလိုတောင် စိတ်ကူးထားပါသေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုများပါလိမ့်. . . ."

"တစ်ယောက်က သူ့မေတ္တာကို ရသွားခဲ့တဲ့အခါ ကျ
တစ်ယောက်က အသိအမှတ်ပြုတဲ့အနေနဲ့ အတူတူစုပြီး ပျော်
စားလေးဘာလေး ထွက်ဖို့တောင် စိတ်ကူးထားပါတယ်"

"အခုအချိန်မှာ ဘယ်သူရမယ်ဆိုတာ မသိရသေးဘူ
ဗျာ၊ ကျွန်တော်တို့နှစ်ယောက်မဟုတ်ပဲ တခြားတစ်ယော
ယောက်နဲ့အဆင်ပြေသွားတာလည်း ဖြစ်နိုင်သေးတယ်။

"ဟုတ်တယ်. . ဟုတ်တယ်၊ အမျိုးသမီးတွေရဲ့အတွ
သဘောကလည်း သိဖို့အတော်ကလေးခက်တယ်"

ကျော်ဇံခိုင်ကပါ ထောက်ခံပြောဆိုလေသည်။

"ဒီတော့ ခင်ဗျားပဲဖြစ်ဖြစ်၊ ကျွန်တော်ပဲဖြစ်ဖြစ် 
ကောင်းတဲ့သူပေါ်လာရင်တော့ ခင်ဗျားပြောတဲ့အစီအစဉ်
သဘောတူပါတယ်၊ ဒီလိုလုပ်တော့ တစ်ယောက်နဲ့တစ်ယော
အခင်အမင်မပျက်တဲ့အပြင် သဘောထားကြီးတာကို ပြရာလည်
ရောက်တာပေါ့၊ ဘာပဲဖြစ်ဖြစ် ကံကောင်းပါစေလို့ ဆုတောင်
ပေးပါတယ်"

"ကျွန်တော်ကလည်း ခင်ဗျားအတွက် ကံကောင်းပါစေ
လို့ ဆုတောင်းပေးပါတယ်. . "

ဟုပြောဆိုကြလေသည်။

ထို့နောက်မှာတော့ နှစ်ယောက်သားလမ်းခွဲကာ မိမိတို့
အလိုရှိရာသို့ သွားကြလေသည်။

အောင်သာကျော်စိတ်ထဲမှာတော့ ကျော်ဇံခိုင်က ယ





တဲ့သို့ ခေါ်ပြောသည်ကို ထူးခြားသည်ဟု ထင်မိလေသည်။

အောင်သာကျော်တို့နေသော နေရာမှာ လူနေနည်း
သော ပလ္လင်တော်ရပ်ကွက်တွင်ဖြစ်သည်။

ရှေးအခါက ဆတ်ရိုးကျချောင်းမှ ဈေးကြီးအနီးပတ်ဝန်း
ကျင်တစ်ဝိုက်၊ ကုလားတန်မြစ်ကမ်းပါးနှင့် မောလိပ်၊ အိုးတန်း၊
ခံ၊ ရှုပ စသောရွာများတွင် လူနေသိပ်သည်းမှု များလေသည်။

စီးပွားရေးလုပ်ငန်း၊ အရောင်းအဝယ်၊ စက်မှုလုပ်ငန်း
များနှင့် အခြားလုပ်ငန်းများရှိသောကြောင့်လည်း လူနေထူထပ်
များပြားခြင်းဖြစ်ပေသည်။

မြို့တောင်ဘက်တကြောမှာတော့ လူနေကြပါးသည်။
ဆေးရုံကြီးနှင့် ပလ္လင်တော်ရပ်ကွက်မှာလည်း လူနေနည်းသည်။

သို့သော် ထိုနေရာဘက်မှာ နေကြသူတို့မှာ စီးပွားဥစ္စာ
ပြည့်စုံသူများပြီး၊ အဆောက်အဦးများမှာလည်း တိုက်တာများ
လေသည်။

အများအားဖြင့်တော့ ခြံကျယ်ဝန်းကျယ်နှင့် သီးခြားနေ
ထိုင်ကြသူများလေသည်။

အောင်သာကျော်တို့နေသော ပလ္လင်တော်ရပ်ကွက်မှာ
လူနေကျဲသော နေရာတစ်ခုဖြစ်လေသည်။

အောင်သာကျော်မှာ အိမ်သို့ပြန်ရောက်လာသည်အထိ
ထိုအကြောင်းကို မကြာခဏ အတွေးထဲဝင်နေလေသည်။

ထို့ကြောင့် စိတ်မကြည်မသာဖြစ်နေလေသည်။ သူတို့
အိမ်မှာ မိသားစုကလေးယောက်သာ ရှိလေသည်။ ဦးကြာထွန်း၊



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အေးမူနှင့် ညီမဖြစ်သူ သူဇာအပါ အိမ်စေနှစ်ယောက်
သော်လည်း နောက်ဘက်တွင် သီးခြားနေကြလေသည်။

မျက်နှာမသာမယာနှင့် အပြင်မှပြန်လာသော အော
သာကျော်ကိုမြင်သောအခါ ညီမဖြစ်သူ သူဇာကမေးလေသည်

"အစ်ကို မျက်နှာလည်းမကောင်းပါလား၊ အလုပ်
ဆင်မပြေခဲ့လို့လား"

"မဟုတ်ပါဘူးဟာ၊ နည်းနည်းပင်ပန်းလာလို့ပါ"

သူဇာစိတ်ထဲမှာတော့ အစ်ကိုဖြစ်သူမှာ အမျိုးသမီးတ
ယောက်ကို နှစ်သက်သဘောကျနေသဖြင့် အဆင်ပြေရန် ကြ
စားနေခြင်းကို သိထားပြီး၊ ထိုကိစ္စကြောင့်သာ ယခုကဲ့သို့ မျ
နှာမသာမယာဖြစ်နေသည်ဟု ထင်မိလေသည်။

ညအချိန်ရောက်တော့လည်း အောင်သာကျော်မှာ စိ
ထဲမှာ တထင့်ထင့်ဖြစ်နေမိလေသည်။

ကျော်ဇံခိုင်တစ်ယောက် သူ့ကို တကူးတကခေါ်ပြေ
ခြင်းမှာ သွေးရိုးသားရိုးမှ ဟုတ်ပါလေစဟု တွေးမိလေသည်

ထိုအတွေးကြောင့် တော်တော်နှင့်အိပ်မပျော်ပဲရှိလေ
သည်။

ညဥ့်နက်ပိုင်းရောက်တော့ အိမ်အနောက်ဘက်မှာနေ
ကြသော အိမ်စေများ အော်သံကြားရလေသည်။

ထို့ကြောင့် တစ်အိမ်သားလုံးနိုးလာကြသည်။

"လာကြပါဦးရှင်. . ကယ်ကြပါဦး၊ ဒီမှာဘာကြီး ရောက်
လာသလဲမသိပါဘူး"





သို့ကြောင့် လက်နှိပ်မီးယူကာ နောက်ဘက်တံခါးဖွင့်ပြီး
အပြင်ထွက်သွားလေသည်။

ဖခင်ဖြစ်သူ ဦးကြာထွန်းကလည်း လိုင်စင်ဖြင့်ကိုင်သော
နှစ်လုံးပြူးသေနတ်ကိုပါ ကိုင်ပြီး ဆင်းလာလေသည်။

"ဘာဖြစ်တာလဲ မယ်မှုံ"

"စောစောက နောက်ဘက်ကခြေသံကြားလို့ ထကြည့်
တော့ ခေါင်းမြီးခြုံပြီး ရပ်နေတဲ့လူကြီးတစ်ယောက် တွေ့ရတယ်၊
လူလား သရဲလားမသိဘူး"

အောင်သာကျော်က သူမညွှန်ပြသော နေရာဘက်သို့
လက်နှိပ်မီးရောင်ဖြင့် ထိုးကြည့်လေသည်။

ထိုအချိန်မှာတော့ ဘာမှမတွေ့ရပေ. . ။

"ကျွန်မတို့ထကြည့်တော့မှ အမှောင်ထဲဝင်သွားတယ်၊
ခဏကြာတော့ ဘာကြီးလည်းမသိဘူး၊ ပခုံးပေါ်ထမ်းလာပြီး ဟို
နားမှာချသွားတာတွေ့ရတယ်"

ဟုလက်ညှိုးထိုးပြသည်။

အောင်သာကျော်က သူတို့ကိုပါခေါ်ပြီး ခြံစပ်နားသို့
သွားကြည့်လေသည်။

ခြံစပ်မှာရှိသည့် သစ်ပင်ကြီးတစ်ပင်အောက်မှာ ခေါင်း
တလားကြီးတလုံး ချထားသည်ကို တွေ့ရလေသည်။

ညအချိန်မတော် အမှောင်ရိပ်ထဲမှာ ခေါင်းတလားကြီး
တစ်လုံးကို မြင်တွေ့ရသည်ကတော့ နမိတ်မကောင်းလှပေ။

"ဒါခေါင်းကြီးမဟုတ်လား၊ ဘယ်သူလာချသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်မှရောက်လာသော ဦးကြာထွန်းကမေးသဖြင့် အိမ်စေနှစ်ယောက်က သူတို့မြင်တွေ့ရသည်ကို ပြောပြကြသည်။

"ကြုံကြုံဖန်ဖန် ဘယ်သူကများ ဒီခေါင်းကြီးကို ငါ့ခြံဝန်းထဲရောက်အောင် သယ်လာပြီးမှ ဃာချထားတာလဲ၊ ဟော့ . . သန်းရွှေ . . အဖုံးဖွင့်ကြည့်စမ်း၊ မတော်လို့ အထဲမှာ လူသေအလောင်းတွေဘာတွေပါလာရင် နေရင်းထိုင်ရင်း အမှုပတ်နေလိမ့်မယ်"

ဟုပြောပြီး စေခိုင်းသဖြင့် သန်းရွှေဆိုသူက ထင်းခွဲသောဓားတစ်လက်ကိုယူလာပြီး သံဖြင့်ရိုက်ပိတ်ထားသည့် ခေါင်းအဖုံးကို ကော်၍ဖွင့်နေလေသည်။

ခုံအေားမှာရပ်နေသူများကတော့ ခေါင်းအဖုံးကိုဖွင့်နေကတည်းက ထိတ်လန့်ကြောက်ရွံ့နေကြလေသည်။

တကျွိကျွိဖြင့်မြည်နေသော အသံများကပင် စိတ်ချောက်ချားစရာ ကောင်းလှသည်။

ခဏကြာတော့ ခေါင်းတလားအဖုံးကပွင့်သွားလေသည်။ အတွင်းမှာတော့ လူသေအလောင်းတော့ မရှိပေ . . . ။

အရုပ်နှစ်ရုပ်တော့ပါသည်။

အတော်အတန်ကြီးသော အရုပ်နှစ်ရုပ်ဖြစ်ပြီး ယောကျ်ားရုပ်တစ်ရုပ်၊ မိန်းမရုပ်တစ်ရုပ်ဖြစ်လေသည်။

ထိုအရုပ်တို့တွင် သတို့သား၊ သတို့သမီး အဝတ်အစားတို့ ဝတ်ဆင်ပေးထားသည်။

သတို့သားရုပ်ကိုယ်ပေါ်မှာတော့ . .





မောင်အောင်သာကျော်၊ အသက် ( . . . )နှစ်၊ ဟုရေးထားပြီး သတို့သမီးအရုပ်ကိုယ်ပေါ်မှာတော့ မမြနှင်းဖြူ၊ အသက် ( . . . )နှစ်ဟု ရေးထားလေသည်။

"ဒါဘာသဘောလဲ"

အောင်သာကျော်က တုန်ရင်နေသောအသံဖြင့် မေးလိုက်သည်။

"မြနှင်းဖြူဆိုတာ မင်းသဘောကျနေတဲ့ ကောင်မလေး မဟုတ်လား"

ဦးကြာထွန်းက မေးလိုက်သဖြင့် အောင်သာကျော်က ခေါင်းညိတ်ပြလိုက်လေသည်။

"ဟုတ် . . ဟုတ်တယ်"

"ဒီအကြောင်းကို သိတဲ့လူတစ်ယောက်ယောက်က မင်းတို့နှစ်ယောက် အဆင်မပြေအောင် ယတြာချေတာပဲဖြစ်ဖြစ်၊ ဒါမှမဟုတ် အတိုက်အခိုက်လုပ်တဲ့ အစီအရင်လုပ်တာဖြစ်လိမ့်မယ်"

ထိုစကားကြားတော့ တုန်လှုပ်သွားမိလေသည်။

စိတ်ထဲမှာလည်းချက်ခြင်းဆိုသလို ကျော်ဇံခိုင်၏မျက်နှာပေါ်လာလေသည်။

မြနှင်းဖြူ၏ မေတ္တာရရန်အတွက် အပြိုင်ကြိုးစားနေကြသူများထဲတွင် သူတို့နှစ်ယောက်မှာ ထိပ်ဆုံးမှရှိနေကြသည်။

ထိုကဲ့သို့သော ယတြာကြောင့် သူ့အနေနှင့် ရှောင်ထွက်သွားပါက ကျော်ဇံခိုင်မှာပြိုင်ဘက်မရှိတော့ပဲ တစ်ယောက်တည်း



www.burmeseclassic.com

www.burmeseclassic.com



ကျန်ခဲ့ပေလိမ့်မည်။

ထိုအစီအရင်ပြုလုပ်သူမှာ ကျော်ဇံခိုင်မှလွဲပြီး အခြားဘယ်သူမှ မဖြစ်နိုင်ဟု ချက်ချင်းတွေးမိလိုက်သည်။

"ဒါအစီအရင်နဲ့တိုက်တာဖြစ်မယ်၊ ဒီအစီအရင်မျိုးကသိပ်ပြီးကြောက်ဖို့ကောင်းတယ်၊ မင်း မြနှင်းဖြူဆိုတဲ့မိန်းကလေးကို ယူဖို့မကြိုးစားသင့်တော့ဘူး ထင်တယ်"

ဟု ဦးကြာထွန်းကပြောလေသည်။

"ဒါတွေက ဘယ်လိုလုပ်ရမလဲ အဖေ"

"ဒီအတိုင်းထားလို့မရဘူး၊ မီးရှို့ပစ်မှအေးမယ်၊ သန်းရွှေ ဒီအရုပ်နှစ်ရုပ်ကို ခြံထောင့်မှာ မီးရှို့ပစ်လိုက်"

ဟုအမိန့်ပေးသဖြင့်သန်းရွှေလည်း ခေါင်းတလားထဲမှ အရုပ်နှစ်ရုပ်ကိုယူသွားကာ ရေနံဆီလောင်း၍ မီးရှို့လိုက်လေတော့သည်။

အောင်သာကျော်စိတ်ထဲမှာတော့ သူ့အမည်နှင့် မြနှင်းဖြူအမည်နှစ်ခုရေးထားသော အရုပ်နှစ်ရုပ်ကို မီးရှို့ပစ်ရသဖြင့် နိမိတ်မကောင်းဟုလည်း ထင်မိလေသည်။

သို့သော် မတတ်နိုင်တော့ပေ။

အရုပ်ကိုမီးရှို့ပြီးတော့ သန်းရွှေက အနားလာပြီး မေးပြန်လေသည်။

"ဒီခေါင်းတလားကြီးကို ဘယ်လိုလုပ်ပစ်ရမလဲဆရာကြီး"

"လူသူမရှိတဲ့ နေရာယူသွားပြီး မီးရှို့ပစ်လိုက်"





ဟုအမိန့်ပေးသဖြင့် သန်းရွှေလည်း ခေါင်းတလားကြီးကို တစ်ယောက်တည်းထမ်းကာ အပြင်သို့ ထွက်သွားလေတော့သည်။

ထိုအခါမှ ကျန်လူများလည်း အသီးသီးအိမ်ထဲသို့ ပြန်ဝင် သွားကြလေသည်။

ထိုညအဖို့တော့ နောက်ထပ်ထူးထူးခြားခြား ဘာမှ မတွေ့ရတော့ပေ။

နောက်တစ်နေ့ရောက်မှသာ သစ်ပင်ကိုင်းတွင် လည်ပင်းကိုကြိုးကွင်းတပ်ပြီး ဆွဲထားသော အရုပ်တစ်ရုပ်ကို ထပ်တွေ့ကြရပြန်သည်။

ထိုအရုပ်မှာလည်း အောင်သာကျော်ဟူသော အမည်ကိုရေးပြီးကပ်ထားလေသည်။

အရုပ်ကတော့လည်ပင်းမှာ ကြိုးကွင်းစွပ်လျက်ဆွဲထားသောကြောင့် ကြိုးဆွဲချသော အလောင်းတစ်လောင်းကဲ့သို့ ဟိုယမ်းဒီယမ်း ဖြစ်နေတော့သည်။

အောင်သာကျော်အတွက်ကတော့ နိမိတ်မကောင်းလှပေ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၅)

# ရေစီးကြောင်းမှ ခေါင်းကဏန်း

ရခိုင်ပြည်နယ် ကမ်းမြောင်ဒေသတွင် ပင်လယ်ပြင်နှင့် ထိစပ်မှုရှိသောကြောင့် မြစ်ချောင်းများ ပေါများလှပေသည်။ စစ်တွေမြို့အနီးတွင်မြစ်ဝဆုံးသော ကုလားတန်မြစ်သည် ရခိုင်ပြည်နယ် နယ်နိမိတ်အတွင်းမှာရှိသော မြစ်များထဲမှာ အကြီးဆုံးနှင့် အရှည်လျားဆုံး မြစ်တစ်စင်းလည်းဖြစ်သည်။ ကုလားမြစ်ကိုပင် 'ကစ္ဆပနဒီ' ဟုလှပသောအမည်ဖြင့် ခေါ်ဝေါ်ကြသည်။

ထိုအရပ်ဒေသမှာ နေကြသူများကတော့ လှပသော



www.burmeseclassic.com

www.burmeseclassic.com



ကစ္ဆပနဒီဟူသော အမည်ထက် ထိုမြစ်ရိုးတစ်လျှောက်မှာ သူတို့အတွက် ဝမ်းစာရှာဖွေစားသောက်သော နေရာများဖြစ်သော သိကြလေသည်။

ကုလားတန်မြစ်နှင့် ဆက်စပ်နေသော မြစ်ချောင်းများမှာ ငါးပုစွန်အလွန်ပေါလှပေရာ သားငါးရှာဖွေသူတို့လည်း ပေါများလှသည်။

ဆတ်ရိုးကျချောင်းအတွင်းမှာနေကြသောရွာများ၊ အနီးပတ်ဝန်းကျင်တစ်ဝိုက်တွင် နေကြသောရွာများ၌ နေထိုင်ကြသူအတော်များများမှာ လယ်ယာလုပ်ငန်း၊ ဆန်စပါးလုပ်ငန်းအပြင် ငါးပုစွန်ရှာဖွေသည့်လုပ်ငန်းများကိုပါ လုပ်ကိုင်စားသောက်ကြသည်။

ထိုအထဲတွင် နီမောင်တို့မိသားစုလည်း အပါအဝင်ဖြစ်သည်။

နီမောင်တို့မိသားစုက တံငါမော်ရွာမှာ နေကြလေသည်။ တံငါမော်ရွာမှာ ဆတ်ရိုးကျချောင်းအတွင်းမှာရှိသော ရွာတစ်ရွာဖြစ်ပြီး နာမည်နှင့်လိုက်အောင်ပင် တံငါလုပ်ငန်းလုပ်ကာ အသက်မွေးဝမ်းကျောင်းပြုလုပ်ကြသူ အတော်ပင်များပေသည်။

နီမောင်တို့က မိသားစုများများ မရှိကြပေ။ ဖခင်ဖြစ်သူ ဦးဘရှိန်၊ မိခင်ဖြစ်သူ ဒေါ်ကျင်မေတို့နှင့် နီမောင်အပါအဝင် သုံးယောက်သာရှိသည်ဆိုသော်လည်း သူတို့မိသားစုနှင့်အတူ တကွ လာရောက်နေထိုင်ကြသူ နှစ်ယောက်တော့ဖြင့် ရှိပေသေးသည်။





ထိုနှစ်ယောက်မှာ နီမောင်နှင့် သက်တူရွယ်တူဖြစ်ကြသည့် စောထီးနှင့်ငမဲအောင်တို့နှစ်ယောက်ပင် ဖြစ်ကြလေသည်။ စောထီးနှင့် ငမဲအောင်တို့မှာ နီမောင်နှင့်အတူတူအလုပ်လုပ်ကာ ပိုလျှံသောငွေများကိုတော့ အခြားတစ်နေရာမှာ နေကြသောမိဘများဆီသို့ ပို့ပေးကြလေသည်။

တံငါမော်ရွာမှာ လက်လုပ်လက်စား အတော်များများ နေကြသော်လည်း နီမောင်တို့ မိသားစုကတော့ အသင့်အတင့် ချောင်လည်ကြသည်။

ချောင်းကမ်းနှင့်မနီးမဝေးမှာ ဖျဉ်ကာ၊ ဓနိမိုးအိမ်တစ်လုံးပိုင်ဆိုင်ထားသည်။

လှေကြီး၊ လှေငယ်သုံးစင်းခန့် ပိုင်သည်။

ငါးဖမ်းကိရိယာများအပြင် ပိုက်မျိုးစုံတို့လည်း ကိုယ်ပိုင်ရှိကြလေသည်။

ရရှိလာသော ငါးပုစွန်များကို လက်လီလက်ကားရောင်းခြင်းဖြင့် စီးပွားရေးကောင်းကြခြင်းဖြစ်၏။

ငါးဖမ်းသောလုပ်ငန်းဟု ချုံပြီးခေါ်ဝေါ်သော်လည်း အမျိုးအစားများစွာရှိကြသည်။

ပင်လယ်၊ မြစ်၊ ချောင်းများနှင့်နီးသော နေရာများတွင် ငါးပုစွန်ဖမ်းသောအလုပ်ကို လက်နက်ကိရိယာအမျိုးမျိုး၊ နည်းအမျိုးမျိုးတို့ဖြင့် ဖမ်းဆီးကြသည်။

ငွေကြေးပြည့်စုံသူတို့က ကတ္တူလှေများ၊ ပိုက်များ အသုံးပြုပြီး ပင်လယ်ပြင်သို့ထွက်ကာ ငါးဖမ်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com


အချို့စန္ဒားထောင်သည်၊ အချို့ကျားပိုက်ထောင်သည်၊ အချို့ ဂါးဖောင်ဖြင့် ပိုက်ထောင်ကြသည်။

မြစ်ချောင်းများထဲမှာတော့. . .

ပိုက်ချ၊ ပိုက်မျှော၊ ပိုက်ထောင်၊ ဘဝင်းပိတ်၊ ချောင်းပိတ်၊ ကွန်ပစ်၊ ငါးမြှားတန်းချ၊ ဖော့မျှော၊ ငါးထောက်၊ ဂဏန်းထောင်၊ ရင်တွန်းထိုး. . . စသော နည်းများဖြင့် အသုံးပြုကာ ငါးပုစွန်ရှာဖွေကြလေသည်။

မည်သို့ပင် အရေအတွက်များစေ ချည်ဖြင့်ပြုလုပ်ထားသော ပိုက်များ၊ ဝါးဖြင့်ပြုလုပ်ထားသော ယင်း၊ မြုံး. . စသည်များ၊ ငါးမြှားချိပ်များကို အသုံးပြုပြီး ငါးဖမ်းကြခြင်းဖြစ်သည်။

နီမောင်တို့သုံးယောက်မှာ ငါးဖမ်းနည်းမျိုးစုံကို အားလုံးလုပ်ကိုင်နိုင်ကြသော်လည်း အများအားဖြင့်တော့ ပိုက်မျှောသောအလုပ်ကိုသာ လုပ်ကြလေသည်။

ငါးသလောက်ဖမ်းသောပိုက်များကဲ့သို့ ဖော့လုံးများတပ်ထားသော ပိုက်မျိုးဖြစ်သည်။

သို့သော် ပိုက်ချင်းကတော့ မတူပေ။ ငါးသလောက်ပိုက်က ဖော့လုံးသေးပြီး ရေပေါ်ယံထောင်သော ပိုက်မျိုးဖြစ်ပြီး နီမောင်တို့အသုံးပြုသောပိုက်က ဖော့လုံးကြီးသည်။

ကြိုးရှည်ပြီး ရေအောက်ထောင်သော ပိုက်မျိုးဖြစ်လေသည်။

ညနေပိုင်းအချိန်ရောက်သောအခါ ဆတ်ရိုးကျချောင်းအတွင်းမှာရှိကြသော ငါးဖမ်းသူများ၊ အခြားရွာများမှာ နေကြသူများ လှေကြီးလှေငယ်တို့ဖြင့် ငါးပုစွန်ရှာဖွေဖမ်းဆီးရန် ထွက်လာကြလေသည်။

ငါးပုစွန်ရှာဖွေကြရာတွင် နေ့အချိန်ထက် ညအချိန် ဖမ်းဆီးသောအခါ ပိုမိုရသဖြင့် အတော်များများကတော့ ညအချိန်ရောက်တော့မှ ငါးဖမ်းထွက်ကြခြင်းဖြစ်ပေသည်။

ထိုအချိန်တွင် နီမောင်တို့ သုံးယောက်လည်း လှေတစ်စင်းဖြင့် ထွက်လာကြသည်။

လှေပေါ်မှာ ပိုက်အပြင်. . အခြားငါးဖမ်းကိရိယာများလည်း ပါလာကြသည်။

လက်နှိပ်မီး၊ မီးအုပ်မီးခွက်၊ မီးခြစ်၊ ဓား၊ လှံ၊ မှိန်း၊ လွတ် စသည့်လက်နက်များအပြင်၊ ညစာအတွက် အဆာပြေစားသောက်ရန် ရေနှင့်အစားအသောက်များလည်း ပါလာကြသည်။

သူတို့လှေထွက်ကတော့ မရှေးမနှောင်းမှာပင် နောက်မှ လှေတစ်စင်း ထွက်လိုက်လာလေသည်။

ဦးမွန်ထော်နှင့် သာဒိုးလှတို့ တူဝရီးပါသောလှေပင်ဖြစ်လေသည်။ ၎င်းတို့က ဖော့မျှောသော အလုပ်လုပ်ကြသည်။

တံငါမော်ရွာမှာပင်နေကြပြီး နီမောင်တို့နှင့် များစွာခင်မင်ရင်းနှီးကြသူများ ဖြစ်ကြသည်။

ငါးဖမ်းထွက်သူတို့မှာ လုပ်ငန်းတူချင်းဖြစ်စေ မတူသည်ဖြစ်စေ ရွာမှထွက်ကြစဉ်မှာတော့အ တူတကွပင်အပေါင်းအဖော်ပြုကာ ထွက်လှေ့ရှိကြသည်။



www.burmeseclassic.com

www.burmeseclassic.com

အလုပ်ချိန်ရောက်တော့မှသာ မိမိတို့အလိုရှိသော နေရာများသို့ ခွဲထွက်သွားပြီး အလုပ်လုပ်ကြခြင်းဖြစ်သည်။

ဦးမွန်ထော်တို့လှေက သူတို့လှေနှင့် ဘေးချင်းယှဉ်က လှော်လာရင်းမှ ဦးမွန်ထော်ကပြောသည်။

"နီမောင် အခုတလော မြစ်ထဲမှာ ထူးထူးခြားခြား ဖြ နေတယ်၊ မင်းသတင်းကြားမိသလား"

"ဟင့်အင်း . . ကျွန်တော်တို့ဘာမှ မကြားမိသေးဘူ ဘာများထူးခြားလို့လဲအဘရဲ့"

"မြစ်ရိုးတလျှောက်မှာ ရေစုန်ရေဆန်မျောနေတဲ့ ခေါင တလားတစ်လုံးကို တွေ့နေရတယ်လို့ပြောတယ်"

"ခေါင်းကိုရေလုံအောင်လုပ်ထားတော့ လှေတစ်စင် လိုဖြစ်ပြီး မျောနေတာလည်း ဖြစ်မှာပေါ့၊ ကမ်းစပ်မှာရှိတဲ သင်္ချိုင်းတစ်ခုခုပြိုကျလို့ ခေါင်းကပေါ်လာပြီး ရေထဲပါလာတာ ဖြစ်မှာပေါ့"

ဦးမွန်ထော်က ပါးစပ်ထဲမှာ ကွမ်းယာငုံထားသောကြောင့် ကွမ်းတံတွေးများကို ရေထဲထွေးချလိုက်သည်။

"ဒါကတော့ ဖြစ်နိုင်စရာရှိတယ်ကွ၊ ဒါပေမယ့် ထူးဆန်း တာတွေရှိသေးတယ်"

"ဘယ်လိုထူးခြားလို့လဲ"

"အဲဒီခေါင်းကြီးနဲ့ တွေ့တဲ့လူ အတော်များနေပြီ"

"ဒါကလည်း ရေစုန်ရေဆန်မျောနေလို့ တစ်ယောက် မဟုတ်တစ်ယောက် တွေ့နေကြတာဖြစ်မှာပေါ့"





"ဒါကလည်း ဖြစ်နိုင်ပါတယ်၊ ဒါပေမယ့် လှော်တက် ပါတဲ့ ခေါင်းတစ်လုံးက လှေတွေနောက်ကို ထပ်ကြပ်မကွာ ိုက်နေတာရော မင်းမြင်ဖူးသလား"

ထိုစကားကြားတော့ မပြောသာတော့ပေ. . . ။

"ဟင့်အင်း. . ဒီလိုတော့ တစ်ခါမှမတွေ့ဖူး၊ မကြားဖူး သေးဘူး"

"ဒီထက်ပိုဆန်းတာရှိသေးတယ်"

"ဘယ်လိုလဲအဘ. . ."

"အဲဒီနောက်ကလိုက်လာတဲ့ခေါင်းထဲက အသံပါကြား နေရတယ်၊ မင်းကို ဟိုဘက်ရွာက သံပချိုင်တို့ တွေ့ကြုံခဲ့ရတဲ့ ဖြစ်အပျက်ကို ငါပြောပြမယ်"

ဟု ဦးမွန်ထော်က ပြန်ပြောပြလေသည်။

ထိုအဖြစ်အပျက်နှင့် ကြုံတွေ့ခဲ့ကြသူတို့မှာ ကုန်းတန်း ၌နေကြသည့် သံပချိုင်နှင့် စံနက်ကျော်တို့နှစ်ယောက်ပင် ကြလေသည်။

၎င်းတို့နှစ်ယောက်သည် ညဘက်တွင် မြစ်ထဲတွင် ပိုက် နေကြစဉ် ထိုနေရာနှင့် မနီးမဝေးမှာ မျောပါနေသော မည်း ည်းသဏ္ဌာန်ကြီးကို လှမ်းမြင်ကြရသည်။

မြစ်ရေပြင်ပေါ်မှာ လရောင်ရှိနေသောကြောင့် မြစ်ရေ ပြင်ပေါ်မှာရှိနေသော အရာဝတ္ထုများကို ဝိုးတဝါးမြင်နေကြရ သည်။

သံပချိုင်နှင့် စံနက်ကျော်တို့သည် ပိုက်ချထားသောအ

www.burmeseclassic.com

www.burmeseclassic.com



ချိန်တွင် နားခွင့်ရနေကြရာ ပါလာသော အစားအသောက်မျာ ကို စားသောက်နေကြသည်။

အစားအသောက်မစားခင်ကတော့ အရက်အနည်း စီသောက်ထားကြပြီးလည်းဖြစ်သည်။

သံပချိုင်က ငါးကင်တစ်ခုကို စားသောက်နေရင်း လုံးများ အနီးသို့ရောက်လာသော မည်းမည်းသဏ္ဍာန်ကြီး မြင်တွေ့သွားသည်။

"ငါတို့ပိုက်နားရောက်လာတာ ဘာကြီးလဲ"

ထိုစကားကြောင့် စံနက်ကျော်ကပါ လှမ်းကြည့်လို သော်လည်း လရောင်ဖြင့်ကြည့်ရသောကြောင့် မသဲကွဲပေ။

"လှေနစ်ပြီး မျောလာတာများ"

"လက်နှိပ်မီးနဲ့ ထိုးကြည့်စမ်းကွာ၊ တော်ကြာ ပိုက်ထဲ တိုးနေလို့ ဖြုတ်ရခက်နေဦးမယ်"

ဟု ပြောသဖြင့် စံနက်ကျော်လက်ထဲမှာ လက်နှိပ်မီး ယူပြီး ထိုးကြည့်လိုက်သည်။

"ဟင် . ."

"ဘာဖြစ်လို့လဲ"

"သေတ္တာမဟုတ်ဘူးဟ၊ ခေါင်းကြီးလားမသိဘူး"

ထိုစကားကြားတော့ စံနက်ကျော်ပါ လန့်သွားလေသည်။

"ကြံကြံဖန်ဖန်ကွာ၊ ဘယ်နေရာကခေါင်းက ဒီနေရာ ထိ ရောက်လာတာလဲမသိဘူး၊ မဖြစ်ဘူး . . ထိုးဝါးတိုင်နဲ့ ထုတ်ပစ်မှဖြစ်မယ်၊ တော်ကြာ ပိုက်ထဲဝင်တိုးနေရင် ခက်မ



ဟုပြောပြောဆိုဆိုနှင့် စံနက်ကျော်က ထိုးဝါးကိုယူပြီး ပိုက်နားရောက်နေသော ခေါင်းတလားကြီးကို ထိုးထုတ်ပစ်လေသည်။

သို့သော် ရေစီးကြောင့် တော်တော်နှင့်မရပဲ ပိုက်အနားမှာပင် တဝဲလည်လည်ဖြစ်နေလေ၏။

အတော်ကြာအောင် ထိုးထုတ်တော့မှ ဝေးဝေးသို့ရောက်သွားလေသည်။

ဒီတော့မှ နှစ်ယောက်သား သက်ပြင်းချနိုင်ကြသည်။ သို့သော် အခြေအနေက ထိုမျှနှင့်မပြီးပေ။

အချိန်တန်၍ သူတို့ပိုက်ဖော်ပြီးသောအချိန်တွင် စောစောက ထိုးထုတ်လိုက်သောခေါင်းကြီးက အနားသို့ တစ်ကျော့ပြန်ရောက်လာပြန်လေသည်။

"ဟိုမှာ စောစောက ခေါင်းတလားကြီး ပြန်ရောက်လာပြန်ပြီ"

ပြောရင်းဆိုရင်းနှင့်ပင် ခေါင်းတလားကြီးက လှေနှင့်နီးသောနေရာသို့ ပြန်ရောက်လာလေ၏။

ထိုသို့ရောက်လာသောအခါမှာတော့ ခေါင်းထဲမှ ထူးခြားသောအသံအချို့ကိုပါ ကြားလာရသည်။

"ငါ့ကိုအပြင်ထုတ်ပေးပါ"

"ငါ့ကိုအပြင်ထုတ်ပေးပါ. . ."

ထိုအသံကြားသောအခါ နှစ်ယောက်သား မျက်လုံးပြူးသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းကြားရသလား သံပချိုင်"

"ကြားရတယ်၊ မင်းကောကြားရသလား"

"ကြားရတယ်၊ ငါတို့ကို သံရဲခြောက်နေတာဖြစ်မယ်"

ဟုပြောပြောဆိုဆိုနှင့်ပင် လှေကို ထိုနေရာမှ လှော်ခြ ကြလေသည်။

သူတို့လှေထွက်သည်နှင့် ခေါင်းတလားကြီးကလည် နောက်မှ ထပ်ကြပ်မကွာလိုက်လာသည်ကို မြင်နေရသည်။

ထို့ကြောင့် ကြောက်အားလန့်အားဖြင့် အားကုန်လှေ ပြေးတော့မှ ဝေး၍ကျန်ခဲ့ပေတော့သည်။

ဦးမွန်ထော်ပြောပြသော အကြောင်းကိုကြားသောအခ နီမောင်တို့ သုံးယောက်မှာ များစွာစိတ်ဝင်စားသွားကြလေသည်

စောထီးနှင့်ငမဲအောင်တို့ကတော့ သံပချိုင်နှင့်စံနဂ ကျော်တို့နှစ်ယောက်၊ တစ်စုံတစ်ခု အမှားအယွင်းရှိသဖြင့်သ သရဲခြောက်ခြင်းခံသည်ဟု မှတ်ချက်ချသည်။

နီမောင်ကတော့ တစ်စုံတစ်ခုကို တွေးမိသဖြင့် ပြော လိုက်လေသည်။

"အဘပြောမှ သတိရတယ်၊ ရေထဲမှာရှိတဲ့ အိမ်နားကို ရေထဲကမျောပါလာတဲ့ခေါင်းက 'အနားကပ်လာတာကတော့ သိပ်ထူးဆန်းတယ်မထင်ဘူး၊ တစ်နေ့က ပလ္လင်တော်ရပ်ကွက်ထဲ မှာရှိတဲ့ အိမ်တစ်အိမ်ကို ညအချိန်မတော်မှ ခေါင်းကြီးတစ်လုံး ရောက်လာလို့တဲ့၊ ဖွင့်ကြည့်လိုက်တော့လည်း ထူးဆန်းတာတွေ တွေ့ရသေးတယ်"



နီမောင်က သူသိသမျှအကြောင်းများကို ပြန်ပြောပြ လိုက်သည်။

"ငါလည်းကြားလိုက်မိတယ်၊ အဲဒါတခြားသူမဟုတ်ပါ ဘူး၊ ဆန်စက်သူဌေး ဦးကြာထွန်းတို့အိမ်ပဲ၊ အဲဒါကတော့ ထူး ခြားတယ်၊ ပုဏ္ဏကတိုက်တာဖြစ်ချင်ဖြစ်၊ မဟုတ်ရင်တော့ တစ် ယောက်ယောက်က မကောင်းကြံတာပဲဖြစ်မှာပေါ့"

ဟုပြောဆိုရင်းနှင့် လှော်လာကြရာ နေဝင်ချိန်ရောက် သောအခါ မြစ်ကျယ်အတွင်းသို့ ရောက်ကြလေသည်။

ထိုနေရာရောက်တော့ စကားစများဖြတ်ပြီး လမ်းခွဲ လိုက်ကြလေသည်။

ဦးမွန်ထော်တို့က ဖော့လုံးမျှောသူများဖြစ်သောကြောင့် ချောက်ကမ်းပါးတန်းရှိသောနေရာကို ရွေးချယ်ကြသည်။

နီမောင်တို့က ပိုက်ချကြမည်ဖြစ်သဖြင့် မြစ်ပြင်ကျယ်ကို သာ ရွေးချယ်ကြသည်။

ညဦးပိုင်းရေတက်သောအခါ သင့်တော်သည့်နေရာ ရွေးချယ်ကာ စတင်ပြီး ပိုက်ချကြလေသည်။

၄င်းတို့အသုံးပြုသောပိုက်မှာ ပိုက်ကြီးအမျိုးအစား ဖြစ် သောကြောင့် မြစ်ထဲတွင် အတော်ကျယ်ကျယ် နေရာယူထား သည်။

အသုံးပြုသောဖော့လုံးမှာ အကြီးစားဖြစ်ပြီး တစ်နေရာ နှင့်တစ်နေရာ အတော်ဝေးသည်။

ကြိုးရှည်ဖြင့် ချသောကြောင့် ရေစူးနက်သည်။

www.burmeseclassic.com

www.burmeseclassic.com



ပိုက်ချပြီးတော့ ပိုက်လက်နားကြိုးကို လှေမှာချည်ထား
ပေးပြီးသည်နှင့် တာဝန်ကပြီးသွားပေပြီ။

ရေစုန်အတိုင်း မျှောလိုက်သွားရုံသာရှိတော့သည်။
မှောင်သွားတော့ လှေပေါ်မှာ တိုင်စိုက်ပြီး မီးအိမ်တစ်လုံး ထွန်း
ပေးထားရသည်။

မြစ်ထဲတွင် ညအချိန်သွားလာနေသော သင်္ဘောကြီး
ငယ်တို့က မီးရောင်ကိုမြင်တော့မှ ကွင်းရှောင်သွားနိုင်ကြမည်
ဖြစ်ပေသည်။

ထိုသို့ပိုက်ချပြီးသောအခါ အိမ်မှထည့်ယူလာသော အ
စားအသောက်တို့ကို စားသောက်နေကြလေသည်။

ထိုကဲ့သို့ စားသောက်နေစဉ်မှာ မြစ်ရေနှင့် မျောပါလာ
သော အရာဝတ္ထုကို လှမ်းမြင်ကြရသည်။

"နီမောင် ဟိုမှာမျောလာတာဘာလဲ"

စောထီးကပြောသဖြင့် နီမောင်က ထမင်းစားရင်းမှ
လှမ်းကြည့်လိုက်သည်။

လရောင်ရှိသော်လည်း မြင်ကွင်းကမသဲကွဲပေ။

သို့ကြောင့် လက်နှိပ်မီးရောင်ဖြင့် လှမ်းထိုးကြည့်လိုက်
သည်။ ရေထဲမှာမျောနေသောအရာမှာ လှေတစ်စင်းကဲ့သို့ တစ်
ဝက်တပျက်ပေါ်နေခြင်းဖြစ်သော်လည်း ခေါင်းတလားကြီး တစ်
လုံးမှန်းတော့ ချက်ချင်းသိကြလေသည်။

"သံပချိုင်တို့တွေ့တဲ့ ခေါင်းကြီးများလား"

"မပြောတတ်ဘူး"



"သေချာအောင် အနားသွားကြည့်ရင်ကောင်းမလား"

"ဖြစ်ပါ့မလား. . တော်ကြာ. . ."

ငမဲအောင်က စိုးရိမ်မကင်းသောအသံဖြင့် ပြောလိုက်
သည်။

"မကြောက်ပါနဲ့ ခေါင်းထဲမှာ လူသေကောင်အပြင် ဘာ
မှပါမယ်မထင်ပါဘူး"

"မင်းပြောတော့မှပဲ ပိုပြီးတောင် ကြောက်စရာကောင်း
သေးတယ်နီမောင်ရယ်"

ထို့နောက် စားလက်စ အစားအသောက်များကို လက်စ
သတ်လိုက်ပြီး လှေကိုကြိုးဖြုတ်ကာ ထိုနေရာသို့ လှော်သွားကြ
သည်။

ထိုနေရာရောက်တော့ တကယ်ပင်ခေါင်းတလားကြီး၊
တစ်လုံးဖြစ်နေသည်ကို တွေ့ကြရသည်။ ခေါင်းက သုံးပုံတစ်ပုံ
လောက်သာ ရေပေါ်ပေါ်နေသည်။

အဖုံးက ခတ်ခုံးခုံးဖြစ်ပြီး အပေါ်၌ ရေညှိရေမှော်များ၊
အမှိုက်သရိုက်များ၊ ဗေဒါပင်များ တင်နေလေသည်။ ရေညှိများ
ကြောင့် အစိမ်းရောင်များ သမ်းနေလေသည်။

"ကြည့်ရတာ ကျက်သရေမရှိလိုက်တာကွာ၊ ဘယ်လို
လုပ်ရင်ကောင်းမလဲ"

စောထီးကမေးလိုက်သည်။

"ဘာလုပ်ရမှာလဲ၊ ထိုးဝါးနဲ့ အဝေးရောက်အောင် ထိုး
ထုတ်ပစ်ရမှာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



ဟုပြောဆိုပြီး ထိုးဝါးဖြင့် ထိုးထုတ်ပစ်ကြလေသည်။

ထိုသို့ထိုးထုတ်နေကြစဉ်မှာ အထဲမှ လူညည်းသံလိုအသံမျိုး သဲ့သဲ့ကြားလာရသည်။

“ငါ့ကိုအပြင်ထုတ်ပေးပါ. . .”

“ငါ့ကိုအပြင်ထုတ်ပေးပါ. . .”

ထိုအသံကြောင့် သုံးယောက်စလုံး မျက်လုံးပြူးသွားကြသည်။

“ဘယ်ကအသံလဲ”

“ခေါင်းထဲက ကြားရတာမဟုတ်ဘူးလား”

“ဒါဖြင့် သံပချိုင်တို့ပြောတာ မှန်နေပြီပေါ့။ ဒီခေါင်းကြီးကလည်း သူတို့တွေ့ခဲ့တဲ့ ခေါင်းကြီးပဲဖြစ်မှာပေါ့”

“တိုက်တိုက်ဆိုင်ဆိုင်ကွာ. . .”

ထိုသို့ပြောဆိုပြီး ထိုးဝါးဖြင့် ထိုးထုတ်ပစ်လိုက်ကြရာ ရေစီးဖြင့် အဝေးသို့ မျောပါသွားလေတော့သည်။

ထိုအခါမှပင် သက်ပြင်းချနိုင်ကြလေတော့သည်။



## အခန်း (၆)

# ပင်လယ်မြင်းမှ ကြောက်စရာခေါင်းတလားများ

ပင်လယ်ရေစီးကြောင်းထဲ၌သော်လည်းကောင်း၊ ဒါမှမဟုတ် မြစ်ချောင်းများအတွင်းရှိ ရေစီးကြောင်းများ အတွင်း၌သော်လည်းကောင်း ခေါင်းတလားကြီးများ မျောပါနေတတ်ကြပေသည်။

အချို့က ကျွန်းသားဖြင့် ပြုလုပ်ထားသော ရေလုံခေါင်းများထဲသို့ အလောင်းကိုထည့်ပြီး ရေထဲသို့ မျှောချလိုက်သည်



www.burmeseclassic.com

www.burmeseclassic.com



မျိုးရှိကြသည်။

အချို့ကတော့ မြစ်ကမ်းနှင့်နီးသော နေရာများတွင် သချိုင်းထားကြသည်။

ထိုသချိုင်းတို့တွင် ခေါင်းတလားများကို ကောင်းစွာပြ လုပ်ကာ ကောင်းစွာမြှုပ်နှံသဂြိုလ်ထားခဲ့ကြသည်။

နှစ်ပရိစ္ဆေဒကြာမြင့်သောအခါ ရေတိုက်စားသဖြင့် ကမ်းပါးတို့ ပြိုကျသောအခါ ခေါင်းတလားများလည်း ရေထဲ သို့ရောက်ကာ မျောပါသွားကြသည်။

ဤသို့သောနည်းမျိုးဖြင့် ရေပြင်များပေါ်တွင် ခေါင်းတ လားကြီးများကို တွေ့မြင်ကြရခြင်းဖြစ်ပေသည်။

အချို့က သာမန်အနေအထားမျိုးဖြင့် မျောပါနေကြ သည်။ အချို့ကတော့ ဂမ္ဘီရဆန်စွာ မျောပါနေကြခြင်းဖြစ်သည်။

ထိုအကြောင်းများနှင့်ပတ်သက်ပြီး စာစောင်နှင့် မဂ္ဂဇင်း များတွင် ရေးသားဖော်ပြကြသည်။ စာအုပ်များလည်း ရေးသာ ကြသည်။

အများဆုံးကတော့ နိုင်ငံခြားတွင် ထုတ်ဝေသော စာ အုပ်များ၊ မဂ္ဂဇင်းများထဲတွင် ဖြစ်ကြလေသည်။

ထိုအထဲမှ ထူးခြားဆန်းကြယ်သော ခေါင်းတလားကြီး များနှင့်ပတ်သက်သည့် ဆောင်းပါးတစ်ပုဒ်ကို ဖော်ပြပေးပါမည်။

(၁၉၅၂)ခုနှစ်၊ ဇွန်လတွင်ထုတ်ဝေသော 'ဖိတ်' (Fate) မဂ္ဂဇင်းပါ စာရေးဆရာ အယ်(လ)ဗတ် အေဘရင့် (Albert A Brandt) ရေးသားသည့် "အိမ်အပြန်" (The man who came home) အမည်ဖြင့် ထူးခြားဆန်းကြယ်သည့် ဖြစ်ရပ်မှန် ဆောင်း ပါးသည် အံ့သြဖွယ်ကောင်းလှသည်။





ထိုအကြောင်းအရာကိုပင် အမေရိကန်ပြည်ထောင်စုမှ နာမည်ကျော် သတင်းစာဆရာ၊ စာရေးဆရာ ဂမ္ဘီရပညာရှင် ဗင့်ဆင့်ဂက်ဒက်(စ)ရေးသားသည့် "မမြင်နိုင်သော မိုးကုတ် စက်ဝိုင်းများ" (Invisible Horizons) အမည်ရှိစာအုပ်တွင်လည်း အထက်ဖော်ပြပါ ဆန်းကြယ်သည့်ဖြစ်ရပ်ကို စနစ်တကျ သုတေ သနပြု၍ ရေးသားထားပေသည်။

အဆိုပါ စာရေးဆရာများသည် လူအများလေးစားရ သည့် နာမည်ကျော်ကြား လူသိများသူများဖြစ်ကြသည်။

သူတို့ရေးသားရာတွင် အင်္ဂလန်နိုင်ငံ၊ လိုက်ပင်လယ် ရေကြောင်းဌာနမှ မှတ်တမ်းများကို အခြေခံ၍ ရေးသားခဲ့သည် ဟု ဆိုသည်။

ကမ္ဘာ့ပင်လယ်ပြင်တွင် တွေ့ကြုံရသည့် ထူးခြားဆန်း ကြယ်သော ဖြစ်ရပ်မှန်သမျှကို စနစ်တကျ သုတေသနပြု၍ မှတ် တမ်းတင်ထားသည် ဟုဆိုကြသည်။

လိုက်ပင်လယ်ရေကြောင်းဌာနကြီးရှိ သုတေသနဖိုင်တွဲ များမှ ကောက်နုတ်ထားသည့် ထူးဆန်းသော ဖြစ်ရပ်ကို ထိုစာ ရေးဆရာနှစ်ဦးက မိမိတို့ရှုထောင့်များမှ ရေးသားထားသည်ကို ပြန်လည်ဖော်ပြပါမည်။

အချိန်ကား (၁၉၀၆)ခုနှစ် မေလ၏ သာယာသော နေ့ တစ်နေ့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝလာငှက်တလိုင်း (The sky plover)အမည်ရှိ ကုန်တင်ရွက်သင်္ဘောကြီးတစ်စီးသည် အမေရိကန်ပြည်ထောင်စု၊ ဖလော်ရီဒါပြည်နယ်၊ မီယာမီဆိပ်ကမ်းမြို့ကလေးသို့ ဦးတည်ရွက်လွှင့်လာခဲ့သည်။

သာယာသောနေ့ဖြစ်သဖြင့် ပင်လယ်ပြင်မှာ လှိုင်းလေငြိမ်သက်လျက်ရှိသည်။

ပင်လယ်ပြင်မှ ဖွေးဖွေးဖြူနေသော လှိုင်းကလေးများသည် တလိမ့်လိမ့်တက်လာကာ ဝလာငှက်တလိုင်း သင်္ဘောဦးကို ရိုက်ခတ်နေကြ၏။

တသုန်သုန်တိုက်နေသည့် လေပြည်တွင် ပင်လယ်ဆားနံ့များ သင်းလျက်ရှိနေသည်။

သင်္ဘောဖြင့်လိုက်ပါလာသူ ခရီးသည်အချို့နှင့် မာလိန်မှူးကြီးသည် သင်္ဘောကုန်းပတ်ပေါ်မှ အဝေးမိုးကုပ်စက်ဝိုင်းရှိ မှိုင်းပျပျတောအုပ်များရှိရာသို့ လှမ်းမျှော်ကြည့်နေကြသည်။

ဖလော်ရီဒါအငူရှိ မီးပြတိုက်သည် ဝင်ခါနီးနေ၏ ရောင်ခြည်အောက်တွင် ဝင်းပလျက်ရှိနေလေသည်။

သင်္ဘောကြီးမှာ တဖြည်းဖြည်း ရွက်လွှင့်နေရသဖြင့် ခရီးသည်တို့အဖို့ ပျင်းရိငြီးငွေ့ဖွယ်ရာဖြစ်နေ၏။

မကြာမီ နေမင်းသည် ပင်လယ်ပြင်အတွင်း ငုပ်လျှိုးတော့မည်ဖြစ်၍ ပင်လယ်ပြင်သည် အပြာရောင်မှ မှိုင်းပျပျအရောင်သို့ ပြောင်းလာသည်။

အိပ်တန်းပြန်စင်ရော်အုပ်များသည် ကမ်းခြေရှိ တော





ပ်များရှိရာသို့ ဝဲပျံနေသည်ကို ကြည့်ရသည်မှာ လွမ်းမောသဖွယ် ဖြစ်နေသည်။

ဤကဲ့သို့ ပတ်ဝန်းကျင်သာယာမှုကို နစ်မွန်းနေကြသည့် ရီးသည်များနှင့် သင်္ဘောသားများသည် သင်္ဘောကင်းမျှော်စင်က်မှ ထိတ်လန့်တုန်လှုပ်ဖွယ် အော်ဟစ်သံကြောင့် သင်္ဘောသို့ စုရုံးပြေးသွားခဲ့ကြသည်။

သင်္ဘောနှင့် မလှမ်းမကမ်းပင်လယ်ပြင်တွင် အမျိုးအည်မသိမျောပါလာကြသည့် ပစ္စည်းများကို ဝင်ကာနီးနေ၏ ရောင်ခြည်များအောက်တွင် မြင်တွေ့ကြရသည်။

သင်္ဘောမာလိန်မှူးကြီးသည် သင်္ဘောအား မျောပါနေသည့် ပစ္စည်းများနှင့် အနီးဆုံးရောက်အောင် ဦးတည်ခုတ်မောင်းခဲ့သည်။

သင်္ဘောကြီးသည် တအိအိဖြင့် ရေစီးအတိုင်း မျောပါလာနေသည့် ပစ္စည်းများရှိရာသို့ ခုတ်မောင်းလာခဲ့ရာ မိနစ်အနည်းငယ်အတွင်း ထိုပစ္စည်းများရှိရာသို့ ရောက်လာခဲ့သည်။

သင်္ဘောသားအားလုံးသည် ထိုပစ္စည်းများမှာ နစ်မြုပ်သွားသည့် သင်္ဘောတစ်စီးမှ ကုန်ပစ္စည်းများ (သို့မဟုတ်) အဖိုးတန်ရတနာများပါဝင်သော သေတ္တာများဖြစ်နိုင်သည်ဟု မိမိတို့ စိတ်ထင်မြင်မိသည်ကို တွေးတောခန့်မှန်းထားခဲ့ကြသည်။

ရေစီးဖြင့် မျောပါလာနေသော ပစ္စည်းများမှာ ဝင်ခါနီးနေ၏ ဖျော့တော့သောရောင်ခြည်များကြောင့် သဲသဲကွဲကွဲ မမြင်ရသဖြင့် အမျိုးမျိုးအဖုံဖုံ တစ်ယောက်တစ်ပေါက်ပြောဆိုကြ



www.burmeseclassic.com

www.burmeseclassic.com



သည်။

သဘော်ကြီး ရွေ့လျားသွားနေသည်နှင့်အမျှ တဖြည်း
ဖြည်းထိုရေစီးဖြင့် မျောပါလာသော ပစ္စည်းများအား အနီးက
မြင်ကြရသည်နှင့် တစ်ယောက်တစ်ပေါက်ကိုယ်လိုရာခွဲပြော
ကြသည့်သဘော်သားအားလုံးသည် မီးကိုရေဖြင့်ပက်ဖျန်းလို
သကဲ့သို့ ငြိမ်သက်သွားတော့သည်။

ခရီးသည်များနှင့် မာလိန်မှူးကြီးမှာလည်း မျက်စိမျ
နှာပျက်သွားကြတော့သည်။

အကြောင်းမှာ မျောပါလာသော အရာဝတ္ထုများသ
သဘော်သားများထင်သကဲ့သို့ ရတနာသေတ္တာများမဟုတ်
ထိုပစ္စည်းများသည် လူသေများထည့်သွင်းသည့် ခေါ
တလားများဖြစ်နေပေသည်။

အဆိုပါခေါင်းတလားကြီးလေးလုံးမှာ ရေညှိပင်မျ
ဖုံးလွှမ်းပြီး ပင်လယ်ဂဏန်းကောင်ကြီးများ တစ်စုတစ်ဝေး တွ
ကပ်နေသည်ကိုလည်း မြင်တွေ့ကြရသည်။

ထိုကဲ့သို့ အနိဋ္ဌာရုံခေါင်းတလားကြီးများနှင့် တွေ့ရခြ
သည် ဝလာဝှက်တလိုင်းသဘော်အဖို့ ကြမ္မာဆိုးများနှင့် တွေ့
တော့မည်လားဟု သဘော်ပေါ်တွင် လိုက်ပါလာသူတို့က ယူ
ခဲ့ကြပြီး အားလုံး၏နှုတ်မှ ဘုရားတခဲ့မိကြသည်။

ထိုခေါင်းတလားကြီးများမှာ မည်သည့်နိုင်ငံ၊ မည်သ
ကျွန်းမှ ရေစီးနှင့်မျောပါလာသည်ကို မသိနိုင်ပေ။

သဘော်သားများကမူ ယင်းကဲ့သို့ ခေါင်းတလားကြ





းနှင့် ရင်ဆိုင်တွေ့ရခြင်းမှာ သဘော်ကြီးအတွက် ကြမ္မာဆိုး၊
မိတ်ဆိုးသာလျှင်ဖြစ်သဖြင့် မလွဲမသွေ ဘေးဥပဒ်ကြမ္မာဆိုးနှင့်
တွေ့ကြုံရမည်ဟု နိမိတ်စကားဆိုကြသည်။

ဖော်ပြပါ မျောပါနေသည့် ခေါင်းတလားကြီးများ၏
ဇာစ်ဦးအကြောင်းရင်းမှာ ဤသို့ဖြစ်သည်။

(၁၈၄၁)ခုနှစ်၌ ကနေဒါနိုင်ငံ ကမ်းခြေအနီး၊ ဗြိတိသျှ
ပိုင်ဖြစ်သော အက်(ဒ်)ဝါ(ဒ)ကျွန်း (Prince Edward) ၌ အိုင်ယာ
လန်နိုင်ငံမှ လာရောက်နေထိုင်သူ အိုင်းရစ်အမျိုးသား ဂွန်ကော
ခင်းမိသားစုတွင် သားတစ်ယောက်မွေးဖွားခဲ့သည်။

ထိုသားကလေး၏အမည်မှာ ချား(လ)ဖရန်စစ် ကော
ခင်း (Charles Francis Coyhlan) ဖြစ်သည်။

ချား(လ)ဖရန်စစ်မှာ ငယ်စဉ်ကစ၍ ပြဇာတ်ဝါသနာပါ
သူဖြစ်သည်။

သူသည် ရှေးဟောင်းပြဇာတ်များကို ထူးထူးခြားခြား
တ်ရှုလေ့လာ၍ ပြဇာတ်ဇာတ်ကောင်တစ်ဦးဖြစ်လိုစိတ် ပြင်း
န်ခဲ့သည်။

သို့ဖြစ်၍ မိဘဆွေမျိုးသားချင်းများသည် ချား(လ)ဖရန်
စ်အား အင်္ဂလန်နိုင်ငံသို့ ပြဇာတ်ပညာဆည်းပူးရန် ပို့ဆောင်ကြ
ည်ဟု ဆုံးဖြတ်ခဲ့ကြသည်။

ချား(လ)ဖရန်စစ် (၁၄)နှစ်သားအရွယ်တွင် မိဘဆွေမျိုး
း၏ စုပေါင်းထောက်ပံ့သည့်ငွေဖြင့် ဇာတိအက်(ဒ)ဝါ(ဒ)ကျွန်း
အင်္ဂလန်နိုင်ငံသို့ ထွက်ခွာသွားခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကဲ့သို့ မထွက်ခွာမီ မည်သည့်အခြေအနေရောက်
သည်ဖြစ်စေသူသည် ဇာတိဖြစ်သော အက်(ဒ)ဝါ(ဒ)ကျွန်း
ဖြစ်သည့်နည်းဖြင့် အရောက်ပြန်ခဲ့မည်ဟု ကတိပြုသွားခဲ့သ
ဟုဆိုကြသည်။

ချား(လ) ဖရန့်စစ်မှာပြဇာတ်သဘင်၌ ပါရမီထက်သ
သူဖြစ်သဖြင့် လန်ဒန်ပြဇာတ်လောက၌ လျှမ်းလျှမ်းတော
ကျော်ကြားသောဇာတ်ဆောင်တစ်ဦးဖြစ်လာခဲ့သည်။

အထူးသဖြင့် ရှိတ်စပီးယား၏ ပြဇာတ်များကပြရာတွ
ကျော်ကြားလာခဲ့သည်။

သူသည် ရှိတ်စပီးယားပြဇာတ်များကပြရာတွင် ပြ
ဘက်ကင်းသည့် ဇာတ်ဆောင်တစ်ဦးဖြစ်လာခဲ့သည်။

သူ၏ အောင်မြင်ကျော်ကြားမှုသတင်းသည် အင်္ဂလ
နိုင်ငံတွင် သာမက အမေရိကန်ပြည်ထောင်စုအထိ ပျံ့နှံ့လာခဲ့
ဖြင့် သူ့အားနယူးယောက်မြို့တွင် လာရောက်ကပြရန် ဖိတ်ခေါ်
ကြသည်။

ဤသို့ဖြင့် ချား(လ)ဖရန့်စစ်နှင့် အဖွဲ့သည် အမေရိက
ပြည်ထောင်စုသို့ရောက်ရှိခဲ့ကြပြီး နယူးယောက်မြို့ ဘရော့(
ဝေးပြဇာတ်ရုံကြီး၌ ရှိတ်စပီးယား၏ ပြဇာတ်များကို တင်ဆ
ကပြခဲ့ရာ ဝင်ငွေများစွာ ရရှိခဲ့သည်။

ချား(လ)ဖရန့်စစ်သည်လည်း ထူးခြားအောင်မြင်ပေါ
မြောက်သည့် ပြဇာတ်သရုပ်ဆောင်ကောင်းတစ်ယောက် ဖြ
လာခဲ့သည်။





သူ၏ အောင်မြင်ကျော်ကြားမှု ဂုဏ်သတင်းများလည်း
တာမီးပမာ ပျံ့နှံ့လာခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု တစ်ခွင်
သို့သွားရောက်၍ ရှိတ်စပီးယားပြဇာတ်များကို တင်ဆက်ကပြ
ရသည်။

ဤကဲ့သို့ ကျော်ကြားနေစဉ် သူ၏ဇာတိဖြစ်သော အက်
)ဝါ(ဒ)ကျွန်းသို့ ခေတ္တပြန်လာခဲ့ပြီး၊ အချိန်တန်လျှင် သူ၏ဇာတိ
သသို့ မလွဲမသွေ ပြန်လာခဲ့ပါမည်ဟု မိတ်ဆွေ အပေါင်းအ
င်းများကို ထပ်မံ၍ ခိုင်ခိုင်မာမာ ကတိပြုခဲ့သည်။

(၁၈၉၉)ခုနှစ်၊ နိုဝင်ဘာလ(၂၇)ရက်နေ့တွင် ချား(လ)
ရန့်စစ်၏ ပြဇာတ်အဖွဲ့သည် အမေရိကန်ပြည်ထောင်စု၊ တက္က
ဆက်ပြည်နယ်၊ ဂေါ်ဖက်စတန်မြို့တွင် ရှိတ်စပီးယား၏ နာမည်
ကျော် ဟင်းပလက်မင်းသားပြဇာတ်ကို တင်ဆက်ကပြခဲ့သည်။

ချား(လ)ဖရန့်စစ်ကောလင်းသည် ထိုပြဇာတ်ကပြနေ
ချိန်မှာပင် နာမကျန်းဖြစ်လာခဲ့သည်။

ဆရာဝန်ကြီးများနှင့် ဇာသသော်လည်း . သူ့ရောဂါ
ဝေဒနာသည် သက်သာလာခြင်းမရှိဘဲ ထိုနေ့ညသန်းခေါင်ချိန်
ကမ္ဘာကျော်ပြဇာတ်မင်းသားကြီး ချား(လ)ဖရန့်စစ်ကောလင်း
သည် ကွယ်လွန်ခဲ့သည်။

ပြဇာတ်အဖွဲ့သားများသည် ချား(လ)ဖရန့်စစ်ကော
လင်း၏ ရုပ်အလောင်းအား ခဲသတ္တုများဖြင့် ဘောင်ကွပ်ထား
သည့် ဆိုက်ပရပ်သစ်သားခေါင်းတလားအတွင်းထည့်၍ ထိုမြို့
လေး၏သချိုင်းတွင် မြေမြှုပ်သင်္ဂြိုဟ်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အက်(ဒ)ဝါ(ဒ)ကျွန်းမှ ချား(လ)၏ ဆွေမျိုးမိတ်ဆွေ
ပေါင်းအသင်းများကမူ သူဇာတိမြို့ကလေးသို့ သူ့ကိုယ်အတိ
ပြန်လာနိုင်ခြင်းမရှိဘဲ ကွယ်လွန်သွားရသည့် ချား(လ)အတွ
ဝမ်းနည်းကြေကွဲခဲ့ကြသည်။

(၁၉၀၀)ပြည့်နှစ်၊ ဩဂုတ်လ(၂၇)ရက်နေ့၌ ကြီးမ
သော ဟာရီကိန်းမုန်တိုင်းကြီးသည် မက္ကဆီကိုပင်လယ်ကွေ့
တွင်း ပြင်းထန်စွာ တိုက်ခတ်လာခဲ့သည်။

ထိုမုန်တိုင်းကြီးမှာ တစ်နာရီလျှင် မိုင်(၂၀၀)အထိ
မားလာခဲ့သဖြင့် အမေရိကန်ပြည်ထောင်စု မိုးလေဝသနှင့်
ဗေဒဌာန၏ ကြေညာချက်၌ နှစ်ပေါင်း(၅၀)အတွင်း အပြ
ထန်းဆုံး မုန်တိုင်းကြီးဖြစ်ခဲ့သည်။

အဆိုပါမုန်တိုင်းကြီးမှ ထိုဒေသတွင် တစ်ခါဖူးမျှ မ
ခဲ့ရဟူ၍လည်း ဆိုကြသည်။

ထိုမုန်းတိုင်းကြီးနှင့်အတူ ထူးကဲလှသော ဒီရေမှာလ
ပေပေါင်း (၂၀)အထိမြင့်တက်လာခဲ့သည်။

ဂေါ်ဗက်စတန်မြို့မှာ ထူးထူးခြားခြား မုန်တိုင်းဒဏ်
သော မြို့ဖြစ်၏။

မုန်တိုင်းကြီး၏ဒဏ်ကြောင့် မြို့ပေါ်ရှိ အဆောက်အဉ
များသာမက သုသာန်မှ အုတ်များပါ ပျက်စီးကွာကျခဲ့ပြီး ခေါ
တလားများပါ ဒီရေတွင် မျောပါသွားခဲ့သည်။

ထိုအပျက်အစီးများထဲတွင် ပြဇာတ်မင်းသားကြီး ချ
(လ)ဖရန်စစ်၏ ခေါင်းတလားမှာလည်း ပင်လယ်ရေနှင့်အ



မျောပါသွားခဲ့ရတော့သည်။

ပင်လယ်ရေနှင့်အတူ မျောပါသွားသော ခေါင်းတလား
များမှာ တကွဲတပြားမဖြစ်ပဲ တစ်စုတစ်ဝေးတည်းဖြစ်ကြသဖြင့်
တွေ့မြင်ရသူများက အံ့ဩခဲ့ကြသည်။

အချို့ခေါင်းတလားများမှာ မက္ကဆီကိုပင်လယ်ကွေ့
တမ်းခြေသို့ ရေစီးအတိုင်းမျောပါသွားကြပြီး အချို့မှာပင်လယ်
အောက်သို့ နစ်မြုပ်သွားခဲ့ကြသည်။

အချို့ခေါင်းတလားကြီးများသည် ပင်လယ်ရေစီးကြောင်း
ကြောင့် ပင်လယ်ထဲ၌ တဝဲလည်လည်မျောပါသွားကြသည်။

ဝလာငှက်တလိုင်းအမည်ရှိ ရွက်သင်္ဘောကြီးတွေ့ရ
သော ခေါင်းတလားကြီးလေးလုံးမှာ ဂေါ်ဗက်စတန်မြို့ သုသာန်
မှ မျောပါလာသည့် ခေါင်းတလားများဖြစ်နိုင်သည်ဟု ယူဆခဲ့
ကြသည်။

(၁၉၀၈)ခုနှစ် အောက်တိုဘာလတွင် အက်(ဒ)ဝါ(ဒ)
ကျွန်းမှ ရေလုပ်သားကြီးများသည် စိန်လော်ရင့်ပင်လယ်ကွေ့
အတွင်း ငါးဖမ်းထွက်ခဲ့ကြ၏။

• ငါးဖမ်းလှေတစ်စင်းသည် ကွန်ပစ်နေစဉ် ရေစီးကြောင်း
အတိုင်း မျောပါလာသော သေတ္တာကြီးတစ်လုံးကို တွေ့ရှိခဲ့ကြ
ရသည်။

အဆိုပါသေတ္တာကြီးမှာ ရေညှိပင်များ ဖုံးအုပ်နေသဖြင့်
မည်သည့်သေတ္တာကြီးဖြစ်သည်ကို မသိခဲ့ကြပေ။

သို့ဖြစ်၍ ထိုသေတ္တာကြီးကို ဆယ်ယူခဲ့ကြသောအခါ

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းတလားကြီးဖြစ်နေသည်ကို တွေ့ကြရတော့သည်။

ထိုခေါင်းတလားပေါ်မှ ရေညှိပင်များကိုဖယ်ရှားလို
သောအခါ ရေထိုးထားသောစာကိုတွေ့ကြရသည်။

စာမှာ "ချား(လ)ဖရန်စစ်ကောလင်း၊ (၁၈၄၁)ခုနှစ်တွ
မွေးဖွား၍ တက္ကဆက်ပြည်နယ်၊ ဂေါ်ဗက်စတန်မြို့၌ (၁၈
ခုနှစ်တွင် ကွယ်လွန်သည်" ဟူ၍ တွေ့ရသည်။

ဤသို့ဖြင့် ချား(လ)ဖရန်စစ်ကောလင်း၏ ခေါင်းတလ
သည် သူ့ဇာတိဖြစ်သည့် အက်(ဒ)ဝါ(ဒ)ကျွန်းသို့ ဆိုက်ဆိုက်မြ
မြိုက်ပြန်ရောက်လာခဲ့ပေသည်။

ထိုဖြစ်ရပ်သည် တိုက်ဆိုင်မှုပေလော. . . (သို့မဟုတ်
သူမကွယ်လွန်မီကထားရှိသည့် ကတိကြောင့်ပေလော။

တိုက်ဆိုင်မှုဟုဆိုလျှင် ထူးခြားဆန်းကြယ်သည့် တို
ဆိုင်မှုဟု ဆိုရပေမည်။

ပင်လယ်ရေစီးကြောင်းများထဲတွင် ထိုကဲ့သို့အဖြစ်မျိ
သာမကပဲ အခြားသောအဖြစ်အပျက်များလည်း ရှိကြပေသည်

အချို့ ခေါင်းတလားကြီးများမှာ တစ်လုံးတည်း မျော
နေခြင်းမျိုးမဟုတ်ပဲ လေးငါးလုံးအတန်းလိုက် မျောပါနေခြင်းမျိ
ကိုလည်း ပင်လယ်ပြင်မှာ သွားလာနေကြသူများ မြင်တွေ့ကြ
သည်။

အချို့မှာ ဖြတ်သန်းသွားလာနေသော သင်္ဘောမျာ
လှေများနောက်သို့ လိုက်လာကြသည်မျိုးလည်းရှိသည်။

တိုက်တန်းနစ်သင်္ဘောကြီး ဆိပ်ကမ်းမှ စတင်ထွက်ခ



စဉ်က ပင်လယ်ပြင်၌ မျောပါနေသော ခေါင်းတလားကြီးအချို့
ကို မြင်တွေ့ခဲ့ရသည်ဟု သင်္ဘောအရာရှိတစ်ဦး၏ မှတ်တမ်းတွင်
ရေးသားထားသည်။

တိုက်တန်းနစ်သင်္ဘောကြီး ထွက်ခွာလာသော နောက်
မှာလည်း ခေါင်းတလားကြီးအချို့မှာ သင်္ဘောနောက်မှ ပါလာ
ကြသည်ဟု ရေးသားထားသည်။

အကယ်၍ ထိုအဖြစ်အပျက်မှာ တိုက်ဆိုင်မှုဆိုပါက
ကြောက်စရာကောင်းသော တိုက်ဆိုင်မှုမျိုးပင် ဖြစ်ပေလိမ့်မည်။

ယခု ကန္တာပနဒီတွင် ရေစုန်ရေဆန် မျောပါနေသော
ခေါင်းတလားကြီးတစ်လုံးကိုမူ ငါးဖမ်းထွက်သူများတွေ့ကြရ
သည်။

မည်ကဲ့သို့သော ထူးဆန်းမှုများရှိနေသည်ကိုတော့ မည်
သူမှ မသိနိုင်ကြသေးပေ။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၇)

# အသက်ဖြင့်ရင်းရသောအပေးအယူ

အချိန်က နံနက်ပိုင်းအချိန်သာရှိသေးသည်။

မြစ်ထဲ၌ မြူနှင်းများပင် မကွဲသေးပေ. . .။

ရေကျချိန်ဖြစ်သောကြောင့် မြစ်ကမ်းစပ်တစ်လျှောက်တွင် သောင်ပြင်သောင်ပြန့်များ ပေါ်ထွန်းနေလေသည်။ အချို့သောင်ပြင်များပေါ်တွင် ဗျိုက်တောကြီးများက ဖုံးလွှမ်းထားလေသည်။

မြစ်ရိုးတစ်လျှောက်တွင် နေရာအနှံ့အပြား ငါးဖမ်းနေ

www.burmeseclassic.com

www.burmeseclassic.com



ကြသူများရှိကြသည်။

ဝမ်းရေးအတွက် နည်းအမျိုးမျိုးဖြင့် ငါးပုစွန်တို့ကို ရှာဖွေ ဖမ်းဆီးကြခြင်းဖြစ်သည်။

ရေထဲတွင် ဝမ်းစာရှာဖွေကြသဖြင့် ရေလုပ်သားများဟု တင်စားခေါ်ကြသည့် တံငါသည်အတော်များများမှာ ညအချိန်သာ ငါးဖမ်းထွက်လေ့ရှိသည်။

ကုန်းပေါ်တွင် သားကောင်ရှာဖွေသော မုဆိုးများက နေ့အချိန်ထွက်ကြသည်။

ရေထဲတွင် ငါးပုစွန်ရှာဖွေသူတို့က ညအချိန်ရောက်မှ အရှာအဖွေထထွက်ကြလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ညအချိန်တွင် ငါးပုစွန်ရှာဖွေပါက ပိုမိုရရှိသောကြောင့်ပင် ဖြစ်ပေသည်။

မြစ်ရေပြင်အနှံ့၊ မြစ်ချောင်းများအနှံ့ နည်းအမျိုးမျိုးဖြင့် တစ်ညလုံး ငါးပုစွန်ရှာဖွေကြသူတို့မှာ နံနက်လင်းသောအချိန်တွင် မိမိတို့ရွာသို့ ပြန်လာကြသည်။ တစ်ညလုံး အိပ်ပျက်ထားသဖြင့် အိပ်ချင်နေကြပြီဖြစ်သော်လည်း မိမိတို့ အိမ်သူအိမ်သားတို့အတွက် ရောင်းချစရာများပါလာသောကြောင့် ဝမ်းသာနေကြလေသည်။

ထိုအချိန်မျိုးတွင် မြစ်ပြင်နေရာအနှံ့အပြားတို့တွင် ရွာသို့ပြန်လာကြသော လှေငယ်များကို တွေ့ကြရပေသည်။

ထိုလှေများထဲတွင် ကုန်းတန်းရွာသို့ ပြန်လာကြသော





သံပချိုင်တို့လှေလည်း အပါအဝင်ဖြစ်သည်။

ထိုလှေပေါ်တွင် သံပချိုင်နှင့် နောက်လိုက်နှစ်ဦးဖြစ်ကြသည့် စံနက်ကျော်နှင့် ရွှေသီးတို့လည်း ပါလာကြသည်။

၄င်းတို့သည် အပုတ်စာမျှောပြီး ငါးလိုက်သောလုပ်ငန်းလုပ်ကြရာ ငါးတန်၊ ငါးချောင်း၊ ငါးရွှေစသော ငါးကြီးများရလာကြသည်။

အပုတ်စာမျှောပြီး ငါးဖမ်းနည်းမှာ. . .

ဝက်သားစသောအသားများကို အပုတ်ခံထားရသည်။ အိုးတစ်လုံးထဲထည့်ပြီး အလုံပိတ်ထားရာ ပုတ်လာတော့မှ ငါးဖမ်းရာတွင် အသုံးပြုသည်။

ရေစီးမကြမ်းသေးသော ရေထဦးရက်၊ ရေသေရက်၊ (လဆန်း၊ လဆုတ် ၈-၉-၁၀-၁၁ ရက်) တို့တွင် ငါးလိုက်ထွက်ကြသည်။

ညအချိန်တွင် အသားပုတ်အိုးကိုတင်သွားပြီး ငါးလိုက်မည့်နေရာရောက်သောအခါ ဦးစွာအပုတ်ရေများကိုရေပြင်ပေါ်သို့ဖြန်းချသည်။

ထိုသို့ဖြန်းချလျှင် အပုတ်ကြိုက်သောငါးတန်၊ ငါးချောင်း၊ ငါးထွေ၊ ငါးရွှေ၊ ငါးမြင်း စသည်တို့ ရောက်လာကြသည်။

အချို့လူနည်းလျှင် ငါးဖမ်းနည်း တစ်နည်းသာသုံးသည်။ ဖော့လုံးတပ်ထားသည့် ငါးမြားချိပ်တွင် အပုတ်စာတပ်ပြီး မျှောချခြင်းဖြစ်သည်။ ဖော့မျှောသည်ဟုခေါ်ကြသည်။

နောက်တစ်နည်းကတော့ အပုတ်ခံထားသော အသား



www.burmeseclassic.com

www.burmeseclassic.com



တွဲကို ကြိုးဖြင့်ချည်ပြီး မျှောချလိုက်သည်။

ငါးများကထိုအစာကို လာဆွဲတော့မှ အောက်မှ ငေါ် အကြီးစားဖြင့် ထိုးကော်ယူခြင်းဖြစ်သည်။

အပုတ်စာမျှောပြီး ငါးဖမ်းနည်းမှာ အခြားနည်းလမ်းများထက် ပိုမို၍ ငါးကြီးငါးကောင်းများ အရများကြလေ၏။

သို့သော် အတော်များများကတော့ အပုတ်နံ့မခံနိုင်သောကြောင့် ထိုနည်းမလုပ်ပဲ အခြားနည်းဖြင့်သာ ရှာဖွေကြသည်။

သံပချိုင်တို့ကတော့ အသောက်အစားများသူများဖြစ်ကြသဖြင့် အပုတ်နံ့ခံရသည်ကိုလည်း မကြောက်ကြပေ။

ငါးများများရရန်သာ အရေးကြီးသောကြောင့် ထိုနည်းကိုပင် အသုံးပြုကြလေသည်။

ယခုလည်း တစ်ညလုံး ရေစုန်ရေဆန်အပုတ်စာမျှောပြီး ငါးဖမ်းကြရာ ယခုပြန်လာတော့ သူတို့လှေထဲတွင် ငါးကြီးငါးကောင်းအတော်များများရခဲ့ကြလေသည်။

တစ်ညလုံး အိပ်ရေးပျက်သဖြင့် အိပ်ချင်နေသော်လည်း ငါးအရများသဖြင့်တော့ ကျေနပ်နေကြလေသည်။

နံနက်စောစော ရွာဘက်သို့ပြန်လာရာ. . တစ်နေရာရောက်တော့ ဖျိုက်တောစပ်တွင်တင်နေသော အရာဝတ္ထုတစ်ခုကို လှမ်းမြင်ကြသဖြင့် လှေလှော်နေရာမှ တုံ့သွားကြလေသည်။

အခြားတော့မဟုတ်ပေ. . ။

ဖျိုက်တောစပ်၌တင်နေသောအရာမှာ ခေါင်းတလား





ကြီးပင်ဖြစ်သည်။

ရေစပ်နှင့်မဝေးလှသဖြင့် ကောင်းစွာတွေ့မြင်ကြရသည်။

"ဟိုမှာတင်နေတာ ဟိုညက ငါတို့တွေ့တဲ့ခေါင်းတလားကြီးမဟုတ်လား"

"ဟုတ်တယ်ထင်တယ်"

သံပချိုင်ကလှေကိုရပ်ခိုင်းသဖြင့် ရပ်လိုက်ကြသည်။

"ငါတက်ကြည့်လိုက်မယ်"

သံပချိုင်နှင့် စံနက်ကျော်တို့က ထိုခေါင်းတလားကြီးကို တစ်ကြိမ်တွေ့ဖူးကြသော်လည်း ရွှေထီးကတော့ ယခုမှ တွေ့ရခြင်းဖြစ်သည်။

"ခေါင်းကိုဘာဖြစ်လို့ တက်ကြည့်မှာလဲ"

ရွှေထီးကမေးလိုက်သည်။

"ဟိုတစ်ညက ငါတို့တွေ့ခဲ့တုန်းက ခေါင်းထဲက အသံကြားရတယ်၊ ဘာလဲဆိုတာသိအောင် တက်ကြည့်ဦးမယ်"

"ခေါင်းထဲမှာ လူသေအလောင်းအပြင် ဘာရှိမလဲ"

ရွှေထီးက ပြောသော်လည်း သံပချိုင်နှင့် စံနက်ကျော်တို့က အပေါ်တက်ရန်ပြင်ကြသည်။

ဓားတစ်လက်စီယူပြီး နွံထဲမှဖြတ်တက်သွားကြသည်။

ခေါင်းရှိသောနေရာမှာ ကိုင်းပင်များရှိသော အစပ်နေရာမှာ ဖြစ်သဖြင့် မဝေးလှပေ။

နှစ်ယောက်သား အနီးသို့ရောက်သောအခါ အသေ



www.burmeseclassic.com

www.burmeseclassic.com

အခြားကြည့်လိုက်ကြသည်။

ခေါင်းအဖုံးပေါ်မှာတော့ အမှိုက်သရိုက်များနှင့် ဖုံပေါင်များ တင်နေကြသည်။ ရေညှိရေမှော်များကပ်နေသဖြင့် အစိမ်းရောင်များ သမ်းနေသည်။

ခရုနှင့်ပက်ကျိကောင်များကလည်း နေရာအနှံ့တွင် တွယ်ကပ်နေကြသည်။

ရေငန်ထဲတွင် ရေစုန်ရေဆန်မျောနေသည်မှာ ကြာပြီဖြစ်ဟန်ရှိသည်။

ခေါင်းတစ်ခုလုံး 'ဂျင်း'များစွဲကပ်နေသည်။

"ခေါင်းကတော့ ကျွန်းခေါင်းကြီးပဲကွ၊ အဖုံးပေါ်မှာလည်း ကုလားစာတွေပါတယ်"

ရေညှိရေမှော်များကပ်နေသည့် ခေါင်းအဖုံးပေါ်မှာ သက္ကတဘာသာဖြင့် ရေးထားသည့် စာကြောင်းများကို ထွင်းထုရေးသားထားသည်။ သူတို့ကတော့မသိပေ။

"ဖွင့်ကြည့်မလား"

"တော်ကြာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ အလောင်းတွေ့တော ဘယ်လိုလုပ်မလဲ"

"မင်းကလည်း ကြောက်တတ်လိုက်တာ၊ တွေ့တော့လည်း ပြန်ပိတ်ထားလိုက်မှာပေါ့"

ဟုပြောပြောဆိုဆိုနှင့် သံပချိုင်က ခေါင်းအဖုံးကို မားဖြင့်ကလန့်ကာဖွင့်သည်။

ကျွန်းသားပေါ်မှာ သံဖြင့်ရိုက်ပိတ်ထားသောကြောင့်





င့်ရတာ မခက်လှပေ. . .။

တကျိကျိဖြင့် အသံမြည်ကာ ပွင့်သွားလေသည်။

အဖုံးပွင့်သွားတော့ နှစ်ယောက်သား အံ့ဩသွားကြသည်။ ခေါင်းထဲတွင် သူတို့ထင်ထားသလို လူသေအလောင်းတာမရှိပေ. . .။

နောက်ထပ် ရှည်မျောမျော ကျွန်းသေတ္တာငယ်တစ်လုံးတာတွေ့ရသည်။

"အလောင်းမရှိဘူး၊ ခေါင်းအကြီးထဲမှာ နောက်ထပ်ခေါင်းသေးလေးတစ်လုံးပဲ တွေ့ရတယ်"

အလောင်းမတွေ့ရတော့မှ စိုနက်ကျော်ပါ စိတ်ဝင်စားသာအမူအယာဖြင့် အနားကပ်လာပြီးကြည့်သည်။

သံပချိုင်က ခေါင်းကြီးထဲမှာထည့်ထားသော ခေါင်းအသေးကိုထုတ်ယူလိုက်သည်။

အလျားတစ်ပေခွဲ၊ အနံတစ်ပေနှင့် ဇောက်(၉)လက်မသာက်သာ အရွယ်အစားကြီးသော ခေါင်းငယ်လေးမှာ မလေးပေ။

ထို့နောက် ခေါင်းတလားကြီးအဖုံးကို ပြန်ပိတ်ပြီး ထိုအဖုံးပေါ်သို့ သေတ္တာငယ်ကလေးကို တင်လိုက်သည်။

သေတ္တာငယ်ကလေးအဖုံးပေါ်မှာလည်း သက္ကတဘာသာဖြင့် ထွင်းရေးထားသော စာများရှိနေသည်။

သံပချိုင်ကထိုစာများကို စိတ်မဝင်စားပေ။

သေတ္တာထဲမှာ ဘာတွေပါသည်ကိုသာ စိတ်ဝင်စားနေ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ကြောင့် ပိတ်ထားသော အဖုံးကိုဓားဖြင့် ကလန့်က ဖွင့်လိုက်သည်။

အတွင်းမှာတော့ ထူးခြားသော အရာတစ်ခုရှိနေသည်

အခြားမဟုတ်ပေ။

သစ်သားဖြင့်ပြုလုပ်ထားသော ရုပ်တုပင်ဖြစ်သည် အရွယ်အစားက တစ်ပေခန့်ရှိပြီး အပေါ်မှာ ကုလားအမျိုးသ များဝတ်သော ဆာရီကဲ့သို့ အဝတ်အစားများဝတ်ထားသေ လည်း ရေငွေ့ကြောင့် ဆွေးမြေ့နေချေပြီ။ ရုပ်တုကို မယူလို တော့ ဝတ်ဆင်ပေးထားသော အဝတ်အစားများက တစ်စ ကြွေကျသွားကြလေသည်။

ထိုအခါ အမျိုးသမီးတစ်ယောက်၏ ခန္ဓာကိုယ် ပကတိအနေအထားအတိုင်း တွေ့ရသည်။

ထုလုပ်ထားသောသစ်သားမှာ အနက်ရောင်ဖြစ်သေ လည်း မည်ကဲ့သို့သောသစ်သားမျိုး ဖြစ်သည်ကိုတော့ သူမသ ပေ။

ရုပ်တုမှာ အရွယ်အစားသေးငယ်သော်လည်း၊ ထုလု ထားပုံ လက်ရာမြောက်လှသဖြင့် အသက်ဝင်နေသကဲ့သို့ရှိ သည်။ မျက်လုံး၊ မျက်ခုံး၊ နှာတံ၊ ပါးစပ်၊ ခြေလက်၊ ကိုယ်လုံ ကိုယ်ထည်ထုလုပ်ထားပုံမှာ အချိုးအဆက်ကျကာ ထုလုပ်ထား လှပလေသည်။

"ဘာကြောင့် ဒီရုပ်ထုကို ခေါင်းထဲထည့်ပြီး ရေထဲမျှော လိုက်တာလဲ"





စံနက်ကျော်ကမေးလိုက်သည်။

"ငါလည်း ဘယ်သိပါ့မလဲ"

"ဒါဖြင့်လည်း သူနေရာသူပြန်ထားခဲ့ပါကွာ၊ ငါတို့သွား အောင်"

"အရုပ်ကလေးကလှတယ်ကွ၊ ယူလာခဲ့ရင်ကောင်းမ း"

"ဘယ်လိုကြောင့် ခေါင်းထဲထည့်မျှောလိုက်မှန်းမသိတဲ့ ကို မယူပါနဲ့ကွာ"

"မိန်းမရုပ်ကလေးက လှတယ်ကွ၊ ကိုယ်မလိုချင်တော့ း လိုချင်တဲ့သူတွေ့ရင် ရောင်းစားမှာပေါ့"

ဟုပြောကာ အရုပ်ကိုသေတ္တာထဲထည့်ပြီး သေတ္တာပါ ါတည်းသယ်ကာ လှေရှိရာသို့ ပြန်ဆင်းလာကြလေသည်။

အိမ်ပြန်ရောက်တော့ သံပချိုင်က ထိုသေတ္တာကို ဘယ် မြင်အောင် ဝှက်ယူထားပြီး အိမ်တစ်နေရာတွင် ထားလိုက် သည်။

ညအချိန်ရောက်တော့ အရက်မူးမူးနှင့် အိပ်ပျော်သွား စ်ခုတစ်ယောက်က လာနှိုးသဖြင့် ပြန်နိုးလာသည်။ ကြည့် တော့ အနားမှာ အမျိုးသမီးတစ်ယောက် ရပ်နေသည်ကို ရသဖြင့် အံ့သြသွားလေသည်။

ထိုအမျိုးသမီးကို တစ်ခါမှ မမြင်ဘူးသေးပေ။

ရုပ်ရည်ကိုကြည့်ရုံဖြင့် ကုလားအမျိုးသမီးတစ်ဦးဖြစ်မှန်း ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမကိုယ်ပေါ်မှာတော့ ရေစိုသောအဝတ်အစား အ
ဝတ်ထားသည်။ အင်္ကျီလုံချည်တော့မဟုတ်ပေ။

ဆာရီကဲ့သို့ ပါးလွှာသော ပုဝါရှည်ကိုပတ်ထားခြင်း
သည်။

"နင်ဘယ်သူလဲ"

"နင်ပဲ ငါ့ကိုခေါ်လာခဲ့တာပဲ"

ထိုစကားကြောင့် ဇဝေဇဝါဖြစ်သွားသည်။

"နင့်ကိုတစ်ခါမှ မတွေ့ဖူးဖူး၊ ငါလည်း တစ်ခါမှ မ
မိဘူး၊ ဘယ်ကရောက်လာတာလဲ"

"သေတ္တာထဲမှာ ထည့်ထားတဲ့အရုပ်က ငါပဲပေါ့"

သံပချိုင်မှာ ပါးစပ်အဟောင်းသားဖြစ်သွားလေသ

ထို့အတူ စိတ်ဝင်စားမှုလည်းဖြစ်မိသည်။

"အခုဘာလာလုပ်တာလဲ"

"ငါ. . နင်တို့နဲ့မနေချင်ဘူး၊ ငါ့ကို ငါ့နေရာပြန်ပို့ပေ

"အဲဒီအရုပ်ကို ရောင်းစားမလို့ယူလာတာ၊ မပို့
ဘူး"

"ဒါကတော့ နင့်သဘောပေါ့၊ နောက်တော့သာ
အပြစ်မပြောနဲ့"

"ဒါထက် မေးရဦးမယ်၊ ဒီလိုသွားလာနိုင်နေတယ်
တော့ နင်ကတန်ခိုးရှိသလား"

"ရှိတယ်. . ."

"ဘာတွေ လုပ်ပေးနိုင်လဲ"





"ငါ့ကိုကိုင်ပြီး လိုတဲ့ဆုတစ်ခုတောင်းယူလို့ရတယ်၊ ဒါ
မယ့် ငါ့အတွက် တစ်ခုပြန်ပေးရတယ်"

"ဟင်. . . ဘာတွေလဲ"

"သွေးလိုချင်သွေး၊ အသက်လိုချင်အသက်ပေါ့"

စိတ်ထဲမှာနည်းနည်းတော့ လန့်သွားလေသည်။

"တခြားငါလိုချင်တာတွေရော လုပ်ပေးနိုင်မလား. ."

ခေါင်းညိတ်ပြသလား၊ ခေါင်းခါပြသလား သေသေချာ
တော့ မမြင်လိုက်ရပေ. . .။

သူ့အနီးမှ ပြန်ထွက်သွားလေသည်။

သံပချိုင်မှာသာ အိပ်ချင်မူးတူးနှင့် ဇဝေဇဝါဖြစ်ပြီး ကျန်
လေသည်။

"ငါအရက်မူးပြီး မြင်မိမြင်ရာ မြင်နေတာလား၊ ဒါမှမ
တ် အပ်မက်မက်နေတာလား၊ စောစောက ငါ့အနားလာရပ်
တာတော့ လူတစ်ယောက်ပါပဲ၊ အိပ်မက်တော့ ဘယ်နည်းနဲ့မှ
ဖြစ်နိုင်ပါဘူး၊ ဘာပဲဖြစ်ဖြစ် သူပြောသွားတာ ဟုတ်မဟုတ်
က်ကျရင်တော့ စမ်းကြည့်ရမယ်"

ဟုစိတ်ကူးကာ ပြန်အိပ်လေတော့သည်။

သံပချိုင်မှာ မိန်းမနှင့် ကလေးသုံးယောက်ရှိသော်လည်း
ားသမီးများက ငယ်သေးသောကြောင့် အားမကိုးကြရသေး
။

သို့ကြောင့် အလုပ်ဆင်းလျှင် အခြားအဖော်များကို ခေါ်
ားရခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်မှာ အသောက်အစားမကင်းသလို လောင်းကစားနှင့် အပျော်အပါးလည်း ခုံမင်သူဖြစ်သည်။

ထို့ကြောင့် ရှာဖွေရသမျှ အဖပ်တင်သည်မရှိပေ။

သူသည် ရှာဖွေရသော ငါးပုစွန်များကို ကျော်ဇံနိုင်ပွဲရုံတွင် သွားရောက်သွင်းသည်က များလေသည်။ သို့သော် သွင်းသော ကုန်းပစ္စည်းထက်၊ ယူထားသောငွေက ပိုနေသောကြောင့်ကြွေးနှင့်ကင်းသည် မရှိခဲ့ပေ။

နောက်တစ်နေ့ ငါးဖမ်းထွက်သောအခါ ဝှက်ထားသော အရုပ်ကလေးကို လူမမြင်အောင် အဝတ်ဟောင်းတစ်ခုဖြင့်ထုပ်ပြီး ယူသွားလေသည်။

ညဘက်ငါးဖမ်းချိန်ရောက်တော့ ထိုအရုပ်ကိုထုတ်၍ လက်ဖြင့်ကိုင်မြှောက်ကာ လိုသောဆုတောင်းလေသည်။

"ကဲ ကုလားမလေးရေ၊ နင်လာပြောတာ ဟုတ်မဟုတ် ဒီညတော့ စမ်းကြည့်ရမယ်၊ ငါတို့ဒီည ငါးများများလိုချင်တယ်။ ရမယ်ဆိုရင် လှေတစ်ဝက်လောက်ရအောင် လုပ်ပေးပါ၊ မဟုတ်ရင်တော့ နင်ကိုဓားနဲ့ခုတ်ပြီး မီးရှို့ပစ်မယ်"

ဟုပြောပြီး အရုပ်ကိုအဝတ်ဖြင့်ပတ်ကာ လှေဝမ်းအောက်သို့ ပြန်ထည့်ထားလိုက်သည်။

သူလုပ်နေတာကိုကြည့်ပြီး စံနက်ကျော်နှင့် ရွှေထိုးနှစ်ယောက်က သဘောမပေါက်ကြသဖြင့် ကြည့်နေကြသည်။

သူ့ကိုစွပြီးတော့မှ တစ်ယောက်ကမေးသည်။

"ဘာလုပ်နေတာလဲ"





"ဆုတောင်းနေတာမမြင်ဘူးလား"

"မြင်တော့မြင်တာပေါ့၊ ဒီအရုပ်နဲ့က ဘာလုပ်တာလဲ"

"အရုပ်နဲ့ဆုတောင်းတယ်လေ၊ ညက ငါ ထူးထူးဆန်းဆန်း တွေ့ရတယ်"

သံပချိုင်က အကြောင်းစုံပြောပြလိုက်သည်။

ထိုစကားကြားတော့ ကျန်နှစ်ယောက်က ထွေထွေထူးထူးတော့ ဘာမှမပြောကြပေ။

သို့သော် နှစ်ယောက်စလုံး စိတ်ထဲမှာတော့ သံသချိုင်ယောက် အရက်သောက်တာများပြီး ကြောင်တောင်တောင်ဖြစ်သွားပြီးဟု ထင်နေကြသည်။

ထိုညမှာတော့ ထူးထူးခြားခြား ငါးရတာများလှလေသည်။ ဖော့တစ်လုံးမှာ ငါးမိနေသဖြင့် ဖြုတ်ယူ၍မှ မပြီးခင်နောက်တစ်ကောင်က မိနေပြန်သည်။

နောက်တစ်လုံးကငါးကို ဖြုတ်၍မှမပြီးခင် နောက်ထပ်မိနေပြန်သည်။

ဤသို့ဖြင့် တစ်ညလုံးလက်မလည်အောင် ငါးဖြုတ်တင်နေသောကြောင့် သုံးယောက်စလုံး တစ်ရေးတမောမှမေးခွင့်မပင်ကြပေ. . .။

"သံပချိုင်ပြောတာ ဟုတ်များဟုတ်နေရော့သလား၊ ဒီညတော့ ခါတိုင်းညနဲ့မတူပါလား၊ ငါးတွေဒီလောက်မိတာ အခါမှမကြုံဖူးသေးဘူး"

ဟု စံနက်ကျော်ကပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com



သံပချိုင်ကတော့ အိပ်မက်ထဲမှာ ပြောသွားသည့်အတိုင်း တကယ်ဖြစ်နေသောကြောင့် များစွာဝမ်းသာနေ
သည်။

တစ်ညလုံးငါးဖမ်းကြရာ နောက်တစ်နေ့မနက်ပို
ရောက်သောအခါ ငါးအကြီးအသေးအကောင်မျိုးစုံ လှေ
ဝက်ကျော်မက ရကြလေသည်။

ထိုအခြေအနေကြောင့် သုံးယောက်သားဝမ်းသာအ
ရဖြစ်နေကြလေသည်။

"ဘယ်နှယ့်လဲ အခုတော့ ငါပြောတာယုံကြပြီမဟုတ်
လား"

သံပချိုင်က ဂုဏ်ယူဝင့်ကြွားသော လေသံမျိုးဖြင့် ပြော
လေသည်။

"တိုက်ဆိုင်မှုဆိုရင်တောင်မှ ဒီတစ်ခါတော့ အတော်
လေးထူးဆန်းတယ် . . ."

"ဘာပဲဖြစ်ဖြစ် ပေါ့ကွာ၊ ဒီလောက်ရတော့ငါတို့လ
ကြွေလေးဘာလေး ကြေသင့်သလောက် ကြေမှာပေါ့"

"ဒါထက် မင်းပြောတဲ့အထဲမှာ ကိုယ်လိုချင်တာရအေ
လုပ်ပေးပြီးရင် သူလိုချင်တာလည်း ပြန်ပေးရမယ်လို့ ပါတ
မဟုတ်လား၊ တကယ်လို့ သူအကူအညီပေးလို့ ငါးတွေဒီလော
ရတာဆိုရင် သူ့ကိုရော ဘာပြန်ပေးရမှာလဲ"

စံနက်ကျော်က စိတ်ပူပန်စွာဖြင့်မေးလိုက်သည်။

ထိုသို့မေးသောအခါ သံပချိုင်က ပေါ့ပေါ့တန်တန်



ပြန်မပြောပဲနေလေသည်။

သို့သော် မကြာခင်မှာ သူတို့မိသားစုအတွက် အန္တရာယ်
ဆိုးတစ်ခု ရောက်လာတော့မည်ကို သူမသိပေ။

ထိုနေ့က မရစဖူး ငါးများလှေဝမ်းပြည့်လောက်အောင်
ရလာကြသဖြင့် အားလုံးက ဝမ်းသာနေကြလေသည်။

ညဘက်အိပ်ချိန်ရောက်တော့ ထုံးစံအတိုင်း အရက်
သောက်ပြီးအိပ်နေသော သံပချိုင်မှာ တစ်စုံတစ်ယောက်က
လာနှိုးသဖြင့် ပြန်နိုးလာရသည်။

ကြည့်လိုက်တော့ မနေ့ညကတွေ့ခဲ့ရသော ကုလားမ
လေးကို တွေ့ရသည်။

"နင်လိုချင်တာ ငါလုပ်ပေးပြီးပြီ၊ ငါလိုချင်တာပေးမှာ
လား"

"နင်က ဘာလိုချင်နေလို့လဲ၊ ငါ့အိမ်မှာတော့ ဘာမှမ
ရှိဘူး၊ နင်ကြိုက်တာရှိရင် ယူသာသွားတော့"

ဟု အလွယ်တကူပြောပြီး ပြန်လည်အိပ်ပျော်သွားလေ
တော့သည်။

ညဥ့်နက်ပိုင်းအချိန်ရောက်တော့ စူးစူးဝါးဝါးအော်သံ
များကြားရသဖြင့် ပြန်နိုးလာပြန်လေသည်။

"အမယ်လေး . . သေပါပြီ၊ ဒီမှာသရဲကြီးလာသတ်နေ
တယ်၊ လာကြပါဦး . . ကယ်ကြပါဦး"

ထိုအော်သံကြောင့် သံပချိုင်တို့ တစ်အိမ်သားလုံး ပြန်နိုး
လာကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



အော်သံကြားရသည်က အခြားနေရာမှ မဟုတ်ပေ။ သူတို့နေသော တဲအပေါ်မှာပင်ဖြစ်ပေသည်။

"ဘာဖြစ်တာလဲဟ. . ."

"ကလေးတစ်ယောက်အော်သံ ကြားတယ်၊ ဘာဖြစ်တာလဲမသိဘူး. . ."

မိန်းမဖြစ်သူကပြောသဖြင့် မီးခွက်ထွန်းပြီးထကြည့်ကြသည်။ ကလေးသုံးယောက် အိပ်သောနေရာမှာ နောက်ဘက်တွင်ဖြစ်သည်။

သုံးယောက်ရှိသည့်အနက် နှစ်ယောက်သာ ကြောက်လန့်တကြားထပြေးလာသော်လည်း အငယ်ဆုံးကလေးကတော့ အိပ်ယာထဲမှ ကျန်ခဲ့လေသည်။

"ဘာဖြစ်ကြတာလဲ"

"မိစံအော်သံကြားလို့အဖေ သူဘာဖြစ်တာလဲ မသိဘူး"

"အိပ်ယာပေါ်မှာလည်း သွေးတွေတွေ့တယ်"

"ဟင်. . ."

ထိုစကားကြောင့် မီးရောင်ဖြင့် သွားကြည့်သောအခါ မိစံဆိုသောသမီးအငယ်ဆုံးမှာ သွေးဆိုင်ထဲမှာခွေခွေလေး ဖြစ်နေသည်ကိုတွေ့သဖြင့် ပွေ့ယူလိုက်သည်။

"မိစံ. . . မိစံ"

မထူးနိုင်တော့ပေ. . .။

လည်းပင်းတစ်ပိုက်မှာ ပေါက်ထွက်နေသော ဒဏ်ရာမှ သွေးများက မိစံကိုယ်ပေါ်မှာသာမကပဲ ကြမ်းပြင်ပေါ်သို့ ကျနေ





ကြသည်။

စမ်းကြည့်တော့ မိစံမှာ အသက်မရှိတော့ပေ. . .။

မျက်နှာမှာ ကြောက်လန့်စရာတစ်ခုခုကို တွေ့ခဲ့ဟန်ဖြင့် မျက်လုံးပြူးထွက်ကာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေလေသည်။

"ငါ့သမီးကို ဘာကောင်ဝင်ကိုက်သွားတာလဲ"

"မသိဘူး၊ သရဲတစ်ကောင်က သူ့ကိုလာသတ်နေလို့ ကယ်ပါဦးလို့ အော်သံကြားလိုက်တာပဲ"

သရဲဆိုသောစကားကြောင့် သံပချိုင် စိတ်ထဲမှာ သူဝှက်ထားသောအရုပ်ကို ချက်ခြင်းသတိရလိုက်သည်။

သူ့သမီးသေရသည်မှာ သူနှင့်တွေ့ခဲ့ရသော ကုလားမ လက်ချက်လည်းဖြစ်နိုင်စရာရှိသည်။

သို့သော် မသေချာသေးပေ။

လောလောဆယ်မှာတော့ သမီးတစ်ယောက် အသက်သေဆုံးသွားခဲ့ရပေပြီ။

ဘာမှမတတ်နိုင်တော့ပေ. . .။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၈)

# ပဿရိယစိတ်၏ တန်ပြန်မှုများ

မြစ်ကမ်းနံဘေးမှာတင်နေသော ခေါင်းတလားကြီးတစ်လုံးအတွင်းမှ ရုပ်တုကလေးရလာပြီးနောက်မှာတော့ တစ်သက်လုံးမရဖူးသော တစ်ညတည်းမှာပင် လှေတစ်စင်းစာငါးများ ရခဲ့သည်။ ထိုညမှာပင် ကလေးတစ်ယောက်သေဆုံးသွားခဲ့ရသည်။

တိရစ္ဆာန်တစ်ကောင်၏ အစွယ်ရာမျိုးဖြစ်သော်လည်း ထိုနေရာမျိုးတွင် လူတစ်ယောက်ကို သေလောက်အောင် ကိုက်



www.burmeseclassic.com

www.burmeseclassic.com



သတ်ပစ်နိုင်သော တိရစ္ဆာန်မျိုးမရှိပေ. . .။

မသေခင်က 'သရဲကြီးလာသတ်နေပြီ' ဟူသောအသံကို ကြားရသည်။

တကယ်ပဲ သရဲလာသတ်သွားတာလား မသိကြရသေးပေ။ စံနက်ကျော်နှင့် ရွှေထီးတို့ကတော့ စိုးရိမ်စွာ သတိပေးကြလေသည်။

"မင်းသမီးသေရတာ ထူးဆန်းတယ်၊ ဟိုအရုပ်နဲ့များ သက်ဆိုင်နေသလား"

"ဟုတ်တယ် သံပချိုင်၊ သူနဲ့တွေ့တုန်းက တစ်ခုခုပေးပြီးရင် တစ်ခုခုပြန်ယူမယ်လို့ ပြောသွားခဲ့တယ်မဟုတ်လား၊ တကယ်ပဲ ဖြစ်နေရော့သလား"

သံပချိုင်က ဘာမှပြန်မပြောပေ။

"မင်း အဲဒီအရုပ်ကို ဘယ်နေရာမှာ ဝှက်ထားသလဲ"

"ဟို. . အနောက်ဘက်က ထင်းပုံတွေကြားထဲမှာ ထည့်ထားတယ်၊ အခုမှတော့ ဒီအရုပ်ကို လူတွေသိလို့မဖြစ်တော့ဘူး၊ တော်ကြာ အပြစ်တွေက ငါ့အပေါ်ပုံကျလာလိမ့်မယ်"

"အေးပါ. . ငါတို့ကြည့်လုပ်လိုက်ပါ့မယ်၊ မင်းကဒီမှာ ဟန်မပျက်သာနေခဲ့ပါ"

ဟုပြောပြီး စံနက်ကျော်နှင့် ရွှေထီးတို့က နောက်ဘက် ထင်းပုံများထားသောနေရာသို့ သွားကြသည်။

ထိုနေရာရောက်တော့ ထင်းပုံများထားသော နေရာ အနောက်ဘက်တွင် အဝတ်ဟောင်းတစ်ခုနှင့် ပတ်ထားသော



ရုပ်တုကိုတွေ့ရသဖြင့် အသာယူပြီး လူရှင်းသောနေရာသို့ ယူသွားကြလေသည်။

သစ်ပင်တစ်ပင်အောက်ရောက်တော့မှ ပုဆိုးစကို ဖြေကြည့်လိုက်ရာ အံ့သြဖွယ်ရာကို မြင်ကြရလေသည်။

အခြားမဟုတ်ပေ။

ရုပ်တုကိုယ်ပေါ် နှင့် မျက်နှာတစ်ဝိုက်တွင် လောလောဆယ်စွန်းပေနေသောသွေးများကို တွေ့ရသောကြောင့်ဖြစ်သည်။ ထိုအခြေအနေကိုမြင်တော့ နှစ်ယောက်သား မျက်လုံးပြူးသွားကြသည်။

"အရုပ်မှာ သွေးတွေပေနေတယ်"

"မဟုတ်တာမှလွဲရော. . ၊ ဟိုကလေးကို ဒီအရုပ်ကိုက်သတ်တာများ ဖြစ်နေမလား"

"သူက သရဲမှမဟုတ်တာ. . ."

"သရဲမဟုတ်ပေမယ့်. . ၊ အခုသာ အရုပ်ဖြစ်နေပေမယ့် ညဘက်ရောက်တော့ သရဲဖြစ်ချင်ဖြစ်နေမှာပေါ့. ."

"ဒါဖြင့် ဘယ်လိုလုပ်ရင်ကောင်းမလဲ"

"ဆက်ထားလို့ လူတွေဆက်ပြီးသတ်နေရင်ခက်မယ်၊ သူမသိအောင် ရှင်းပစ်လိုက်တာပိုကောင်းမယ်"

ဟုပြောဆိုတိုင်ပင်ပြီး အရုပ်ကိုအဝတ်ဖြင့်ပတ်ကာ ရွှေထီးတို့တဲသို့ ယူသွားကြလေသည်။

ရွှေထီးတို့မိသားစု နေသောတဲမှာ ရွာနှင့်ဝေးသော ချောင်းစပ်နားတွင်ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com


တဲအတွင်းမှာတော့ ရွှေထီးမိန်းမနှင့် ကလေးနှစ်ယောက်တို့ရှိနေကြသည်။

သို့ကြောင့် မနီးမဝေးနေရာမှာရှိသော ထင်းခွဲသည့်နေရာသို့ ယူသွားကြသည်။

ထိုနေရာရောက်တော့ ရွှေထီးက အဝတ်ကိုဖယ်ပြီး ရုပ်တုကို ထင်းခွဲသောတုံးပေါ် သို့တင်ကာ ထင်းခွဲသောကပ်ပါးကို ကောက်ယူလိုက်သည်။

ကပ်ပါးဆိုသည်မှာ အသွားထက်လှသည့် ရဲဒင်းအကြီးစားမျိုးဖြစ်လေသည်။

ထိုအချိန်မှာပင် ရွှေထီးနားထဲမှ လေတိုးသံလိုလိုနှင့် အသံတစ်သံကြားရလေသည်။

"မလုပ်ပါနဲ့နော်. . . ."

"ဟင်. . ."

လှည့်ကြည့်လိုက်တော့ စံနက်ကျော်က မနီးမဝေးနေရာ၌ ထိုင်နေလေသည်။

ရွှေထီးက ကပ်ပါးကို မလိုက်သည်။

"မလုပ်နဲ့နော် နောက်မှ ငါ့အဆိုးမဆိုနဲ့"

ဒီတစ်ခါတော့ လေတိုးသံမျိုး မဟုတ်တော့ပေ။

မိန်းမတစ်ယောက်အသံကို သေသေချာချာကြားလိုက်ရခြင်းဖြစ်လေသည်။

"ဘယ်ကမိန်းမသံလဲကွ မင်းကြားလိုက်သလား"

ဟု စံနက်ကျော်အားလှမ်းမေးလိုက်သည်။



"ဘာမှမကြားမိပါဘူး၊ မင်းက ဘာတွေကြားနေလို့လဲ"

"ငါ့နားထဲမှာ မိန်းမတစ်ယောက်အသံ ကြားလိုက်ရသလိုပဲ"

"စိတ်ထင်နေလို့ဖြစ်မှာပါ"

သို့ကြောင့်. . ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ အောက်ခံသစ်တုံးပေါ် မှာတင်ထားသော ရုပ်တုကိုကပ်ပါးဖြင့် ခွဲချလိုက်လေတော့သည်။

"ကိုင်းကွာ. . ."

ပထမတစ်ချက်က နံဘေးမှကပ်လွဲသွားသည်။

"ကိုင်းကွာ. . ."

"နောက်တစ်ချက်လည်း ထပ်လွဲပြန်သဖြင့် ကန့်လန့်ဖြတ်အနေအထားတင်ပြီး ပိုင်းချလိုက်ရာ ကပ်ပါးကိုင်ထားသောလက်ကို တစ်စုံတစ်ယောက်က ရိုက်ဖယ်လိုက်သကဲ့သို့ ဖြစ်သွားတာ ကပ်ပါးသွားက အရုပ်ကိုမခုတ်မိပဲ ခြေထောက်ကို ခုတ်ချလိုက်လေတော့သည်။

"ဒုတ်. . . ."

"အား. . ."

ထိုအခါမှ စံနက်ကျော်လည်း နေရာမှထသွားပြီးကြည့်လိုက်တော့ ကပ်ပါးသွားက ခြေထောက်ကိုထက်ခြမ်းခွဲသကဲ့သို့ ဖြစ်နေပြီး မြေသို့စိုက်ဝင်နေသည်ကို တွေ့ရသည်။

"အား . . လုပ်ပါဦးကွ"

သို့ကြောင့် ကပ်ပါးကိုဆွဲနုတ်ပြီး ဖယ်ပစ်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ခြေထောက်ကတော့ ထက်ခြမ်းကွဲနေချေပြီ။

"ဒဏ်ရာက အတော်များတယ်"

ထိုသို့ပြောပြီး မနီးမဝေးမှာချထားသော ပုဆိုးစုတ်ဖြင့် ခြေထောက်ကို ပတ်ပေးလိုက်ရသည်။

"မင်းဒဏ်ရာများတယ်၊ ဆေးဆရာဆီသွားမှဖြစ်မယ် ရွှေထီး"

ရွှေထီးက သူ့အပြစ်နှင့်သူဖြစ်နေသည်ကတစ်ကြောင်း ဒေါသထွက်နေသည်ကတစ်ကြောင်း အံကြိတ်ခံသည်။

"အေး. . . သွားတာပေ့ါ ဒါပေမယ့် ဒီလောက်ဂြိုဟ်ဆွဲ တဲ့အရုပ်ကိုတော့ အရင်ရှင်းပစ်ရဦးမယ်"

"ဘယ်လိုရှင်းမှာလဲ"

"မီးပုံထဲထည့်လိုက်ရင် အေးရောမဟုတ်လား"

ဟုပြောပြောဆိုဆိုနှင့် အရုပ်ကိုပါတစ်ခါတည်းယူ၍. . . ထော့နဲ့ထော့နဲ့ဖြင့် အိမ်ပေါ်သို့တက်သွားသည်။

အိမ်ရှေ့တွင် ထမင်းဟင်းချက်သော မီးဖိုရှိသည်။

အနားသို့ရောက်သောအခါ လက်ထဲမှ ကိုင်လာသော ရုပ်တုကို မီးပုံထဲသို့ ပစ်ထည့်လိုက်လေသည်။

"ဝုန်း. . . "

မီးပုံထဲသို့ အရုပ်ကိုပစ်ထည့်လိုက်သောအခါမှာတော့ ရေနံဆီဖြင့် လောင်းချလိုက်သကဲ့သို့ မီးတောက်ကြီးများ ထလာ လေတော့သည်။

"ဝုန်း. . ဝုန်း. . "





မီးတောက်များက အပေါ်မှ ကျပ်မိုးစင်ကို အရင်လောင် သည်။ ထိုမှတဆင့် ဝါးထရံဖြင့်ကာထားသော အိမ်နံရံကိုထပ် လောင်လေသည်။

ထရံမှတစ်ဆင့် ဓနိပျစ်များမိုးထားသော နေရာရောက် တော့ မီးတောက်က ပိုကြီးလာသည်။ မနိုင်တော့ပေ။

ရွှေထီးက အနားမှာရှိသော ရေအိုးထဲမှရေဖြင့် မီးကို ငြိမ်းသတ်ရန်ကြိုးစားလေသည်။

မီးတောက်ကပြင်းသဖြင့် ရေဖြင့်ပက်သောအခါ မီးက ပက်သူကိုပင် ပြေးဟပ်ရာ နောက်သို့လန့်ကျသွားလေသည်။

မျက်နှာနှင့်ရင်ဘက်တွင် မီးဟပ်သော ဒဏ်ရာများ ထပ် သည်။ အချိန်အနည်းငယ်အတွင်းမှာပင် မီးတောက်များက အိမ်လုံးစွဲလောင်လာသဖြင့် အိမ်ပေါ်မှာရှိနေကြသူများ အော် ပြီးဆင်းပြေးကြရသည်။

မီးလောင်သည်ကို သိသဖြင့် အခြားနေရာမှ ရွာသူ ရွာသားများ ရောက်လာပြီး ဝိုင်းဝန်းငြိမ်းသတ်သော်လည်း မနိုင် တော့ပေ. . . ။

မီးတောက်ကြီးက တစ်အိမ်လုံးပြာကျသည်အထိ လောင် ကျွမ်းပြီးတော့မှ ငြိမ်းသွားပေတော့သည်။

ရွှေထီးတို့မိသားစုမှာတော့ ဒုက္ခနှင့်တွေ့ကြရပေတော့ သည်။ မရှိမဲ့ရှိမဲ့ စုထားသောငွေဖြင့် ဆောက်ထားခဲ့သောအိမ်က မီးလောင်သဖြင့် ကုန်သွားသည့်အပြင် အခြားအဝတ်အထည် အသုံးအဆောင်ပစ္စည်းအားလုံးကိုလည်း တစ်ခုမှမရလိုက်ကြ



www.burmeseclassic.com

www.burmeseclassic.com



ပေ. . ။

ထို့ပြင် ရွှေထီးခြေထောက်မှာလည်း ကပ်ပါးခုတ်မိ
ဒဏ်ရာကြောင့် ရက်အတော်ကြာသည်အထိတော့ အလုပ်
နိုင်တော့မည်မဟုတ်ပေ။

ထိုအကြောင်းကို စံနက်ကျော်က အရက်မူးမူးနှင့်
တဲ့လူကိုပြောပြရာ အတော်များများသိကြရလေသည်။ နီမေ
လည်း ထိုသတင်းကိုကြားသဖြင့် သတင်းသွားမေးလေသ

ရွှေထီးတို့မိသားစုအခြေအနေကို မြင်သောအခါ
မကောင်းဖြစ်မိလေသည်။

ရွှေထီးခမျာ ယခုအချိန်ထိ ခြေထောက်မှ ကပ်ပါး
မိသောဒဏ်ရာကို ဆေးဆရာနှင့် မပြရသေးပေ။

"ခင်ဗျားဒီအတိုင်းနေလို့ မရဘူး၊ ညှော်ဝင်ပြီး အနာ
လာရင် ဒါထက်ခံရလိမ့်မယ်၊ ဆေးဆရာတစ်ယောက်ယော
ကုမလား"

"ကုချင်ပေမယ့် ငါ့မှာပိုက်ဆံတစ်ပြားမှမရှိလေ

ရွှေထီးက ဆို့နင့်နေသောအသံဖြင့်ပြောသည်။

"ဒီအတွက် ဘာမှမပူနဲ့ ကျွန်တော်နဲ့သိတဲ့ဆေးဆ
ကြီးတစ်ယောက်ရှိတယ်၊ အကျိုးအကြောင်းပြောပြီး ခေါ်လ
မယ်"

"အေးကွာ. ."

ရွှေထီးကဆို့နင့်သောအသံဖြင့် တစ်ခွန်းသာပြော
သည်။ ထို့နောက် နီမောင်က ၎င်းနှင့်သိသော ဆရာကြီး ဦး

☺ အောင်မြင်စာပေ ☺



ကောင်းရှိရာသို့သွားကာ အကျိုးအကြောင်းပြောပြကာ ခေါ်လာ
သသည်။

ဦးဗန်ကောင်းမှာ ဆေးကုသပေးရာတွင် ငွေကြေးကို
မျှော်မြင်ပြီး ကုသပေးသူမဟုတ်သဖြင့် ဆေးဖိုးမရလည်း စေတ
ဖြင့် လိုက်လံကုသပေးတတ်ပေသည်။

ဗြိတိသျှတို့လက်အောက် ကျရောက်နေရစဉ်ကာလတွင်
စ်တွေမြို့ပေါ်တွင် ဆေးရုံရှိသော်လည်း မြို့သူမြို့သား နယ်သူ
ယ်သားတို့က ဆေးရုံကို အားမကိုးကြပေ။

ရခိုင်သမားတော်ဟုခေါ်သော တိုင်းရင်းဆေးဆရာတို့
င့်သာ ကုသမှုခံကြလေသည်။

ရခိုင်သမားတော်တို့တွင် ရှေးအစဉ်အဆက်ကပင် အ
ုံးပြုခဲ့ကြသည့် ဆေးနည်းကောင်းများရှိကြသည်။ ရှေးဆရာ
ကြီးများ အစဉ်အဆက်အသုံးပြုခဲ့ကြသည့် ဆေးကျမ်းများကို
ည်း နောက်သမားတော်တို့က အစဉ်အဆက် ထိမ်းသိမ်းခဲ့ကြ
ည်။

ရှေးအခါက စစ်တွေမြို့ပေါ်တွင်ရှိသော လူကုံတန်၊ လူ
မ်းသာများကပင် ရခိုင်တိုင်းရင်းဆေးဆရာကြီးများကို အသုံးပြု
ကြသည်။

စစ်ဆွေမြို့ပေါ်တွင် လူကုံတံများဆိုပါက တန်းစွယ်
ဆေးသမားကြီး လှမြသျှင်ဖခင်ကို အသုံးများခဲ့ကြသည်။

ထင်ရှားသောဓာတ်ဆရာ ရွှေသိုင်း (ရမ်းဗြဲဇကဲ့ဝတီ)
ဆိုလျှင် အစိုးရဆေးရုံအုပ်ကြီးနှင့် ယှဉ်ပြိုင်၍ ဆေးကုသခဲ့ဖူး

www.burmeseclassic.com

www.burmeseclassic.com



သည်။

နောင်ခေတ်တွင် ဘက္ကမန်းသမားတော်ကြီး၊ က
တောင်ဆေးသမားကြီး၊ လက်ပဲဟားဆေးသမားကြီး၊ ဆရာ
ရမ်းဗြဲဆေးဆရာကြီး ဦးအောင်ချမ်းညို၊ မင်းပြားကျောက်ခ
ဆေးဆရာကြီး ဦးစောလှအောင်တို့ဖြစ်ကြသည်။

ထိုဆရာကြီးများကား စစ်တွေမြို့ပေါ်တွင် ထင်ရှားေ
ကြားသော သမားတော်ကြီးများဖြစ်ကြသည်။

ရခိုင်တိုင်းရင်းဆေးဆရာတို့သည် ဆေးရုံဖွင့်၍၊ ဆေ
ခန်းဖွင့်၍ ကုသခြင်းထက်. . လူနာရှိရာသို့ လှည့်လည်၍ ဆေ
လှည့်လည်၍ ကုသခြင်းသာများသည်။

ဆေးဆိုင်မရှိသည့် နေရာဒေသတွင် ဆေးဖက်ဝင်
ပင်များကို သိက္ခမ်းသူများက တူးဖော်၍ ရောင်းချလေ့ရှိခဲ့
သည်။

စီးပွားရေးအမြင်ရှိခဲ့ကြသော နိုင်ငံခြားသားများဆိုလျှ
နိုင်ငံခြားမှလာသော ပွဲဆေးများကို ဆိုင်တင်၍ ရောင်းချ
သည်။

ရှားပါးဆေးများဆိုပါက ဈေးကစားခြင်းခံကြရသ
အဖိုးများစွာ ပေးဝယ်ကြသည်။

ထို့ကြောင့် ဆေးကုသရာတွင် ဆေးဖိုးဝါးခလည်း
လေးလာခဲ့ရသည်။

နောက်ပိုင်းတွင် ဆေးဆိုင်များကို အားကိုးလာခဲ့ကြ
ဖြင့် ဆေးကောင်းဆေးမှန်များထက် ဆေးကောင်းဆေးမှ



ဟုတ်၍ အစွမ်းမထက်ဖြစ်လာသည်။

နှစ်ကာလရှည်စွာ ရောင်းချလာခဲ့သဖြင့် ဆေးများမှာ ဟောင်းမြင်းပြီး အာနိသင်လျော့ပါးလာခဲ့ရသည်။

ဖန်၊ မှန်ပုလင်းပေါ်လာသောကြောင့်. . ဆေးကျည်တောက်၊ ဆေးထုတ်ရန် သလ္လဖက်၊ သတိုးရွက်ဖက်တို့ဖြင့် ဆေးထုပ်ပိုးလေး ပြတ်စဲလာရသည်။

ထင်ရှားသော သမားတော်များဆိုလျှင် လက်စွဲသုံးဆေးကောင်းများကို စုံလင်စွာထားလေ့ရှိကြသည်။

နောက်ပိုင်းတွင် စီးပွားရေးအခြေအနေကြောင့် ဆေးစွမ်းဆေးကောင်းများ မဖော်စပ်နိုင်တော့ချေ။

သို့ဖြစ်၍ ဆေးတစ်ဖုံ နှစ်ဖုံစသည်ဖြင့် ရေလဲပြောင်း၍သာလျှင် ကုသခဲ့သည်။

ထိုအခါ ဆေးပညာအမွေဆက်ခံမှု၊ ထိန်းသိမ်းမှုနည်းပါးကာ ကုသရာတွင်လည်း အားမရဖြစ်လာခဲ့ရသည်။

နောက်ပိုင်းကာလများမှာလည်း ဆေးကုသစားရိတ်များစွာမရှိသော်လည်း စေတနာဖြင့် ကုပေးသော တိုင်းရင်းဆေးဆရာကြီးများတော့ ကျန်ခဲ့သည်။

ထိုအထဲတွင် ဆရာကြီး ဦးဖန်ကောင်းလည်း တစ်ဦးအပါအဝင် ဖြစ်ပေသည်။

ယခုလည်း နီမောင်လာခေါ်သဖြင့် ဆေးလွယ်အိတ်ကို လွယ်ပြီးချက်ခြင်းပင် လိုက်လာခဲ့လေသည်။

ရွှေသီးတို့အိမ်ရောက်တော့ ရွှေသီးခြေရင်းဘက်မှ ကပ်

www.burmeseclassic.com

www.burmeseclassic.com



ပါးခုတ်မိသောဒဏ်ရာကို ဆေးထည့်ပြီး၊ မြင်းမြီးဖြင့်ချုပ်သည်။ ပြီးမှ ပတ်တီးစည်းပေးလိုက်သည်။

အနာမဝင်စေရန်ရန် မန်းဆေးများတိုက်ပေးလေသည်။ ထိုအခါမှပင် ရွှေသီးက ကျေးဇူးတင်စကားဆိုလေသည်။

"နီမောင်ရယ်၊ မင်းခေါ်လာပေးလို့ ဆရာကြီးနဲ့တွေ့ရ တာ၊ မင်းကိုလည်း ကျေးဇူးတင်ပါတယ်၊ ဆရာကြီးကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ. . "

ဦးဗန်ကောင်းက ကွမ်းဝါးနေရာမှ ခေါင်းညိတ်ပြသည်။

"ဟို. . . ဟို. . ဆရာကြီးကို ပြောစရာရှိပါတယ်"

"ဘာများလဲ. . "

"ဟိုမှာမီးလောင်သွားတာ ကျွန်တော်အိမ်ပါပဲ၊ ရှိစုမဲ့ ပစ္စည်းလေးတွေလည်း မီးထဲအားလုံးပါသွားလို့ ကုန်ပါပြီ၊ ဒီ ကြောင့် ဆေးဖိုးဝါးခတော့ နောက်မှလာပေးပါရစေ"

"ရပါတယ်ကွာ. . ဒါတွေ တွေးမနေပါနဲ့၊ ငါကမင်းကို စေတနာနဲ့ ကုပေးတာပါ၊ ဒါထက် ဘယ်လိုကြောင့် ဒီလောက် ဆိုးဆိုးဝါးဝါးတွေ ဖြစ်ကြတယ်ဆိုတာလည်း ငါ့ကိုပြောပြပါဦး"

ထိုသို့မေးသဖြင့် ရွှေသီးက မြစ်ထဲမှ ရုပ်တုတစ်ခုရလာ ပုံမှစပြီး၊ သံပချိုင်၏သမီးတစ်ယောက် သေရပုံနှင့် သူကြုံတွေ့ခဲ့ သော အဖြစ်အပျက်တို့ကို အားလုံးပြောပြလေသည်။

"အခုအဲဒီအရုပ်ကရော ဘယ်ရောက်သွားပြီလဲ"

"မီးထဲထည့်လိုက်တော့ မီးလောင်သွားပြီထင်တာပဲ"

ဦးဗန်ကောင်းက အတော်ကြာအောင် စဉ်းစားနေ



တော့သည်။

"ဒီအရုပ်ကိုယူမလာခင် ဘယ်လိုထူးခြားမှုတွေ တွေ့ခဲ့ သလဲဆိုတာလည်း မင်းမှတ်မိသလောက် ပြောပြပါဦး"

"အဲဒီအရုပ်ထည့်ထားတဲ့ ခေါင်းတလားကြီးကို အရင် တစ်ခါတွေ့ရတော့ ခေါင်းထဲကအသံတွေလိုလို ကြားရတယ်၊ နောက်ပြီး ခေါင်းအဖုံးပေါ်မှာလည်း ကုလားစာတွေရေးထားတာ တွေ့ရတယ်၊ နောက်ပြီး အရုပ်ထည့်ထားတဲ့ သေတ္တာအဖုံးပေါ် မှာလည်း အဲဒီစာမျိုးတွေ့ပါတယ်"

"အရုပ်ထည့်တဲ့ သေတ္တာကရော ဘယ်မှာလဲ"

"သံပချိုင်ဆီမှာလား၊ ဒါမှမဟုတ် လွှင့်ပစ်လိုက်ပြီးလား တော့ ကျွန်တော်မသိဘူး ဆရာကြီး"

ဦးဗန်ကောင်းက သက်ပြင်းတစ်ချက်ချလိုက်သည်။

"ဒါထက် ဆရာကြီးကိုမေးချင်ပါတယ်"

"မေးပေါ့ကွ. . . "

"တခြားတော့ မဟုတ်ပါဘူး၊ အဲဒါ ဘယ်လိုအရုပ်မျိုး ဖြစ်မလဲဟင်"

"အစီရင်နဲ့ပြုလုပ်ထားတဲ့ မှော်ဝင်ရုပ်ထုလို့ခေါ်တယ် ကွ"

"ဘယ်သူတွေက လုပ်တာလဲဟင်"

"ဒါတော့ ငါလည်းမသိဘူး၊ ကုလားစာတွေ ရေးထား တယ်ဆိုတော့ ကုလားပြည်ဘက်က မျောပါလာတာလည်း ဖြစ် နိုင်တာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအရုပ်မျိုးက ဘယ်လိုသုံးရသလဲဟင်"

"အစီအရင်နဲ့လုပ်ထားတဲ့ ရုပ်တုပဲဖြစ်ဖြစ်၊ အခြားဘယ် လိုပစ္စည်းမျိုးပဲဖြစ်ဖြစ်၊ နည်းလမ်းမှန်မှန် ကောင်းတဲ့စိတ်နဲ့ သုံး တတ်ရင် အကျိုးရှိတယ်

စိတ်ထားကလည်းမကောင်း၊ သုံးတာလည်း မမှန်ဘူး ဆိုရင်တော့ သုံးတဲ့လူကို ပြန်ပြီးအန္တရာယ်ပေးတတ်ကြတယ် နောက်. . ဒါမျိုးတွေ့ရင် သတိထားပေါ့ကွာ၊ စိတ်လိုက်မာန် ဘယ်တော့မှ မလုပ်လေနဲ့"

"ဟုတ်. . ဟုတ်ကဲ့"

ထို့နောက် နီမောင်နှင့် ဦးဗန်ကောင်းတို့က ထိုနေရာ မှ ပြန်ရန်ပြင်ကြသည်။

ပြန်ကာနီးတော့ နီမောင်က ရွှေထီးအနားသို့ သွားပြီး အကျိုးအကြောင်းပြောလေသည်။

"ခင်ဗျားတို့မိသားစုအတွက် ကျွန်တော်တို့တတ်နိုင်သ လောက်ဝိုင်းဝန်းကူညီပေးပါ့မယ်၊ ဘာမှအားမငယ်ပါနဲ့၊ ခင်ဗျား ခြေထောက်ကဒဏ်ရာသာ ပျောက်အောင်ဂရုစိုက်ပါ"

"အေး. . အေးကွာ. . ကျေးဇူးတင်ပါတယ်"

ထို့နောက်. . ရွှေထီးတို့အိမ်မှ ပြန်ထွက်လာခဲ့ကြလေ သည်။



# အခန်း(၉)

# မှော်ဝင်ရုပ်တုများအကြောင်း

နီမောင်က ထိုအကြောင်းများကို စိတ်ဝင်စားတတ်သူ ပီပီ သိချင်တာများရှိနေသောကြောင့် ဆရာကြီးဦးဗန်ကောင်း နေအိမ်သို့ တစ်ပါတည်းလိုက်သွားလေသည်။

ထိုအိမ်ရောက်တော့မှ အေးအေးဆေးဆေးနှင့်ရင်း သိချင်သောအကြောင်းအရာများကို မေးမြန်းလေသည်။

"ဆရာကြီး. . မှော်ဝင်အရုပ်၊ မှော်ဝင်ပစ္စည်းဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမျိုးတွေလဲဟင်"

ဦးဗန်ကောင်းက ကွမ်းအစ်ထဲမှ ကွမ်းတစ်ယာကို ယာစားနေလေသည်။

"မင်းက ဒီကိစ္စမျိုးတွေ စိတ်ဝင်စားလို့လား"

"ဟုတ်ကဲ့ စိတ်ဝင်စားတယ် ဆရာကြီး"

"မှော်ဝင်ရုပ်တုဆိုတာပဲဖြစ်ဖြစ် မှော်ဝင်ပစ္စည်းပဲဖြစ်ဖြစ် သဘာဝအတိုင်းမဟုတ်ပဲ သိဒ္ဓိဓါတ်တွေကိန်းဝင်နေတဲ့ အာရာဝတ္ထုမျိုးကိုပြောတာကွ၊ မင်းနားလည်အောင်ပြောရရင်တော့ အသက်မရှိတာကို အသက်သွင်းပေးထားတာမျိုးပေါ့"

"ကျွန်တော်ကြားဖူးတာကတော့ အသက်မရှိတော့တဲ့ အလောင်းကို အသက်သွင်းပေးလိုက်ရင် အသက်ဝင်လာသလိုမျိုးလား ဆရာကြီး"

"သဘောချင်းတူပေမယ့် အစိပ္ပါယ်ချင်းကတော့ မတူဘူး၊ ဖုတ်သွင်းတယ်ဆိုတာ မကောင်းဆိုးဝါးပဲဖြစ်ဖြစ်၊ ဝိညာဉ်တစ်ခုခုကိုပဲဖြစ်ဖြစ် ခေါ်သွင်းတာကိုပြောတာ၊ မှော်သွင်းတယ်ဆိုတာ သိဒ္ဓိတစ်မျိုးမျိုး ထည့်သွင်းပေးတာကိုပြောတာ"

ဟုပြောပြသည်။

နီမောင်က ဘာမှပြန်မမေးပဲ စိတ်ဝင်စားစွာ နားထောင်နေလေသည်။

ဦးဗန်ကောင်းက ကွမ်းတံထွေးကို ကြမ်းပေါက်မှ ထွေးချလိုက်ပြီးမှ စကားပြန်ဆက်လေသည်။

"ဆေးတော်ကြီးတွေ၊ အင်းချပ်တွေ၊ ဓာတ်လုံးတွေ စီရင်



ပြီးရင် ဒီအတိုင်းထားရင် သိဒ္ဓိမဝင်ဘူး၊ သက်ဆိုင်ရာ အစီအရင်တွေပြုလုပ်ပြီး မှော်သွင်းမှ သိဒ္ဓိဝင်တယ် ဓာတ်လုံးတစ်လုံး ထိုးလို့ရရင် သာ့မန်ပဲရှိတယ်၊ သိဒ္ဓိတင်တော့မှ သိဒ္ဓိဝင်ပြီး အစွမ်းထက်လာသလိုမျိုးပေါ့"

"ဟုတ်ကဲ့"

"သိဒ္ဓိရှိတဲ့ပစ္စည်းတွေထဲမှာတောင် နှစ်မျိုးရှိသေးတယ်၊ တစ်မျိုးက လူတွေစီရင်ပြုလုပ်ထားတဲ့ ပစ္စည်းမျိုးတွေနဲ့ နောက်တစ်မျိုးကတော့ သဘာဝအတိုင်း သိဒ္ဓိဝင်နေတဲ့ပစ္စည်းမျိုးတွေပဲ"

"သဘာဝအတိုင်းဖြစ်နေတဲ့ သိဒ္ဓိဝင်ပစ္စည်းတွေက ဘာတွေလဲဆရာကြီး"

"အများကြီးရှိတာပေါ့ကွာ၊ မိုးကြိုးသွား၊ တောဝက်အစွယ်နီ၊ သက်တောင်းမာန်စွယ်ဂင်းပိတ်၊ ဂျီစွယ်ဂင်းပိတ်၊ ဂျီလက်ဝါးကာ၊ ဖြူစွယ်ဂင်းပိတ်၊ သင်းခွေချပ်အကြွေးခွံ၊ ဆင်မာန်စွယ်၊ တိရစ္ဆာန်တွေဖြစ်တဲ့အမြှုတေတွေဟာ သဘာဝအလျောက် သိဒ္ဓိရှိကြတယ်"

"ကျန်တာတွေတော့သိတယ်၊ ဂျီလက်ဝါးကာဆိုတာ ဘယ်လိုမျိုးလည်းဆရာကြီး"

"ဂျီတွေဟာ သမင်ဒရယ်တွေလိုပဲ ခွာပါတယ်၊ ဒါပေမယ့် တချို့ဂျီတွေမှာ ခွာမပါပဲ ရှေ့လက်ချောင်းက လက်ဝါးလေးလိုဖြစ်နေတတ်တယ်၊ အဲဒါမျိုးရလို့ဆောင်ထားရင် ဘေးအန္တရာယ်တွေကို ကာကွယ်တားဆီးပေးနိုင်တယ်"

"ဟုတ်ကဲ့ ဆရာကြီး"



www.burmeseclassic.com

www.burmeseclassic.com



"တောထဲတောင်ထဲ သွားလာနေကြတဲ့ သူတွေဟာ ထိုက်ရင် သိဒ္ဓိရှိတဲ့ ထူးထူးဆန်းဆန်း ပစ္စည်းမျိုးတွေ တွေ့တတ်၊ ရတတ်ကြတယ်"

"ဘယ်လိုပစ္စည်းမျိုးတွေလည်း ဆရာကြီး"

"အများကြီးရှိတာပေါ့၊ သိဒ္ဓိဝင်ဂမုန်းတွေ၊ ဆေးပင်တွေလည်းရှိတယ်၊ သစ်ပင်ဝါးပင်တွေက ထူးထူးဆန်းဆန်းပုံသဏ္ဌာန်မျိုးတွေလည်းရှိတယ်၊ သစ်ပျံ၊ ဝါးပျံ၊ ကျောက်ပျံတွေလည်း တွေ့ရတတ်တယ်"

"ကျောက်တုံးတွေက ပျံနိုင်သလားဆရာကြီး"

"သဘာဝကျောက်တုံးကတော့ ဘယ်ပျံနိုင်ပါ့မလဲ၊ သိဒ္ဓိဝင်နေရင်တော့ မိုးပေါ် ပျံနိုင်တာပေါ့၊ ဒီလိုပဲ သစ်ပျံ၊ ဝါးပျံတွေ ဆိုတာလည်း သိဒ္ဓိဝင်နေလို့သာ ပျံနိုင်တာပေါ့၊ ဒါကို မှော်ဝင်တယ်လို့ ခေါ်လို့ရတယ်၊ သဘာဝအတိုင်း သိဒ္ဓိဝင်နေတာမျိုးကို မှော်ဝင်နေတယ်လို့ခေါ်တယ်၊ ဆရာတွေက အစီအရင်နဲ့ အသက်သွင်းတာမျိုးကိုတော့ မှော်သွင်းတယ်လို့ ခေါ်လို့ရတယ်"

ဟုပြောပြလေသည်။

(မိုးကုတ်နယ်ဘက်တွင် ပေါ်ပေါက်ခဲ့သော ကျောက်ပျံတော်အကြောင်းကို ဝတ္ထုတစ်အုပ်၌ ထည့်သွင်းရေးသားပြီး ဖြစ်ပါကြောင်း)

ထိုကဲ့သို့ မှော်ဝင်အစီအရင်ဖြင့်ပြုလုပ်ထားသော ရှေးဟောင်းရုပ်ထုတစ်ခုအကြောင်းကို သာဓကအနေဖြင့် ရေးသားဖော်ပြပေးပါမည်။





ထိုအကြောင်းအရာသည် ကမ္ဘာကျော်စာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂတ်တွေ့ကြုံခဲ့ရသော သစ်နက်ရုပ်တုအကြောင်း ပင်ဖြစ်ပေ၏။

၁၈၉၀ ပြည့်နှစ်၊ မေလ ၁၇ ရက်။

ဝိုင်းစက်သောလသည် ညိုမှောင်နေသော ကိုကိုးပင်တန်းများပေါ်မှ တငြိမ့်ငြိမ့်ထွက်လာသည်။

နေဝင်ဆည်းဆာချိန်က ရွာသွန်းထားသော မိုးကြောင့် လူသွားလမ်းပေါ်တွင် ရေအိုင်များ ဖြစ်ထွန်းလျက်ရှိသည်။

တောရပ်မြိုင်ခြေသည် တိတ်ဆိတ်လျက်ရှိ၏။ ခပ်လှမ်းလှမ်းထက်ကောင်းကင်ဘွင မက်ဆီကိုစီးတီးမြို့မှ ထွန်းညှိထားသော မီးရောင်တို့ကို မြင်နေရသည်။

တိမ်မြုပ်ပျောက်ကွယ်နေသော မာယာလူမျိုးများနှင့် အက်(စ်)တက်(စ)လူမျိုးများအကြောင်း နောက်ခံထား၍ ဝတ္ထုများရေးသားရန် သုတေသနပြုလျက်ရှိသော ကမ္ဘာကျော် စာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂတ်နှင့် သူ့မိတ်ဆွေ ကြေးနီသတ္တုတွင်းပိုင်ရှင်နှင့် အင်ဂျင်နီယာဂျေ၊ ဂလက်ဝင်းဂျက်(ဘ)တို့သည် မက်ဆီကိုနိုင်ငံ မက်ဆီကိုစီးတီးမြို့မှ မိတ်ဆွေတစ်ဦး၏ စီစဉ်ပေးမှုကြောင့် မက်ဆီကိုစီးတီးမြို့စွန်၊ ကိုကိုးခြံကြီးအတွင်း နေထိုင်သည့် မက်ဆီကို တိုင်းရင်းသားအဘိုးကြီးတစ်ဦးနှင့် တွေ့ဆုံရန် မက်ဆီကိုစီးတီးမြို့တော်မှ ညနေ(၆)နာရီခန့်က ထွက်လာခဲ့ခြင်း ဖြစ်၏။

ရိုက်ဒါဟက်ဂတ်သည် လွန်ခဲ့သော နှစ်လခန့်ကပင်

www.burmeseclassic.com

လန်ဒန်မြို့မှ ထွက်ခွာလာခဲ့ခြင်းဖြစ်သည်။

လန်ဒန်မြို့ ပြဇာတ်ရုံကြီးတွင် သူ၏အရောင်းအသွ
ဆုံး ဝတ္ထုကြီးဖြစ်သော ရှုပနန္ဒီဝတ္ထုကြီး (She) အားမှီငြမ်းတ
ဆက်သည့် ပြဇာတ်ပြသည့်နေ့၌ ဝိတိုရိယဘုရင်မကြီးနှင့် ကြ
ရာတော်မင်းသားကြီးတို့သည် ကြွရောက်ချီးမြှင့်ခဲ့ပြီး သူ့အ
တောင်အမေရိကတိုက်ရှိ တိမ်မြုပ်ပျောက်ကွယ်နေသော ရှေး
ယဉ်ကျေးမှုများကို နောက်ခံထား၍ ဝတ္ထုကြီးများရေးသား
တိုက်တွန်းခဲ့ကြ၏။

ထိုပြဇာတ်တင်ဆက်သည့်နေ့မှာပင် မက်ဆီကိုနိုင်
ဆန်တာဖိုကြေးနီသတ္တုတွင်းကုမ္ပဏီမှ အင်ဂျင်နီယာကြီး
ဂလက်ဝင်းဂျက်(ဘ) ဆိုသူနှင့် တွေ့ဆုံရာမှ ရိုက်ဒါဟက်ဂ
သည် တောင်အမေရိကတိုက်ရှိ ပီရူး၊ အီကွေဒေါ၊ မက်ဆီကိုနိုင်
များသို့ လှည့်လည်သွားလာကာ သူရေးသားမည့် ဝတ္ထုကြီးများ
တွက် ကုန်ကြမ်းများစုဆောင်းမိခဲ့သည်။

ဆရာကြီးရိုက်ဒါဟက်ဂတ်သည် မာယာလူမျိုးတို့နှ
အက်(စ်)တက်(စ)လူမျိုးတို့၏ ရှေးရာယဉ်ကျေးမှုများကို တော
အမေရိကတိုက် တစ်နံတစ်လျား ခရီးထွက်၍ လေ့လာခဲ့သ
သာမက ထိုလူမျိုးတို့၏ ရှေးဟောင်းပစ္စည်းများကိုလည်း
ဆောင်းခဲ့ပြီး ရှေးရာပုံပြင်ဒဏ္ဍာရီများကိုလည်း မှတ်တမ်းတ
ပြုစုခဲ့သည်။

သူ၏ ဒစ်ချင်ဟန်စံအိမ်တော်ကြီးတွင် စိုက်ပျိုးရန် ရှာ
ပါးသည့် သစ်ခွပန်းပင်များနှင့် အခြားသစ်ပင်ပန်းပင်များ





သည်း တစိုက်မတ်မတ် စုဆောင်းခဲ့ပြီးဖြစ်သည်။

ယခုမက်ဆီကိုစီးတီးမြို့ပြင်ရှိ ကိုကိုးခြံသမားတစ်ဦးထံ
ရှေးဟောင်းပစ္စည်းရမည်ဟု သိရှိရသဖြင့် မကြောက်မရွံ့ထွက်
လာခဲ့ခြင်းဖြစ်သည်။

သူတို့နှစ်ဦး၏ခြေသံနှင့် ပုရစ်တို့ပျင်းရိလေးတွဲစွာ အော်
မြည်နေသောအသံ၊ ဖားများ၏ တအုံ့အုံ့အော်နေသည့် အသံ
များနှင့် ကိုကိုးပင်ထက်မှ စူးစူးဝါးဝါးအော်ကြသည့် ညဥ့်ငှက်
တို့၏ အသံများကိုသာ ကြားရ၏။

ရော်ဘာပင်တောကြီးများအတွင်း လေတိုးငွေ့သဖြင့်
တရှဲရှဲမြည်နေသည့်အသံသည် သည်းထိတ်ရင်ဖို ဝတ္ထုကြီးများ
တွင် ရေးသားဖော်ပြထားသကဲ့သို့ ထိတ်လန့်ဖွယ်ဖြစ်နေ၏။

တသုန်သုန်တိုက်နေသော လေပြည်တွင် ကိုကိုးရွက်
ခြောက်နံ့များ၊ ညမွှေးပန်းရနံ့များနှင့် မြေသင်းနံ့တို့သည် ရော
ထွေးလျက်ရှိသည်။

သူတို့နှစ်ဦးသည် လူသွားလမ်းကလေးဘေးမှ ဝဲဘက်
ရှိ သုသာန်ဟောင်းသို့သွားသော လူသွားလမ်းကလေးအတိုင်း
လျှောက်လာခဲ့သည်။

ပြိုကျပျက်စီးနေသည့် သချိုင်းဂူကြီးများလည်း လရောင်
အောက်တွင် မှိုင်းပျပျဖြစ်နေ၏။

ထိုဂူဟောင်းကြီးများဘေးတွင် သူတို့နှစ်ယောက်တွေ့ရ
မည့် မက်ဆီကိုတိုင်းရင်းသား၏တဲကို တွေ့ကြရ၏။

ထိုတိုင်းရင်းသားကြီးမှာ မာယာလူမျိုးအကြီးအကဲ တစ်


www.burmeseclassic.com

www.burmeseclassic.com

ဦးမှ ဆင်းသက်ပေါက်ဖွားလာသူဖြစ်ပြီး သတ္တုတွင်းအင်ဂျင်နီယ
ဂျေဂလက်ဝင်ဂျတ်(ဘ)နှင့် ခင်မင်ရင်းနှီးသူတစ်ဦး ဖြစ်သည်

သူ၏ ပြောပြချက်အရ ဆာရိုက်ဒါဟက်ဂတ်မှာ မာယ
လူမျိုးနွယ်စုနှင့် အက်(စ်)တက်(စ)လူမျိုးတို့၏ ယဉ်ကျေးမှု
အခြေခံထား၍ ဝတ္ထုကြီးများရေးသားမည်ဟု တင်ကြိုပြောထ
သဖြင့် သူတို့မိသားစုရှိုးစဉ်ဘောင်ဆက် ထိန်းသိမ်းထားသည
သစ်နက်သားဖြင့် ထုထားသည့် ရုပ်တုတစ်ခုကို လက်ဆော
ပေးမည်ဟု ဖိတ်ခေါ်ရာ စာရေးဆရာကြီး ရိုက်ဒါဟက်ဂတ်နှ
သူ့မိတ်ဆွေ အင်ဂျင်နီယာ ဝင်းဂျက်(ဘ)တို့ လာရောက်ခြင်းဖြ
၏။

သူတို့နှစ်ဦးနှင့် တိုင်းရင်းသားကြီးတို့သည် သန်းခေါ
ချိန်ထိ ရှေးဟောင်းမာယာနှင့် အက်(စ်)တက်(စ်)လူမျိုးနွယ်တို့၏
ထူးဆန်းအံ့သြဖွယ်ကောင်းသည့် လောကီပညာရပ်များအကြောင်း
ဆွေးနွေးခဲ့ကြသည်။

သန်းခေါင်ကျော်သည်နှင့် သူတို့နှစ်ဦးသည် သုသာန
ပျက်ကြီးအတွင်းရှိ ပြိုကျပျက်စီးနေသော သချိုင်းဂူကြီးရှိရာသို့
တိုင်းရင်းသားကြီးနှင့်အတူ လိုက်သွားကြသည်။

သုသာန်တစ်ခုလုံး ညဉ့်ငှက်သံပင် မကြားရအောင်
တိတ်ဆိတ်ငြိမ်သက်လျက်ရှိသည်။

သူတို့သုံးဦး၏ ခြေသံများသာ ကြားရ၏။

သူတို့နှစ်ဦးအား သချိုင်းဂူကြီးရှေ့ရှိ စင်ကိုနာပင် တစ်
ပင်အောက်တွင် စောင့်ဆိုင်းနေစေခဲ့ပြီး တိုင်းရင်းသားကြီးမှာမူ





အတွင်းသို့ ဝင်သွားခဲ့သည်။

ဆာရိုက်ဒါဟတ်ဂတ်သည် များစွာထိတ်လန့်တုန်လှုပ်မိ
သည်ဟု နောင်အခါသူ့မိတ်ဆွေဖြိတ်သျှမနေသုတေသနအ
င်း ဥက္ကဋ္ဌကြီး အင်ဒရူးလင်းအား ပြောပြခဲ့လေသည်။

အချိန်အနည်းငယ်အတွင်းတွင် တိုင်းရင်းသားကြီး ပြန်
ာခဲ့သောအခါ အဝတ်စဖြင့် ရစ်ပတ်ထားသော ပစ္စည်းတစ်ခု
ယူလာခဲ့သည်။

ထိုအချိန်တွင် လရောင်သည် စင်ကိုနာပင်၏ အရွက်
းကို ထိုးဖောက်၍ ဖြာကျနေသဖြင့် သတို့နှစ်ဦးသည် တိုင်း
င်းသားကြီး၏လက်မှ အထုပ်ကို ကောင်းစွာမြင်နေရသည်။

သူသည် ဆာရိုက်ဒါဟက်ဂတ်၏ ဘေးတွင်လာ၍ ထိုင်
ကိတ်ပြီး အထုပ်ကလေးကို တဖြည်းဖြည်းဖွင့်လှစ်သည်။

မှိုင်းပျသော လရောင်အောက်တွင် တိုင်းရင်းသားကြီး
တောက်ပနေသော မျက်လုံးများသည် ရင်တုန်ဖွယ်ရာဖြစ်နေ

ရစ်ပတ်ထားသော အဝတ်တို့ကို ဖွင့်လိုက်သည်နှင့်
ာရိုက်ဒါဟက်ဂတ်နှင့် သူ့မိတ်ဆွေတို့မှာ အံ့သြထိတ်လန့်သွား
သည်။

သစ်နက်သားတစ်ခုကို ထုလုပ်ထားသော (၁၀)လက်မ
နှရှိသည့် ရုပ်တုတစ်ခုဖြစ်နေသည်။

ရုပ်တုမှာ မတ်မတ်ရပ်နေသောအရုပ်ဖြစ်ပြီး အချို့အ
းကျနေလှသည်။



www.burmeseclassic.com

www.burmeseclassic.com



မာယာအမျိုးသားတို့ ယဉ်ကျေးမှုအရ ထုလုပ်ထား
အရုပ်၏နောက်ကျောတွင် သင်္ကေတဘာသာ အက္ခရာများ
ဆင်တူသောစာများ ရေးထားသည်ကို တွေ့ကြရ၏။

တစ်စုံတစ်ရာကို ရည်ညွှန်းထားသည့် လမ်းညွှန်ချ
ဖြစ်သည်ဟု ရိုက်ဒါဟက်ဂတ်က ယူဆမိ၏။

တိုင်းရင်းသားကြီးကမူ ထိုရုပ်ထုသည် မာယာလူမျိုး
၏ လျှို့ဝှက်သောနေရာ တစ်နေရာကို ရည်ညွှန်းဖော်ပြ
သည့် အညွှန်းပါသည့် ရုပ်တုဖြစ်သည်ဟု သူ့ဖခင်က ပြော
ကြောင်း၊ ထိုရုပ်တုကို ဘိုးစဉ်ဘောင်ဆက် ထိန်းသိမ်းခဲ့သေ
လည်း မည်သည့်လုပ်ငန်းကိုမျှ သူတို့အနေဖြင့် ဆောင်ရွက်
ခြင်းမရှိဘဲ . . ယခု ဆာရိုက်ဒါဟက်ဂတ်ကဲ့သို့ ပုဂ္ဂိုလ်ကြီးအ
လက်ဆောင်ပေးခြင်းဖြင့် အကျိုးရှိနိုင်သည်ဟု ယူဆသဖြင့်
ပါသည်ဟု ဆိုခဲ့၏။

ထိုရုပ်တုပါစာများ၏ လျှို့ဝှက်ချက်ကို ဖော်ထုတ်နိုင်
က လူအများအတွက် အကျိုးရှိနိုင်မည်ထင်သည်ဟု တိုင်း
သားကြီးက စိတ်အားထက်သန်စွာပြောခဲ့သည်။

ဆာရိုက်ဒါဟက်ဂတ်သည် လန်ဒန်မြို့သို့ ပြန်ရော
ခဲ့သောအခါ သူ့မိတ်ဆွေ ဗြိတိသျှ မနောသုတေသနအဘ
ဥက္ကဋ္ဌကြီး အင်ဒရူးလင်းအား ထိုရုပ်တုကြီးကိုပြသခဲ့သည်

အင်ဒရူးလင်း (Andrew Lang)၏ အကြံပေးချက်
ဆာရိုက်ဒါဟတ်ဂတ်သည် ထိုရုပ်တုအား လန်ဒန်မြို့ ဗြိတိ
ပြတိုက်ကြီးရှိ အီဂျစ်ရှေးဟောင်းယဉ်ကျေးမှုဌာနမှူး ဝေါလေ့





ဘက်(ဂ) (Wallace Berge) အား စစ်ဆေးသုတေသနပြုပေးရန်
အပ်နှံခဲ့၏။

ဝေါလေ့(စ်)ဘက်(ဂ) ပြတိုက်ကြီးမှ သူ့မိတ်ဆွေ ရှေး
ဟောင်းယဉ်ကျေးမှု သုတေသီများနှင့်အတူ ရုပ်တု၏နောက်တွင်
ရေးထိုးထားသည့် အက္ခရာ(၂၄)လုံးအနက် (၁၄လုံးကိုမူ အဓိ
ပ္ပာယ်ဖော်ထုတ်နိုင်ကြ၏။

ထိုသုတေသနပညာရှင်တို့၏ ဖော်ထုတ်ချက်အရ ဆိုရ
လျှင် နှစ်ပေါင်းထောင်သောင်းကျော်က ယဉ်ကျေးမှု အံ့မခန်းတိုး
တက်ခဲ့သည့် လူမျိုးနွယ်တစ်စုသည် ရှေးဟောင်းမြို့တော်ကြီး
တစ်မြို့ကို တည်ထောင်ခဲ့ကြသည်။

ထိုလူမျိုးနွယ်စုသည် မျက်လုံးအပြာရောင်ရှိကြပြီး အ
သားအရေဖြူကြ၏။ သူတို့တည်ထောင်ခဲ့သော မြို့တော်ကြီးကား
တတ်ဘုံနတ်နန်းတမျှ အံ့မခန်းတင့်တယ်သာယာလှ၏။

ထိုမျိုးနွယ်စုသည် ဉာဏ်ပညာအရာတွင်လည်းကောင်း၊
ယဉ်ကျေးမှုအရာတွင်လည်းကောင်း မည်သည့်မျိုးနွယ်စုနှင့်မျှ
ယှဉ်ယှဉ်နိုင်လောက်အောင် တတ်ကြသည်။

မဟာဂန္ဓာရီပညာများကိုလည်း တစ်ဖက်ကမ်းခပ်
အောင် တတ်မြောက်ကြသည်။

သို့သော် လောဘ၊ မောဟတရားများ ဖုံးလွှမ်းလာသ
ဖြင့် လောကပါလနတ်တို့သည် ထိုမြို့တော်ကြီးတည်ရှိသည့်
ကျွန်းကြီးအား ပင်လယ်အောက်သို့ ပို့ဆောင်တော့၏။

ဤကျွန်းကြီးမှ ထွက်ပြေးလွတ်မြောက်လာသော မျိုး



www.burmeseclassic.com

www.burmeseclassic.com



နွယ်စုအချို့သည် မက်ဆီကိုပြန်နယ်၊ ပီရူးပြည်နယ်တစ်ဝိုက်၊ အင်ဒီး(စ်)တောင်တန်းဒေသတစ်ဝိုက်တွင် အခြေချ၍ နေထိုင်ခဲ့ကြ၏။

ထိုမျိုးနွယ်စုတို့၏ ယဉ်ကျေးမှုချက်ကို လမ်းညွှန်ထားသည်မှာ ရုပ်တုဖြစ်သည်ဟု ရှေးဟောင်းပညာရှင်အများစုက ယူဆခဲ့ကြ၏။

ထိုသစ်နက်ရုပ်တုနှင့် ပတ်သက်ပြီး နောက်ပိုင်းတွင် ကြောက်စရာကောင်းသော အဖြစ်အပျက်များ ဖြစ်ပျက်ခဲ့ကြလေသည်။

နောက်ဆုံး စာရေးဆရာကြီး ဆာရိုက်ဒါဟက်ဂတ်သည် ဗိုလ်မှူးကြီးပါစီဖော့ဆက်ဆိုသူအား လက်ဆောင်ပေးခဲ့သည်။

ဗိုလ်မှူးကြီးပါစီဖော့ဆက်သည် အမေဇုန်မြစ်ဝှမ်း တစ်လျှောက်တွင် နေထိုင်ကြသော လူရိုင်းများ၊ တိုင်းရင်းသား တို့၏ အကြောင်းများ၊

ရှေးကလူတို့ရေးသားထားခဲ့သော မှတ်တမ်းမှတ်ရာများ၊ သစ်နက်ရုပ်ထုကိုယ်ပေါ်တွင်ပါသော အညွှန်းစာများအရ သော်လည်းကောင်း၊ အတ္တလန္တိတ်မြို့တော်ကြီးကဲ့သို့ ထူးဆန်းသော မြို့ဟောင်းကြီးတစ်ခု တောနက်ထဲတွင် မုချရှိရမည်ဟု ယူဆမိလေသည်။

နောက်ပိုင်းတွင် ဗိုလ်မှူးကြီး ပါစီဖော့ဆက်သည် သားဖြစ်သူ ဂျက်ဖော့ဆက်၊

ဂျက်ဖော့ဆက်နှင့် ခင်မင်ရင်းနှီးသူ ရယ်လေးရီမီတို့နှင့်အတူ ခရီးထွက်ခဲ့ကြသည်။

၎င်းတို့ခရီးထွက်ခြင်းနှင့်ပတ်သက်သည့် ကုန်ကျငွေများကို လန်ဒန်မြို့ရှိ ဘုရင့်တော်ဝင်ပထဝီအသင်းကြီးမှ ကျခံပေးခဲ့သည်။

၎င်းတို့ဦးတည်ချက်မှာ (၁၉၂၅)ခုနှစ်တွင် တောင်အမေရိကတိုက်၊ ဘရာဇီးပြည်နယ်တောနက်ကြီးအတွင်း၌ ပျောက်ဆုံးနေသော အတ္တလန္တိတ်မြို့တော်ကြီးမှ မျိုးနွယ်စုများကို ရှာဖွေသုတေသနပြုလာရန်အတွက် ထိုနေရာသို့ ဦးတည်ကာ သွားရောက်ကြခြင်းဖြစ်၏။

လပေါင်းများစွာကြာသောအခါ ၎င်းတို့နှင့် ပတ်သက်သော သတင်းများမကြားရတော့ပေ။

သစ်နက်ရုပ်တုကိုယ်ပေါ်၌ပါသော လမ်းညွှန်စာများနှင့် ခရီးထွက်ကြသော ဗိုလ်မှူးကြီးဖော့ဆက်ခေါင်းဆောင်သော အဖွဲ့မှာလည်း မည်သည့်နေရာ မည်သည့်အရပ်ဒေသသို့ ရောက်ရှိသွားကြသည်သော်လည်းကောင်း၊ သေသည်ရှင်သည်ဆိုသော သတင်းကိုသော်လည်းကောင်း နောက်မှလိုက်လံစုံစမ်းသူများ မသိကြရတော့ပါချေ။

ထိုအကြောင်းများမှာ ထူးဆန်းသော သစ်နက်ရုပ်တုနှင့် ပတ်သက်သည့် ဆန်းကြယ်သောအကြောင်းများပင် ဖြစ်ပေတော့သည်။

ယခု သံပချိုင်တို့ရရှိလာသော ရုပ်တုများလည်း သာမန်ရုပ်တုမျိုးမဖြစ်နိုင်ပေ။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းသော ရုပ်တုတစ်ခုဖြစ်သည်ကိုတော့ ယခု ဖြ[illegible]
ပျက်နေသော အဖြစ်အပျက်များကိုကြည့်ပြီး သိနိုင်ကြပေသည်
ဆရာကြီးဦးဇန်ကောင်းပြောပြသော အကြောင်းအရ[illegible]
များကို နားထောင်ပြီး နီမောင်က သက်ပြင်းချလိုက်လေသည်
"ဆရာကြီး ပြောပြပုံအရဆိုရင်တော့ ဒီရုပ်တုဟ[illegible]
မှော်ဝင်ရုပ်ထုဖြစ်ဖို့များပါတယ်၊ ဒါပေမယ့် ကောင်းတဲ့အရုပ်[illegible]
တော့ ဟုတ်မယ်မထင်ဘူး"
နီမောင်က သူ့ထင်မြင်ချက်ကို ပြောသောအခါ ဦးဇ[illegible]
ကောင်းက. . .
"ဒီလိုလည်း ပြောဖို့တော့ခက်တယ်၊ ရုပ်တုပဲဖြစ်ဖြ[illegible]
ဘယ်အရာပဲဖြစ်ဖြစ် အစီအရင်နဲ့ပြုလုပ်ထားတာ ဖြစ်လေတေ[illegible]
မှော်ဝင်သိဒ္ဓိအစွမ်းရှိတယ်၊ သူတို့ကို နည်းလမ်းမမှန်မကန် [illegible]
သုံးပြုရင် အန္တရာယ်တွေနဲ့ တွေ့ရပေမယ့် နည်းလမ်းမှန်မှန် [illegible]
သုံးပြုရင် အကျိုးကျေးဇူးတွေ ရနိုင်ပါတယ်"
ဟုပြောပြရာ နီမောင်လည်း သိချင်တာများ သိခဲ့ရ[illegible]
ဖြစ်သောကြောင့် ဆရာကြီးဦးဇန်ကောင်းကို နှုတ်ဆက်ပြီး ပြ[illegible]
ထွက်ခဲ့ပေသည်။



## အခန်း (၁၀)

# ဘဝမရှသော အညာတွမျာ်း

ဆက်ရိုးကျချောင်းတလျှောက်ရှိကြသော ရွာများမှာ စစ်တွေမြို့နှင့် ဆက်စပ်နေသော ရွာများဖြစ်သဖြင့် မြို့တစ်ပိုင်း၊ ရွာတစ်ပိုင်းဆိုက မမှားပေ။

တစ်ရွာနှင့်တစ်ရွာလည်း မဝေးလှပဲ ဆက်စပ်မှုရှိကြ လေသည်။ တံငါမှော်၊ ကုန်းတန်း၊ ဥဩဝတီရွာများမှာ ဆက်ရိုး ကျချောင်းတွင် အမှီပြုနေထိုင်သော ရွာများဖြစ်ကြ၍ တစ်ရွာနှင့် တစ်ရွာလည်း ဆက်စပ်မှုရှိကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com



ချောင်းဝတီရွာသည် စီးပွားရေးကောင်းသော အများစုရှိကြသော ရွာတစ်ရွာဖြစ်ပေသည်။

ထိုရွာတွင် မြနှင်းဖြူတို့ မိသားစု နေထိုင်ကြသည်။ ၎င်းတို့နေထိုင်သောအိမ်မှာ ဆတ်ရိုးကျချောင်းကမ်းပါး၌ပင် ရှိပြီး ဈေးဆိုင်လုပ်ငန်း၊ ငွေတိုးချေးတိုးပေးသော လုပ်ငန်းများ လုပ်ကိုင်ကာ စီးပွားရေးချောင်လည်ကြလေသည်။

၎င်းတို့မိသားစုတွင် ဦးကျော်ဖြူ ဒေါ်မယ်သူတို့နှင့် စောလှဖြူနှင့် မြနှင်းဖြူတို့ မောင်နှမနှစ်ဦးသာရှိကြလေသည်။

မောင်နှမနှစ်ယောကစလုံး လူပျိုအရွယ်၊ အပျိုအရွယ် ရောက်နေကြပြီဖြစ်သော်လည်း အိမ်ထောင်မပြုကြသေးပဲ မိဘများထူထောင်ထားသော အလုပ်ကိုသာ ဝိုင်းဝန်းလုပ်ကိုင်ကြလေသည်။

ရှေ့အခန်းများတွင် ရေးသားခဲ့သည့်အတိုင်း မြနှင်းဖြူမှာ အသက်(၂၃)နှစ်အရွယ်ခန့်ရှိပြီး ချောမောလှပသူဖြစ်သဖြင့် ဝိုင်းဝန်းပိုးပန်းသူများလေသည်။

ထိုအထဲတွင် အောင်သာကျော်နှင့် ကျော်ဇံခိုင်တို့ နှစ်ယောက်မှာ ရှေ့တန်းမှပါဝင်ကြလေသည်။

သို့သော် မြနှင်းဖြူကတော့ မည်သူ့အပေါ်မှ အလေးသာခြင်းမရှိသေးပဲ အေးအေးသာနေလေသည်။

မိခင်ဖြစ်သူကတော့ ကျော်ဇံခိုင်နှင့်စာလျှင် ပစ္စည်းဥစ္စာပြည့်စုံပြီး ရည်ရည်မွန်မွန်ရှိသော အောင်သာကျော်ကို ရွေးချယ်ရန် ပြောဖူးသော်လည်း မြနှင်းဖြူကတော့ ဆုံးဖြတ်ချထားခြင်း



မျိုးမရှိသေးပေ။

သူမအနေဖြင့် တစ်နေကုန်ဆိုင်လုပ်ငန်းများ လုပ်ကိုင်နေရသည်ကိုပင် ပျော်ရွှင်နေသည်။ စောလှဖြူတာဝန်က ဈေးဆိုင်အတွက် ကုန်ပစ္စည်း လိုအပ်လျှင် ဝယ်ယူပေးရသည်။

ရောင်းချခြင်းကိုတော့ မြနှင်းဖြူနှင့် အဖော်မိန်းကလေးတစ်ယောက်တို့ကသာ လုပ်ကိုင်ကြပေသည်။

တစ်နေ့သ၌ နံနက်ပိုင်းအချိန်တွင် လှေတစ်စင်းနှင့် နီမောင်ရောက်လာသည်။

နီမောင်နေသောရွာနှင့် ရွာချင်းမတူသော်လည်း မဝေးလှသောကြောင့် သိကျွမ်းမှုတော့ရှိကြလေသည်။

“နီမောင်. . နင်တစ်ယောက်တည်းလား၊ စောထီးနဲ့ ငမဲအောင်တို့ရော ဘယ်ကျန်နေခဲ့သလဲ”

“သူတို့အလုပ်ရှိလို့ နေခဲ့တယ်၊ ငါက ကိစ္စရှိလို့ လာခဲ့တာပါ”

“ဘာများလဲ”

“ငါ နင့်ကိုပြောစရာတစ်ခုရှိလို့ပါ”

မြနှင်းဖြူက သူ့မျက်နှာကို ဖျက်ခနဲကြည့်ပြီး အကဲခတ်လိုက်သည်။

“ဒီ. . ဒီလိုပါ. . ငါစကားပြောတာ လောကြီးသွားလို့ပါ၊ ငါပြောချင်တာက တခြားမဟုတ်ပါဘူး၊ ဆန်နဲ့ တခြားပစ္စည်းလေးတွေ အတော်များများ လိုချင်တယ်၊ အဲဒါ ပါလာတဲ့ ပိုက်ဆံ တနည်းနေလို့. . အဲဒါ. . .”

www.burmeseclassic.com

www.burmeseclassic.com



ဒီတော့မှ မြနှင်းဖြူက သဘောပေါက်သွားလေသည်။

"ဒါများ နီမောင်ရယ်. . နင်လိုတာရှိရင်ယူပေ့ါ၊ ပေးနိုင်သလောက်ပေးပြီး ကျန်တော့လည်း ငါစာရင်းမှတ်ထားမှာပေ့ါ၊ မယုံရမယ့်လူတွေမှ မဟုတ်တာ"

ဟုပြောတော့မှ နီမောင်မှာ စိတ်သက်သာရာရသွားဟန်ရှိလေသည်။

နီမောင်က သူရေးယူလာသော ပစ္စည်းစာရင်းစာရွက်ကို မြနှင်းဖြူကိုပေးလိုက်သဖြင့် ယူပြီးကြည့်သည်။

"ပစ္စည်းတွေက များလှချည်းလား၊ နင်တို့အိမ်မှာ အလှူလုပ်မလို့လား၊ ဒါမှမဟုတ် နင်မိန်းမယူတော့မလို့လား"

"မဟုတ်ပါဘူး အိမ်မီးလောင်လို့ ဘာမှမကျန်တော့တဲ့ ကိုရွှေထီးတို့မိသားစုကို အကူအညီသွားပေးမလို့ပါ"

ဒီတော့မှ သဘောပေါက်သွားလေသည်။

"မသိပါဘူးဟာ၊ စားစရိတ်တွေအပြင် အဝတ်အထည်တွေရော ဒန်အိုးဒန်ခွက်တွေပါ ဝယ်မှာဆိုတော့ တစ်အိုးတစ်အိမ်ထောင်များ ထူထောင်တော့မလို့လားထင်လို့ပါ"

နီမောင်ကတော့ ဘာမှမပြောတော့ပေ. . .။

ထို့နောက် မြနှင်းဖြူက သူပေးသော ဈေးစာရင်း စာရွက်ကိုကြည့်ပြီး အကူမိန်းကလေးအား ပစ္စည်းများထုပ်ပိုး ခိုင်းလေသည်။ သူမက စာရင်းမှတ်သည်။

ထိုသို့စာရင်းမှတ်နေရင်းနှင့် မေးသည်။

"ဟဲ့. . ကိုရွှေထီးတို့က ကိုကျော်ဖိုးခိုင်ဆီမှာ လုပ်နေတာ မဟုတ်ဘူးလား၊ သူတို့က အကူအညီမပေးဘူးလား"



"အဲဒါတော့ ငါမသိဘူး၊ ငါကတော့ လောလောဆယ်ဘာမှမရှိတော့လို့ တတ်နိုင်သလောက် အကူအညီပေးတာပဲ၊ စောထီးနဲ့ငမဲအောင်တို့ကို တဲပြန်ဆောက်ပေးဖို့ လိုတဲ့ပစ္စည်းတွေ စုခိုင်းထားတဲ့တယ်"

"နင်ကတော့ သူတစ်ပါးဒုက္ခရောက်နေရင် ဘယ်သူဖြစ်ဖြစ် အကူအညီပေးရမှ ကျေနပ်တဲ့လူပဲ"

ဟုပြောဆိုချီးမွမ်းလေသည်။

နီမောင်မှာ ယူသောစာရင်းများကတော့ ဒန်အိုး၊ ဒန်ခွက်၊ ပန်းကန်၊ အကျီ၊ လုံချည်၊ ပုဆိုး၊ ကလေးဝတ်အစား၊ ဆန်၊ ဆီ၊ ဆား အပါအဝင် စားသောက်စရာများနှင့် ဆေးဝါးပစ္စည်းများပင်ပါသည်။

ထိုပစ္စည်းအားလုံး၏ ကျသင့်ငွေကိုအားလုံးပေါင်းပြီး နီမောင်က သူမှာပါလာသောငွေကို ပေးသည်။

ပေးငွေကနည်းနေသဖြင့် မလောက်ပေ။

သို့ကြောင့် ကြွေးကျန်စာရင်းမှတ်ထားရသည်။

"ဒီငွေကို အဆင်ပြေတာနဲ့ ချက်ချင်းလာပေးပါ့မယ်"

"ရပါတယ်ဟာ. . နင်ကတော့ တခြားသူအတွက် လုပ်ပေးနေမှတော့ ငါကမယုံစရာမရှိပါဘူး"

ထိုသို့ပြောပြီးနောက် ပစ္စည်းများကို လှေထဲသို့ သယ်ချပြီး ပြန်ထွက်သွားလေတော့သည်။

ထိုအခြေအနေကို တစ်နေရာမှ မသိမသာကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



သော ဦးကျော်ဖြူနှင့် ဒေါ်မယ်သူတို့က မြင်သဖြင့် ကဗျာကရာ နေရာမှထလာပြီးမေးသည်။

"နီမောင် ပစ္စည်းတွေဝယ်သွားတာ များလှချည်းလား။ တစ်အိမ်ထောင်စာလောက်ရှိတယ်၊ မိန်းမယူတော့မလို့နဲ့ တူတယ်"

"မဟုတ်ပါဘူးအဖေရဲ့၊ မီးလောင်ခံရတဲ့ ကိုရွှေထီးတို့ မိသားစုကို အကူအညီပေးဖို့ သူပိုက်ဆံနဲ့ စိုက်ဝယ်သွားတာပါ"

မြနှင်းဖြူစကားကြောင့် နှစ်ယောက်စလုံး မျက်လုံးပြူးသွားကြသည်။ အံ့ဩသွားကြသည်။

"နီမောင်က ဆင်းရဲပေမယ့် တစ်ဖက်သားအပေါ်တော့ အတော်လေးစေတနာကောင်းတယ်၊ တချို့ ပစ္စည်းဥစ္စာတော့ ချမ်းသာပါရဲ့၊ စေတနာတော့ အတော်ကလေး နည်းကြတယ်"

ဟု ဦးကျော်ဖြူကမှတ်ချက်ချလေသည်။

နီမောင်ကတော့ ထိုကဲ့သို့ ပစ္စည်းများဝယ်ပေးလိုက်ရရုံမကပဲ နေစရာတဲတစ်လုံးပါ ဆောက်ထီး၊ ငမဲအောင်အပါအဝင် ရွာသူရွာသားများဖြင့် ဝိုင်းကူဆောက်ပေးလိုက်ရသဖြင့် များစွာကျေနပ်နေလေသည်။

"ငါခြေထောက်ဒဏ်ရာကအတော်များတယ်၊ ဒီပုံအတိုင်းဆိုရင် တော်တော်နဲ့ အလုပ်ဆင်းနိုင်မယ်မထင်ဘူး မင်းကို ကျေးဇူးတင်ပါတယ် နီမောင်ရယ်"

ဟု တုံ့ရင်သောအသံဖြင့် ပြောလေသည်။

"ဒီလောက်ကျေးဇူးတင်စရာမလိုပါဘူးဗျား၊ ကျွန်တော်





တို့က ဘဝတူတွေပဲ၊ တစ်ယောက်အကြောင်းရှိရင် တစ်ယောက်က တတ်နိုင်သလောက် အကူအညီပေးရမှာပေါ့"

"ဒါထက် ဒီလောက်ပစ္စည်းတွေအများကြီး ဝယ်လာမှတော့မင်းလည်း ပိုက်ဆံအတော်ကုန်မှာပဲ၊ ငါအလုပ်ပြန် ဆင်းနိုင်လို့ ပိုက်ဆံရရင် တတ်နိုင်သလောက်တော့ ပြန်ပေးပါ့မယ်ကွာ. ."

"ဒါတွေခင်ဗျားစိတ်ထဲမှာ ဘာမှမထားပါနဲ့၊ ကျွန်တော်တို့က ခင်ဗျားကို အကူအညီပေးတာ ဘာမှမျှော်လင့်ချက်မထားပါဘူး၊ ခင်ဗျားအလုပ်မဆင်းနိုင်သေးတဲ့ရက်တွေမှာ စားဖို့သောက်ဖို့အတွက် ကျွန်တော်တို့ တတ်နိုင်သလောက် လာပို့ပေးပါ့မယ်"

ရွှေထီးက စိတ်မကောင်းစွာဖြင့် ခေါင်းညိတ်ပြလေသည်။

"ဒါထက် ခင်ဗျားတို့အဲ့ဒီအရုပ်ကို ဘယ်လိုရလာတာလဲ ပြောပါဦး"

ရွှေသီးက မြစ်ထဲမှ ထိုရုပ်တုအား ဘယ်ပုံဘယ်နည်း ရလာသည်များကို ပြောပြလေသည်။

"သံပချိုင်သမီးတစ်ယောက်သေတော့ ဒင်းလက်ချက်ပဲဖြစ်မယ်ထင်ပြီး ငါယူလာခဲ့တယ်၊ ရဲဒင်းနဲ့ခုတ်မယ်လုပ်တော့ 'မလုပ်နဲ့'ဆိုတဲ့အသံ ကြားလိုက်ရသေးတယ်၊ ဒါပေမယ့် ငါလည်း ဒေါသဖြစ်နေတာဆိုတော့ ခုတ်ချလိုက်တယ်၊ အဲဒီမှာ အရုပ်ကို မခုတ်မိပဲ ကိုယ်ခြေထောက်ကိုယ်ပြန်ပြီး ခုတ်မိတော့တာပါပဲ"

"ဖြစ်ရလေဗျာ"



www.burmeseclassic.com

www.burmeseclassic.com

"ငါလည်း ဒေါသဖြစ်နေတာနဲ့ ထွေထွေထူးထူး မစဉ်းစားတော့ပဲ အဲဒီအရုပ်ကိုယူသွားပြီး အိမ်ပေါ်က မီးဖိုထဲပစ်ထည့်လိုက်တာ၊ မီးတောက်ကြီးတွေထလာ တစ်အိမ်လုံး မီးလောင်ရတော့တာပါပဲ"

"ဒါဖြင့် အရုပ်က မီးလောင်တဲ့အထဲပါသွားရောလား"

"ငါလည်းမသိတော့ပါဘူးကွာ၊ တစ်အိမ်လုံးမီးလောင်လို့ မနည်းဆင်းပြေးခဲ့ရတယ်"

ဟုပြန်ပြောပြလေသည်။

နီမောင်လည်း နောက်ထပ် ထွေထွေထူးထူး ထပ်မမေးတော့ပဲ ပြန်သွားလေတော့သည်။

သံပချိုင်မှာ သမီးသေဆုံးသဖြင့် စိတ်သောကရောက်နေစဉ်မှာ တစ်ရက်တော့ သူဆီသို့ ကျော်ဇံခိုင်ရောက်လာလေသည်။

ကျော်ဇံခိုင်မှာ သူတို့အလုပ်ရှင်ဆိုလည်း မမှားသဖြင့် ထိုကဲ့သို့ ရောက်လာသောအခါ ငွေကြေးအကူအညီရလေမလားဟု မျှော်လင့်မိသည်။

သို့သော် သူထင်သလိုတော့ မဟုတ်ပေ။

ကျော်ဇံခိုင်က ငွေကြေးလာပေးခြင်းမဟုတ်ပဲ သိချင်တာ လာမေးခြင်းပင်ဖြစ်၏။

"သံပချိုင်. . မင်းတို့ မြစ်ထဲက အရုပ်တစ်ရုပ်ရလာခဲ့တယ်ဆိုတာ ဟုတ်သလား"

"ဟုတ်ပါတယ်"





"အခုဘယ်မှာလဲ"

"စံနက်ကျော်နဲ့ ရွှေထီးတို့ ယူသွားကြတယ်"

"ဒါထက် အဲဒီအရုပ်က သူ့ကိုကိုင်ပြီး ဆုတောင်းရင်ရတယ်ဆို ဟုတ်လား"

"ကျုပ်လည်း သေသေချာချာမသိပါဘူးဗျာ"

သံပချိုင်က သေသေချာချာမပြောချင်သောကြောင့် စကားကို ခတ်တိုတိုနှင့်ပင် ရပ်လိုက်သည်။

ကျော်ဇံခိုင်ကတော့ ထိုအရုပ်မျိုးရလာသည်ကိုပင် သူ့သိလာပြီးအသိမပေးကောင်းလားဟူသော အပြစ်တင်စကားများပြောဆိုပြီး ရွှေထီးတို့တဲဘက်သို့ ဆက်သွားလေသည်။

ရွှေထီးထံရောက်ပြီး အကျိုးအကြောင်းပေမေးလိုက်ရာ သူလိုချင်သော အဖြေတော့မရပြန်ပေ။

"ဒီအရုပ်က ဂြိုလ်မွှေလွန်းလို့ မီးထဲထည့်ပစ်လိုက်ပြီ"

ဟုပြောလေသည်။

"မင်းတို့အတော်ခက်တာပဲ၊ ဒီအရုပ်မျိုးက မှော်ဝင်အရုပ်လို့ခေါ်တယ်၊ မသုံးတတ်ရင် ဘေးအန္တရာယ်ဖြစ်ပေမယ့်၊ သုံးတတ်ရင် ကြီးပွားချမ်းသာနိုင်တယ်ကွ"

ဟု အပြစ်တင်စကား ဆိုပြန်လေသည်။

"ကျုပ်တို့လည်း ဒါမျိုးတွေမသိပါဘူးဗျာ၊ အရုပ်ရလာပြီး သံပချိုင်သမီးတစ်ယောက်လည်းသေ၊ ကျုပ်အိမ်လည်းမီးလောင်၊ ခြေထောက်ကိုလည်း ကပ်ပါးခုတ်မိတာ ခုထိမထနိုင်သေးဘူး၊ အဲဒါကြောင့် မီးရှို့ပစ်လိုက်တာပဲ"

www.burmeseclassic.com

www.burmeseclassic.com



"လူမိုက်တွေပဲ၊ ဒါကြောင့်ဆင်းရဲတွင်းက မတက်နိုင်ကြ သေးတာ၊ ကိုယ့်ကိုကြီးပွားချမ်းသာအောင် ကူညီမစပေးမယ့် အရပ်ရတာတောင် အကျိုးရှိအောင် မသုံးတတ်ကြဘူး"

ဟုအပြစ်တင်သောလေသံဖြင့် ပြောကာ ပြန်သွားလေ တော့သည်။

ရွှေထီးကတော့ ကိုယ်ကျိုးရဖို့ကလွဲပြီး ဘာမှမကြည် တတ်သော ကျော်ဇံခိုင်ကို လှမ်းကြည့်ရင်း စိတ်ပျက်လက်ပျက် ဖြစ်နေလေသည်။

ကျော်ဇံခိုင်ကတော့ သူယုံကြည်အားထားသော ဆရာ ကြီးတစ်ဦးထံသွားကာ အကျိုးအကြောင်းပြောပြလေသည်။

ထိုဆရာကြီး၏အမည်မှာ သာဂရဖြစ်ပြီး အသက်(၆၀) ကျော်အရွယ်ခန့်ရှိပေသည်။

၎င်းသည် ကုလားလူမျိုးတစ်ဦးဖြစ်ပြီး ဆာဒူးတစ် ယောက်နှင့် ပုံသဏ္ဍာန်တူလေသည်။

ဆာဒူးကျင့်စဉ်များ၊ ယောဂကျင့်စဉ်များ ကျင့်ကြံမှု ဖြ လုပ်သလို အောက်လမ်းပညာများ၊ အစီအရင်များ ပြုလုပ်ရာ၌ လည်း များစွာကျွမ်းကျင်သူဖြစ်သည်။

အထူးသဖြင့် ဝိဉာဉ်များနှင့် ပတ်သက်သော အစီအ ရင်များကို ပြုလုပ်ပေးနိုင်သူဖြစ်၏။

ကျော်ဇံခိုင်ကတော့ အရေးတကြီးကိစ္စများရှိလျှင် ဆရာ ကြီးသာဂရဆီသို့သွားကာ အကူအညီတောင်းတတ်လေသည်။

အများအားဖြင့်တော့ ၎င်းနှင့်စီးပွားရေးပြိုင်ဘက်များ





ို အနှောက်အယှက်ပေးရန် ကိစ္စရှိပါက ဆရာကြီးသာဂရ၏ ကူအညီယူလေ့ရှိသည်။

ယခုလည်း ဆရာကြီးသာဂရက သံပချိုင်တို့ ထူးဆန်း သာ ရုပ်တုတစ်ခုရလာသည်ကို သိသဖြင့် ကျော်ဇံခိုင်ကို စုံစမ်း င်းခဲ့ခြင်းဖြစ်သည်။

ကျော်ဇံခိုင် ပြန်ရောက်လာတော့ သာဂရကမေးသည်။

"ကျော်ဇံခိုင်. . . တွေ့ခဲ့သလား"

"မရှိတော့ဘူးဆရာကြီး၊ မီးရှို့ပစ်လိုက်ပြီလို့ပြောတယ်"

"ဒီအရုပ်မျိုးက မီးရှို့လို့မှမရတာ၊ မှော်ပညာနဲ့ စီရင်ထား ဒီအရုပ်မျိုးက ဘယ်လိုနည်းနဲ့မှ ဖျက်ဆီးလို့မရနိုင်ဘူး"

"ဒါပေမယ့် ကျွန်တော်ရောက်သွားတော့ သူတို့လက်ထဲ ရှိပုံမရတော့ဘူး၊ သူတို့က ကျွန်တော့်ဆီမှာ အလုပ်လုပ်နေ တဲ့သူတွေပဲ၊ ကျွန်တော်လိုချင်တယ်ဆိုရင်တော့ ပေးမှာပါ၊ ာ်မထားဝံ့ကြပါဘူး"

"ဒါဖြင့် တစ်နေရာပြန်ရောက်သွားတာ ဖြစ်လိမ့်မယ်၊ င်းအနေနဲ့ ဘယ်နေရာမှာ ဘယ်သူတွေရတယ်ဆိုတာကို စုံစမ်း ည့်၊ တကယ်လို့ မှော်ဝင်အရုပ်ကိုသာ မင်းရရင်လောကမှာ င်းလိုချင်တာ ရလိမ့်မယ်"

ဟုပြောရာ ကျော်ဇံခိုင်လည်း များစွာစိတ်ဝင်စားမိလေ ည်။

"ဒီအရုပ်မျိုးက ဘယ်လိုအစွမ်းသတ္တိတွေရှိသလဲ ဆရာ ီး"



www.burmeseclassic.com

www.burmeseclassic.com



"မှော်ဝင်ရုပ်တုဆိုရင် ကိုယ်လိုချင်တဲ့ဆုတောင်းရင် အောင်လုပ်ပေးနိုင်တယ်၊ ဒါကြောင့် မင်းရအောင်ပြန်ပြီးကြိုးစ သင့်တယ်"

"စိတ်ချပါဆရာကြီး၊ ဘယ်နေရာမှာရှိတယ်သာ သိရ စေ၊ မဖြစ်ဖြစ်တဲ့နည်းနဲ့ ကျွန်တော်ရအောင်ကြိုးစားပေးပါ့မယ်"

"တကယ်လို့ပြန်ရရင်တော့ မင်းရောငါရော လိုချင်တ အားလုံးဖြစ်ပြီပေါ့"

ကျော်ဇံခိုင်လည်း ထိုစကားကြားသောအခါ များစွာစိ အားထက်သန်မှုဖြစ်နေမိတော့သည်။





## အခန်း(၁၁)

# ပုဏ္ဏမီနှင့်တွေ့ရခြင်း

အချိန်ကညဦးပိုင်းအချိန်ဖြစ်သည်။

ကစ္ဆပနဒီမြစ်မျက်နှာပြင်ပေါ်သို့ လရောင်က ဖြာကျနေ ပင်လယ်ဘက်မှ တိုက်ခတ်နေသောလေက တည်ငြိမ်နေ မြစ်ရေပြင်ပေါ်၌ လှိုင်းကြက်ခွပ်ကလေးများ ဖြစ်ပေါ်နေ

လရောင်ဖြင့်ထိတွေ့သောအခါ ငွေရောင်တစ်လက် တောက်ပနေလေသည်။

www.burmeseclassic.com

www.burmeseclassic.com



တန်ဆောင်မုန်းလကျော်လွန်လာပြီဖြစ်သဖြင့် မိုးမိ[illegible] မိုးငွေ့များ ကင်းစင်သွားပြီး နေရာအနှံ့တွင် မြူနှင်းငွေ့များ [illegible] ဆင်းစပြုနေချေပြီ။

ဟိမဝန္တာတောင်တန်းများပေါ်တွင် ခိုတွယ်နေကြသော[illegible] နှင်းမှုံနှင်းစက်တို့သည် မြောက်ပြန်လေနှင့်အတူ မြေပြန့်ရှိရာ[illegible] ပါလာကြသည်။

အချို့က ပွလီပင်လယ်ပြင်နှင့် ဘင်္ဂလားအော်တို့ထဲ[illegible] ကျန်ရစ်ခဲ့ကြသည်။

အချို့က သစ်တောကြီးများရှိရာသို့ ရောက်ကြသည်[illegible]

အချို့ကတော့ မျက်စိတဆုံး တမျှော်တခေါ်မြင်ရ[illegible] သော လယ်ကွင်းများပေါ်သို့ ရောက်လာကြသည်။

မြူနှင်းများ စတင်ကျလာသောရာသီကို ဆောင်[illegible] ပေါက်ရာသီဟုသတ်မှတ်ကြသည်။

ထိုအချိန်ရောက်လျှင် စပါးပေါ်ချိန်ရောက်တော့မည်[illegible] လယ်ယာလုပ်ငန်းလုပ်သူတို့ ဝမ်းသာပျော်ရွှင်ကြသည်။

ပင်လယ်ပြင်နှင့် မြစ်ချောင်းများအတွင်းမှာ လေမိုးက[illegible] သွားပြီဖြစ်သဖြင့် သာသာယာယာရှိလာသည်။

လှိုင်းလေနည်းသွားပြီဖြစ်သဖြင့် ငါးပုစွန်ရှာဖွေသူ[illegible] ထွက်လာကြသည်။

ငါးပုစွန်ရှာဖွေသူတို့ ဝင်ငွေကောင်းကြသဖြင့် ပျော်[illegible] ကြရသောအချိန်မျိုးလည်းဖြစ်သည်။

နီမောင်တို့လို ငါးရှာဖွေသူတို့မှာလည်း မိုးတွင်းကာ[illegible]



[illegible]လှိုင်းလေထန်ပြင်းသောအချိန်တို့တွင် နေ့စဉ်ငါးဖမ်းမထွက်နိုင် [illegible]ကြပေ။

ရေထရက်၊ ရေစီးကြမ်းသောရက်များရောက်တော့ ငါး[illegible]ရှာဖွေရတာ အဆင်မပြေလှပေ။

ငါးပုစွန်အရများသောအချိန်မှာ ရေထဦးရက်ဖြစ်သည်၊ [illegible]သစဉ် (၁၁. ၁၂. ၁၃. ၁၄) ရက်စသည်တို့ကို ရေထဦးရက်ဟု သတ်မှတ်ကြသည်။

(၁၅)ရက်မှ (၈)ရက်နေ့အထိ ရေစီးကြမ်းသောရက်ဟု သတ်မှတ်သည်။

(၉)ရက် (၁၀)ရက်ကိုတော့ ရေသေရက်ဟု သတ်မှတ်[illegible]ာ ထိုရက်မျိုးရောက်လျှင် ငါးဖမ်းဆင်းသူတို့ နားကြသည်။ [illegible]းရက် ဆိုသော်ငြားလည်း အားနေကြသည်တော့ မဟုတ်ကြသည်။

လှေ၊ ခတ်တက်၊ လှော်တက် မြင်သူကပြင်၊ ချည်ထည်[illegible]င်ယက်လုပ်ထားသော ပိုက်ကွန်တို့ကို အပေါက်အပြဲဖာခြင်း၊ [illegible]ဒမရေ တည်ရေဆိုးခြင်းများပြုလုပ်ကြသည်။

မဒမရေ တည်ရေဆိုးမှ ချည်ကြိုးများမှာ ကြာရှည်ခံကြ[illegible] မဆိုးပါက ဆားငန်ရေကြောင့် ဆွေးမြေ့မှုမြန်လေသည်။

ထို့ကြောင့် ကွန်၊ ပိုက် အသုံးပြုသော ငါးဖမ်းသူတို့မှာ [illegible]ရေသေရက်ရောက်သောအခါ အခြားကိစ္စများကိုသာ မေ့ထား[illegible]ရသည်။ ပိုက်ကိုတည်ရေဆိုးသော ကိစ္စကိုတော့ မေ့၍မရကြ[illegible]။ ပိုက်သမားများချည်း အလုပ်ရှုပ်သည်တော့ မဟုတ်ပေ။

www.burmeseclassic.com



ငါးမြားအသုံးပြုသူတို့လည်း ငါးမြားပြင်တန်တာဖြစ်ကြိုးကို တည်ရေဆိုးသူဆိုး (ယခင်ကနိုင်လွန်ကြိုး မရှိသေးသဖြင့် ချည်ကြိုးများကိုသာ အသုံးပြုကြသဖြင့် တည်ရေဆိုးကြရသည်) ဖော့လုံးတပ်တန်တာ ထပ်လုပ်ရသည်။

ယင်းချပ်များအသုံးပြုသူတို့အနေဖြင့်လည်း ယင်းချပ်အဟောင်းများ ပြင်ဆင်ရသလို ယင်းချပ်အသစ်များလည်း ထပ်မံကျစ်ကြရသည်။

သို့ကြောင့် သားငါးရှာဖွေသူတို့အတွက် နားရက်၊ အားရက်မရှိသလောက် နည်းပါးကြသည်။ တစ်ခုတော့ရှိသည်။

ပင်လယ်ပြင်မှာသော်လည်းကောင်း၊ မြစ်ချောင်းများအတွင်း၌သော်လည်းကောင်း ရာသီဥတုဆိုးဝါးနေလျှင်တော့ မနားချင်လည်း နားကြရသည်။

ယခုလို မိုးအကုန် ဆောင်းအကူး၊ ရာသီဥတုသာယာသောအချိန်မှာတော့ အချိန်ရှိခိုက် လှံ့လစိုက်ဟူသော စကားအတိုင်း ငါးပုစွန်ရှာဖွေရန် ထွက်ကြရပေသည်။

နီမောင်တို့အသုံးပြုသောပိုက်မှာ မြစ်တားပိုက်ဟုခေါ်သော ပိုက်ကြီးမျိုးဖြစ်သည်။

ထိုပိုက်ကြီးမျိုးက ရေတက်၊ ရေကျချနိုင်သည့် ပိုက်အမျိုးအစားဖြစ်သည်။

ညအချိန် တစ်ရေတက်၊ တစ်ရေကျ ပိုက်ချပြီး မိုးလင်းတော့မှ ရွာသို့ပြန်ကြခြင်းဖြစ်သည်။

ညဘက် ပိုက်ချထားပြီးလျှင် ပိုက်လက်နားကြီးနှင့် ဖော့





ကိုဆွဲချည်ထားသည်။

လှေဦးတွင် တိုင်တိုတစ်လုံးစိုက်ပြီး ရေနံဆီမီးအိမ်တစ်လုံး ထွန်းပြပေးထားပြီးပါက နားကြရသည်။

စကားပြောလျှင်ပြော၊ မဟုတ်ပါက ပါလာသောအစားအသောက်များကို စားသောက်ပြီး တစ်ယောက်စောင့်ကာ ကျန်နှစ်ယောက်က တစ်ရေးတမော အိပ်ခွင့်ရကြလေသည်။ ယခုစောထီးက စောင့်ပေးသဖြင့် နီမောင်နှင့် ငမဲအောင်တို့က တစ်ရေးအိပ်ကြလေသည်။

နီမောင်ကတော့ အတွေးကောင်းနေသောကြောင့် တော်တော်နှင့် အိပ်မပျော်ပဲရှိနေပြီး ညဉ့်နက်ပိုင်းရောက်တော့မှ အိပ်ပျော်သွားလေသည်။

ထိုကဲ့သို့ အိပ်ပျော်သွားခိုက်မှာ နားထဲမှာ တိုးညှင်းသောအသံအချို့ကို ကြားလာရသည်။

"နီမောင်. . . နီမောင်. . ."

သူနာမည်ကိုခေါ်နေသောအသံဖြစ်သဖြင့် အသံကြားရာဘက်သို့ ကြည့်လိုက်သည်။

မှုံဝါးနေသောလရောင်အောက်တွင် တရွေ့ရွေ့လာနေသော ပုံရိပ်သဏ္ဌာန်တစ်ခုကို လှမ်းမြင်ရသည်။

"နီမောင်ရေ. . . နီမောင်"

အသံတဖြည်းဖြည်း နီးလာသလို ပုံရိပ်ကလည်း ပီပြင်လာသည်။ သူနှင့်သက်တူရွယ်တူခန့်ရှိသော အမျိုးသမီးတစ်ယောက်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆံပင်ရှည်များက လေထဲမှာ တလူလူလွင့်နေပြီး ကိုယ်ပေါ်၌ အဝတ်အစားတော့မပါပေ. . ။

ကုလားအမျိုးသမီးတစ်ယောက်ဖြစ်ပြီး နှာတံပေါ်ပေါ် မျက်လုံးမျက်ခုံးကောင်းကောင်းနှင့် ရုပ်ရည်ချောမောသူတစ်ဦး ဖြစ်လေသည်။

နီမောင်စိတ်ထဲမှာတော့ အသံကိုကြားဖူးသလိုလို၊ သူမ မျက်နှာကို မြင်ဖူးနေသလို ထင်မိသည်။

"နင်ဘယ်သူလဲ"

"ငါနာမည် ပုဏ္ဏာမီလို့ခေါ်တယ်"

"ပုဏ္ဏာမီ ဟုတ်လား၊ နင်ကို ငါမသိပဲနဲ့ နင်က ဘယ်လိုကြောင့် ငါ့နာမည်သိနေတာလဲ"

"သိတာပေါ့၊ ငါသိချင်တာကို သိလို့ရတယ်လေ၊ ငါက နင်တို့နဲ့ နေမလို့လာတာ၊ နင်ကငါ့ကိုဘာကြောင့် ထိုးဝါးနဲ့ ထိုးထုတ်ပစ်ရတာလဲ"

"ဟင်. . ."

နီမောင်စိတ်ထဲမှာ များစွာအံ့ဩသွားလေသည်။

ထိုစကားကြားသောအခါ ဖြစ်နိုင်စရာကိစ္စများကိုအပြေး အလွှားပြန်စဉ်းစားကြည့်သည်။

တစ်ခုတော့ သတိရသည်။

ပိုက်အနီးသို့ ကပ်လာသော ခေါင်းတလားကြီးတစ်လုံးကို ထိုးဝါးဖြင့် ထိုးထုတ်ပစ်ခဲ့သော အဖြစ်အပျက်တစ်ခုကို ပြန်လည် သတိရလေသည်။





"နင်သတိရပြီလား"

"နင်က ခေါင်းတလားကြီးထဲက အမျိုးသမီးလား"

"ဟုတ်တယ်"

ထိုစကားကြောင့် ကျောထဲမှာ စိမ့်ကနဲဖြစ်သွားမိသည်။

ပုဏ္ဏာမီဆိုသော အမျိုးသမီးသည် နာမည်လှသလို လူကလည်း အတော်ပင်လှသည်။

သို့သော် အဆိပ်ဆူးများဝန်းရံနေသော ပန်းတစ်ပွင့်ကဲ့သို့ ကြောက်စရာကောင်းသည်။

"နင်က နာမည်လည်းလှတယ်၊ လူကလည်း ချောမောတယ်၊ ဒါပေမယ့် ဘာကြောင့် သူများတွေကိုလိုက်ပြီး ဒုက္ခပေးနေတာလဲ"

"ငါဒုက္ခပေးလို့ ဖြစ်တာမဟုတ်ပါဘူး၊ သူတို့ရဲ့ လောဘစိတ်၊ ဒေါသစိတ်တွေကြောင့် အခုလိုဖြစ်ကြရတာပါ၊ ဘာကြောင့် ဒီလိုဖြစ်တယ်ဆိုတာ သူတို့ကို သေသေချာချာမေးကြည့်ပါလား"

ဟုပြန်ပြောရာ နီမောင်က သက်ပြင်းတစ်ချက်ချလိုက်လေသည်။

ထိုအကြောင်းများက သူ့အနေဖြင့် ဂဃနဏမသိသေးသောအကြောင်းများဖြစ်သည်။

အပေါ်ယံသိထားသဖြင့်တော့ တစ်ဖက်သားကို မစွပ်စွဲသင့်ကြောင်းလည်း ဆင်ခြင်မိသည်။ သို့ကြောင့် ထိုအကြောင်းကို ဆက်မပြောတော့ပဲ စကားလမ်းကြောင်းပြောင်းလိုက်သည်။

"အခု ဒီကိုဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ငါကိုခေါ်သွားပေးပါ၊ နင်တို့အတွက် အကျိုးရှိအောင် လုပ်ပေးပါ့မယ်"

"ငါက လောဘကြီးတဲ့သူမဟုတ်ဘူး၊ ရသမျှနဲ့ပဲ ကျေနပ်နိုင်တယ်"

"နင့်သဘောကို ငါသိပါတယ်၊ ဒါကြောင့် နင်တို့နဲ့နေဖို့ရောက်လာတာပါ"

"ခေါ်သွားတာက အရေးမကြီးဘူး၊ နင့်ကိုခေါ်သွားပေးပြီးရင် သူများတွေကိုတော့ ဒုက္ခမပေးရဘူးလို့ ကတိပေးရမယ်"

"ပေးပါတယ်၊ အဲဒါတွေက ငါလုပ်လို့ဖြစ်တာမဟုတ်ဘူး၊ မကောင်းတဲ့စိတ်နဲ့လုပ်ရင် မကောင်းတာတွေ ဖြစ်ကြတာ သူတို့ကံကြမ္မာကြောင့်ပါ. . ."

"ကောင်းပြီလေ၊ ငါ. . နင့်ကိုခေါ်သွားချင်ပါတယ်၊ အခု နင်ဘယ်နေရာရောက်နေသလဲ"

"ပွိုင့်မှာရှိတဲ့ ကျောက်ဆောင်တွေကြားထဲမှာ. ."

"ကောင်းပြီလေ၊ မနက်ပြန်တဲ့အချိန်ကျရင် ငါအဲဒီနေရာဝင်ကြည့်ပါ့မယ်. ."

"ကျေးဇူးတင်ပါတယ်၊ နင်ကို ငါးများများရအောင်ငါကူညီပေးပါ့မယ်"

"နေပါစေ၊ တော်ကြာ သံပချိုင်တို့လိုဖြစ်နေရင် ခက်လိမ့်မယ်"

"နင်က လောဘနဲ့ မဖြစ်နိုင်တာပြောတာမှ မဟုတ်တာ၊ ဘာမှမဖြစ်စေရပါဘူး"





ဟုပြောပြီး တဖြည်းဖြည်းပျောက်သွားလေတော့သည်။ ထိုအချိန်မှာပင် စောထီးက သူတို့နှစ်ယောက်ကို နှိုးသဖြင့် နိုးလာကြလေသည်။

"နီမောင်နဲ့ ငမဲအောင်တို့ မြန်မြန်ထကြပါဦး"

ဟု နှိုးသဖြင့် နှစ်ယောက်နိုးလာကြသည်။

"ဘာဖြစ်တာလဲ"

"ငါတို့ပိုက်ထဲမှာ ငါးကြီးကြီးတစ်ကောင် ဝင်တိုးမိနေပုံရတယ်၊ ဖော့လုံးတွေ မြုပ်ချီပေါ်ချီ ဖြစ်နေတယ်"

ထို့ကြောင့် နှစ်ယောက်သား ကဗျာကရာထပြီး စောထီးပြသောဘက်သို့ကြည့်လိုက်ကြသည်။

ရေပေါ်မှာထောင်လျက်အနေအထားပေါ်နေသော ဖော့လုံးကြီးများမှာ အချို့စုံးစုံးမြုပ်နေပြီး၊ အချို့ကျတော့ မြုပ်ချီပေါ်ချီဖြစ်နေကြသည်။

၄င်းတို့အသုံးပြုသောဖော့မှာ ဖော့လုံးအကြီးဖြစ်သည်။ တော်ရုံကြီးသော ငါးမိရုံနှင့်တော့ ရေအောက်သို့ မမြုပ်နိုင်ပေ။

အချိန်တဆယ်ကျော်ငါးကြီးများ မိလျှင်ပင် လှုပ်ရုံသာ လှုပ်လေသည်။

ယခုဖော့လုံးမြုပ်အောင်တိုးနေသောကြောင့် အတော်ပင်ကြီးသော ငါးမျိုးဖြစ်ပေလိမ့်မည်။

နီမောင်တို့သည် လှေကြီးဖြုတ်ပြီး ထိုနေရာသို့ လှော်သွားကြသည်။

ဖော့လုံးများ၊ မြုပ်နေသည့် နေရာရောက်သောအခါ



www.burmeseclassic.com

www.burmeseclassic.com



နီမောင်က ပိုက်ခေါင်းကြိုးကို လက်ဖြင့်ကိုင်ကြည့်လိုက်လေသည်။

ပိုက်ထဲမှာ မိထားသောငါးက.တိုးနေသဖြင့် ပိုက်တစ်ခုလုံး သိမ့်သိမ့်တုန်နေလေသည်။

"ငါးကတော့ အတော်ကြီးတယ်"

"ဘယ်လိုလုပ်မလဲ ဆွဲတင်လို့ရပါ့မလား"

"မရရင်တော့ သောင်ပြင်ပေါ်ရောက်အောင် ယူသွားပြီး ရေကျချိန်စောင့်ရမှာပဲ"

ပထမတော့ သုံးယောက်သား ပိုက်ကိုအပေါ်ဆွဲတင်ကြည့်သေးသည်။

ကျောက်ဆူးချထားသကဲ့သို့ ဒါမှမဟုတ် ရေအောက်မှ တစ်ခုခုနှင့်ငြိနေသကဲ့သို့ ဆွဲတင်၍ မရပေ. . ။

သို့ကြောင့် ကျန်ပိုက်အားလုံးကို ပြန်သိမ်းပြီးလှေပေါ်တင်ထားသည်။

ငါးတိုးမိနေသောနေရာကိုသာ ရေထဲမှာချန်ထားသည်။ ထို့နောက် သောင်ပြန်ရှိသောနေရာသို့ ဆွဲယူသွားသည်။ သောင်ပြန်ပေါ်ရောက်သောအခါမှာတော့ လှေကိုကြိုးခိုင်အောင်ချည်ပြီး ရပ်ထားလိုက်သည်။

ရေပြည့်ချိန်ဖြစ်သောကြောင့် မကြာခင် ရေပြန်ကျပေတော့မည်။ သုံးယောက်သား အတော်ပင် စိတ်လှုပ်ရှားနေကြသည်။ နောက်တော့ တဖြည်းဖြည်းနှင့် ရေပြန်ကျသွားလေသည်။ သောင်က တဖြည်းဖြည်းပေါ်လာသည်။





လှေက သောင်ပေါ်မှာ တင်ကျန်နေခဲ့သည်။

ပိုက်သားများပြန်ပေါ်လာသည်။

နောက်ဆုံးမှာတော့ ပိုက်သားများနှင့်ငြိပြီး သောင်ပြန်ပေါ်မှာတင်ကျန်နေခဲ့သော ကပ်သမျှင်ငါးကြီးကို တွေ့ကြရလေသည်။

ကပ်သမျှင်ငါးမှာ အကောင်ကြီးသလောက် နုသောငါးဖြစ်သောကြောင့် ပိုက်ငြိထားသည်နှင့်နှင့် မရုန်းနိုင်တော့ပေ။

ပိဿချိန် (၅၀)ကျော်လောက်ရှိသဖြင့် သူတို့လှေဖြင့် တင်၍ မရနိုင်ပေ. . . ၊

ထိုငါးကြီးကိုရသဖြင့် သုံးယောက်သား ဝမ်းသာသွားကြသည်။ ကပ်သမျှင်ငါးက အသားထက် စည်ပေါင်းကဈေးကောင်းရပေရာ သူတို့အတွက်တော့ ငွေကြေးအတော်များများ ရပေတော့သည်။

နောက်တော့ သေးကာနီဖြစ်နေသော ကပ်သမျှင်ငါးကြီး၏ ပါးဟက်ထဲသို့ လှေကြိုးဖြင့်ချည်သည်။

ပြီးနောက် လှေနံဘေးမှ ဖော့လုံးများနှင့်တွဲချည်ပြီး ဆယ်ယူလာကြသည်။ အချိန်ကလည်း မိုးလင်တော့မည်မို့ အရှေ့ဘက် ကောင်းကင်ပေါ်၌ အရုဏ်ဦးအလင်းရောင်များ ပေါ်ပြူလာလေပြီ။

ထိုအလင်းရောင်များက မြစ်ရေပြင်ပေါ်သို့ တဖြည်းဖြည်းကျဆင်းလာရာ နီညိုရောင်ဆေးရေများဖြင့် လောင်းထားသကဲ့သို့ ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



သုံးယောက်သား တက်ကြွစွာဖြင့် လှော်လာကြရာ ဖို့နင့်ထိပ်ရောက်တော့ နီမောင်ကလှေကိုရပ်လိုက်သည်။

ထိုနေရာတွင် ကျောက်ဆောင်ကျောင်တန်းများရှိကြသည်။

"ခဏနေကြဦး"

"မင်း ဘာလုပ်မလို့လဲ"

"ငါအပေါ်ခဏတက်လိုက်ဦးမယ်"

ဟုပြောသဖြင့် လှေကိုကမ်းစပ်တွင် ရပ်ပေးလိုက်ကြသည်။ နီမောင်က ကျောက်တုံးကျောက်ဆောင်များကြားသို့ တက်သွားလေသည်။

ကျန်နှစ်ယောက်ကတော့ အပေါ့အပါးတက်သွားသည်ဟု သာထင်ကြလေသည်။

ထိုနေရာတစ်ဝိုက်မှာ အလင်းရောင်မရှိသေးသောကြောင့် မှောင်နေသေးသည်။

သို့သော်ဝိုးတဝါးတော့ မြင်တွေ့ရသည်။

ဒီရေကျပြီးကာစဖြစ်သဖြင့် ကျောက်တုံးများပေါ်တွင် နွံများတင်နေသည်။

ထိုနွံများပေါ်မှာတော့ ဂဏန်းများရှိနေကြသည်။

ဂဏန်းများက လူကိုမြင်သောအခါ တွင်းပေါက်များနှင့် ကျောက်ဆောင်များကြားသို့ ပြေးဝင်သွားကြလေသည်။

လှေထဲမှာကျန်နေသော စောထီးနှင့်ငမဲအောင်တို့ကတော့ ငါးကြီးကြီးတစ်ကောင် ဖမ်းမိလာသောကြောင့် မြန်မြန်





ပြန်ချင်နေကြသည်။

"နီမောင်ရေ မြန်မြန်လုပ်ကွ. . ."

ဟုလှမ်းအော်ကြသည်။

နီမောင်ကတော့ ကျောက်ဆောင်ကျောက်တုံးများကြားသို့ ဟိုဟိုဒီဒီလိုက်လံရှာဖွေနေစဉ် တစ်နေရာမှ အသံတစ်သံကြားလိုက်ရသည်။

"ငါ ဒီဘက်မှာ. ."

ထိုအသံက သူကြားဖူးနေသောအသံဖြစ်သည်။

သို့ကြောင့် ထိုအသံကြားသောနေရာဘက်သို့ လျှောက်သွားရာ တစ်နေရာရောက်တော့ ကျောက်တုံးနှစ်တုံးကြားမှာ ရောက်နေသော သေတ္တာငယ်တစ်လုံးကို တွေ့ရသဖြင့် ကောက်ယူပြီးအဖုံးဖွင့်ကြည့်လိုက်သည်။

အတွင်းမှာတော့ ရုပ်တုတစ်ခုရှိနေသည်။

ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ထိုသေတ္တာလေးကိုပိုက်ပြီး ပြန်ဆင်းလာလေသည်။

"နီမောင်အဲဒါဘာလဲ"

"သေတ္တာပါ"

"သေတ္တာမှန်းတော့ သိတာပေါ့ကွ၊ အထဲမှာ ဘာပါသလဲလို့ မေးတာ. . ."

နီမောင်ကဘာမှပြန်မပြောပဲ လှေထဲရောက်အောင်ပြန်ဆင်းလာပြီးမှ သေတ္တာကိုဖွင့်ပြလိုက်သည်။

"ဟင်. . . ဒါ. . ဒါ. . ."



www.burmeseclassic.com

www.burmeseclassic.com



"နီမောင် ဒါ သံပချိုင်တို့ရလာခဲ့တဲ့အရုပ် မဟုတ်လား"

"ဟုတ်မယ်ထင်တာပဲ"

"မင်းဘာလုပ်မလို့လဲ"

"အိမ်ယူသွားမယ်လေ"

"ဖြစ်ပါ့မလားကွာ. .၊ တော်ကြာ သူတို့လိုဖြစ်နေတော့ ဘယ်လိုလုပ်မလဲ"

"မဖြစ်ပါဘူး"

နီမောင်ကတော့ အေးအေးပြန်ပြောပြီး သေတ္တာလေးကို လှေကပ်ပေါ် တင်ထားလိုက်သည်။

ထို့နောက် လှေကို ထိုနေရာမှ ထွက်ခဲ့ကြသည်။

"ဒါထက် အဲဒီသေတ္တာ ကျောက်ဆောင်တွေကြားမှာ ရှိနေတာကို မင်းဘယ်လိုသိနေတာလဲ"

"သူပြောလို့သိတာ. ."

"သူဆိုတာ ဘယ်သူ့ကိုပြောတာလဲ၊ အရုပ်ကိုပြောတာလား"

"ဟုတ်တယ်"

"မင်းကို ဘယ်လိုလာပြောတာလဲ"

"ငါသူ့ကို အိပ်မက်ထဲမှာတွေ့ရတယ်၊ အိပ်မက်ထဲမှာ သူပြောသွားလို့ သိရတာပါ။ ငါ့အထင်ပြောရရင်တော့ အခုမိလာတဲ့ငါးကြီးကိုလည်း သူအကူအညီပေးလို့ ရခဲ့တာထင်တယ်"

ထိုစကားကြောင့် စောထီးနှင့် ငမဲအောင်တို့မှာ များစွာ ထိတ်လန့်သွားကြလေသည်။





အဘယ်ကြောင့်ဆိုသော်. . သံပချိုင်တို့လည်း ထိုရုပ်တုနှင့် တွေ့ရပြီးနောက် ငါးအမြောက်အများရခဲ့ကြသည်။

လှေတစ်စင်းစာမျှ ငါးများရပြီးနောက်မှာ ကလေးတစ်ယောက်သေဆုံးသွားသည်။

ထိုရုပ်တုကို ဖျက်ဆီးဖို့ကြိုးစားခဲ့သော ရွှေထီးတို့မိသားစုမှာလည်း ဒုက္ခရောက်ခဲ့ကြရသည်။

ယခုတိုက်တိုက်ဆိုင်ဆိုင် ထိုအရုပ်ကိုရခဲ့ပြီးနောက်မှာ ငါးကြီးတစ်ကောင်ရလာခဲ့ပြန်သည်။

သံပချိုင်ထိုကဲ့သို့ နောက်ဆက်တွဲအန္တရာယ်များ ရောက်လာမည်ကို သူတို့စိုးရိမ်နေကြခြင်းဖြစ်ပေသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း(၁၂)

# နီမောင်နှင့်ဝက်ရှူကျောကြွင်း

ရုပ်တုထည့်ထားသော သေတ္တာလေးကို အိမ်သို့သယ်လာသောကြောင့် ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ကတော့ စိတ်ပူနေကြလေသည်။

တစ်ရွာတည်းတစ်ရပ်တည်းနေကြသဖြင့် သံပချိုင်တို့စ်ပျက်ခဲ့သော သတင်းများကို တစွန်းတစကြားကြရသဖြင့်ားအတွက် စိတ်ပူနေကြခြင်းဖြစ်၏။

"ဘာမှစိတ်မပူပါနဲ့အမေရယ်၊ ဒီအရုပ်ကလူတွေကို



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းမဲ့ ဒုက္ခပေးနေတဲ့ အရုပ်မဟုတ်ပါဘူး၊ ဆရာကြီး ဗန်ကောင်းမှာထားလို့ ကျွန်တော်ယူလာပေးတာပါ"

"အေးကွယ် ဆရာကြီးမှာထားတော့လည်း ကူညီ သင့်တာပေါ့၊ ဒါပေမယ့် အိမ်မှာတော့ ကြာကြာမထားပါနဲ့ သ ရယ်"

"စိတ်ချပါအမေ၊ ကျွန်တော်အလုပ်အားတဲ့အချိန် ဆရာကြီးအိမ်ကို သွားပို့ပေးလိုက်ပါ့မယ်"

ဟု မိဘများစိတ်ချမ်းသာအောင် ပြောလိုက်လေသည် သို့သော်လည်း ရုပ်တုထည့်ထားသော သေတ္တာလေးကိုတေ သူနေသောအခန်းထဲမှာ ထည့်ထားလေသည်။

မလုပ်မဆင်းရသော ညများမှာတော့ ပုဏ္ဏာမီကိုတွေ့ လေသည်။

ထိုအချိန်တွင် သေတ္တာအဖုံးကိုဖွင့်ပြီး အပြင်ထွက်လ သည်ကို မြင်နေရသည်။

သေတ္တာထဲမှ ထွက်လာစဉ်ကတော့ မူလရုပ်တုအတိုင် သေးသေးပင်ဖြစ်၏။ အပြင်ဘက်ရောက်တော့မှသာ လူအရွ အစားအတိုင်း တဖြည်းဖြည်း ကြီးလာခြင်းဖြစ်သည်။

ယခုထိ ပုဏ္ဏာမီကိုယ်ပေါ်မှာ အဝတ်အစားမရှိသေး

"နီမောင် ငါ့ကိုအဝတ်အစားဝယ်ပေးဦးလေ၊ ဘီးတို့ တို့လည်း ငါလိုချင်တယ်"

"အေးပါ. . ငါဝယ်ပေးပါ့မယ်၊ ဒါထက် နင့်ကိုမေး မယ်၊ နင်ကဘာ့ယ်နေရာကလာခဲ့တာလဲ"





"ငါ့ကို ဆာဒူးကြီးတစ်ယောက်က အစီအရင်လုပ်ပြီး အိန္ဒိယကမှော်ချလိုက်တာပါ။ သစ်ကနက်ရုပ်တုကတော့ ဘာမှ သိဒ္ဓိမရှိပါဘူး၊ အဲဒီအထဲမှာ ရောက်နေတဲ့ ငါရဲ့ဝိညာဉ်ကြောင့် အသက်ဝင်နေတာပါ"

"ဘာကြောင့်. . နင့်ရဲ့ဝိညာဉ်ကို ဒီအရုပ်ထဲထည့်ပေး လိုက်တာလဲဟင်"

"ငါရဲ့ရုပ်ခန္ဓာက မရှိတော့ဘူး. . သေသွားပြီ၊ ဒါကြောင့် ဝိညာဉ်ခန္ဓာကိုခေါ်ပြီး ဒီရုပ်တုထဲကို မှော်အတတ်ပညာနဲ့ ထည့် ပေးထားတာပါ"

"ဘာကြောင့်ထည့်ပေးထားတာလဲဟင်"

"ဝိညာဉ်ခန္ဓာဆိုတာ ဘာမှမှီတွယ်စရာမရှိဘူး"

တခြားနေရာမှာ မှီတွယ်ခွင့်မရသေးခင်၊ ဒီရုပ်တုထဲမှာ နေရတော့ ကောင်းတာပေါ့၊ နောက်ပြီး ငါ့မှာ ကမ္မဇိတ္တိရှိတော့ မကောင်းတဲ့သူတွေကို ဒုက္ခပေးလို့ရသလို ကူညီသင့်တဲ့လူတွေ့ တော့လည်း အကူအညီပေးလို့ရတာပေါ့"

ဟုပြောပြသည်။

"နင့်ဘဝက သနားစရာပဲ၊ ဒါဖြင့် ဒီရုပ်တုထဲမှာ အမြဲ နေသွားရတော့မှာပေါ့နော်"

"ဒီလိုလည်း မဟုတ်ပါဘူး၊ ကျွတ်လွတ်ခွင့်မရသေးသရွေ့ သာနေရမှာပါ၊ ကျွတ်လွတ်ချိန်တန်ရင်တော့ တစ်နေရာ အမြဲ ဟုတ်၊ ဘဝတစ်ခုကို သွားခွင့်ရမှာပါ. ."

ဟုပြောပြရာ နီမောင်မှာ သူမအတွက် စိတ်မကောင်းဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သွားမိလေသည်။

သို့သော် သူ့အနေဖြင့်ထိုအကြောင်းများကို နားလည်းမလည်၊ အကူအညီလည်းမပေးနိုင်သောကြောင့် စိတ်မကောင်းဖြစ်ရုံမှလွဲပြီး အခြားဘာမှတော့ မတတ်နိုင်ပေ။

"နင် ငါးဖမ်းသွားတဲ့အခါ ငါးများများလိုချင်ရင် ငါလုပ်ပေးနိုင်တယ်၊ ဆင်းရဲနေတာကို ချမ်းသာချင်ရင် ချမ်းသာအောင် ငါအကူအညီပေးနိုင်တယ်"

နီမောင်က ခေါင်းခါပြလေသည်။

"ငါက ရိုးရိုးသားသားရတဲ့ ပစ္စည်းပဲလိုချင်တယ် ရချင်တယ်၊ လောဘစိတ်နဲ့ မတရားတဲ့နည်းနဲ့ ရတာဆိုရင် ဘာမှမလိုချင်ဘူး"

"နင့်သဘောကို ငါသိပါတယ်"

"ဒါထက် မေးရဦးမယ်၊ နင့်ကိုအရင်ဆုံးရတဲ့ သံပချိုင်တို့မိသားစုကို ဘာကြောင့်ဒုက္ခပေးခဲ့တာလဲ"

"သူတို့က စိတ်ထားမဖြူစင်ဘူး. . လောဘကြီးတယ်၊ မတရားလိုချင်တယ်၊ အဲဒီလိုလူတွေက သူတို့လိုချင်တာတွေ တောင်းလာရင် သူ့တို့ဆီက သင့်တော်တာတစ်ခုတော့ ပြန်ယူရတယ်၊ ဒီလိုမယူရင် သူတို့လောဘကြောင့် မထိုက်မတန်တာတွေပါ တောင်းယူလာမှာပေါ့"

ဟု ပြောပြလေသည်။

ထိုသို့ပြောပြတော့မှ နီမောင်လည်း သဘောပေါက်သွားလေတော့သည်။





သူမပြောတာ အမှန်ပင်ဖြစ်သည်။

လောဘကြီးသူတို့၏ စိတ်မှာအကန့်အသတ်မရှိပေ။

သို့ကြောင့် တောင်း၍ရမှန်းသိသောအခါ အခြားသူများ အသက်၊ ရွှေငွေရတနာတို့ကိုပါ တောင်းယူလာနိုင်ကြလေသည်။

နည်းနည်းတောင်းလျှင် နည်းနည်းပြန်ပေးရပြီး၊ အကယ်၍ မထိုက်မတန် များများတောင်းလာပါက ၎င်းနှင့်ညီမျှသော အရာတစ်ခုခု ပြန်လည်ပေးရမှန်း သဘောပေါက်သွားလျှင်တော့ နောက်ထပ် တောင်းယူဝံ့တော့မည် မဟုတ်ပါချေ။

ဒါကြောင့်လည်း သံပချိုင်တစ်ယောက် စိတ်ထဲမှာ ကြောက်လန့်သွားပြီး ပြန်လည်စွန့်ပစ်လိုက်ရခြင်း ဖြစ်ပေသည်။

"အခုလိုပြောပြမှပဲ သဘောပေါက်တော့တယ်၊ ဒါထက် နင်က ဘာကြောင့်ဒီမှာလာနေချင်တာလဲ"

"ရေထဲမှာမျောနေရတာနဲ့စာရင် လူတွေနဲ့နေရတာ ပိုကောင်းတာပေါ့၊ နောက်ပြီး ကိုယ်ကူညီပေးနိုင်တာရှိတော့လည်း ပေးရတာပေါ့၊ ဒါပေမယ့် သဘောထားမဖြူစင်တဲ့လူတွေနဲ့တော့ မနေချင်ဘူး၊ သူတို့က မကောင်းတာတွေလုပ်တော့ ငါလည်း မကောင်းတာတွေ လုပ်ရတယ်"

"နင့်အနေနဲ့. . ဒီမှာနေတာကတော့ သဘောကျသလောက် နေနိုင်ပါတယ်၊ ငါအဖေအမေတို့ကိုလည်း ပြောပေးပါ့မယ်၊ ဒါပေမယ့် ဒီမှာနေတဲ့အချိန်မှာတော့ မကောင်းတာတွေ ဘာမှမလုပ်ပါနဲ့"

"မလုပ်ပါဘူး၊ ငါဒီမှာရှိနေတာ ဘယ်သူမှမသိပါစေနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်သူမှ မပြောပါဘူး၊ နင်အကူအညီပေးလို့ ကပ်သမျှင်ငါးကြီးရခဲ့တာ ကျေးဇူးတင်ပါတယ်၊ ငွေများများရတော့ ငါတို့မိသားစုလည်း အဆင်ပြေသွားတယ်၊ ကြွေးတင်တာတွေလည်း ဆပ်နိုင်သွားပြီ၊ ငါ ဈေးဆိုင်သွားတဲ့အခါ နင်မှာတဲ့ ပစ္စည်းတွေ ဝယ်ခဲ့ပါ့မယ်"

ဟုပြောလိုက်သောအခါ ဖျက်ခနဲ ပြန်ပျောက်သွားလေသည်။ နီမောင်လည်း အိပ်ပျော်နေသလိုဖြစ်သွားရာမှ သတိပြန်ရလာသောကြောင့် နေရာမှထလိုက်သည်။

မနီးမဝေးမှာတော့ သူချထားသော သေတ္တာလေးက နေရာမပျက်ရှိနေလေသည်။

နီမောင်က အဖုံးဖွင့်ကြည့်လိုက်တော့ အတွင်း၌ ရုပ်တုကလေးကရှိနေပြီး သူ့ကိုမော့ကြည့်နေသကဲ့သို့ ရှိလေသည်။

နီမောင်တန်းပေါ်မှာတင်ထားသော အဝတ်ဟောင်းတစ်ထည်ကိုယူ၍ အပေါ်မှတင်ထားပေးလိုက်သည်။

ထို့နောက် အဖုံးကိုပြန်ပိတ်လိုက်ကာ အိပ်ယာပေါ်သို့ ပြန်လာလေသည်။

ထိုညက ကောင်းစွာအိပ်မပျော်ပဲရှိရာ မိုးလင်းကာနီးတော့မှ အိပ်ပျော်သွားလေတော့သည်။

သို့ကြောင့် နောက်တစ်နေ့ နံနက်ပိုင်းနေမြင့်တော့မှ ပြန်နိုးလာလေသည်။

နိုးသည်နှင့် ရေမိုးချိုးအဝတ်အစားလဲကာ မြနှင်းဖြူတို့ ဈေးဆိုင်သို့သွားလေသည်။





ဝယ်စရာပစ္စည်းသိပ်မများသောကြောင့် လှေမယူပဲ ရွာလမ်းအတိုင်း လျှောက်သွားလေသည်။

ထိုဆိုင်ရောက်တော့ မြနှင်းဖြူအပြင် စောလှဖြူပါရှိနေလေသည်။

စောလှဖြူက နီမောင်နှင့် သက်တူရွယ်တူဖြစ်ပြီး ခင်မင်ကြသည်။

"နီမောင်ပါလား၊ မနေ့ကမင်းတို့ရလာတဲ့ ကပ်သမျှင်ငါးကြီးက အတော်ကြီးတယ်၊ စည်ပေါင်းဖိုးတင် ငွေအတော်ရမှာပဲ"

"သိပ်တော့မရပါဘူး၊ ငါးဈေးက ဒိုင်လုပ်တဲ့လူတွေ ပါးစပ်ထဲမှာပဲ ရှိတာဆိုတော့ သူတို့ဖြတ်ပေးတဲ့ဈေးပဲ ရတာပါ"

"ဒါကတော့ ထုံးစံပါပဲ၊ ငွေရှိတဲ့လူက ငွေမရှိတဲ့လူတွေကို နှိပ်စက်လာတာ ကြာပဲကြာမှာပေါ့၊ ဒါထက် မင်းကို တွေ့တုန်း မေးရဦးမယ်"

"ဘာမေးမှာလဲ"

"သံပချိုင်တို့ ငါးဖမ်းသွားရင်း ရေထဲမျောလာတဲ့ခေါင်းတလားကြီးထဲက ရုပ်တုလေးတစ်ခုရခဲ့တယ်လို့ ပြောသံကြားလိုက်တယ်၊ အဲဒီအရုပ်ကလေးက အတော်ကြောက်စရာကောင်းတယ်လို့ပြောတယ်၊ ပထမရက်က ငါးတွေ အများကြီးရအောင် လုပ်ပေးပြီးမှ ညဘက်ရောက်တော့ သူ့သမီးကို သတ်သွားတယ်လို့ ပြောသံကြားလိုက်တယ်၊ အဲဒါဘယ်လိုအရုပ်မျိုးလဲ မင်းသိသလား. . ."



www.burmeseclassic.com

www.burmeseclassic.com



"မသိပါဘူးကွာ မြင်လည်းမမြင်လိုက်ရပါဘူး"

"ကုန်းတန်းကရွှေထီးတို့လည်း အဲဒီအရုပ်ဒုက္ခပေးသွားတာလို့ပြောသံကြားတယ်၊ မင်းတောင် ငါတို့ဆိုင်က ပစ္စည်းတွေ ဝယ်ပေးလိုက်သေးတယ် မဟုတ်လား"

နီမောင်ကမလွှဲမရှောင်သာသဖြင့် ခေါင်းညိတ်ပြလိုက်ရသည်။

"အဲဒါဆိုရင် မင်းသိသလောက် ငါ့ကိုပြန်ပြောစမ်းပါ။ ငါက အဲဒါမျိုးတွေဆိုရင် စိတ်ဝင်စားလို့ပါ"

သို့ကြောင့်ရုပ်တုနှင့်ပတ်သက်သည့် အကြောင်းအရာအချို့ကို ပြန်ပြောပြလိုက်ရပေသည်။

နီမောင်ပြောပြနေသည်ကို စောလှဖြူသာမကပဲ မနီးမဝေးမှာရှိနေသော မြနှင်းဖြူကပါ စိတ်ဝင်စားစွာ နားထောင်နေလေသည်။

"စိတ်ဝင်စားစရာပဲ၊ ဒီအရုပ်မျိုးသာရရင်တော့ ချမ်းသာမှာပဲ"

"ဒါပေမယ့် မသုံးသင့်တာသုံးရင်လည်း သံပချိုင်တို့လိုပဲ ဒုက္ခရောက်တတ်တယ်ကွ"

"အေး. . ဒါလည်းဟုတ်တာပဲနော်၊ မတော်လောဘ စိတ်တွေမထားပဲ ကိုယ့်ဖာသာအေးအေးနေတာပဲ ကောင်းပါတယ်၊ ပိုက်ဆံတော့ရပါရဲ့ စိတ်မချမ်းမသာဖြစ်နေရရင်လည်း မကောင်းဘူး၊ ကဲ. . ဆိုင်အတွက်လိုတဲ့ပစ္စည်းလေးတွေ သွားဝယ်လိုက်ဦးမယ် နီမောင်ရေ. . "





ဟုပြောပြောဆိုဆိုနှင့်ပင် စောလှဖြူက ထွက်သွားလေတော့သည်။

ထိုအခါမှပင် လာရင်းကိစ္စကို ပြောရပေတော့သည်။

"မြနှင်းဖြူ ငါဟိုတလောက ပိုက်ဆံကြွေးကျန်နေတာ ပြန်ဆပ်ချင်လို့ စာရင်းကြည့်ပေးပါဦး"

"နင် အခုတလောငွေများများရတယ်လို့ သတင်းကြားတယ်"

မြနှင်းဖြူက စာရင်းစာအုပ်ကြည့်ရင်းနှင့် ပြောသည်။

"အဲဒီလိုရလို့ ကြွေးလာဆပ်နိုင်တာပေါ့၊ အခုလို ကြွေးပေးတာ ကျေးဇူးတင်ပါတယ် မြနှင်းဖြူ. . ."

"နင်ကလည်း တကူးတကကျေးဇူးတင်စရာ မလိုပါဘူး၊ ပေးရမယ့်လူမို့ ငါကပေးတာပေါ့"

"ငါနင့်ကိုအကူအညီတောင်းရဦးမယ်"

"ဘာလဲကြွေးထပ်ယူဦးမလို့လား"

"မဟုတ်ဘူး၊ ဒီစာရင်းမှာပါတဲ့ ပစ္စည်းလေးတွေ ငါ့ကို ရောင်းပေးပါဦး"

နီမောင်က စာရွက်တစ်ရွက်ပေါ်မှာ ခဲတံဖြင့်ရေးယူလာသော ပစ္စည်းစာရင်းကိုပေးလိုက်သည်။

မြနှင်းဖြူက ပစ္စည်းစာရင်းကိုကြည့်ပြီး အံ့ဩသွားလေသည်။ သူယူလာသော ပစ္စည်းစာရင်းမှာ အောက်ပါအတိုင်းပင် ဖြစ်သည်။

"ထမီ၊ အင်္ကျီ၊ ဆာရီ၊ သနပ်ခါး၊ ကျောက်ပျဉ်၊ ဘီး၊

www.burmeseclassic.com

www.burmeseclassic.com



မှန်၊ ပေါင်ဒါ၊ မျက်နှာချေ၊ ကလစ်"

စသော ပစ္စည်းများပင်ဖြစ်သည်။

"ဒီပစ္စည်းတွေက ဘာလုပ်ဖို့လဲ နင်မိန်းမခိုးလာတာလား"

"မဟုတ်ပါဘူး"

"ဒါ ဘယ်သူ့ပေးမလို့လဲ"

"မပေးပါဘူး၊ ငါ့မှာ သုံးစရာရှိလို့ပါ"

မြနှင်းဖြူက အကဲခတ်သလို တစ်ချက်ကြည့်သည်။ နီမောင်အမူအယာက တစ်ခုခုဖုံးကွယ်ထားခြင်းမျိုးမဟုတ်ပဲ အမှန်အတိုင်း ပြောနေမှန်းတော့ သိသာလေသည်။

သို့ကြောင့် ထွေထွေထူးထူးထပ်မမေးတော့ပဲ ထိုပစ္စည်းများကို ထုတ်ပေးရန် အကူမိန်းကလေးအား စေခိုင်းလိုက်လေသည်။

ထိုအချိန်မှာပင် နောက်ထပ် လူတစ်ယောက် ရောက်လာလေသည်။ ငါးရှဲလုပ်ငန်းလုပ်သော ကျော်ဇံခိုင်ပင်ဖြစ်ပေသည်။

ကျော်ဇံခိုင်ရောက်လာသဖြင့် စောစောကကြည်ကြည်လင်လင်ဖြစ်နေသော မြနှင်းဖြူမျက်နှာလေးမှာ တည်သွားလေတော့သည်။

ကျော်ဇံခိုင်ကတော့ မြနှင်းဖြူနှင့် ရင်းရင်းနှီးနှီးစကားပြောနေသော နီမောင်ကို အကဲခတ်သလိုကြည့်ကာ မေးသည်။

"မင်း ဟိုတစ်နေ့က ကပ်သမျှင်ငါးကြီးလာပို့သွားတဲ့





နီမောင်မဟုတ်လား"

"ဟုတ်ပါတယ်. ."

"ဒီလောက်ကြီးတဲ့ကပ်သမျှင်ငါးမျိုး ရဖို့မလွယ်လှဘူး၊ မင်းတို့အတော်ကံကောင်းတာပဲ၊ ဒါထက် မင်းနဲ့ တွေ့ချင်နေတာနဲ့အတော်ပဲ၊ မေးစရာတစ်ခုရှိလို့"

နီမောင်က တစ်ချက်ကြည့်လိုက်သည်။

"မင်း. . . မိန်းမရုပ်ကလေးတစ်ရုပ်ရလာတယ်လို့ သတင်းကြားတယ် ဟုတ်သလား"

ထိုစကားကြားတော့ မနီးမဝေးမှာရှိနေသော မြနှင်းဖြူတပါ အံ့ဩသွားလေသည်။

နီမောင်ဝယ်ထားသောပစ္စည်းများကိုပါ တစ်ချက်ကြည့်လိုက်လေသည်။

နီမောင်ကတော့ အေးအေးဆေးဆေးအမူအယာနှင့်ပင် ငြင်းလိုက်လေသည်။

"မဟုတ်ပါဘူး"

"ငါမေးတာ တခြားကြောင့်မဟုတ်ပါဘူး၊ တကယ်လို့မင်းရထားတယ်ဆိုရင်လည်း ဈေးကောင်းပေးပြီး ဝယ်ချင်လို့ပါ"

ကျော်ဇံခိုင်က အရောင်းအဝယ်သမားပီပီ၊ ဈေးစကားပြောဆိုပြီး မြူဆွယ်လေသည်။

နီမောင်ကတော့ ငြင်းလက်စနှင့် ဆက်ငြင်းလေသည်။

"ကျွန်တော့ဆီမှာ တစ်ကယ်မရှိပါဘူး"

ကျော်ဇံခိုင်ကတော့ နီမောင်ထံမှ ထိုစကားကြားရသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် မကျေမနပ်ဖြစ်သွားလေသည်။

သူထင်ထားသည်က ဆင်းရဲချို့တဲ့သူများကို ငွေစကား ပြောလျှင် ဘယ်အရာမဆို ဖြစ်နိုင်ရနိုင်သည်ဟု ထင်ထားခဲ့ သည်။ ယခုတော့ မဟုတ်ပြန်ပေ . . . ။

"ငါသထင်ကြားတာကတော့ သံပချိုင်တို့ဆီကပျော သွားတဲ့ ရုပ်တုကို မင်းပြန်ရလာတယ်လို့ကြားတာပဲ"

"ခင်ဗျားကိုဘယ်သူပြောတာလဲ"

"ငါးဖမ်းတဲ့လူအတော်များများက ငါ့ဆီမှာပဲ ငါးပုစွန်သွ နေကြတာပဲ၊ တစ်ယောက်ဆီကစကား တစ်ယောက်က ကြား ဒီလိုပဲသိနိုင်တာပေါ့"

"ဒါပေမယ့် ကျွန်တော့်ဆီမှာတော့ မရှိပါဘူး"

"မင်းကိုငါတစ်ခုတော့ သတိပေးလိုက်မယ်၊ လူခြော ပဲဖြစ်ဖြစ်၊ ထူးဆန်းတဲ့အရုပ်ပဲဖြစ်ဖြစ်ရှိရင် အစိုးရကိုအပ်ရတ မအပ်ရင် အဖမ်းအဆီးအချုပ်အနှောင်ခံရတယ်"

ထိုသို့ပြောသော်လည်း နီမောင်ကတော့ ဘာမှပြန် ပြောတော့ပေ။

မြနှင်းဖြူချပေးထားသော သန်ခါးတုံး၊ ကျောက်ပျဉ် ပါအဝင် မိန်းမအသုံးအဆောင်ပစ္စည်းများကို အထုပ်တစ်ခုထဲ ထည့်နေလေသည်။

ထိုပစ္စည်းများထည့်နေသည်ကို ကျော်ဇံခိုင်က သတိ မိသွားသည်။

ပစ္စည်းများထည့်ပြီးတော့ ကျသင့်ငွေကိုပေးခဲ့ကာ





မောင်က ပြန်ထွက်သွားလေတော့သည်။

ထိုအခါ ကျော်ဇံခိုင်က မြနှင်းဖြူကိုမေးလိုက်သည်။

"နီမောင်က မိန်းမရှိသလား"

"မရှိပါဘူး"

"ဒါဖြင့် နှမသားချင်းတော့ရှိမှာပေါ့"

"မရှိပါဘူး . . နီမောင်တို့က မိသားစုသုံးယောက်ပဲရှိ တယ်"

"ဒါဖြင့် စောစောက အမျိုးသမီးအသုံးအဆောင်တွေ တ ဘာလုပ်ဖို့ဝယ်သွားတာလဲ"

"ကျွန်မလည်း ဘယ်သိပါ့မလဲ သူမသုံးလည်း တခြားလူ ပေးဖို့ဖြစ်ချင်လည်းဖြစ်မှာပေါ့၊ ကိုရွှေထီးအိမ် မီးလောင်တုန်းက လည်း လိုတဲ့ပစ္စည်းတွေ သူ့ငွေနဲ့ စိုက်ဝယ်ပြီးတော့ သွားပို့ပေး တယ်လို့ သတင်းကြားတာပဲ"

မြနှင်းဖြူက ထိုသို့ပြောလိုက်တော့မှ ကျော်ဇံခိုင်က စ ကားလမ်းကြောင်းပြောင်းလိုက်လေသည်။

"ကျွန်တော်လာတာ တခြားတော့မဟုတ်ပါဘူး၊ မြနှင်း ဖြူတို့မောင်နှမကို ကျွန်တော်မွေးနေ့လာဖို့ လာဖိတ်တာပါ . ."

"ကျွန်မမလာနိုင်လည်း အစ်ကိုစောလှဖြူလာပါလိမ့် မယ်"

"ကျွန်တော်က မြနှင်းဖြူပါလာစေချင်လို့ တကူးတက ကိုယ်တိုင်လာဖိတ်တာပါ၊ အဲဒီနေ့ကျရင် ကိုအောင်သာကျော်တို့ လည်း လာလိမ့်မည်၊ သူ့ကိုလည်း သေသေချာချာသွားဖိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



ပါတယ်"

မြနှင်းဖြူက ငြိမ်ပြီးစဉ်းစားနေလေသည်။

"မွေးနေ့ရက်ရောက်ရင် အိမ်မှာကျွေးမွေးဧည့်ခံပြီးေ
မိတ်ဆွေအချို့နဲ့အတူ ဗုဒ္ဓါမော်ဘက်သွားပြီး ပျော်ပွဲစားထွ
လည်း အစီအစဉ်လုပ်ထားလို့ပါ . . မြနှင်းဖြူအနေနဲ့ လာ
အောင် လာစေချင်ပါတယ်"

"ကျွန်မတတ်နိုင်သလောက်တော့ လာဖြစ်အောင်
စားပေးပါ့မယ်"

ဟုပြောလိုက်တော့မှ ကျော်ဇံခိုင်လည်း ကျေနပ်သေ
အမူအယာဖြင့် ပြန်သွားလေတော့သည်။





## အခန်း(၁၃)

# အသက်ပေး၍အသက်ယူရခြင်း

အချိန်က ညနေပိုင်းအချိန်ပင်ဖြစ်၏။

ထိုအချိန်သည် မြစ်ချောင်း၊ ပင်လယ်စသည်တို့တွင်
ငါးပုစွန်ဖမ်းဆီးသူတို့ အလုပ်ထွက်ကြသည်အချိန်ဖြစ်သည်။

ညနေပိုင်းအချိန်ကတည်းက ထွက်သွားကြသူတို့မှာ
နောက်တစ်နေ့မိုးလင်းတော့မှ ပြန်လာကြမည်ဖြစ်၏။

ရလာသော ငါးပုစွန်များရောင်းချပြီးပါက စားသောက်
း တစ်နေ့ကုန်အိပ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ညနေစောင်းမှ အိပ်ရာမှပြန်ထပြီး အလုပ်ဆင်
ဖြင်ကြရပြန်သည်။ ဤသို့ဖြင့် သူတို့ဘဝသည် သံသရာလည်
ကြသည်။

ညနေပိုင်းအချိန်ရောက်တော့ နီမောင်တို့ သုံးယော
လည်း လှေတစ်စင်းဖြင့် အလုပ်ဆင်းသွားကြလေပြီ. . .

ထိုအချိန်ရောက်တော့မှ သူကြီးနှင့် ပုလိပ်သုံးယော
တို့ နီမောင်တို့အိမ်သို့ ရောက်လာကြသည်။ အိမ်မှာတော
ဘရှိန်နှင့် ဒေါ်ကျင်မေတို့နှစ်ယောက်သာရှိနေကြသည်။

မမျှော်လင့်ပဲရောက်လာသော ပုလိပ်များကို မြင်လို
ရသဖြင့် နှစ်ယောက်စလုံး အံ့သြသွားကြသည်။

ထိတ်လန့်သွားကြလေသည်။

"ဘာကိစ္စရှိလို့လဲဟင်"

"ခင်ဗျားတို့အိမ်မှာ ဥပဒေနဲ့ မကင်းတဲ့ပစ္စည်းတ
တယ် သတင်းကြားထားလို့ လာရှာတာပါ"

သူကြီးကပြောပြီးနောက် ကုလားလူမျိုး ပုလိပ်သုံးယော
က တစ်အိမ်လုံးလိုက်လံရှာဖွေကြသည်။

အိမ်ကလည်းသိပ်မကျယ်၊ ပစ္စည်းကလည်း များများ
သဖြင့် သိပ်မကြာလိုက်ပေ။ နီမောင်နေသောအခန်းထဲမှ
အလိုရှိသော သေတ္တာငယ် ကလေးနှင့်ထည့်ထားသော ရုပ်
တွေ့သွားကြသည်။ သူကြီးက ထိုသေတ္တာကို ယူလာပြီး
သည်။

"သခင်ကြီးတွေက အမိန့်ထုတ်ထားတာမသိဘူးလ



ဒေရှိတယ်ဆိုတာ မသိဘူးဘား"

"ကျွန်မတို့ဘာများအမှားရှိလို့လည်း သူကြီးမင်းရယ်"

"လူခြောက်တို့ ထုဆန်းတဲ့အရုပ်တိုတွေ့ရင် သိမ်းမထား
ဘူး၊ ယူမထားဘူး၊ သက်ဆိုင်ရာမင်းများကို အပ်ရတယ်လို့
ဒေထုတ်ထားတယ်လေ၊ ခင်ဗျားတို့ကို လို့ဝှက်မှုနဲ့ ဖမ်းဆီး
ရေးယူလို့ရတယ် သိကြရဲ့လား"

ထိုအခါ ဦးဘရှိန်ကပြောသည်။

"ဒါက လူခြောက်မှမဟုတ်တာ၊ ပန်းပုထုထားတဲ့ အရုပ်ပဲ
ဘ၊ ဒါမျိုး အိမ်မှာထားလို့မရဘူးလား"

"မရဘူး. . မရဘူး၊ ခင်ဗျားတို့ ကျုပ်ကိုအသိမပေးပဲနဲ့
တ်ထားတဲ့အတွက် ဖမ်းပြီးထိပ်တုံးခတ်ထားလို့ရတယ်"

ဟုဒေါသသံဖြင့် အော်ပြောလေသည်။

ဦးဘရှိန်နှင့် ဒေါ်ကျင်မေတို့ကတော့ ဘာမှထွေထွေ
ထူး ထပ်မပြောကြတော့ပေ။

ထို့ကြောင့် သူကြီးက သူ့အသံကိုပြန်လျှော့လိုက်သည်။

"အေးလေ. . ခင်ဗျားတို့မိသားစုက ဒီရပ်ရွာမှာ နေလာ
ကြတာလည်းကြာပြီ၊ အခြားဘာပြစ်ချက်မှာလည်း မရှိခဲ့ဖူး
တော့ ဒီတစ်ခါတော့ ဖမ်းလားဆီးလားမလုပ်တော့ပါဘူး၊ ခွင့်
တ်ပေးလိုက်ပါ့မယ်၊ ဒါပေမယ့် ဒီသေတ္တာကိုတော့ သိမ်းယူ
သွားရလိမ့်မယ်"

ဟုပြောဆိုကာ ရုပ်တုထည့်ထားသော သေတ္တာလေးကို
ဆောင်ကာ ပြန်သွားကြလေတော့သည်။

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com



သူကြီးအိမ်မှာတော့ ကျော်ဇံခိုင်နှင့် သံပချိုင်တို့ စောင့်နေကြသည်။

သံပချိုင်က ကျော်ဇံခိုင်ခေါ်ထားသဖြင့် ရောက်နေခြင်းဖြစ်သည်။

သူတို့ပြန်ရောက်လာတော့ ကျော်ဇံခိုင်က ပုလိပ်သုံးယောက်တို့ကို သင့်တော်သော ငွေကြေးပေးလိုက်ရာ ကျေနပ်သောအမူအယာဖြင့် ပြန်သွားကြလေတော့သည်။

ထိုအခါမှ သူကြီးက သူယူလာသောသေတ္တာကို ကျော်ဇံခိုင်လက်သို့ ပေးလိုက်လေသည်။

"မင်းလိုချင်တဲ့ပစ္စည်း ဟုတ်မဟုတ်ကြည့်ပါဦးကွယ်"

ဟုပြောသဖြင့် ကျော်ဇံခိုင်က စိတ်လှုပ်ရှားနေသောအမူအယာဖြင့် သေတ္တာအဖုံးကို ဖွင့်လိုက်သည်။

အတွင်းမှာတော့ ရုပ်တုကလေးကရှိနေသည်။

ကျော်ဇံခိုင်က သူကိုယ်တိုင်မမြင်ဖူးသေးသောကြောင့် အနားမှာရှိနေသော သံပချိုင်ကိုခေါ်ပြလေသည်။

"မင်းတို့ရလာတာ ဒီအရုပ်လား ကြည့်ပါဦး"

သံပချိုင်ကတော့ မျက်နှာပျက်နေလေသည်။ စိတ်ထဲမှာလည်း ကြောက်ရွံ့ထိတ်လန့်နေသည်။

သမီးတစ်ယောက် လည်ပင်းပေါက်ပြီးသေရသော အဖြစ်ကို သတိရနေသည်။

သို့သော်လည်း ကျော်ဇံခိုင်က ခေါ်သဖြင့် အနားသွားကြည့်ရသည်။





"ဟုတ်. . ဟုတ်တယ်၊ ခေါင်းတလားထဲက ကျုပ်ယူလာတာ ဒီအရုပ်ပဲ၊ အဲ့ဒီနေ့က ရွှေထီးနဲ့ စိန်ကျောက်တို့ယူသွားကြတာ သူ့ဆီဘယ်လိုရောက်သွားတာလည်း မသိဘူး"

ဟု အံ့ဩစွာ စကားဆိုလေသည်။

"ဟိုနှစ်ကောင်ဆီက တစ်နည်းနည်းနဲ့ ယူသွားတာ ဖြစ်မှာပေါ့၊ ဒါတောင် ဟိုနေ့က နီမောင် မိန်းမအသုံးအဆောင်တွေယူသွားတာ ငါမြင်လိုက်လို့ပေါ့၊ ကဲ. . ကဲ မင်းလည်း ပြန်ပေတော့၊ ဒီအကြောင်းတွေကိုတော့ မင်းကလွဲပြီး ဘယ်သူမှ မသိစေနဲ့"

ဟုပြောဆိုပြီး သံပချိုင်အား ငွေအချို့ပေးလိုက်ရာ ပြန်သွားလေတော့သည်။

ထို့နောက်. . .

"သူကြီးကိုလည်း ကျေးဇူးတင်ပါတယ်ဗျာ၊ ဒီအတွက် ကျေးဇူးဆပ်ပါရစေ. . ."

ဟုပြောဆိုကာ သူယူလာသော ငါးခြောက်၊ ပုစွန်ခြောက်များအပြင် ငွေအချို့ကိုပါပေးလိုက်ရာ သဘောအကျကြီး ကျနေလေတော့သည်။

ထို့နောက် ကျော်ဇံခိုင်လည်း ရုပ်တုထည့်ထားသော သေတ္တာလေးကိုလွတ်အိတ်တစ်လုံးထဲသို့ ထည့်၍လွယ်ကာ ပြန်သွားလေတော့သည်။

သူအရင်ဆုံးသွားသောနေရာက ဆရာကြီး သာဒင်ရှိသောနေရာပင် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သာဂရမှာ အောက်လမ်းဆရာတစ်ပိုင်းဖြစ်နေသည့် ဆာဒူးတစ်ယောက်ပင်ဖြစ်၏။

သာဂရနှင့်တွေ့သည်နှင့် ကျော်ဇံခိုင်က ဝမ်းသာအားရ ပြောပြလေသည်။

"ဆရာကြီးပြောတဲ့အတိုင်း စုံစမ်းလိုက်တာ မှော်ဝင်ရုပ်တော့ ပြန်ရလာပြီဆရာကြီး"

"ဟော့. . ဟန်ကျတာပေါ့"

ထိုသို့ပြောကာ ဇာဂရက သေတ္တာထဲမှာ အရုပ်ကို ထုတ်ပြီးကိုင်ကြည့်လေသည်။

အရုပ်ကိုလက်ဖြင့်ထိလိုက်သည်နှင့် လျှပ်စစ်နှင့်ထိမိသကဲ့သို့ လက်မှာကျင်တက်သွားသောကြောင့် ပြန်လွှတ်ချလိုက်သည်။

"ဘာဖြစ်လို့လဲဆရာကြီး"

"ဘာ. . . ဘာမှမဖြစ်ပါဘူး၊ သိဒ္ဓိစမ်းတာထင်ပါရဲ့"

ဟုပြောပြောဆိုဆိုနှင့် နောက်တစ်ကြိမ်ကောက် ယူလိုက်ပြန်သည်။

နောက်တစ်ကြိမ်မှာလည်း ယခင်တစ်ကြိမ်ကထက် ပိုပြီး ထုံကျင်သွားသဖြင့် ပြန်ချထားလိုက်ရသည်။

သို့ကြောင့် နောက်တစ်ကြိမ်မကိုင်ဝံ့တော့ပေ။

"ဒီအရုပ်က သိဒ္ဓိရှိတယ်၊ မသက်ဆိုင်တဲ့သူတွေဆီမှာ ထားလို့မရဘူး"

"ဒီတော့ ဘယ်လိုလုပ်ရမလဲ"





"မင်းနဲ့သက်ဆိုင်တော့ မင်းဆီမှာပဲထားပါ၊ လိုတဲ့အစီအရင်တွေကို ငါလုပ်ပေးမယ်"

"ဟုတ်ကဲ့"

"မင်း. . သူနဲ့တွေ့လိမ့်မယ်၊ တွေ့တဲ့အခါ ကိုယ်လိုချင်တာကို အရင်ပြောပြ၊ ဒီအခါ သူလိုချင်တာတောင်းလာလိမ့်မယ်၊ အဲဒီလို တောင်းလာခဲ့ရင်လည်း မင်းအနေနဲ့ ပေးနိုင်ရင်ပေးလိုက်"

"မပေးရင်ကော ဘယ်လိုဖြစ်မလဲ"

"သူလိုချင်တာမပေးရင် မင်းလိုချင်တာလည်း ရမှာမဟုတ်ဘူး"

"သူက မဖြစ်နိုင်တာတွေ တောင်းနေရင် ဘယ်နှယ်လုပ်မလဲ ဆရာကြီး"

"မင်းဘက်က မဖြစ်နိုင်တာတွေ မတောင်းနဲ့ပေါ့၊ နားလည်အောင်ပြောရရင်တော့ မှော်ဝင်ရုပ်တုဆိုတာ တစ်ခုပေးရင် တစ်ခုပြန်ယူလေ့ရှိတယ်၊ မင်းကလူတစ်ယောက်ရဲ့ အသက်ကို လိုချင်ရင် မင်းနဲ့သက်ဆိုင်တဲ့လူတွေထဲက အသက်တစ်ချောင်းကို ပြန်ပေးရလိမ့်မယ်"

ထိုစကားကြောင့် စိတ်ထဲမှာ လန့်သွားလေသည်။

သို့သော် စိတ်ဝင်စားမှုလည်း ရှိနေလေသည်။

သာဂရပြောတာဟုတ်မဟုတ် စမ်းကြည့်ရန်လည်း ဆန္ဒရှိနေသည်။

သူ့စိတ်ထဲမှာလည်း လွန်ခဲ့သော တစ်လနှစ်လလောက်



www.burmeseclassic.com

www.burmeseclassic.com



က အဖြစ်အပျက်တစ်ခုကို ပြန်လည်သတိရမိလေသည်။

အခြားတော့မဟုတ်ပေ။

အောင်သာကျော်မှာ သူနှင့်အပြိုင် မြနှင်းဖြူကိုပိုးပန်းနေသူဖြစ်သည်။

သို့ကြောင့် စိတ်ပျက်သွားစေရန် ယတြာချေသည့်သဘောဖြင့် ခေါင်းတလားကြီးထဲတွင် အောင်သာကျော်နာမည်နှင့် မြနှင်းဖြူအမည်ရေးထားသော အရုပ်နှစ်ရုပ်ထည့်ပြီး ခြံဝန်းထဲသို့ ပို့ပေးလိုက်ခြင်းဖြစ်သည်။

ထိုအလုပ်ကို အောင်သာကျော်တို့ခြံထဲမှာနေပြီး အလုပ်လုပ်နေသည့် သန်းရွှေဆိုသူကို ငွေလည်းပေး၊ အရက်လည်းတိုက်ကာ စေခိုင်းခဲ့ခြင်းဖြစ်ပေသည်။ နောက်တစ်နေ့ရောက်တော့ သစ်ပင်၌ လည်ပင်းတွင် ကြိုးဆွဲထားသော အရုပ်နှစ်ရုပ်ရောက်နေခြင်းမှာလည်း သန်းရွှေပင် ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။

ယခုတော့ အခြားသူကို အားကိုးစရာမလိုတော့ပေ။ သိဒ္ဓိရှိသော မှော်ဝင်ရုပ်ထုကို စေခိုင်းရုံနှင့်ပင် သူဖြစ်စေချင်သည်များ ဖြစ်ပေတော့မည်။

သို့ကြောင့် ရုပ်တုထည့်ထားသော သေတ္တာကို လွယ်အိတ်ထဲသို့ ထည့်လွယ်ကာ အိမ်သို့ပြန်သွားလေတော့သည်။ အိမ်ရောက်တော့ လွယ်အိတ်ထဲမှ သေတ္တာကို သူနေသောအခန်းထဲမှ စားပွဲပေါ်တင်ထားလိုက်လေသည်။

ကျော်ဇံခိုင်တို့နေသောနေရာမှာ ဆတ်ရိုးကျချောင်း





ကမ်းပါးတွင် ဆောက်ထားသော တိုက်ခံနှစ်ထပ်အိမ်ကြီးဖြစ်ပေသည်။

အောက်ထပ်တွင် ကုန်ပစ္စည်းများသိုလှောင်ထားပြီး အပေါ်ထပ်မှာ ကိုယ့်အခန်းနှင့်ကိုယ်နေကြသည်။

ကျော်ဇံခိုင်နေသောအခန်းက ချောင်းကမ်းဘက်မှာဖြစ်သဖြင့် ဆတ်ရိုးကျချောင်းကို လှမ်းမြင်ရသည်။

အချိန်က ညဦးပိုင်းအချိန်ရောက်ပြီဖြစ်သဖြင့် ကျော်ဇံခိုင်လည်း မောပန်းလာသောကြောင့် အိပ်ယာဝင်လေရာ ချက်ခြင်းအိပ်ပျော်သွားသည်။ ညဉ့်နက်ပိုင်းအချိန်ရောက်သောအခါ တစ်စုံတစ်ယောက်က လာနှိုးသကဲ့သို့ ပြန်နိုးလာသည်။

သူ့အခန်းထဲမှာ မီးရောင်မရှိပေ။ သို့ကြောင့် မှောင်နေသည်။

မှောင်နေသော်လည်း ကုတင်ဘေးမှာ ရပ်နေသူကို ဝိုးတဝါးမြင်နေရသည်။

တစ်ကိုယ်လုံး ဆာရီပတ်ထားသော ကုလားအမျိုးသမီးတစ်ယောက်ဖြစ်သည်။

ရုပ်ရည်က ချောမောသလောက် မျက်နှာကတင်းမာခက်ထန်မှုရှိလေသည်။

ကျော်ဇံခိုင်က ဇဝေဇဝါဖြင့် အိပ်ယာပေါ်မှ ထကာမေးလိုက်သည်။

"နင် ဘယ်သူလဲ"

"ငါ့နာမည် ပုဏ္ဏမီ၊ နင်ပဲခေါ်လာလို့ ဒီနေရာရောက်နေ



www.burmeseclassic.com

www.burmeseclassic.com



ရတာလေ”

“ဒါ. . ဒါဖြင့် ဟိုရုပ်တုက နင်ပဲပေါ့”

“ဟုတ်တယ်. . ”

“နင်က အတော်ချောတာပဲ၊ နင်ကငါခိုင်းတာတွေ လုပ်ပေးနိုင်သလား”

“လုပ်ပေးနိုင်တယ်၊ နင်ဖြစ်စေချင်တာကို လုပ်ပေးရရင် ငါ့အတွက် တစ်ခုပြန်ပေးရမယ်၊ တန်ဖိုးညီမျှတဲ့ အရာတစ်ခုခုပေါ့”

ထိုစကားကြားတော့ သာဂပြောလိုက်သောစကားကို ပြန်မှတ်မိလေသည်။

“နင် ငါနဲ့နေမှာမဟုတ်လား”

“မနေချင်ဘူး၊ ငါကစိတ်ထားမကောင်းတဲလူတွေ၊ တစ်ဘက်သားကို ဒုက္ခပေးချင်စိတ်ရှိသူတွေ၊ လောဘကြီးတဲ့သူတွေနဲ့ နေလို့မရဘူး၊ သူတို့လုပ်သမျှ အကုသိုလ်တွေကို ငါတစ်ဝက်ခံနေရတယ်၊ ဒါကြောင့် ငါ့ကိုပြန်ပို့ပေးပါ”

ဟုပြောလေသည်။ ကျော်ဇံနိုင်ကတော့ ထိုစကားကို လက်မခံပေ. . ။

“ဘာပဲဖြစ်ဖြစ် အခုတော့ နင် ငါ့ရဲ့လက်ထဲရောက်နေပြီ၊ ငါခိုင်းတာတွေကို လုပ်ပေးရဦးမယ်. . ”

“ဘာလုပ်ပေးရမလဲ”

“ဟိုဘက်မှာ ငါနဲ့ယှဉ်ပြိုင်ပြီး ရွှေဒိုင်တစ်ဒိုင် လာဖွင့်နေတယ်၊ အဲဒီလူကို ညတွင်းချင်းသေတာ ငါမြင်ချင်တယ်”





“သူများအသက်တစ်ချောင်းတောင်းရင်း နင်နဲ့သက်ဆိုင်တဲ့ အသက်တစ်ချောင်းပြန်ပေးရမယ်”

ကျော်ဇံခိုင်က အနည်းငယ်စဉ်းစားလိုက်ပြီးမှ. . .၊

“ကောင်းပြီလေ၊ ဒီအိမ်မှာအလုပ်လုပ်နေတဲ့လူတွေအများကြီးရှိတယ်၊ တချို့လည်း သားချင်းမကင်းကြဘူး၊ နင်ကြိုက်တဲ့တစ်ယောက် အသက်ကို ယူနိုင်တယ်၊ ဒီအိမ်မှာတော့ အဖေရယ်အမေရယ် ငါရယ်ကလွဲပြီး ကျန်တဲ့လူတွေရဲ့အသက်ကိုကြိုက်တာယူပေတော့”

ဟုပြောလိုက်ရာ ရုပ်နေသောပုံရိပ်မှာ ဖျတ်ခနဲ ပျောက်သွားလေသည်။

ကျော်ဇံခိုင်က နေရာမှ ကဗျာကရာထပြီး စားပွဲပေါ်၌တင်ထားသော သေတ္တာအဖုံးကို ဖွင့်လိုက်သည်။

အတွင်းမှာ ရုပ်တုမရှိတော့ပေ။

စိတ်ထဲမှာတော့ မျှားစွာအံ့ဩသွားမိလေသည်။

ထိုညက တစ်ညလုံး စိတ်တထင့်ထင့်နှင့် ဖြစ်နေသောကြောင့် အိပ်မပျော်ခဲ့ပေ။

မိုးလင်းကာနီးရောက်တော့မှ မှေးခနဲအိပ်ပျော်သွားလေသည်။

နောက်တစ်နေ့ပြန်နိုးလာတော့ သူ့အတွက် သတင်းကောင်းတစ်ခုကြားရလေသည်။ အခြားတော့မဟုတ်ပေ. . ။

သူတို့အိမ်နှင့် သိပ်မဝေးသောနေရာတွင် ရွှေဒိုင်လာဖွင့်သော ကိုဟန်စိန်ဆိုသောသူမှာ သေဆုံးသွားပြီဆိုသော သတင်း

www.burmeseclassic.com

www.burmeseclassic.com



ပင်ဖြစ်ပေသည်။

ထိုသတင်းက ဆတ်ရိုးကျချောင်းတစ်လျှောက်ဂယက်ထသွားလေတော့သည်။ အချို့ကလည်း. . .

"ကိုဟန်စိန်ကို သရဲဝင်သတ်သွားတာလို့ ပြောတယ်။ အကောင်းသားကြီးကနေ သေသွားတာ၊ ညက သူအိပ်ခန်းဘက်ကနေ သရဲဝင်လာပြီး. . သရဲကြီး ငါ့ကိုလာသတ်နေပြီ ကယ်ကြပါဦးဆိုတဲ့ အသံတွေကို. . အိမ်သားတွေ ကြားလိုက်ရတယ်လို့ ပြောသံကြားတယ်"

ဟု တဆင့်စကားဖြင့် ပြန်ပြောကြသည်။

သူတို့ပြောသလိုပင်. . .

နောက်တစ်နေ့ မနက်လင်းတော့ အိပ်ယာပေါ်မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော ကိုဟန်စိန်အလောင်းကိုတွေ့ကြရပြီး လည်ပင်းနှင့် မျက်နှာတစ်ဝိုက်တွင် ကုတ်ခြစ်ရာနှင့် အစွယ်ပေါက်ရာများ တွေ့ကြရသည်။

သွေးများကတော့ ကုတင်ပေါ်မှာ စိုရွှဲနေလေသည်။ ဒါက ကျော်ဇံခိုင်အတွက် ဝမ်းသာရမည့်သတင်းဖြစ်သည်။ သူ့အတွက် ပြိုင်ဘက်လျော့သွားသည်ကတစ်ကြောင်း၊ နောက်တစ်ချက်ကတော့ သူထားသောရုပ်တုမှာ အမှန်တကယ် စေခိုင်း၍ရသည့် အရုပ်ဖြစ်ကြောင်း သိရသောကြောင့်ပင်ဖြစ်ပေ၏။

သို့သော်လည်း တစ်ပြိုင်နက်တည်း သူတို့အတွက် စိတ်မချမ်းမြေ့စရာသတင်းတစ်ခုကို ကြားရလေသည်။

ထိုသတင်းကတော့ သူနှင့်ညီမဝမ်းကွဲတော်သူ မိန်းက



လေးတစ်ယောက်မှာ အကောင်းသားကနေ ရုတ်တရက် သေဆုံးသွားသော သတင်းပင်ဖြစ်ပေသည်။

ထိုမိန်းကလေးမှာ အိမ်မှာပင်နေကာ အလုပ်များကိုလုပ်ကိုင်ပေးနေသူဖြစ်သည်။

သူလည်း အကောင်းသားကနေ ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ သေဆုံးသွားခြင်းဖြစ်ပေသည်။

ကျော်ဇံခိုင်က စိတ်ထဲမှာ မသင်္ကာသဖြင့်အခန်းတွင်းမှာရှိသော သေတ္တာငယ်ကို ဖွင့်ကြည့်ရာ ရုပ်တုကိုပြန်တွေ့ရလေသည်။

သို့သော် ရုပ်ထုကိုယ်ပေါ်မှာ ပတ်ထားသော ဆာရီမှာတော့ သွေးစက်များစွန်းပေနေသည်ကို အံ့သြစွာတွေ့ရလေသည်။

အသက်ပေးပြီးမှ အသက်ယူရသော အဖြစ်အပျက်မျိုးပင်ဖြစ်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၄)

# ဓါတ်ပုံထဲမှ သရဲမျက်နှာ

ဗုဒ္ဓေါမော်. . .။

ဗုဒ္ဓေါမော်သည် စစ်တွေ၌ လူသိများသော နေရာတစ်နေရာဖြစ်သည်။

ဗုဒ္ဓေါမော်နေရာသည် မိုးရာသီရောက်သောအခါ လမိုးပြင်းထန်ပြီး လှိုင်းကြီးတတ်သောနေရာဖြစ်သောကြောင့် င်လယ်ခရီးသွားတို့ ထိုနေရာရောက်သောအခါ ဗုဒ္ဓေါတပြီး

www.burmeseclassic.com

www.burmeseclassic.com



သွားကြရသည်။

(ဘုရားတပြီး သွားကြရခြင်းဖြစ်၏။)

ဗုဒ္ဓေါမော်နေရာနှင့် ပတ်သက်၍ အခြားနာမည်ဖြ
သော အကြောင်းတစ်ခုလည်း ရှိသေးသည်။

သရဲကြမ်းသည်ဆိုသော အကြောင်းပင်ဖြစ်ပေသည်
အချို့ကလည်း နတ်ကြမ်းသောနေရာဖြစ်သည်ဟု ယူဆ
သည်။ မည်သို့ပင်ရှိစေ. . .

အချိန်အခါမဲ့ ထိုနေရာမှတစ်ယောက်ချင်းနှစ်ယော
ချင်း သွားလာရသူများအဖို့ သရဲကြောက်လန့်သောကြော
ဗုဒ္ဓေါတပြီး သွားလာကြရသည်။

သို့သော် ရာသီဥတုသာယာသော နေ့ရက်များ၊ ည
ခင်းအချိန်များမှာတော့ ထိုနေရာသည် လှပသာယာသောနေ
တစ်ခုဖြစ်ပေသည်။

စစ်တွေမြို့နှင့် မဝေးလှသောကြောင့် လာရောက်
ပန်းဖြေသူများ၊ မိတ်ဆွေများနှင့် ပျော်ပွဲစားလာကြသူများ၊ ငု
ပစ်ရန်သက်သက်လာကြသူများ ရှိကြလေသည်။ ထိုနေရာသ
သရဲကြမ်းသည်ဆိုသော်လည်း လွတ်လပ်မှုရှိပြီး သာယာသေ
နေရာတစ်ခုပင် ဖြစ်ပေသည်။

ယခုလည်း ဗုဒ္ဓေါမော်နေရာသို့ လူငယ်လူရွယ်တစ်
ပျော်ပွဲစားသဘောမျိုး ထွက်လာကြသည်။

ထိုအဖွဲ့ကို ဦးဆောင်လာသူမှာ ကျော်ဇံခိုင်ပင်ဖြစ်ေ
သည်။



ထိုနေ့သည် ကျော်ဇံခိုင်၏ မွေးနေ့ရက်ဖြစ်သောကြောင့်
င်းနေအိမ်မှာ ရင်းနှီးခင်မင်သော မိတ်ဆွေသင်္ဂဟများကိုဖိတ်
း ကျွေးမွေးဧည့်ခံလေသည်။

ပြီးတော့မှ သူနှင့်အရင်းနှီး၊ အခင်မင်ဆုံးလူအချို့နှင့်
တူ ဗုဒ္ဓေါမော်ရှိရာသို့ လာကြခြင်းဖြစ်သည်။

ထိုနေရာသို့ ကျော်ဇံခိုင်နှင့် အပေါ်အချို့အပြင် မြနှင်း
နှင့် စောလှဖြူတို့မောင်နှမ၊ အောင်သာကျော်နှင့် သူဇာတို့
ပြင် အခြားလေးငါးဦးသာပါလာကြသည်။

ထို့ပြင် ထိုမြို့မှ ဓာတ်ပုံဆရာကိုပါ ခေါ်လာခြင်းဖြစ်ပေ
သည်။ တကယ်တော့ မြနှင်းဖြူက ထိုနေရာသို့မလာချင်ပေ။

သို့သော် ကျော်ဇံခိုင်က အတင်းဖိတ်ခေါ်သောကြောင့်
မ်ကိုဖြစ်သူကိုပါ အဖော်ခေါ်ပြီး လိုက်လာခဲ့ခြင်းဖြစ်ပေသည်။

ထိုနေရာရောက်တော့ ကျော်ဇံခိုင်ကပြောလေသည်။

"ကျွန်တော့်ရဲ့မွေးနေ့မှာ ခင်မင်ရင်းနှီးတဲ့သူတွေ အခု
လိုက်လာပေးကြတာ ကျေးဇူးတင်ပါတယ်ဗျာ"

ဒီနေရာက သရဲခြောက်တယ်လို့ နာမည်ကြီးနေတော့
တွေ သိပ်မလာကြဘူးဗျ၊ တကယ်တော့ နာမည်သာ ဆိုးနေ
မယ့် အတော်ကလေး သာယာတဲ့နေရာတစ်နေရာပါပဲ"

အားလုံးကလည်း ကျော်ဇံခိုင်ပြောတာမှန်ကန်ကြောင်း
ာက်ခံပြောဆိုကြသော်လည်း စောလှဖြူကတော့ ပြန်မေး
သည်။

"တစ္ဆေသရဲခြောက်တယ်တော့ ကြားဖူးကြတယ်၊ တစ္ဆေ

www.burmeseclassic.com

www.burmeseclassic.com



သရဲကို ကိုယ်တိုင်ကိုယ်ကျမြင်ဖူးတဲ့လူတော့ မရှိသလောက်ပါ
ဒီနေရာမှာ ဘယ်လိုသတင်းမျိုးတွေ ရှိနေတာလဲ”

“လက်တံရှည်သရဲရှိတယ်လို့တော့ သတင်းကြားမိတ
ပဲ၊ ဒီနေရာမှာလာတဲ့လူတွေ တချို့တွေ့ကြတယ်၊ နောက်တစ်
ရှိသေးတယ်”

“ဘာများလဲ”

“ဒီနေရာမှာ ဓါတ်ပုံရိုက်တဲ့အခါ သရဲကိုပါရိုက်မိတယ်
ဓာတ်ပုံထဲမှာပါလာတတ်တယ်”

“ဒီတော့ ဘာဖြစ်သလဲ”

“ကိုယ်ရိုက်တဲ့ပုံထဲမှာ သရဲပုံပေါ်နေရင် အဲဒီလူတ
မကြာခင် အန္တရာယ်ဆိုးတွေနဲ့တွေ့ပြီး သေရတတ်တယ်လို့
ပြောသံကြားတာပဲ၊ ကျွန်တော်တော့ ဒါမျိုးတွေ အယုံအကြ
မရှိပါဘူး၊ ဒါကြောင့် အမှတ်တရ ဓာတ်ပုံရိုက်မလို့ ဓာတ်ပုံဆ
ပါခေါ်လာတာ. . ကြည့်ပါလား”

ဟုပြောပြီးကျော်ဇံခိုင်က ထိုနေရာမှ ထွက်သွားလေ
သည်။ ထိုအခါ မြနှင်းဖြူက အစ်ကိုဖြစ်သူအား တိုးတိုး
လိုက်လေသည်။

“အစ်ကို ဒီနေရာမှာ ဓါတ်ပုံမရိုက်နဲ့နော်၊ သူကရိုက်
ပြောလည်း လက်မခံနဲ့”

“နင်ကလည်း စိုးရိမ်စရာမရှိ ကြံဖန်ပြီး စိုးရိမ်နေပြ
ငါမှဒါမျိုးတွေ အယုံအကြည်မရှိတာ၊ ဘာမှကြောက်မနေနဲ့”

ထိုသို့ပြောနေစဉ် သူတို့မောင်နှမရှိသောနေရာ



အောင်သာကျော်တို့ မောင်နှမနှစ်ယောက် ရောက်လာကြသည်။
သူပျိုလူရွယ်ဖြစ်သော စောလှဖြူက ရုပ်ရည်ချောမောသည့်
သူဇာကိုမြင်သောအခါ စိတ်ဝင်စားစွာဖြင့် အကဲခတ်ကြည့်
နေလေသည်။

“မောင်နှမနှစ်ယောက် ဘာတွေများ တိုင်ပင်နေကြတာ
လဲ”

အောင်သာကျော်ကမေးလိုက်သည်။

“ကိုကျော်ဇံခိုင်က ဒီနေရာမှာ သရဲရှိတယ်လို့ပြောသွား
တယ်၊ ဓါတ်ပုံရိုက်ရင်လည်း ဓာတ်ပုံရိုက်ခံတဲ့သူနဲ့အတူတူ ဓာတ်
ပုံထဲမှာ ပေါ်တတ်တယ်လို့ ပြောတယ်”

“ဒါကတော့ မဖြစ်နိုင်ဘူးထင်ပါတယ်”

“ကျွန်တော်လည်း လက်မခံပါဘူး၊ ဒါပေမယ့် သူပြော
သွားတာ နောက်ထပ်ရှိသေးတယ်ဗျာ၊ ဓာတ်ပုံရိုက်လို့ ဓာတ်ပုံ
ထဲမှာ ကိုယ်နဲ့အတူ သရဲပုံပါလာရင် အန္တရာယ်နဲ့တွေ့ပြီး အသက်
သေတတ်တယ်တဲ့ဗျ. .”

“ဒါမျိုးတွေက တကယ်မဟုတ်ပါဘူးဗျာ၊ လူတွေက
နည်းနည်းကို များများချဲ့ကား ပြောနေကြလို့ ကြောက်နေကြတာ
ပါ၊ ကျွန်တော်တို့လည်း ဒီမြို့မှာနေခဲ့တာ တစ်သက်နဲ့တစ်ကိုယ်
ပါပဲ၊ ဒီနေရာကသရဲကို ဘယ်တုန်းကများ မြင်ဖူးတွေ့ဖူးခဲ့လို့
လဲ”

“အမှန်ပါပဲ၊ ဒီနေရာမှာတော့ ခင်ဗျားနဲ့ကျွန်တော်နဲ့တ
သဘောထားချင်း အတော်တိုက်ဆိုင်တယ်”

☺ အောင်မြင်စာပေ ☺

www.burmeseclassic.com

www.burmeseclassic.com

စောလှဖြူကတော့ ပွင့်ပွင့်လင်းလင်းပင် ပြောနေလေသည်။ အောင်သာကျော်ကလည်း သူပိုးပန်းနေသည့် မြနှင်းဖြူ ရှေ့တွင် အစ်ကိုဖြစ်သူက တရင်းတနှီးပြောဆိုဆက်ဆံခြင်း ခံရနေရသောကြောင့် စိတ်ထဲမှာတော့ များစွာကျေနပ်နေမိလေသည်။

အချိန်က ညနေပိုင်းအချိန်သို့ ရောက်နေချေပြီ။ နေဝင်ကာနီးအချိန်ဖြစ်သောကြောင့် ပင်လယ်ပြင်ပေါ်တွင် ဆည်းဆာရောင်များ သမ်းစပြုလာချေပြီ။

လှပသော ဆည်းဆာရောင်များက ဗုဒ္ဓေါမော်ကုန်းပေါ်သို့ပင်ရောက်လာကြလေပြီ။

ပင်လယ်ထွက်ပြီး အစာရှာကြသော ပင်လယ်စင်ရော်များပင် ထိုနေရာသို့ရောက်လာကြသည်။

ထိုသို့စကားပြောဆိုနေကြစဉ် သူတို့စကားပြောနေသောနေရာသို့ ကျော်ဇံခိုင်ရောက်လာလေသည်။

"ခင်ဗျားတို့က ဒီမှာစကားလက်ဆုံကျနေကြတာကိုး၊ ကဲ အချိန်ရှိတုန်းအမှတ်တရအနေနဲ့ ဓာတ်ပုံရိုက်ကြရအောင်"

ဟုခေါ်လေသည်။

မြနှင်းဖြူကတော့ ထိုနေရာမှာ ဓာတ်ပုံမရိုက်ချင်ပေ။ သို့သော် အစ်ကိုဖြစ်သူပါနေသည်ကတစ်ကြောင်း၊ အများက သဘောကျနေပြီး သူတစ်ယောက်တည်းက ခါးခါးသီးသီးငြင်းဆန်လိုက်ပါက ရုပ်ပျက်ဆင်းပျက်ဖြစ်ကာ မကောင်းတတ်သောကြောင့် ဘာမှမပြောပဲနေရပေသည်။





ဓာတ်ပုံဆရာကတော့ လူအားလုံးကိုစုပြီး ထိုနေရာမှာ သည့် အဆောက်အဦးရှေ့တွင် နှစ်ပုံသုံးပုံရိုက်သည်။

ထို့နောက် နှစ်ယောက်တစ်တွဲ၊ သုံးယောက်တစ်တွဲ သော်လည်းကောင်း၊ တစ်ယောက်ချင်းသော်လည်းကောင်း အမှတ်တရ ဓာတ်ပုံရိုက်ကြလေသည်။

သုံးယောက်တွဲရိုက်ကြရာမှာတော့ ကျော်ဇံခိုင်၊ စောလှဖြူနှင့် အောင်သာကျော်တို့ပါသည်။

မြနှင်းဖြူကတော့ တစ်ယောက်တည်း ဓာတ်ပုံမရိုက်ချင် သောကြောင့်သူဇာနှင့် နှစ်ယောက်တွဲရိုက်လေသည်။ ကျော်ဇံ ခိုင်တို့ သုံးယောက်ကတော့ တစ်ယောက်ချင်း တစ်ပုံစီရိုက်ကြ သည်။

ဦးစွာ ကျော်ဇံခိုင်ရိုက်သည်။

နောက် စောလှဖြူ ရိုက်လေသည်။

သူတို့နှစ်ယောက်ပြီးတော့မှ အောင်သာကျော်က ရိုက် လေသည်။

ကင်မရာဆရာက အောင်သာကျော်ကို ကင်မရာဖြင့် ချိန်နေရင်း ထိတ်လန့်စွာဖြင့် ခေါင်းပြန်ထောင်လိုက်သည်။

"ဘာဖြစ်လို့လဲ"

"သူ့နောက်မှာ တစ်ယောက်ရပ်နေတယ်ဗျ"

စောလှဖြူက မယုံကြည်သဖြင့် ကင်မရာရှိရာသို့ သွားပြီး ကိုယ်တိုင်ကြည့်သည်။

ဖုံးထားသော အဝတ်ထဲသို့ ဦးခေါင်းသွင်းပြီး မှန်ဘီလူး



www.burmeseclassic.com

www.burmeseclassic.com

ပေါက်မှ အောင်သာကျော်ကိုကြည့်လိုက်သည်။

သူရပ်နေသောနေရာ၏ အနောက်ဘက်တွင် ကျောက်ဆောင်တစ်လုံးရှိသည်။

ထိုကျောက်ဆောင်မှလွဲပြီး ဘာမှမတွေ့ရပေ. . .။

"ဘာမှမတွေ့ပါဘူး"

ဟုပြောဆိုကာ ကင်မရာသမားကို နေရာဖယ်ပေးလိုက်သဖြင့်ကင်မရာသမားက ဝင်ချိန်ပြန်သည်။

သို့သော် ထိုကင်မရာသမားမျက်စိထဲမှာတော့ ထူးခြားမှုကို တွေ့နေရလေသည်။ အောင်သာကျော်ရပ်နေသော နေရာနှင့် ကျောက်ဆောင်ကြားထဲမှာ အခြားတစ်ယောက်ရှိနေသည်။

ဦးခေါင်းပေါ်မှစပြီး တစ်ကိုယ်လုံး အဝတ်မည်းကြီးဖြင့်ထားသောကြောင့် မျက်နှာကိုပင် မမြင်ရပေ. . .။

သို့သော် မျက်လုံးနှစ်လုံးနေရာမှထွက်နေသည့် အလင်းစက်ကတော့ ကင်မရာထဲမှာ ပေါ်နေလေသည်။

ကင်မရာမင်းလည်း နောက်ထပ်ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ကင်မရာခလုတ်ကို နှိပ်ချလိုက်လေတော့သည်။ ဓာတ်ပုံရိုက်ခြင်းကိစ္စပြီးတော့ အောင်သာကျော်က အနားသို့ လျှောက်လာပြီးမေးလေသည်။

"စောစောက ဘာထူးခြားတာမြင်ကြလို့လဲဗျ"

"ဘာမှမဟုတ်ပါဘူးဗျာ ခင်ဗျားပုံကောင်းမကောင်း ဝင်ကြည့်ပေးလိုက်တာပါ"

စောလှဖြူက ဝင်ပြောသော်လည်း အောင်သာကျော်





စိတ်ထဲမှာတော့ မကောင်းလှပေ. .။

နောက်တော့ ဗုဒ္ဓေါမော်မှ ပြန်ခဲ့ကြလေသည်။

တစ်ပတ်ခန့်ကြာသောအခါမှာတော့ ဓာတ်ပုံဆရာက ရိုက်ထားပြီးသော ဓာတ်ပုံအားလုံးကို ကူးဆေးပြီး ကျော်ဇံခိုင်ထံသို့သွားပို့ပေးလေသည်။

ကျော်ဇံခိုင်က ကျသင့်သောငွေများကို ရှင်းလင်းပေးလေသည်။

သူသည် ဓာတ်ပုံများရသောအခါ တစ်ပုံချင်းကြည့်ရာ အောင်သာကျော်ဓာတ်ပုံပေါ်တွင် ထူးခြားမှုတစ်ခုကို မြင်တွေ့ရလေသည်။

ထို့ကြောင့် ထိုဓာတ်ပုံများကို အထပ်လိုက်အိတ်ဖြင့် ထည့်ကာ မြနှင်းဖြူတို့အိမ်သို့ သွားလေသည်။

ထိုအိမ်ရောက်တော့ စောလှဖြူကိုပါ အဆင်သင့်တွေ့ရလေသည်။

"ကိုကျော်ဇံခိုင်ပါလား၊ ဓာတ်ပုံတွေရပြီလား"

"ရပြီ၊ အဲ့ဒါတွေလာပို့ပေးရင်းနဲ့ ခင်ဗျားတို့မောင်နှမကို ထူးခြားတာတစ်ခု ပြစရာရှိလို့ဗျ"

"ဘာများပါလိမ့်"

ကျော်ဇံခိုင်က မြနှင်းဖြူတို့မောင်နှမနှစ်ယောက်နှင့် သက်ဆိုင်သော ဓာတ်ပုံများကို အရင်ပေးပြီးမှ အောင်သာကျော် ဓာတ်ပုံကို ပေးလိုက်သည်။

"ဒီဓာတ်ပုံကိုလည်း ကြည့်ပါဦးဗျ"


www.burmeseclassic.com

www.burmeseclassic.com

စောလှဖြူက ယူပြီးကြည့်သည်။

"အလိုလေးဗျ. . ဘယ်နှယ့်ဟာကြီးလဲ"

ဟုရေရွတ်လိုက်လေသည်။

အောင်သာကျော်ကိုရိုက်ထားသော ဓာတ်ပုံထဲတွင် တစ်ယောက်ထည်းမဟုတ်ဘဲ အနောက်ဘက်မှာ တစ်ယောက် ရပ်နေလေသည်။

ဦးခေါင်းမှစပြီး တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသော လူတစ်ယောက်ဖြစ်သည်။

သို့သော် အရပ်အမောင်းက အောင်သာကျော်ထက်ဦးခေါင်းတစ်လုံးစာမကပဲ ပိုမြင့်နေလေသည်။

"သူဓာတ်ပုံရိုက်တုန်းက တစ်ယောက်ထဲပါပဲ၊ ဒါကြီးက ဘယ်ကနေဘယ်လိုပါလာတာလဲ"

ဟု စောလှဖြူကမေးလိုက်သည်။

"ကျွန်တော်လည်း မစဉ်းစားတတ်တော့ဘူး၊ မဟုတ်ကာမှလွဲရော သူနောက်မှာ ရောက်နေတာ သရဲပဲဖြစ်မှာပဲ"

"ဒါဖြင့် အဲဒီနေရာမှာ သရဲရှိတယ်ဆိုတာ အမှန်ဖြစ်နေတာပေါ့"

"ဒီလိုပဲ ယူဆရတော့မှာပေါ့၊ ဒါပေမယ့် သူ့အတွက်ကတော့ စိတ်မကောင်းစရာပဲ"

"ဘယ်လိုဖြစ်လို့လဲဗျ. . ."

"အဲဒီနေရာမှာ ဓာတ်ပုံရိုက်လို့ သရဲနဲ့ အတူတူတွေ့တဲ့လူဟာ ကံမကောင်းတတ်ဘူးဗျ၊ အန္တရာယ်တစ်ခုခုနဲ့ တွေ့ရ





တတ်တယ်လို့ ပြောသံကြားတယ်"

"ဒီလိုလည်း ဟုတ်မယ်မထင်ပါဘူးဗျာ၊ လူတွေမှာ ကံအကြောင်းတရားဆိုတာ ရှိကြသေးတာပဲ၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်ဗျ၊ ဒီဓာတ်ပုံကိုတော့ ခင်ဗျားသူကိုမပေးတာ ပိုကောင်းလိမ့်မယ်"

"ဘာလို့ကြောင့်လဲ"

"လူတွေမှာ ဥပါဒါန်ကြောင့် ဥပဒ်ရောက်တာမျိုးတွေရှိတယ်၊ တော်ကြာ. . ဓာတ်ပုံမြင်ပြီး ဥပါဒါန်ဝင်သွားရင် မကောင်းဘူး"

"သူကမေးလာရင် ဘယ်လိုပြောရမလဲ"

"ဖလင်ပျက်သွားလို့ ပုံမရတော့ဘူးလို့ပဲပြောလိုက်ပေါ့ဗျာ. . ."

ဟုစောလှဖြူက ပြောလိုက်သဖြင့် ကျော်ဇံခိုင်လည်း သူတို့အတွက် ဓာတ်ပုံအချို့ကိုပေးထားခဲ့ပြီးနောက် ပြန်သွားလေတော့သည်။

သူပြန်သွားတော့မှ မြနှင်းဖြူကမေးသည်။

"အစ်ကို ဘယ်လိုထင်သလဲ"

"ငါလည်း မပြောတတ်တော့ပါဘူး၊ ဒါပေမယ့် ဓာတ်ပုံထဲမှာတော့ နောက်တစ်ယောက်ပါနေတာအမှန်ပဲ၊ သရဲဟုတ်သလား၊ မဟုတ်သလားတော့ ငါလည်း မသိတော့ဘူး"

"ကျွန်မကတော့ သိပ်မယုံချင်ဘူး၊ ဓာတ်ပုံကူးတဲ့ပညာနဲ့ လုပ်ထားရင်ကော မဖြစ်နိုင်ဘူးလား"



www.burmeseclassic.com

www.burmeseclassic.com

"ဘာဖြစ်လို့ကြောင့် အဲဒီလိုလုပ်မှာလဲ"

စောလှဖြူက သဘောရိုးအတိုင်း ပြန်မေးလိုက်သည်။

"အစ်ကိုမရိပ်မိဘူးလား. . ၊ သူတို့နှစ်ယောက်စလုံးက ကျွန်မကို ပိုးပန်းနေကြတာလေ"

"အင်း. . နည်းနည်းတော့ ရိပ်မိသလိုအရှိသား"

"ဒီတော့ တစ်ယောက်ကတစ်ယောက်ကို မကောင်းကြံ တာမျိုးလည်း ဖြစ်နိုင်တာပဲ၊ ကျွန်မကတော့ စိတ်ထဲမှာ သိပ် မသက်သာချင်ဘူး"

"အေးအေးသာနေပါဟာ၊ ကိုယ်နဲ့ဘာမှပတ်သတ်သေး တာမှ မဟုတ်တာ"

"ကျွန်မလည်း စိတ်မဝင်စားပါဘူး၊ ဒါပေမယ့် တစ်နေ့ က နီမောင်တို့အိမ်ကို ပုလိပ်တွေလာရှာသွားတယ်လို့ သတင်း ကြားလိုက်တယ်၊ ဘာရှာကြတာလဲ"

"ငါလည်းသေသေချာချာတော့ မသိသေးပါဘူး၊ နီမောင် တို့အိမ်က သေတ္တာလေးတစ်လုံး ယူသွားတယ်လို့တော့ ပြောသံ ကြားမိတယ်"

"သေတ္တာထဲမှာ ဘာရှိသလဲဟင်"

"အရုပ်တစ်ရုပ်ရှိတယ်လို့ သတင်းကြားတယ်၊ ဘာအ ရုပ်လည်းတော့မသိဘူး"

စောလှဖြူကနေရာမှထသွားလေသည်။

မြနှင်းဖြူစိတ်ထဲမှာတော့ တစ်လောက ထူးထူးခြားခြား နီမောင်ဝယ်သွားသော မိန်းမအသုံးအဆောင်ပစ္စည်းများ အ





ကြောင်းကို သတိရမိလေသည်။

စိတ်ထဲမှာလည်း စိတ်ဝင်စားမှုဖြစ်မိလေသည်။ တစ်နေ့ တော့ နီမောင်နှင့်တွေ့လျှင် ထိုအကြောင်းကို သေသေချာချာ မေးမြန်းကြည့်ဖို့ စိတ်ကူးထားမိလေသည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၅)

# ဆန်းကြယ်သောချစ်ခြင်းမေတ္တာ

မြနှင်းဖြူဆန္ဒ ပြည့်ဝသည်ဟုပင်ဆိုရပေမည်။

နောက်တစ်နေ့တွင် အိမ်မှာလူကြီးများမရှိကြသောအချိန်တွင် နီမောင်ရောက်လာလေသည်။

အဖေအမေနှင့် စောလှဲဖြူတို့ပါ အလှူကိစ္စသွားကြသောကြောင့် အိမ်၌ အိမ်အကူမိန်းကလေးနှင့် သူတို့နှစ်ယောက်သာရှိနေကြသည်။

နေ့လည်ပိုင်းအချိန်တွင် နီမောင်ရောက်လာခြင်းဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုအချိန်က ဈေးဆိုင်တွင် ဈေးဝယ်သူပါးသဖြင့် အနားရနေသောအချိန်လည်းဖြစ်သည်။

နီမောင်ကတော့ ညဘက်အလုပ်ဆင်းလျှင် လိုအပ်သောပစ္စည်းများကို လာရောက်ဝယ်ယူခြင်းဖြစ်သည်။

"နီမောင် နင်ရောက်လာတာနဲ့တော်ပဲ၊ ငါနင့်ကိုတွေ့ချင်နေတာ"

"ဘာကိစ္စများရှိလို့လဲ"

"ထိုင်ပါဦးဟ၊ နင် အလုပ်ဆင်းတော့မလို့လား"

"မဆင်းသေးပါဘူး၊ ညဘက်မှသွားမှာပါ"

ဟုပြောပြီး မနီးမဝေးမှာ ဝင်ထိုင်လေသည်။

"တခြားတော့မဟုတ်ပါဘူး၊ ငါ နင့်ကိုမေးစရာရှိလို့ပါ။ တစ်နေ့က ပုလိပ်တွေ နင့်အိမ်ကရှာဖွေယူသွားတာ ဘာပစ္စည်းလဲ"

နီမောင်က ဘက်ပြင်းတစ်ချက်ချလိုက်ရင်း၊

"အရုပ်ကလေးတစ်ရုပ်ပါ. . ."

ဟုပြောလိုက်သည်။

"ဘယ်လိုအရုပ်ကလေးလဲဟင် ငါ့ကိုပြောပြစမ်းပါ"

ဟုမေးသဖြင့် နီမောင်က ထိုရုပ်တုလေးအကြောင်းကို ပြောပြလိုက်လေသည်။

"သံပချိုင်တို့ ရွှေထီးတို့ဒုက္ခတွေရောက်ကြတာ အဲဒီအရုပ်ကြောင့်လားဟင်"

"အရုပ်ကြောင့်မဟုတ်ပါဘူး၊ သတို့ရဲ့ မကောင်းတဲ့စိတ်





လောဘစိတ်ကြောင့် ဖြစ်တာပါ"

"နင် ငါးကြီးရခဲ့တာ သူလုပ်ပေးခဲ့လို့လား"

"သူ့အကူအညီပေးတာလည်း ပါမယ်ထင်ပါတယ်"

"သူက ဘယ်လိုသိဒ္ဓိမျိုးတွေရှိသလဲ"

"သူ့ဆီမှာ လိုချင်တာတောင်းယူလို့ရတယ်၊ ကောင်းတာဖြစ်ဖြစ်၊ မကောင်းတာဖြစ်ဖြစ်ပေါ့၊ ချမ်းသာချင်ရင် ရွှေငွေရတနာတွေတောင်းယူလို့ရတယ်"

"နင်တောင်းယူသေးသလား"

"ဘာမှမယူပါဘူး"

"ဘာဖြစ်လို့လဲဟင်. . ."

"အဲဒီလိုတောင်းယူလို့ရတဲ့ ပစ္စည်းတွေက ကိုယ်နဲ့မထိုက်တန်တာတွေပဲရမှာပေါ့၊ ငါက အဲဒီလိုမျိုးမလိုချင်ဘူး၊ ကိုယ်နဲ့ထိုက်တန်တာပဲယူချင်တယ်၊ ဥပမာပြောရရင် ငါသဘောကျနေတဲ့အမျိုးသမီးတစ်ယောက်ကို သူ့အကူအညီနဲ့ ယူလို့ရတယ်၊ ဒါပေမယ့် ဆေးခပ်ယူသလိုပေါ့၊ လူတော့ရမယ်၊ မေတ္တာရမှာမဟုတ်ဘူး၊ အဲဒီလိုနည်းနဲ့ယူခဲ့ရင် ဆေးပြယ်သွားတဲ့အခါ ကိုယ့်အပေါ်မှာ မချစ်တဲ့အပြင် ရန်ငြိုးတွေပဲပြန်ရမှာပေါ့"

ဟုပြောလေသည်။

"နင်ပြောတာမှန်ပါတယ်၊ ဒီလိုပဲ ကိုယ်မုန်းတဲ့ လူတစ်ယောက်ကိုလည်း အသက်သေအောင် စီးပွားပျက်အောင် လုပ်နိုင်တယ်မဟုတ်လား"

"စီးပွားဥစ္စာပျက်စီးအောင် လုပ်လို့ရတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ကြောက်စရာကောင်းလိုက်တာ. . ၊ နင်က ဒီလောက် ကြောက်စရာကောင်တဲ့ ရုပ်တုကိုဘာကြောင့် သိမ်းထားတာလဲ ဟင်"

"သူက ငါနဲ့နေမယ်ပြောလို့ သိမ်းထားတာပါ။ တခြား လူတွေလက်ထဲရောက်သွားရင် မဖြစ်သင့်တာတွေ ထပ်ဖြစ်မှာစိုး လို့ လူမသိအောင် သိမ်းထားတာပါ"

"နင် သူ့ကို မြင်ရသလား"

နီမောင်က ခေါင်းညိတ်ပြသည်။

"မြင်ရတယ်၊ ညဘက်ရောက်ရင် သူ့ကိုတွေ့ရတယ်"

"အတော်ချောသလားဟင်"

"ကုလားအမျိုးသမီးတစ်ယောက်ပါပဲ၊ အသက်(၂၀) ကျော်လောက်ပဲရှိပါသေးတယ်၊ သူ့နာမည်က ပုဏ္ဏာမီလို့ခေါ် တယ်၊ ချောတာလှတာတော့ ငါလည်း သေသေချာချာ မကြည့် တော့ မသိဘူး"

နီမောင်စကားကြောင့် မြနှင်းဖြူက သဘောကျစွာ ပြုံးလိုက်လေသည်။

"နင်ကပြန်ရှက်နေလို့ ဖြစ်မှာပေါ့၊ နာမည်လေးကတော့ အတော်လှတယ်၊ လူကလည်း လှမယ်ထင်ပါတယ်၊ ဒါထက် နင် ဝယ်သွားတဲ့ အမျိုးသမီးအသုံးအဆောင်တွေက သူ့အတွက်မဟုတ် လား"

"ဟုတ်ပါတယ်၊ သူဝယ်ခိုင်းလို့ ဝယ်ပေးခဲ့တာပါ၊ အဲဒီလို ဝယ်ပေးခဲ့လို့ တခြားလူတွေ သိသွားတာဖြစ်မှာပါ"





"ဘယ်သူလဲဟင်"

"ကိုကျော်ဇံခိုင်ပဲဖြစ်မှာပေါ့၊ အဲ့ဒီနေ့က သူနဲ့တွေ့ခဲ့ ယ်လေ. . ."

ထိုစကားကြားတော့မှ နီမောင်ပြန်သွားပြီးနောက် ျော်ဇံခိုင်က မေးမြန်းစုံစမ်းနေသည်ကို သတိရမိလေသည်။

"ဒါဖြင့် ရုပ်တုကို ပုလိပ်တွေအယူခိုင်းတာ သူ့လက် က်ပဲပေါ့"

"ဟုတ်ပါတယ်၊ ဒီအကြောင်းကို ပုဏ္ဏာမီကငါ့ကို အိပ် ်နဲ့ လာအသိပေးသွားလို့ ငါသိပြီးပါပြီ၊ ဒါပေမယ့် ဒီရုပ်တု ယက်ထဲရောက်သွားတာတော့ သိပ်မကောင်းဘူး၊ ရုပ်တုကို ွားပြီးနောက်တစ်ရက်မှာ သူနဲ့စီးပွားပြိုင်ဘက်ဖြစ်တဲ့ ကိုဟန် တစ်ယောက် သရဲဝင်သတ်လို့ သေသွားရတယ်"

"ငါသတင်းကြားလိုက်တယ်၊ တပြိုင်နက်ပဲ သူတို့အိမ် နှမဝမ်းကွဲတစ်ယောက်လည်း သေသွားတယ်မဟုတ်လား"

"ဟုတ်တယ်. . . ရုပ်တုရဲ့သဘောက သူတစ်ပါးကိုမ ာင်းတာတစ်ခုလုပ်ပေးရရင် ကိုယ့်ဆီကလည်း မကောင်း ်တစ်ခု ပြန်ပေးရတယ်၊ တခြားလူရဲ့အသက်တစ်ချောင်းကို ်ချင်ရင် ကိုယ့်ဆီကအသက်တစ်ချောင်းပြန်ပေးရတယ်"

"ကြောက်စရာကောင်းလိုက်တာ"

"ဘယ်တတ်နိုင်ပါ့မလဲဟာ၊ ငါတော့ ကျော်ဇံခိုင်လက် ရုပ်တုရောက်သွားကတည်းက ဘယ်သူတွေဘာဖြစ်မလဲလို့ ိုင်တမမနဲ့ နားစွင့်နေရတာ၊ ငါစိုးရိမ်နေတာ နောက်တစ်ခု


www.burmeseclassic.com

www.burmeseclassic.com



ရှိသေးတယ်"

"ဘာလဲ . . . ."

"နင့်အတွက်ပဲ"

မြနှင်းဖြူ မျက်နှာပေါ်မှာ အံ့ဩသောအရိပ်အယော များ ပေါ်သွားလေသည်။

"ကျော်ဇံခိုင်က နင့်ကိုသဘောကျလို့ ပိုးပန်းနေတ မဟုတ်လား၊ မတော်လို့ ရုပ်တုကိုအသုံးချပြီး နင့်ကိုဒုက္ခပေး ကို စိုးရိမ်နေမိတယ်"

"ဒီလိုတော့ရမတဲ့လား၊ ငါစိတ်ထဲက မနှစ်သက်ပဲနဲ့ နည်းနဲ့ ကြိုးစားရင်တော့ အသက်တာအသေခံလိုက်မယ်၊ လူ တော့ ဒီလိုလူယုတ်မာလက်ထဲဘယ်တော့မှ အရောက်မခံ

ဟု ဒေါသသံဖြင့် ပြောလေသည်။

ထို့နောက် မြနှင်းဖြူက နီမောင်ကို တစ်ချက်ကြည် ဆက်မေးလိုက်သည်။

"နင်ကရော. . ငါ့အတွက် ဒီလိုပဲ တကယ်စိုးရိမ် လား"

"ငါ့စိတ်ထဲမှာရှိတာကို ပြောတာပါ၊ မရိုးမသားစိ ပြောတာလည်း မဟုတ်ပါဘူး။ နင့်ကိုအတော်များများက ဝင်စားနေကြတယ်၊ အဲသည်အထဲမှာ ကိုအောင်သာကျေ ကျော်ဇံခိုင်တို့က ရှေ့ဆုံးကရှိနေကြတယ်၊ သူ့လက်ထဲကို ရောက်သွားပြီဆိုကတည်းက ကိုအောင်သာကျော် တစ်ခု မှာရော နင်တစ်ခုခုဖြစ်မှာရော စိတ်ထဲကတွေးပူနေမိတ





"နင်ပြောတဲ့စကားကလည်း အနှောင့်မလွတ်၊ အသွား လွတ်နဲ့ ငါကပဲ ကိုအောင်သာကျော်ကို ရွေးထားပြီးသလိုပဲ"

"ဒီသဘောမျိုးနဲ့ပြောတာတော့ မဟုတ်ပါဘူး၊ ကျော် ခိုင်က သူနဲ့ပြိုင်ဘက်ကို ဒုက္ခပေးမှာစိုးလို့ပါ"

"ကဲပါ. . ဒါတွေထားလိုက်ပါတော့၊ ငါလည်း သူတို့နှစ် ယောက်စလုံးကို စိတ်မဝင်စားပါဘူး၊ ငါ နင့်ကိုပြောရဦးမယ်၊ င်စိုးရိမ်သလို ဖြစ်လာမလားတော့မသိဘူး"

မြနှင်းဖြူက ဗုဒ္ဓေါမော်သို့သွားကြစဉ် ဓါတ်ပုံရိုက်ကြ သောအခါ ထူးထူးခြားခြား ကိုအောင်သာကျော်ဓါတ်ပုံတွင် သရဲ ပါနေသည့်အကြောင်းကို ပြောပြလိုက်လေသည်။

"ဒါကတော့ အတော်ထူးဆန်းတာပဲ"

"ဟုတ်တယ်. . ငါလည်း ထူးဆန်းတယ်လို့တော့ ထင်မိ တယ်၊ သူပြောသလို အဲဒီမှာ ဓာတ်ပုံရိုက်လို့ သရဲပုံပါလာရင် နတ္တရာယ်နဲ့တွေ့ရတယ်ဆိုတာရော တစ်ကယ်ပဲလား"

ဟုမေးလေသည်။

"ပရလောကသားလို့ခေါ်တဲ့ တစ္ဆေသရဲတွေကတော့ တယ်နေရာမဆို နေရာတိုင်းမှာ ရှိကြတာပါပဲ၊ ဒီလိုဓါတ်ပုံထဲမှာ ါတာမျိုးတော့ ငါလည်းမကြားဖူးသေးဘူး၊ ဒါပေမယ့် ကိုအောင် သာကျော်အတွက်ကတော့ အတိတ်နိမိတ်မကောင်းလှဘူး"

"နင်ကလည်း သူများအတွက်ပဲ လိုက်ပြီးစိုးရိမ်ပူပန်နေ တာပဲ၊ နင့်အတွက်များ တစ်ခါတစ်လေ စဉ်းစားတာမျိုးရှိသေး လား"



www.burmeseclassic.com

www.burmeseclassic.com



မြနှင်းဖြူက စကားနာထိုးသည်။

"ငါ့အတွက်က ဘာမှထွေထွေထူးထူး စဉ်းစားစရာမ ပါဘူး မြနှင်းဖြူရယ်၊ ဘဝတစ်ခုကို အေးအေးချမ်းချမ်းနဲ့ ဖြ သန်းလို့ရရင် ပြီးတာပါပဲ"

"ဒါဖြင့် စောစောက ငါ့အတွက် စိုးရိမ်တယ်ဆိုတာ မလွဲသာလို့ပြောသွားတာ မဟုတ်လား"

"ဒီလိုတော့ မဟုတ်ပါဘူး၊ စိတ်ထဲက တကယ်ကို စိုး လို့ပြောတာပါ၊ ငါ့ဘဝက သူများတွေနဲ့ယှဉ်ပြိုင်ပြီး ကိုယ်လို တာကို မယူနိုင်ပေမယ့် ကိုယ့်ရှေ့မှာရှိနေတဲ့သူတွေ ကိုယ့်ထ ကံကောင်းသူတွေကိုတော့ ဘယ်တော့မှ မစ္ဆရိယစိတ်မျိုး ထားတတ်ပါဘူး၊ ဘယ်သူ့အပေါ်မှာပဲဖြစ်ဖြစ် ငါတတ်နိုင် စေတနာနဲ့ပြော၊ စေတနာနဲ့ပဲလုပ်ပေးတတ်ပါတယ်"

ဟုပြောပြီး နေရာမှထသည်။

ထိုအခါ မြနှင်းဖြူက တစ်ချက်ကြည့်ပြီးပြောသည်။

"ကိုယ်ပြောချင်တာပြောပြီး ပြန်တော့မလို့လား၊ တ ဖက်သားပြန်ပြောတာကိုရော နားထောင်မသွားတော့ဘူးလာ

ဟု ပြောတော့မှ ပြန်ထိုင်လေသည်။

"နင် ဘယ်လိုအဓိပ္ပာယ်နဲ့ ပြောတယ်ဆိုတာ ငါသိ တယ်၊ ဒါပေမယ့် တစ်ခါတစ်လေ အထင်နဲ့အမြင်က တလွဲ တခြားစီ ဖြစ်နေတတ်တယ်၊ တစ်ခါတစ်လေ နင်ထင်သ မဟုတ်ပဲ ဟိုးရှေ့ဆုံးမှာ ရောက်နေတဲ့သူတွေက နောက်ဆ ရောက်နေပြီး၊ နောက်ဆုံးမှာ ရောက်နေတယ်လို့ ထင်တဲ့သူ





ရှေ့ဆုံးမှာ ရောက်နေရင်ကော နင်ဘယ်လိုဆုံးဖြတ်မှာလဲ"

ထိုစကားကြားတော့ နီမောင်စိတ်ထဲမှာ လှုပ်ရှားသွား လေသည်။ မြနှင်းဖြူမျက်နှာကို မသိမသာအကဲခတ်ကြည့်လိုက် တော့လည်း လေးနက်သောအမူအယာဖြင့် ပြောနေမှန်းသတိပြု မိလေသည်။

"ငါး နားကြားမလွဲဘူးဆိုရင်တော့ ဒီစကားဟာ ငါ့အ တွက် အားတစ်ခုပဲ၊ နင်တကယ်ပြောတာလား"

"နင်ဟာတခြားနေရာတွေမှာတော့ တော်ချင်တော် မယ်၊ ကိုယ်နှစ်သက်နေတဲ့ သူတစ်ယောက်ကို ချဉ်းကပ်တဲ့နေရာ မှာတော့ အတော်ကိုညံ့တယ်၊ မိန်းကလေးတွေဟာ သူတို့ကိုဖွင့် ပြောသည်ဖြစ်စေ၊ ဖွင့်မပြောသည်ဖြစ်စေ သူ့အပေါ်မှာ ဘယ် သူက ဘယ်လိုစိတ်ထားရှိတယ်ဆိုတာ သိကြတယ်"

နီမောင်က သက်ပြင်းတစ်ချက်ချလိုက်သည်။

"အဲဒီလိုသိတော့ ဘယ်သူဟာ သူနဲ့ဘဝလက်တွဲဖော် ဖြစ်သင့်တယ်ဆိုတာကို ဆုံးဖြတ်တယ်၊ အဲဒီလိုဆုံးဖြတ်တဲ့နေရာ မှာ ဂုဏ်ပကာသနတွေ၊ ချမ်းသာတာဆင်းရဲတာတွေ ဘာမှမပါ ရဘူး၊ ဖြူစင်တဲ့ချစ်ခြင်းမေတ္တာကိုပဲ ဦးစားပေးရတယ်"

"နင့်ဆီက ဒီစကားကြားရတာ ငါတကယ်ပဲဝမ်းသာ ပါတယ် မြင်နှင်းဖြူရယ်၊ တကယ်တော့ ငါနင့်အပေါ်မှာ ဖြူစင် တဲ့မေတ္တာနဲ့ ချစ်နေတာကြာပါပြီ၊ ဒါကြောင့် နင်တစ်ခုခုဖြစ် သွားမှာကို စိုးရိမ်ပူပန်နေရတာပါ၊ ဒါပေမယ့် . . "

မြနှင်းဖြူက တစ်ချက်ကြည့်သည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါတို့လျှောက်မယ့်လမ်းမှာ အနှောက်အယှက်တွေက တော့ ရှိနေမှာပဲနော်"

"အခက်အခဲဆိုတာတော့ နေရာတိုင်းမှာရှိမှာပေါ့၊ အ ခက်အခဲကို တစ်ရက်ထဲနဲ့တော့ ဖြေရှင်းလို့ ဘယ်ရပါ့မလဲ၊ တို့ တွေ တစ်သက်မခွဲတော့ဘူးလို့ ဆုံးဖြတ်ထားပြီးရင် လက်တွဲပြီး ဖြေရှင်းသွားရမှာပေါ့"

"ကောင်းပါပြီ၊ ဘယ်လိုအခက်အခဲပဲဖြစ်ဖြစ်၊ ရှေ့ထ ရင်ဆိုင်ပြီး ဖြေရှင်းသွားပါ့မယ်"

"ငါ့အပေါ်မှာ ချစ်တယ်ဆိုတာကရော တကယ်ပဲလား"

"တကယ်ပါ၊ ရင်ထဲမှာ သိမ်းထားရတာ အတော်ကြာပြီ၊ မရထိုက်တော့ဘူးလို့တောင် ထင်နေမိတာ၊ အခုမှပဲ. . ."

"အခုတော့. . ငါကလမ်းခင်းပေးလို့မဟုတ်လား"

"ဘာပဲဖြစ်ဖြစ် အချစ်နဲ့ပတ်သက်လာရင် ငါထက်ပိုပြီး သတ္တိရှိတဲ့ ဆုံးဖြတ်နိုင်တဲ့ နင့်ရဲ့စိတ်ကိုတော့ ချီးကျူးမိပါတယ် ဘဝအတွက် ကြိုးစားရမယ့် အခြေအနေတွေကိုလည်း ကြိုတင် ပြင်ဆင်ရတော့မယ်၊ ဒါကြောင့် သေချာအောင်တော့ မေးရဦး မယ်၊ ငါ့မေတ္တာကို တကယ်လက်ခံပေးပြီပေါ့နော်"

"ခုထိ မယုံသေးဘူးလား၊ ငါ့ကိုချစ်တယ်လို့လဲ ဆိုသေး ငါ့သဘောကိုလည်း အခုထိနားမလည်သေးဘူးလား၊ ငါ့စိတ် ထဲက မနှစ်သက်ရင် အခုလိုစကားလက်ခံပြောဖို့တော့ ဝေးရော တွေ့ရမှာတောင် မဟုတ်ဘူး၊ သဘောပေါက်ပြီလား"

"သဘောပေါက်ပါပြီ၊ မမျှော်လင့်ပဲ ထီဆုပေါက်သလို



ပဲ စိတ်ထဲမှာလည်း ပျော်နေမိတယ်"

ဟုပြောဆိုကာ နီမောင်လည်း ပြန်သွားလေတော့ သည်။ စိတ်ထဲမှာပျော်ရွှင်နေသောကြောင့် ဈေးဝယ်ရမည့် ပစ္စည်းများ တစ်ခုမှပါမလာခဲ့သည်ကိုတော့ လမ်းတစ်နေရာ ရောက်တော့မှ သတိရပေတော့သည်။

www.burmeseclassic.com



www.burmeseclassic.com



## အခန်း (၁၆)

# မှော်ဝင်မိစ္ဆာ၏မေတ္တာ

အချိန်က ညဉ့်နက်ပိုင်းအချိန်သို့ ရောက်နေချေပြီ။ ပလ္လင်တော်ရပ်ကွက်တစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေလေသည်။

ညအချိန်ရောက်လျှင် မီးရောင်မရှိသဖြင့် နေရာအနှံ့ အမှောင်ရိပ်များ ဖုံးလွှမ်းနေလေသည်။

ထိုရပ်ကွက်မှာ သီးခြားခြံဝန်းများဖြင့် နေထိုင်ကြသူများသဖြင့် တစ်နေရာနှင့်တစ်နေရာ တစ်အိမ်နှင့်တစ်အိမ် ဝေး

www.burmeseclassic.com



သက်မှုမရှိလှပေ. . . .။

ဦးကြာထွန်းတို့နေသောတိုက်မှာ ထိုရပ်ကွက်အတွင်းမှာရှိလေသည်။

ဦးကြာထွန်းမှာ အောင်သာကျော်၏ ဖခင်ဖြစ်သည်။

လူခြေတိတ်သောအချိန် ရောက်နေပြီဖြစ်သောကြောင့် ခြံဝန်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်လျက်ရှိနေကြသည်။

အိမ်အနောက်ဘက်တွင် တဲတစ်လုံးဖြင့်နေသော ခြံစောင့်သန်းရွှေတို့လင်မယားပင် အိပ်ပျော်နေကြလေပြီ။

ထိုအချိန်ရောက်တော့မှ ဆေးရုံကြီးရှိသော နေရာဘက်မှ စူးစူးဝါးဝါးခွေးအူသံ၊ ခွေးဟောင်သံများ ပေါ်ထွက်လာလေသည်။

ထိုအသံကြောင့် ခြံဝန်းများထဲမှာရှိနေကြသော ခွေးများကပါ ဟောင်ကြအူကြလေတော့သည်။

ထိုအချိန်တွင် တစ်ကိုယ်လုံး အဝတ်မည်းကြီးခြုံထားသော အမျိုးသမီးတစ်ယောက်မှာ ဆေးရုံကြီးဘက်မှ ထွက်လာလေသည်။

အချိန်မတော် ဆေးရုံကြီးဘက်မှ တစ်ယောက်တည်းထွက်လာသော ထိုအမျိုးသမီးကိုမြင်သဖြင့် ခွေးများက အူကြဟောင်နေကြခြင်းဖြစ်ပေသည်။

ထိုအမျိုးသမီးကတော့ ခွေးဟောင်နေသည်ကိုလည်း ဂရုမစိုက်၊ အချိန်မတော် တစ္ဆေသရဲခြောက်လှန့်မည်ကိုလည်း မကြောက်ရွံ့။



ထို့ထက် အချိန်မတော် သွားလာနေသော လူဆိုးလူမိုက်များနှင့်တွေ့ရမှာကိုလည်း မစိုးရိမ်ပဲ သူလမ်းကိုသာ မှန်မှန်လျှောက်သွားလေသည်။

ခြေလှမ်းမှန်မှန်ဖြင့် လျှောက်လာရာ နောက်ဆုံး အောင်သာကျော်တို့နေသော အိမ်သို့ရောက်လာသည်။

ထိုခြံဝန်းထဲမှာလည်း ခွေးများမွေးထားသည်။

သို့သော် သူမလာတာမြင်ကတည်းက မဟောင်ဝံ့ကြပဲ အမြီးကုပ်ကာ နောက်ဘက်သို့ ဝင်ပြေးကြလေတော့သည်။

ထိုအမျိုးသမီးက ပိတ်ထားသော တံခါးပေါက်မှပင် ခြံဝန်းထဲဝင်သွားသည်။

ပိတ်ထားသောတံခါးကို ဖြတ်ကာ အိမ်ထဲဝင်သွားပြန်သည်။ အိမ်ထဲရောက်တော့ ပိတ်ထားသောအခန်းတစ်ခန်းသို့ ဝင်ကြည့်သည်။

အိပ်ပျော်နေကြသော ဦးကြာထွန်းနှင့် ဒေါ်အေးမူတို့ကိုမြင်တော့ ပြန်ထွက်သွားသည်။

အောက်ထပ်မှာ အခန်းမရှိတော့သဖြင့် အပေါ်ထပ်သို့ တက်သွားလေသည်။ အပေါ်ထပ်မှာတော့ အိပ်ခန်းနှစ်ခန်းရှိသည်။

တစ်ခန်းကို ဝင်ကြည့်တော့ အိပ်ပျော်နေသော သူဇာကိုမြင်သဖြင့် ပြန်ထွက်သွားပြန်လေသည်။

နောက်တစ်ခန်းသို့ဝင်ကြည့်ပြန်သည်။

ထိုအခန်းထဲမှာတော့ အိပ်ပျော်နေသည့် အောင်သာ



www.burmeseclassic.com

www.burmeseclassic.com



ကျော်ရှိနေသည်။

သူနံဘေးမှာရှိသော စားပွဲပေါ်မှာတော့ ဓါတ်ပုံတစ်ပုံ တင်ထားလေသည်။

ဗုဒ္ဓါမော်၌ အမှတ်တရ ရိုက်ခဲ့သော ဓါတ်ပုံကရှိနေသည်။ ဓာတ်ပုံထဲမှာတော့ သူနောက်ဘက်တွင် ခေါင်းပြီးခြုံထားသော သရဲတစ်ကောင်က ပါနေလေသည်။

ထိုဓာတ်ပုံရကတည်းက အောင်သာကျော်တစ်ယောက် စိတ်အနှောက်အယှက် ဖြစ်နေလေသည်။

ထို့အတူ ထိတ်လန့်ကြောက်ရွံ့နေခြင်းလည်း ပါလေသည်။ သို့သော် မတတ်နိုင်တော့ပေ။

သူ့ကုတင်နံဘေးသို့ ရောက်လာသောမိန်းမက စားပွဲပေါ်မှာချထားသော ဓါတ်ပုံကို တစ်ချက်ကြည့်လိုက်သည်။

ပြီးမှ အိပ်ပျော်နေသော အောင်သာကျော်ကို နှိုးလိုက်သည်။

လန့်နိုးလာသော အောင်သာကျော်က မျက်စိဖွင့်ကြည့်လိုက်သည်။ ကုတင်နံဘေးမှာ လူတစ်ယောက် ရပ်နေမှန်းတော့ ဝိုးတဝါးမြင်ရသည်။

မည်သူမည်ဝါမှန်းတော့ မသဲကွဲပေ။

သို့ကြောင့် ကဗျာကရာ လူးလဲထရင်း မေးလိုက်သည်။

"ဘယ်သူလဲ"

"သေမင်း. . ."

"ဟင်. . ."





များစွာထိတ်လန့်ကြောက်ရွံ့သွားလေသည်။

ယခုမှကြည့်လိုက်တော့ ကုတင်နံဘေးတွင် ရောက်နေသူမှာ ဓါတ်ပုံထဲမှာပါသော သရဲပုံသဏ္ဍာန်ပင်ဖြစ်နေလေသည်။

ရပ်နေသူက ဦးခေါင်းပေါ်မှ ခြုံထားသော အဝတ်ကြီးကို တဖြည်းဖြည်း ဖယ်ချလိုက်သည်။

အပြင်ဘက်မှ ဝင်နေသော အလင်းရောင်အချို့ကြောင့် မျက်နှာကို ဝိုးတဝါးမြင်ရသည်။

မိန်းမတစ်ယောက်မျက်နှာမျိုးဖြစ်သော်လည်း ကြောက်စရာကောင်းသော မျက်နှာမျိုးဖြစ်နေပေပြီ။

"နင်ဘယ်သူလဲ"

"ငါ့နာမည် ပုဏ္ဏမီလို့ခေါ်တယ်၊ နင့်ကိုသတ်မလို့ ငါလာခဲ့တာပဲ"

"ဓါတ်ပုံထဲမှာပေါ်နေတာ နင်ပဲမဟုတ်လား"

"ဟုတ်တယ်၊ အဲဒီကတည်းက သေမင်းနိမိတ်ကို ကြိုပေးလိုက်တာ. . ."

"ငါ့ကိုမသတ်ပါနဲ့၊ နင်လိုချင်တာ ပေးပါ့မယ်"

"မရတော့ဘူး၊ အပေးအယူလုပ်ခဲ့ပြီးပြီ"

ဟုပြောကာ ရှေ့သို့တိုးလာလေသည်။

အောင်သာကျော်လည်း ကြောက်ကြောက်လန့်လန့်ဖြင့် ကုတင်ပေါ်မှ ဆင်းပြေးရန် ကြိုးစားလေသည်။

မရတော့ပေ။

ထိုမိန်းမက လက်တစ်ဖက်ဖြင့် ဖမ်းဆွဲလိုက်ပြီး မိသည်



www.burmeseclassic.com

www.burmeseclassic.com

နှင့် လည်ပင်းကို အစွယ်ဖြင့်ကိုက်ဖောက်သတ်လိုက်လေတော့သည်။

အပေါ်ထပ်မှ အောင်သာကျော်၏ စူးစူးဝါးဝါး အော်ဟစ်အကူအညီတောင်းသောအသံကြောင့် အိပ်ပျော်နေသူများ နိုးလာကြပြီး အပေါ်ထပ်သို့ တက်လာကြလေသည်။

သူနေသောအခန်းသို့ ရောက်သောအခါ သွေးပျက်ဖွယ်ရာမြင်ကွင်းကို တွေ့မြင်ကြရလေသည်။ အောင်သာကျော် တစ်ယောက် ကုတင်အောက်သို့ရောက်နေပြီး ရုပ်ပျက်ဆင်းပျက်ဖြင့် သွေးအိုင်ထဲ၌ အသက်ပျောက်နေချေတော့သည်။

နောက်တစ်နေ့ရောက်သောအခါ သတင်းက တစ်မြို့လုံးပြန့်နှံ့သွားလေတော့သည်။

"အောင်သာကျော်ကို သရဲဝင်သတ်လို့ သေရတာလို့ ပြောတယ်"

"သူတို့အိမ်ကို အရင်တစ်ခါက အခေါင်းကြီးတစ်လုံး ရောက်လာသေးတယ်မဟုတ်လား၊ အတိုက်အခိုက်ခံနေရတာ များလားမသိဘူး"

"အခုတလော သရဲသတ်လို့သေတဲ့လူ အတော်များနေတယ်၊ နေရတာ ကြောက်တောင်လာပြီ. . ."

ထိုသို့ပြောပြီး အချို့သူများမှာ ထိတ်လန့်ကြောက်ရွံ့နေကြလေသည်။

လူသေသောနေရာနှင့် နီးသောအိမ်များဆိုလျှင် နေဝင်သည်နှင့် မီးငြိမ်းတံခါးပိတ်ကာ တိတ်ဆိတ်စွာနေကြလေသည်။





ထိုသတင်းကြားတော့ မြနှင်းဖြူတို့မောင်နှမနှစ်ယောက်မှာ ခေါင်းချင်းဆိုင်ပြီး တိုင်ပင်ကြလေသည်။

"အောင်သာကျော်တော့ သရဲဝင်သတ်လို့ သေရပြန်ပြီတဲ့၊ သူ့ဓါတ်ပုံထဲမှာ သရဲပုံပေါ်နေလို့ သေရတာများ ဖြစ်မလား"

"သရဲသတ်လို့သေတာမဟုတ်ဘူး၊ လူသတ်လို့သေတာ"

"ဟင်. . နင်ကဘယ်လိုသိနေတာလဲ"

စောလှဖြူက တအံ့တဩမေးလိုက်သည်။

"သိတာပေါ့၊ အစ်ကို့ကို အကြောင်းစုံပြောပြမယ်"

မြနှင်းဖြူက ရုပ်တုနှင့်ပတ်သက်သည့် သူသိထားသော အကြောင်းများကို ပြန်ပြောပြလိုက်လေသည်။

"အဲဒီအရုပ်က နီမောင့်ဆီက သူမတရားယူသွားခဲ့တယ်၊ ပြီးမှ မကောင်းတာတွေ ကြံစည်တော့တာ. . ."

"ဒါဖြင့် အဲဒီရုပ်တုက သိဒ္ဓိရှိတာပေါ့နော်. ."

"ရှိတယ်. .၊ ကောင်းတာလည်း လုပ်ပေးနိုင်တယ် မကောင်းတာခိုင်းရင်လည်း လုပ်ပေးနိုင်တယ်"

"ဒုက္ခပါပဲဟာ. . ."

စောလှဖြူက ညည်းညူလိုက်သည်။

"ဘာဖြစ်လို့လဲ"

"ကျော်ဇံခိုင်က နင့်ကိုပိုးပန်းနေတာ မဟုတ်လား၊ တကယ်လို့ နင်ကသာလက်မခံရင် သူက ငါတို့မိသားစုကို ဒုက္ခပေးဘူးလို့ မပြောနိုင်ဘူး"

"ဒီလိုတော့ဘယ်ရပါ့မလဲ၊ ကျွန်မအနေနဲ့ကတော့ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



လူယုတ်မာမျိုးကို ဘယ်တော့မှစိတ်ကူးမှာမဟုတ်ဘူး၊ နောက်ပြီး ကျွန်မမှာလည်း ရည်စူးထားတဲ့သူရှိနေပြီ”

“ဘယ်သူလဲ”

“နီမောင် . . ပါ”

ထိုစကားကြားတော့ စောလှဖြူမှာ အံ့ဩသွားဟန်ရှိလေ သည်။

အတော်ကြာတော့မှ . . .

“ဒါလည်းကောင်းပါတယ်လေ၊ နီမောင်က ဆင်းရဲပေ မယ့်ရိုးသားတယ်၊ စိတ်ရင်းကောင်းတယ်၊ နင့်အပေါ်လည်း အ အနာခံမယ့်ပုံပါပဲ”

ဟုမှတ်ချက်ချပြီး နေရာမှထသွားလေသည်။

တစ်နေ့တော့ မြနှင်းဖြူထံသို့ လူတစ်ယောက်က ဈေး ဝယ်လာရင်းနှင့် စာတစ်စောင်ပေးသွားလေသည်။

“ဘယ်သူပေးလိုက်တာလဲ”

“ကျော်ဇံခိုင် . .”

စာပေးသူက တစ်ခွန်းပဲပြောကာ ပြန်သွားလေတော့ သည်။ မြနှင်းဖြူက စာရွက်ကို ဖြန့်ဖတ်လိုက်သည်။

“မြနှင်းဖြူ . .

အောင်သာကျော်လည်း မရှိတော့ဘူး၊ ဒါကြောင့် . . ငါ့ မေတ္တာကို လက်ခံပေးပါ။

ငါနင့်ကို သုံးရက်အချိန်ပေးမယ်။





သုံးရက်ပြည့်တဲ့နေ့မှာ ငါလိုချင်တဲ့အဖြေမရရင်တော့ င်တို့အိမ်မှာ အန္တရာယ်ဆိုးတွေရောက်လာလိမ့်မယ်”

ဟုရေးသားထားလေသည်။

ထိုစာကိုဖတ်ရပြီးတော့ ကြောက်ရွံ့ထိတ်လန့်မှုဖြစ်ရ သည်ထက် ရွံ့ရှာမုန်းတီးစိတ်များ ပေါ်လာလေတော့သည်။

သို့သော်လည်း မိဘများကိုတော့ အသိပေးရသည်။

ဦးကျော်ဖြူနှင့် ဒေါ်မယ်သူတို့ကလည်း စောလှဖြူပြော ပြထားသောကြောင့် ထိုအကြောင်းများကို သိတန်သလောက် သိထားပြီးကြပြီဖြစ်၏။

ထို့ပြင် ကြောက်ရွံ့တတ်သူများလည်း မဟုတ်ကြပေ။

“ငါတို့ကဘယ်သူ့အပေါ်မှ မတရားမလုပ်ခဲ့ဘူး၊ ကိုယ့်မိ သားစုကို မတရားလုပ်လာရင်လည်း ဖြစ်တဲ့နည်းနဲ့ ကာကွယ် တားဆီးရမှာပဲ”

ဟုပြောဆိုလေသည်။

ထို့နောက် မြနှင်းဖြူက သူ့အိမ်မှာရှိသော မိန်းကလေး ကိုလွှတ်ပြီး နီမောင်ကိုခေါ်ခိုင်းလိုက်ရာ အတန်ကြာတော့ ပါ လာလေသည်။

နေ့လည်ဘက်အလုပ်နားသောအချိန် ဖြစ်သဖြင့် ရေမိုး ချိုး အဝတ်အစားလဲပြီး လိုက်လာခြင်းဖြစ်သည်။

နီမောင်လည်း အောင်သာကျော်သေဆုံးသော သတင်း ကို ကြားခဲ့ပြီးဖြစ်သောကြောင့် စိတ်ထဲမှာ စိုးရိမ်စိတ်တွေ ဝင် နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရောက်သည်နှင့် မေးလေသည်။

"မြနှင်းဖြူ ဘာကိစ္စရှိလို့လဲ"

မြနှင်းဖြူက ကျော်ဇံခိုင်ပေးလိုက်သည့် စာကိုပြလိုက်သည်။

နီမောင်က စာကိုဖတ်ကြည့်ပြီး ခေါင်းတစ်ချက်ညိတ်ပြလေသည်။

"ဒါက ငါတို့မျှော်လင့်ထားတဲ့ အခြေအနေပဲ၊ အခုတော့ ရောက်လာပြီပေါ့"

"ဘယ်လိုလုပ်မလဲဟင်"

"ဘာမှမကြောက်ပါနဲ့ ငါနင့်အတွက် တခြားလုပ်မပေးနိုင်ရင်တောင် အန္တရာယ်နဲ့တွေ့လာရင် ရှေ့ကနေ ကာကွယ်ပေးပါ့မယ် . ."

"နင် . . တစ်ခုခုဖြစ်သွားမှာ စိုးရိမ်လို့ပါ"

"ဒီလောက်လည်း မစိုးရိမ်ပါနဲ့ မြနှင်းဖြူရယ်၊ လူတွေမှာ ကံတရားဆိုတာ ရှိပါသေးတယ်၊ နင့်မေတ္တာကိုတောင် မမျှော်လင့်ပဲရခဲ့ပြီးမှတော့ သေသွားခဲ့ရင်တောင် ဝမ်းမနည်းတော့ပါဘူး"

"အို . . အတိတ်မရှိ ၊ နိမိတ်မရှိ . . ."

"သုံးရက်မြောက်တဲ့နေ့ရောက်ရင် ငါတို့ဒီမှာလာစောင့်နေပေးပါ့မယ်"

"ဝမ်းသာလိုက်တာ နီမောင်ရယ်"

ထို့နောက် နီမောင်က မြနှင်းဖြူတို့အိမ်မှ ထွက်လာပြီးနောက် ဆရာကြီးဦးဖန်ကောင်းအိမ်သို့ ဆက်သွားလေသည်။ ထိုအိမ်ရောက်တော့ ဦးဖန်ကောင်းနှင့် အဆင်သင့်တွေ့ရလေသည်။



"နီမောင်ပါလား၊ လာဟေ့ . ."

အိမ်ပေါ်ရောက်သောအခါ . . နီမောင်က အကျိုးအကြောင်းပြောပြလိုက်လေသည်။

ဦးဖန်ကောင်းကတော့ ကွမ်းတမြုံ့မြုံ့ဝါးရင်းနှင့် နားထောင်နေလေသည်။

"ငါလည်းသတင်းကြားသင့်သလောက်တော့ ကြားထားပြီးပါပြီ . ."

"ရှမ်းတုက မကောင်းတဲ့လူလက်ထဲ ရောက်နေတယ် ဆရာကြီး၊ ဒါကြောင့်လူတွေကို လိုက်ပြီးဒုက္ခပေးနေတယ်၊ ဘယ်လိုလုပ်ရမလဲ"

"မှောက်လက်ထဲ မီးတုတ်ရောက်သွားသလို ဖြစ်မှာပေါ့၊ စိတ်မထင်ရင်မထင်သလို လုပ်နေတော့တာ ဖြစ်မှာပေါ့"

"အခု ကျွန်တော်နဲ့ပတ်သက်တဲ့အိမ်ကို အနှောင့်အယှက်ပေးနေပြန်ပြီ၊ ဆရာကြီး လိုက်ပြီးအကူအညီပေးပါဦး"

"လိုက်ဆိုတော့လည်း လိုက်တာပေါ့၊ ဒါပေမယ့် တစ်ခုတော့ရှိတယ်၊ ငါ့အနေနဲ့ သူ့ကိုတားဆီးပေးလို့ပဲရမယ်၊ ဖျက်ဆီးပစ်ဖို့တော့ ရမှာမဟုတ်ဘူး"

"တားဆီးပေးနိုင်ရင်တော်ပါပြီ ဆရာကြီး၊ ဒါနောက် မှော်ဝင်ရုပ်တုကို ဘယ်သူကဖျက်ဆီးပစ်နိုင်မှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



“ရုပ်တုကိုစီရင်တဲ့သူမှသာ ပြန်သိမ်းနိုင်လိမ့်မယ်၊ လောက်လည်း စိတ်မပူပါနဲ့၊ ငါ့မှာလည်း မိစ္ဆာတွေကိုတားဆီးနိုင်တဲ့ ဂမုန်းဆေးတော်တွေရှိပါတယ်၊ မင်းတို့ကိုပေးထားပါ့မယ်”

“ကျေးဇူးတင်ပါတယ်ဆရာကြီး၊ ဆရာကြီးရဲ့ ကျေးဇူးကို ပြန်ဆပ်ပါ့မယ်”

“ရပါတယ်ကွာ တစ်နယ်တည်း၊ တစ်ရပ်တည်းနေကြသူတွေချင်းပဲ၊ အကြောင်းရှိလာရင် တတ်နိုင်သလောက်တော့ အကူအညီပေးရမှာပေါ့”

ဟုပြောလေသည်။

ဦးဗန်ကောင်းနှင့်တွေ့ပြီးမှ စိတ်သက်သာမှုရလာခဲ့သော နီမောင်မှာ နေအိမ်သို့ပြန်လာခဲ့ပေသည်။

ထိုအဖြစ်အပျက်များဖြစ်ပျက်ပြီး သုံးရက်မြောက်သော ညနေပိုင်းအချိန်တွင် ကျော်ဇံခိုင်တစ်ယောက် မြနှင်းဖြူရှိသော ဈေးဆိုင်သို့ ရောက်လာလေသည်။

မြနှင်းဖြူကတော့ ကျော်ဇံခိုင်မျက်နှာကိုမြင်ကတည်းက ဒေါသထွက်နေသော်လည်း အားလုံးရှေ့မှာ ရုပ်ပျက်ဆင်းပျက်ဖြစ်မည်စိုးသဖြင့် ဟန်မပျက်ပင်နေရလေသည်။

ကျော်ဇံခိုင်ကတော့ ခါတိုင်းလိုပင် ဟန်မပျက်ဝင်ထိုင်ပြီး မေးသည်။

“ငါပေးလိုက်တဲ့စာ ရတယ်မဟုတ်လား”

မြနှင်းဖြူကအသံမထွက်ချင်သဖြင့် ကျော်ဇံခိုင်မျက်နှာကို စူးစူးရဲရဲတစ်ချက်ကြည့်ပြီး ခေါင်းညိတ်ပြလိုက်သည်။





“နင့်သဘောကဘယ်လိုလဲ”

ငါတို့က အေးအေးချမ်းချမ်းနဲ့ပဲ နေချင်တယ်၊ ယုတ်မာရက်စက်တဲ့လူတွေဆိုရင် မပတ်သက်ချင်ကြဘူး”

ကျော်ဇံခိုင်မျက်နှာ ကွက်ခနဲ ပျက်သွားသော်လည်း ချက်ခြင်းပြန်ပြင်လိုက်သည်။

“နင့်အဖြေက ဒါပဲလား”

“ငါ့မှာ နောက်ထပ်ပြောစရာစကား မရှိတော့ဘူး”

“ဒီလိုဆိုရင်လည်း ပြီးတာပါပဲ၊ နောက်မှသာ ငါ့ကို အဆိုးမဆိုနဲ့”

“နင်ဘာလုပ်မယ်ဆိုတာ ငါတို့သိတယ်၊ ဒါပေမယ့် မကြောက်ဘူး၊ နင်လိုလူယုတ်မာနဲ့ ဆက်ဆံနေရတာနဲ့စာရင် သေသွားရင်တောင် ဝမ်းနည်းစရာမရှိပါဘူး”

ဟုပြောလိုက်ရာ ကျော်ဇံခိုင်လည်း ချက်ခြင်းထပြန်သွားလေတော့သည်။

ညဦးပိုင်းအချိန်ရောက်တော့ မြနှင်းဖြူတို့နေအိမ်သို့ လေးယောက်ရောက်လာကြလေသည်။

နီမောင်၊ စောထီး၊ ဝမဲအောင်နှင့် ဆရာကြီး ဦးဗန်ကောင်းတို့လေးယောက်ပင် ဖြစ်ပေသည်။

ဆရာကြီးဦးဗန်ကောင်းပါလာသဖြင့် မြနှင်းဖြူတို့ တစ်အိမ်လုံးမှာ အားရှိသွားကြလေသည်။

ရောက်သည်နှင့် ဦးဗန်ကောင်းက အိမ်သူအိမ်သားတို့ကို ဂမုန်းဆေးများပေး၍ ဆောင်ထားစေခြင်း၊ ပရိတ်ချည်ပရိတ်



www.burmeseclassic.com

www.burmeseclassic.com



ကြိုးများကိုလည်းပင်းမှာဆွဲထားပေးခြင်းများ ပြုလုပ်ပေးလေသည်။

ထိုနေ့က ညဦးပိုင်းအချိန်ရောက်ကတည်းက ဈေးဆိုင်ကိုစောစောသိမ်းပြီး တံခါးပိတ်ထားလိုက်သည်။ အိမ်ထဲမှာလည်း အမှောင်ချထားလိုက်သဖြင့် တစ်အိမ်လုံးမှောင်မည်းနေသည်။

အိမ်ထဲမှာတော့ မြနှင်းဖြူတို့လေးယောက်အပြင် နီမောင်တို့လေးယောက်လည်း ရှိနေကြသည်။

မြနှင်းဖြူတို့က အတွင်းခန်းမှာနေပြီး၊ နီမောင်တို့ကတော့ လက်ဖက်ရည်ကြမ်းသောက်ရင်းနှင့် အပြင်ဘက်အခန်းမှစောင့်ကြလေသည်။

ညဦးပိုင်းအချိန်ရောက်သည်အထိတော့ ထူးထူးခြားခြား မတွေ့ရသေးပေ။

ညဥ့်နက်ပိုင်းအချိန်ရောက်လာပြီး လူခြေတိတ်သွားတော့မှ ခွေးဟောင်သံများ စတင်ကြားလာရသည်။

ထိုအသံများကြားသည်နှင့် အတွင်းမှာရှိနေကြသူတို့မှာ အပေါက်မှတစ်ဆင့် အပြင်ဘက်သို့ လှမ်းကြည့်နေကြလေသည်။

ခွေးဟောင်သံများက တဖြည်းဖြည်းနီးလာသည်။

နီမောင်ကတော့ အသံကြားရာဘက်သို့ လှမ်းကြည့်နေလေသည်။

ထိုအခိုက်မှာပင် အဝတ်မည်းကြီး တစ်ကိုယ်လုံးခြုံထားသော မိန်းမတစ်ယောက် သူတို့အိမ်ဘက်သို့ လျှောက်လာသည်





ကို လှမ်းမြင်ကြရသည်။

အားလုံးကြောက်ရွံ့နေကြပြီဖြစ်သော်လည်း နီမောင်ကတော့ နည်းနည်းမှကြောက်ရွံ့ခြင်းမဖြစ်မိပေ. . ။

သူ့စိတ်ထဲမှာ ခင်မင်ရင်းနှီးနေသောသူတစ်ယောက်ကို ပြန်တွေ့နေရသကဲ့သို့ ခံစားနေရသည်။

အဝတ်မည်းကြီးခြုံထားသောမိန်းမက ခြံပေါက်ဝရောက်တော့ ဝင်လာပြီးရပ်လိုက်သည်။

ထိုအခါ နီမောင်က နေရာမှထရပ်လိုက်သည်။

"မင်းဘာလုပ်မလို့လဲ"

"သူဝင်မလာခင် ငါသူနဲ့သွားတွေ့ရမယ်"

"ဖြစ်ပါ့မလား"

စောထီးက စိုးရိမ်တကြီးပြောသော်လည်း နီမောင်ကတော့အပြင်သို့ထွက်သွားလေသည်။

အားလုံးကတော့ အသက်ရှူရန်ပင်မေ့နေကြပြီး ရင်တမမနှင့် လှမ်းကြည့်နေကြလေသည်။

နီမောင်က အဝတ်မည်းကြီးခြုံထားသောသူနှင့် မနီးမဝေးနေရာရောက်တော့ မျက်နှာချင်းဆိုင်ရပ်လိုက်သည်။

ထိုအခါ အဝတ်မည်းခြုံထားသူထံမှ အသံထွက်လာသည်။

"နီ. . . မောင်. . ."

"နင် ပုဏ္ဏမိ မဟုတ်လား"

"ဟုတ်ပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကြောင့် လူတွေလိုက်သတ်နေတာလဲ"

"သူတို့ခိုင်းတော့ လုပ်ပေးရတယ်"

"နင်လူတွေသတ်နေမှာတော့ ကောင်းတဲ့ဘဝ ပြန်ရောက်ပါဦးမလား၊ နင့်မျက်နှာကို ငါကြည့်ပါရစေ. . . "

ဟုပြောသောအခါ အဝတ်မည်းကြီးကို ဖယ်ပြလေသည်။

ပုဏ္ဏမီမျက်နှာပေါ်မှာ ချောမောလှပမှုများ မရှိတော့ပဲ အစွယ်ထွက်နေသော ဘီလူးသဘက်မျက်နှာမျိုး ဖြစ်နေပေပြီ။

မျက်နှာနှင့်ကိုယ်ပေါ်မှာလည်း အမွေးရှည်များ ပေါက်နေလေသည်။

ပုဏ္ဏမီခများ အလှပျောက်ပြီး ဘီလူးသဘက်ဘဝသို့ ပြောင်းလဲသွားခဲ့ပေပြီ။

ကြောက်စရာကောင်းသော မျက်နှာကြီးကို မြင်သောအခါ နီမောင်ကမကြောက်သော်လည်း အိမ်ထဲမှ ကြည့်နေသူတို့မှာ လန့်ဖျပ်သွားကြလေတော့သည်။

"ဘယ်လိုကြောင့် ဒီဘဝပြောင်းသွားတာလဲ"

"လူတွေသတ်ရတော့. . . မိစ္ဆာဓါတ်တွေဝင်ပြီး ရုပ်ပါပြောင်းသွားတာပါ"

"ငါ နင့်ကိုဘယ်လိုကယ်တင်ပေးလို့ရမလဲ"

"အခုမှတော့ မရတော့ဘူး၊ ငါ့ဘဝက အဆုံးရောက်သွားပြီ"

ဟုအသံဖျက်ကြီးဖြင့် ပြောလေသည်။





"နင် အခုဒီကိုဘာလာလုပ်တာလဲ"

"ဒီအိမ်ကလူတစ်ယောက်ကို သတ်ဖို့လာတာပါ"

"ဒီလိုဆိုရင် ငါ့ကိုသာသတ်ပေတော့၊ ငါက ဒီအိမ်သားတစ်ယောက်ဖြစ်နေပြီ"

"နင့်ကိုမသတ်ဘူး"

"နင့်ကိုလွှတ်လိုက်တာ ဒီအိမ်ကတစ်ယောက်ကို သတ်ဖို့ပဲမဟုတ်လား ၊ ငါ့ကိုသတ်သွားပေတော့. . "

"နင့်နားကို လာလို့မရဘူး"

"ဪ ဒါကြောင့်လား၊ နင်သတ်မယ်ဆိုရင် ငါကိုယ်ပေါ်ကဆေးတွေ ပရိတ်ကြိုးတွေ ဖယ်ပေးပါ့မယ်"

ဟုပြောပြောဆိုဆိုဖြင့် ဦးဗန်ကောင်းပေးထားသော ဂမုန်းဆေးနှင့် ပရိတ်ကြိုးများကို ဖယ်ရှားပစ်လိုက်လေသည်။

ထိုအခြေအနေကိုမြင်တော့ အတွင်းမှကြည့်နေသော ဦးဗန်ကောင်းပင် တုန်လှုပ်သွားသည်။

နီမောင်အတွက် စိုးရိမ်သွားမိလေသည်။

ဂမုန်းဆေးနှင့် ပရိတ်ကြိုးများမရှိတော့ ပုဏ္ဏမီက ရှေ့သို့တိုးလာလေသည်။

နီမောင်ကတော့ မျက်စိမှိတ်ကာ ဘုရားတရားအာရုံပြုထားလေသည်။

ပုဏ္ဏမီက အနားရောက်သည်နှင့် နီမောင်ပခုံးကိုကိုင်လိုက်လေသည်။

"နင် ဒီဘဝကနေ ကောင်းတဲ့ဘုံဘဝကို ပြန်ရောက်ပါ



www.burmeseclassic.com

www.burmeseclassic.com



စေလို့ ငါဆုတောင်းပေးခဲ့ပါတယ်၊ နင်သတ်လို့က သတ်ပေတော့. . ”

ဟုပြောကာ လည်ပင်းမော့ပေးလိုက်သည်။

သို့သော် ပုဏ္ဏမိကဘာမှမလုပ်ပဲ ကြည့်ရုံသာကြည့်နေလေသည်။

အတန်ကြာတော့မှ နီမောင်ကိုပြန်လွှတ်ပေးလိုက်ပြီး အဝတ်မည်းကြီးကို ပြန်ခြုံကာ ထိုနေရာမှ လှည့်ထွက်သွားလေတော့သည်။

နီမောင်ကတော့ နေရာမှာပင် ရပ်မြဲရပ်နေလေသည်။ အတန်ကြာတော့ အိမ်ထဲမှ လူများထွက်လာကြသည်။

“ထူးဆန်းလိုက်တာ. .၊ လူတွေတစ်ယောက်ပြီးတစ်ယောက် လိုက်သတ်နေတဲ့ မိစ္ဆာကောင်က မင်းကို သတ်တော့မလို့လုပ်ပြီးမှ ထားခဲ့တယ်”

ဦးဗန်ကောင်းကပြောလေသည်။

“နီမောင်ကသူ့အပေါ်မှာ ကောင်းခဲ့တာကိုး၊ ဒါကြောင့်”

ဟု ငမဲအောင်ကဝင်ပြောသည်။

“အင်း. . စေတနာကောင်းခြင်း၊ မေတ္တာဖြူစင်ခြင်းဆိုတာ အစွမ်းအထက်ဆုံး ဆေးဝါးတွေထက် ပိုပြီးတန်ခိုးကြီးတယ်၊ မကောင်းတဲ့ မိစ္ဆာတွေကတောင် မေတ္တာပြန်ထားနိုင်ကြပါလား။ တကယ်အံ့သြစရာပါပဲ”

ဟု ဦးဗန်ကောင်းက ရေရွတ်လိုက်လေသည်။

နီမောင်တစ်ယောက် ဘယ်လိုအန္တရာယ်မှ မဖြစ်ပဲ အ





သက်ချမ်းသာရာရခဲ့သဖြင့် အားလုံးကဝမ်းသာနေကြသည်။ ထိုအထဲမှာတော့ မြနှင်းဖြူတစ်ယောက်ကတော့ ဝမ်းအသာဆုံးသူတစ်ယောက် ဖြစ်နေလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com





## အခန်း(၁၇)

# ကစ္ဆပနဒီ ပုဏ္ဏမီ

အချိန်က သန်းခေါင်ယံအချိန် ကျော်လာခဲ့ချေပြီ။ ဆတ်ရိုးကျချောင်းနှင့် ပတ်ဝန်းကျင်တစ်ခုလုံး အမှောင်ရိပ်များ ဖုံးကာ တိတ်ဆိတ်ငြိမ်သက်နေလေပြီ။

ထိုအချိန်တွင် ကျော်ဇံခိုင်တစ်ယောက်ကတော့ မအိပ်သေးပဲ ၄င်းအခန်းထဲမှာ အရက်သောက်နေလေသည်။

သူ့နံဘေးတွင် စားပွဲပေါ်တွင်တင်ထားသော ဒေသတ္တာငယ်တစ်လုံး ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသေတ္တာနံဘေးမှာတော့ ပုဏ္ဏာမီ၏ ရုပ်တုရှိသည်။

ရုပ်တုကတော့ ငြိမ်သက်စွာပင်ရှိနေလေသည်။

ကျော်ဇံခိုင်ကတော့ အရက်သောက်လိုက်၊ ရုပ်တုကို ကြည့်လိုက်နှင့် ဖြစ်နေသည်။

သူ့စိတ်ထဲမှာ ညဦးပိုင်းက အခြေအနေတစ်ခုကို သတိရနေသည်။ ခါတိုင်းလိုပင် သေတ္တာအတွင်းမှ ရုပ်တုကိုထုတ်ပြီး ခေါ်လိုက်သည်နှင့် ပုဏ္ဏာမီ၏ရုပ်သွင် ပေါ်လာလေသည်။

“ဒီကနေ့ ငါ့အတွက် လူတစ်ယောက်သွားသတ်ပေးပါ”

ကျော်ဇံခိုင်က သတ်ရမည့်သူ့အမည်နှင့် နေရာကိုပါ ပြောပြလိုက်သည်။

“ငါလူတွေသတ်ရတာများနေပြီ၊ ဒါကြောင့် ငါလည်း ခါတိုင်းလို မဟုတ်တော့ဘူး။ မိစ္ဆာဘဝရောက်နေပြီ”

“မိစ္ဆာဘဝရောက်တော့ ပိုကောင်းတာပေါ့၊ ငါသက်ချင်တဲ့လူတွေ များများသတ်ခိုင်းလို့ရတာပေါ့၊ ဒီတစ်ခါ ငါခိုင်းတာကို လုပ်ပေးပြီးရင် နင်အလိုရှိတဲ့အသက်ကိုပေးမယ်”

ဟုအရက်မူးမူးနှင့် ပြောလိုက်လေသည်။

“ဝိညာဉ်လောကသားတွေက မာယာပရိယာယ်မရှိဘူး၊ လူတွေလို လိမ်တာညာတာတွေမရှိဘူး၊ နင်ခိုင်းတဲ့အတိုင်း လူတစ်ယောက်ကို သွားသတ်ပေးမယ် ပြန်လာရင် ငါလိုချင်တဲ့လူ တစ်ယောက်ရဲ့အသက်ကို ပေးပါ. . .”

“ငါ့အိမ်မှာရှိတဲ့လူတွေထဲက နင်ကြိုက်တဲ့လူရဲ့ အသက်ကိုပေးမယ်”



ဟုလွယ်လွယ်ကတိပေးလိုက်လေသည်။

ထိုအခါ ပုဏ္ဏာမီက အဝတ်မည်းကြီးကို ခေါင်းမြီးခြုံကာ သူထွက်သွားပြီးတော့မှ ကျော်ဇံခိုင်မှာ စိတ်ပူနေရချေပြီ။

မြနှင်းဖြူတို့အိမ်မှ တစ်ယောက်ယောက်သတ်ရန် စေလွှတ်လိုက်ရာ မြနှင်းဖြူကိုသတ်ဖြတ်ခဲ့မည်ကို စိုးရိမ်နေသည်။

နောက်တစ်ချက်က ပြန်ရောက်လာသောအခါ သူနှင့် သူ့မိဘတွေ၏အသက်ကို တောင်းယူမည်ကို တွေးပူနေသော ကြောင့် ဖြစ်သည်။

ထို့ကြောင့် ပုဏ္ဏာမီထွက်သွားကတည်းက စိတ်တထင့် ထင့်ဖြစ်ကာ အရက်ကို တစ်ခွက်ပြီးတစ်ခွက် သောက်နေခြင်း ဖြစ်တော့သည်။

ညဉ့်နက်ပိုင်းရောက်တော့ သူ့အခန်းထဲသို့ ပုဏ္ဏာမီ ပြန် ရောက်လာသည်။ ဦးခေါင်းပေါ်မှာ အဝတ်မည်းကြီးခြုံထားဆဲပင် ဖြစ်လေသည်။

“နင်ဘာလာလုပ်တာလဲ”

ကျော်ဇံခိုင်က ကြောက်ကြောက်လန့်လန့်ဖြင့် မေးလိုက် သည်။

“ငါလိုချင်တဲ့အသက်တစ်ချောင်း ယူရမယ်ဆိုတော့ ဒီ တစ်ခါ ငါယူမှာနင့်အသက်ပဲ”

“ဟင်. . . မ. . . မလုပ်ပါနဲ့၊ ငါက နင့်ကိုခိုင်းတဲ့လူလေ၊ ငါ့ကိုမသတ်ပါနဲ့”

ဟုကြောက်ကြောက်လန့်လန့်နှင့် ပြောသော်လည်း မရ



www.burmeseclassic.com

www.burmeseclassic.com

တော့ပေ။ ပုဏ္ဏမိက သူ့အနားရောက်လာပြီး သတ်ဖြတ်ပစ်လိုက်လေတော့သည်။

ကျော်ဇံခိုင်သေသွားပြီးသော်လည်း နောက်ဆက်တွဲပြဿနာများက မပြီးသေးပေ။

မိစ္ဆာစာတ်ဝင်နေသော ပုဏ္ဏမိက ညတိုင်းဒုက္ခပေးနေသည့်အပြင် ခြောက်လှန့်နေသောကြောင့် ဦးသာဇံက ထိုအရုပ်နှင့် သေတ္တာကိုယူသွားစေပြီး ပင်လယ်ထဲသို့ ပစ်ချခိုင်းလိုက်လေသည်။

အလုပ်သမားများကလည်း အရုပ်ထည့်ထားသော သေတ္တာကို လှေနှင့်တင်ယူသွားပြီး ပင်လယ်ထဲသို့ ပစ်ချလိုက်လေတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ပြီး တစ်ပတ်ခန့်ကြာသောအခါ နီမောင်ကို အိပ်မက်ပေးလေသည်။ အိပ်မက်ထဲတွင် ခေါင်းမြီးခြုံထားသော ပုဏ္ဏမိရောက်လာပြီး သူ့ကိုလာပြောလေသည်။

"နီမောင် . . . ငါအခု ဗုဒ္ဓါမော်က ကျောက်တုံးတွေကြားမှာ ရောက်နေတယ်၊ ငါ့ကိုလာခေါ်ပါ"

"နင်က အရင့်လိုမဟုတ်တော့ဘူး၊ မိစ္ဆာဘဝရောက်နေပြီဆိုတော့ ငါခေါ်ထားလို့ဖြစ်ပါ့မလား"

"ငါ နင့်ကိုဘာမှမလုပ်ပါဘူး၊ ငါ့ကိုစီရင်ပေးလိုက်တဲ့ ဆာဒူးကြီးရှိတဲ့နေရာကိုလည်း ငါသွားပြောပြပြီးပါပြီ၊ သူလည်း မကြာခင်ရောက်လာတော့မှာပါ"

"ကောင်းပြီလေ၊ ငါ နင့်ကို မကြောက်ပါဘူး၊ လာခေါ်





ပါ့မယ်"

ဟုပြောဆိုပြီးနောက် ပုဏ္ဏမိလည်း ပျောက်သွားလေတော့သည်။ နောက်တစ်နေ့ ညနေပိုင်းရောက်တော့ ဗုဒ္ဓါမော်သို့ သူတစ်ယောက်တည်းသွားလေသည်။

အချိန်က ညနေစောင်းအချိန် ရောက်နေပေပြီ။ အခြားသူများမြင်မည်၊ သိမည်စိုးသဖြင့် ထိုအချိန်ရောက်တော့မှ သွားခဲ့ခြင်းဖြစ်သည်။

သူရောက်သွားတော့ ဆူဆူညံညံနှင့် အိပ်တန်းပြန်လာသောငှက်များမှလွဲပြီး အခြားဘယ်သူမှ မရှိတော့ပေ။

မှောင်ရီသမ်းစအချိန် ရောက်နေပြီဖြစ်သောကြောင့် မမှောင်ခင် ကျောက်တုံးများကြားသို့ လိုက်လံရှာဖွေလေသည်။

ထိုသို့ရှာဖွေရင်းနှင့် အဆောက်အဦးပျက်များရှိသောနေရာဘက်သို့ တဖြည်းဖြည်း ရောက်လာလေသည်။

ထိုအချိန်တွင် အဆောက်အဦးပျက်ထဲမှ ခေါင်းမြီးခြုံထားသောလူတစ်ယောက် ထွက်လာသည်။

အရုပ်ကမြင့်ပြီး၊ ခြေတံလက်တံကရှည်လှသောကြောင့် သာမန်လူတစ်ယောက်မဟုတ်မှန်းတော့ မြင်ရုံနှင့်သိလေသည်။

"ဒီနေရာမှာရှိတဲ့ လက်တံရှည်သရဲပဲဖြစ်မယ်"

ဟုစိတ်ထဲမှ တွေးလိုက်မိသည်။

အဆောက်အဦးထဲမှ ထွက်လာသောသရဲက နီမောင်နေသောနေရာသို့ တစ်လှမ်းချင်းလျှောက်လာလေသည်။

မနီးမဝေးရောက်လာသောအခါ ကျောက်တုံးနှစ်တုံး



www.burmeseclassic.com

www.burmeseclassic.com

ကြားမှ နောက်ထပ်ခေါင်းမြီးခြုံထားသူတစ်ယောက် ထွက်လာပြန်သည်။ ပုဏ္ဏာမီပင်ဖြစ်သည်။

ပုဏ္ဏာမီမှာ သာမန်ပရလောကသား မဟုတ်ပေ၊ မှော်အစီအရင်ဖြင့် ပြုလုပ်ထားပြီး မှော်ဝင်မိစ္ဆာဘဝ ရောက်ရှိနေသူဖြစ်သောကြောင့် ကာမဇိတ္တိစွမ်းအားပိုများလေသည်။

ပုဏ္ဏာမီထွက်လာသည်ကို မြင်သည်နှင့်ပင် အဆောက်အဦးပျက်ထဲမှ ထွက်လာသောသရဲမှာ ပျောက်သွားလေတော့သည်။ ကြည့်လိုက်တော့ ပုဏ္ဏာမီလည်း မရှိတော့ပေ. . .။

သို့ကြောင့် သူမထွက်လာသော နေရာသို့သွားကြည့်ရာ ကျောက်တုံးကြားမှာရောက်နေသော သေတ္တာကိုပြန်တွေ့ရသဖြင့် အိမ်သို့ယူသွားလေသည်။

ညအချိန်ရောက်သောအခါ ပုဏ္ဏာမီနှင့် တွေ့ရသည်။ သူမကတော့ မျက်နှာမဖော်ပဲ ခေါင်းမြီးခြုံထားလေသည်။

"ပုဏ္ဏာမီ နင်လူတွေရဲ့အသက်တွေကို မသတ်ပါနဲ့တော့၊ နင်စားချင်တဲ့အစားအသောက်ကို ငါဝယ်ကျွေးပါ့မယ်၊ နင် အခုလို မိစ္ဆာဘဝရောက်သွားတာ ငါစိတ်မကောင်းပါဘူး"

သူမကတော့ ဘာမှပြန်မပြောပဲနေလေသည်။

"နင်ဘာကြောင့် လူတွေအသက်ကိုသတ်ရတာလဲ"

"သူတို့ခိုင်းလို့သတ်ပေးရတာပါ၊ မခိုင်းရင် မသတ်ပဲနေလို့ရတယ်"

"ကောင်းပြီ ငါ့ဆီမှာနေတဲ့အချိန်မှာတော့ လူတွေကို မသတ်နဲ့တော့၊ နင်လိုချင်တာရှိရင် ငါကိုပြောပါ၊ တတ်နိုင်သမျှ ငါလုပ်ပေးပါ့မယ်"

"ငါနင့်ဆီမှာ ကြာကြာနေခွင့်ရမှာ မဟုတ်တော့ပါဘူး"

"ဘာဖြစ်လို့လဲ"

"မကြာခင် ဆာဒူးကြီးရောက်လာပြီး ငါ့ကိုပြန်ခေါ်တော့မယ်"

ဟုပြောရာ နီမောင်လည်း စိတ်မကောင်းသောကြောင့် ဘာမှပြန်မပြောတော့ပဲ သက်ပြင်းချလိုက်လေသည်။

"နင်ဒီဘဝဆိုးက အမြန်ဆုံးလွတ်မြောက်ပါစေလို့ပဲ ငါဆုတောင်းပေးပါ့မယ်"

နောက်ထပ် တစ်ပတ်ခန့်ကြာသောအခါမှာတော့ နီမောင်ရှိသောနေရာသို့ အသက်အရွယ်ကြီးလှပြီဖြစ်သော ဆာဒူးကြီးတစ်ယောက် ရောက်လာလေသည်။

"ဘာကိစ္စရှိလို့ပါလဲ"

"မင်းဆီမှာရောက်နေတဲ့ပစ္စည်းလေး ပြန်လာယူတာပါ"

ပုဏ္ဏာမီက ကြိုတင်ပြောထားသဖြင့် နီမောင်ကချက်ချင်းသဘောပေါက်သွားသောကြောင့် တစ်နေရာတွင်သိမ်းထားသော သေတ္တာလေးကို ထုတ်ပေးလိုက်လေသည်။

ထိုသို့ပေးရင်းနှင့် သိချင်သည်များကိုမေးလိုက်သည်။

"ရုပ်တုရဲ့ကိုယ်ပေါ်နဲ့ သေတ္တာအဖုံးပေါ်မှာ ရေးထားတဲ့စာတွေရဲ့အဓိပ္ပါယ်တွေက ဘယ်လိုပါလဲ. . ."

"ငါက ရည်ရွယ်ချက်နဲ့ ရေးပေးလိုက်တာပါ၊ စာတွေရဲ့အဓိပ္ပါယ်ကတော့ တခြားမဟုတ်ပါဘူး"





www.burmeseclassic.com

www.burmeseclassic.com



ဟု ဆာဒူးကြီးက သက္ကတဘာသာဖြင့် ရေးထားသော စာများအဓိပ္ပာယ်ကိုပြောပြလေသည်။

"ဤရုပ်တုကိုရရှိသူသည်. .

ကောင်းသောစိတ် ဖြူစင်သောစေတနာဖြင့် အသုံးပြုပါက ကောင်းကျိုးချမ်းသာ ရရှိစေပါလိမ့်မည်။ လောဘစိတ်ဖြင့် အသုံးပြုပါက တူသောအကျိုးသာ ရရှိစေမည်။

မောဟစိတ်ဖြင့်အသုံးပြုပါက တူသောအကျိုးသာ ရရှိစေပါမည်။ မစ္ဆရိယစိတ်ဖြင့်အသုံးပြုပါက တူသောအကျိုးကံသာ ရရှိစေပါမည်။

ကိုယ်ပြုသောကံအတိုင်း၊ ကိုယ်ထားသော စေတနာကံအတိုင်း ဤရုပ်တုက သင့်ကိုဆောင်ကြဉ်းပေးနိုင်ပါလိမ့်မည်"

ထို အဓိပ္ပါယ်ကိုကြားတော့မှ ဖြစ်ပြီးခဲ့သော အကြောင်းများနှင့် တစ်ထပ်တည်းကျနေသည်ကို သိရပေတော့သည်။

ယခုတော့ အားလုံးလွန်သွားခဲ့ပေပြီ. . . ။

ဆာဒူးကြီးက ဆက်ပြောသည်။

"ငါက ထိုက်တဲ့သူတွေ လက်ထဲရောက်ရင် ကောင်းကျိုးချမ်းသာရပါစေဆိုတဲ့ ရည်ရွယ်ချက်နဲ့ ဒီအရုပ်ကို အစီအရင်လုပ်ပြီး ပင်လယ်ထဲမျှောလိုက်တာပါ၊ ဒါပေမယ့် မထိုက်တဲ့လူတွေ လက်ထဲရောက်သွားပြီး မဖြစ်သင့်တာတွေ ဖြစ်ခဲ့ရတာတော့ စိတ်မကောင်းပါဘူး၊ အခုတော့ ရုပ်တုထဲမှာ လူတွေရဲ့ပယောဂကြောင့် မိစ္ဆာဝိညာဉ်မာတ်တွေ ရောက်နေပြီ၊ ဒါကြောင့် ငါပဲပြန်သိမ်းသွားရတော့မယ်"





ဟုပြောဆိုကာ ရုပ်တုထည့်ထားသော သေတ္တာလေးကို လွယ်အိတ်ကြီးထဲသို့ထည့်ကာ ပြန်သွားလေတော့သည်။

နီမောင်စိတ်ထဲမှာတော့ စိတ်မကောင်းဖြစ်မိသော်လည်း ဘာမှမတတ်သာတော့ပါချေ. . ။

"ကဿပနဒီကရခဲ့တဲ့ ပုဏ္ဏမိရေ. . ဒီဘဝဆိုးက လွတ်မြောက်ခွင့်ရပါစေလို့ပဲ ငါဆုတောင်းပေးလိုက်ပါတယ်"

ဟု တိုးတိုးလေးရေရွတ်နေမိတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ပျက်ပြီး လအနည်းငယ်ကြာသောအခါမှာတော့ နီမောင်နှင့် မြနှင်းဖြူတို့ လက်ထပ်လိုက်ကြလေသည်။ မြနှင်းဖြူမိဘများက ငွေကုန်ကြေးကျခံကာ မင်္ဂလာပွဲကျင်းပပေးခဲ့ကြခြင်းဖြစ်ပေသည်။

ယခုတော့လည်း သူတို့နှစ်ယောက်၏ ဘဝလမ်းကခရီးကြမ်းကိုကျော်ခဲ့ကြပြီး ဖြောင့်တန်းသာယာခြင်းသို့ ရောက်ကြရပေတော့သည်။

"ငါ့ စိတ်ထဲမှာတော့ အခုအခြေအနေရောက်တဲ့အထိ အိပ်မက်တစ်ခုလိုပဲ ထင်နေမိသေးတယ်၊ နင့်ကို ဒီလိုပိုင်ဆိုင်ခွင့်မယ်လို့ ဘယ်တုန်းကမှ မမျှော်လင့်ရဲခဲ့ပါဘူး"

"အခုလို တကယ်ဖြစ်လာတော့ ဘယ်လိုခံစားရသလဲ"

"ပျော်တာပေါ့ မြနှင်းဖြူရယ်၊ နင်ရော မပျော်ဘူးလား"

"ပျော်တာပေါ့၊ ငါ့ဘဝမှာ အဖြစ်ချင်ဆုံးက ငါ့စိတ်ထဲက နှစ်သက်တဲ့လူနဲ့ပဲ လက်တွဲချင်ခဲ့တာ၊ အခုတော့ ငါဖြစ်ချင်တဲ့အတိုင်း ဖြစ်ခဲ့ရလို့ ဝမ်းသာပျော်ရွှင်မိပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



"နင့်ဘဝတစ်လျှောက်လုံး အခုလို ပျော်ပျော်ရွှင်ရွှင်နဲ့ တစ်သက်လုံးနေသွားရအောင် ငါကြိုးစားပေးပါ့မယ်၊ ငါ့မှာ ငွေကြေးမချမ်းသာပေမယ့် နင်စိတ်ချမ်းသာစေနိုင်တဲ့ အရာအားလုံးကိုတော့ ကြိုးစားပေးနိုင်ပါတယ်"

"ငါအတွက်လိုအပ်တာကလည်း အဲဒါပါပဲ၊ ငါ့ကိုတကယ်ချစ်တယ်မဟုတ်လား"

"ချစ်တာပေါ့"

"ချစ်ခြင်းမေတ္တာနဲ့ပဲ ငါတို့ရဲ့ဘဝခရီးလမ်းကို လျှောက်လှမ်းကြတာပေါ့၊ မကောင်းဘူးလားဟင်. ."

နီမောင်က များစွာကျေနပ်သွားသောအမူအယာဖြင့် ပြုံးကာ ခေါင်းညိတ်ပြလိုက်လေတော့သည်။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ကဿပနဒီ, ပုဏ္ဏမိ) အမည်ရှိ ဂမ္ဘီရဆန်းကြယ်ဝတ္ထုရှည်မှာလည်း နိဂုံးကပွတ်အဆုံးသတ်ပြီဖြစ်ပေတော့သတည်း။ ။

အနီယာဟောတု သုခိအတ္တာနံ ပရိဟရန္တု

# တြိသခ်

စာပြီးချိန်။ ။၂၀၁၄ ခုနှစ်၊ နိုဝင်ဘာ (၁၉)ရက်၊ ဗုဒ္ဓဟူးနေ့၊ ည ၉ နာရီ။

☺ အောင်မြင်စာပေ ☺

BURMESE CLASSIC

www.burmeseclassic.com